
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## နလုံးသားကိုချဉ်းနင်းတဲ့ခြေသံ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၀၂၀၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၆၄၀၂၀၈

၂၀၀၈ ခုနှစ်၊ ဧပြီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

### နိုင်ငံတော်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







## ၁

"ဟဲ့ ... ဟိုကောင်မလေး သုန်သုန်၊ ကြာလှချည်လား၊ ငါက ကားဂိတ်တန်းဆင်းရတော့မှာ"

"ခဏ ... ခဏလေးပါ ဘဘဝင်း၊ စာလေးတစ်ကြောင်း နှစ်ကြောင်းတည်းပါ"

ညှော်ခန်းက ဘကြီးဦးဝင်းရဲ့ လှမ်းအော်သံနှင့်ကပ်လျက်ပင် အခန်းထဲမှ "သည်းမိုးသုန်"ရဲ့ လှမ်းဖြေသံကလည်း ညံစာစာထွက်ပေါ်လာပါသည်။ ဦးဝင်းက သက်ပြင်းတစ်ချက်ချ နာရီတစ်ချက်ကြည့်ရင်း ညှော်ခန်းမှာရှိနေတဲ့ "ပန်းခေါင်ရန်း"ထံ လှမ်း၍ ...

"သမီးရော ဘာမှထည့်မပေးတော့ဘူးလား"

"ဟင့်အင်း ဘဘ၊ မပေးတော့ဘူး၊ ရန်ကုန်မှာရှိတဲ့ဟာတွေ အားလုံး မန္တလေးမှာလည်း ရှိတယ်၊ မရှိတာ ဘာတစ်ခုမှ မရှိဘူး"



www.burmeseclassic.com

"အေး ... ဟုတ်ပကွယ်"

အခန်းထဲမှ သည်းမိုးသုန်သည် ပန်းခေါင်ရန်းရဲ့ စကားကြောင့် အောင့်သက်သက်ဖြစ်မိကာ စားပွဲပေါ် စာတစ်စောင် သွက်သွက်ရေးခြစ်နေရာမှ အခန်းဝ ပြေးထွက်လာရင်း ...

"ဘာဘ ... ဟိုမှာ အားလုံးရှိမှန်းတော့ သိပါတယ် ဘာဘ၊ ဒါပေမဲ့ မန္တလေးက တစ်ယောက်ယောက် ဆင်းလာတယ် ကြားတာနဲ့ သုန်သုန်က မေမေ့ဆီက ဘာလေးပါလာမလဲ မျှော်မိတာပဲ၊ အဲလိုပဲ မေမေလည်းမျှော်မှာ သုန်သုန်က သိလို့ပါ၊ တစ်ခုခုလေး ပါစေချင်လို့ပါ"

ပန်းခေါင်ရန်းက မျက်ခုံးတစ်ဖက်ပင့်၍ သည်းမိုးသုန်ဘက် ကြည့်ကာ ...

"အခုကြည့်စမ်း၊ နင့်ဟာက မုန့်တွေ၊ ဒီမုန့်များ ဟိုမှာ ဝယ်စားလို့ ရတယ်"

"ဟိုမှာက ဝယ်စားလို့ပဲ ရတာလေ၊ မေမေက ဝယ်စားရင် သူ့ဘာသာဝယ်တဲ့မုန့်ပဲ ဖြစ်မှာပေါ့၊ အခုဟာကကျတော့ ငါ လှမ်းကန်တော့လိုက်တဲ့မုန့်ကို စားရမှာ၊ ပီတိချင်း အရသာချင်း ဘယ်တူမလဲ၊ တခြားစီပဲ"

"နင်ဟာ ပိုကိုပိုတာ၊ သယ်ရတဲ့သူက ကရိကထများတာ ထည့်စဉ်းစားဦး"

ဦးဝင်းသည် မန္တလေးတွင် သည်းမိုးသုန်ရဲ့ မိဘများနှင့်သော်လည်းကောင်း၊ ပန်းခေါင်ရန်းရဲ့ မိဘများနှင့်သော်လည်း





ကောင်း ရင်းနှီးခင်မင်သူဖြစ်၍ ဒီကလေးမ နှစ်ယောက်လုံးဟာလည်း ကိုယ့်မျက်စိရှေ့၌ပင် ကြီးပြင်းလူဖြစ်လာကြတာဖြစ်ရာ အားလုံးရဲ့ စိတ်သဘောထား အချိုးအချိတ်တို့ကို သိနေပြီးဖြစ်ပါသည်။

ဒီကလေးမနှစ်ယောက် စကားနိုင်လုပြောနေရင်ကတော့ သူ ပြန်ရဖို့ကိန်း မမြင်တာကိုလည်း အစင်းသိပုင်။

"ကဲ ... တော် ... တော်၊ သယ်တာက သယ်ပေးနိုင်ပါတယ်၊ ငါလည်း တခြားဘာမှ သယ်စရာပါတာမှ မဟုတ်ဘဲ၊ ကဲ ... သုန်သုန်၊ နင့်စာနင် သွားအဆုံးသတ်ချည်၊ ငါ သွားရတော့မှာ"

"ဟုတ်"

သည်းမိုးသုန် လှည့်ပြေးချိန်၌ ...

"ဖုန်းဆက်ပြောလို့ မရတဲ့အတိုင်းပဲ ဘာဘရေ၊ ဒီခေတ်ကြီးထဲမှာ အမေဆီ အပိုတွေ စာရေးနေတဲ့သူမျိုးက ရှိသေးတယ်"

"ငါ့ဟာငါရေးတာ နင့်အပူပါလား၊ စာနဲ့ရေးမှ လိပ်ပတ်လည်မှာမို့ ရေးနေတာပေါ့ဟဲ့"

ပန်းခေါင်ရန်း စကားကို သည်းမိုးသုန်ကလည်း အတင်မခံပါ။ အခန်းထဲမှ လှမ်းအော်ပြေရှင်းပါသည်။

"ဦးကျော်ခတို့ လိုင်လိုင်တို့ရော နေကောင်းကြလား ခေါင်ခေါင်"

www.burmeseclassic.com



ဦးဝင်းက တစ်ယောက်တစ်ခွန်း ဆက်မရှည်နေစေရန် ပန်းခေါင်ရန်းကို စကားဖြတ်ပြောထားလိုက်ပါသည်။

"ဟုတ်ကဲ့ နေကောင်းပါတယ်"

"ဒီလာဖို့ ရှိကြသေးလား"

"နောက်နှစ်ဆန်းမှ လာမယ် ဘဘဝင်း"

"အေး ... အေး ... စကားကြုံရင် ငါလည်းမေးတယ်ပြောလိုက်"

"ဟုတ်ကဲ့"

သားသမီးမထွန်းကားတဲ့ ဦးကျော်ခ ဒေါ်လှိုင်လှိုင်တို့ လင်မယားတွင် ပန်းခေါင်ရန်းက ဦးကျော်ခရဲ့ညီကမွေးသောတူမရင်းဖြစ်၍ သည်းမိုးသုန်က ဒေါ်လှိုင်လှိုင်ရဲ့အစ်မကမွေးသောတူမအရင်း ဖြစ်ပါသည်။ ဒီတော့ ဒီနှစ်ယောက်ဟာ ညီအစ်မသဘောမျိုးလည်းကျ၊ ဘာမှလဲ မတော်စပ်တဲ့ တစ်နှစ်တည်းမွေးရွယ်တူတွေ ဖြစ်ကြပါသည်။

"သုန်သန်ရေ မြန်မြန်ရေးပါဟ"

"ဟုတ်ကဲ့ ဘဘ၊ နှစ်မိနစ် သုံးမိနစ်ပါ"

သည်းမိုးသုန်သည် လက်ရေးကို သော့နေအောင် ကမန်းကတန်း ရေးနေပါသည်။ ဖုန်းနဲ့ဆက်လို့မရလို့ စာနဲ့ရေးတာပေါ့။ ဖုန်းဆက်ဖို့ကျတော့ ကိုယ်ပြောတာတွေ ခေါင်ခေါင်ကြားနေမှာပေါ့။ သူ မရှိတုန်း ဆက်ရင်တောင်မှ ဒေါ်ဆင်တော့ကြားမှာပေါ့။ ဘယ်သူကြားကြား ဘယ်ကောင်းပါ့မလဲ။ ကိုယ်က





ပဲ ခေါင်ခေါင့်ကို တုပပြီးပြိုင်သလို ဖြစ်နေဦးမည်။ ပြိုင်တယ်ရယ်လို့ချည်းတော့ မဟုတ်ပေမယ့် ပြိုင်တဲ့ယှဉ်တဲ့သဘောတော့ သက်ရောက်နေတာပင်။ နောက်ပြီး မေမေက သုန်သုန် ပူဆာတာကို မပေးဘူးဆိုရင် ကိုယ်ပူဆာတာ လူသိတာပဲ အဖတ်တင်ဦးမည်။

ဒါကြောင့် စာနဲ့ရေးရတာ။

"......... ဘဘဝင်းက လောနေပြီ။ စာရပ်လိုက်တော့မယ် မေမေ။ သုန်သုန် ပူဆာတဲ့ ဟဲန်းဒ်ဖုန်းတစ်လုံးကို မဖြစ်မနေ ဝယ်ပေးဖို့ မေမေ စီစဉ်ပေးနော်။ ဖေဖေက မေမေ ဝယ်ပေးရင် ဘာမှပြောမှာ မဟုတ်ပါဘူး ...

ခေါင်ခေါင် ခြံထဲမှာ ပဲနဲ့လမ်းလျှောက်ရင်း ဖုန်းပြောနေတဲ့စတိုင်ကြော့ကြော့ကို မေမေမြင်ရင် ခုချက်ချင်းကို ကောက်ဝယ်ပေးမှာ။ သုန်သုန် မကြား့ကြားအောင် အသံကိုမြှင့်ထားလိုက်သေးတယ်။ သူ့ဟဲန်းဒ်ဆက်ထ်က သိပ်မကောင်းပါဘူး။ မေမေ သုန်သုန့်ကို ဝယ်ပေးမယ်ဆိုရင် ဟဲန်းဒ်ဆက်ထ်ကို ဘလူးတုသ်တို့ ဘာတို့နဲ့ ဖန်ရှင်စုံစုံပါတဲ့ဟာမျိုး အကောင်းစား ရှာဝယ်ပေးနော်။ ကွန်ပျူတာနဲ့လည်း ချိတ်သုံးလို့ရတဲ့ဟာပေါ့။ လေးလေးကျော်ကိုမေးပြီး ဝယ်ပေါ့။ လေးလေးကျော် နားလည်ပါတယ်။ နော်မေမေနော်။ ဆက်ဆက်ဝယ်ပေးနော်။

မျက်နှာငယ်နေရှာတဲ့ မေမေ့ချစ်သမီးလေး ...

သုန်သုန်"



www.burmeseclassic.com

www.burmeseclassic.com



သုန်သုန်က စာကိုခေါက်၊ အိတ်ထဲထည့်ရင်း ...

"ဘာဘရေ ... ပြီးပြီနော် ပြီးပြီ"

"တကယ်ပြီးမှပြော၊ ထွက်မလာနိုင်သေးဘဲ အလကား အော်မနေနဲ့"

"ငါ့ဟာငါ အော်တာ ဘာဖြစ်လဲ၊ နင့်ကို လှမ်းပြောနေတာလည်း မဟုတ်ဘူး၊ နင်ဟာလေ နေရာတကာပါပြီး သိပ်ဆရာလုပ်ချင်တယ်"

"နင့်အကြောင်းကို သိနေလို့ ပြောနေရတာ"

"သိလည်း ပြောစရာမလိုဘူး၊ ငါလည်း နင့်အကြောင်းသိပေမယ့် နင့်ကို ဘာမှအပုပ်ချ မပြောဘူးနော် ခေါင်ခေါင်"

"ငါ့မှာ ဘာမှမှ ပြောစရာမရှိတာ"

"ဥပမာပေါ့ဟယ် ..."

သုန်သုန်က စာအိတ်ဖုံးကို လျှာနှင့်လျက်၍ စိုစွတ်စေကာ အဖုံးဖုံး၊ လက်ကလေးနှင့် ဖိရင်း ဖိရင်း ...

"နင့်မှာ တစ်နေ့ တစ်နေ့ နားဆွဲတို့ ဆွဲကြိုးတို့ ဟဲန်းဒ်ချိန်းတို့ ဖဲန်စီတွေ ဝယ်ရလွန်းအားကြီးတော့ လက်ထဲငွေကမရှိ၊ ဘိုင်ကပြတ်၊ အမေဆီ ကိတ်မုန့်လေးတစ်တုံးဝယ်မပို့လိုက်တာကို ဘာဘဝင်း သယ်ရများစိုးလို့လိုလို လိုးလွှဲပြောရ၊ အဲဒါကို ငါပြောလို့လား"

ပြောလို့လားသာဆိုတယ်၊ စကားက ပြီးနေပြီပင်။ ခေါင်ခေါင်သည် မျက်နှာလေးနီမြန်း ဒေါကန်လာကာ ...





"အောင်မာ ... နင်နော်၊ နင်ပြောသလို မဟုတ်ဘူး နားလည်လား"

"လည်ဘူး၊ ငါတော့ အဲလိုပဲ ထင်တာ"

"မဟုတ်ဘူး"

"မဟုတ်လည်း နေပေါ့ ... အခ်ိ"

သုန်သုန်က ပခုံးတွန့်ကာ တမင်တကာ အမြင်ကတ်စရာဖြစ်အောင် ရယ်သံပေးလျှင် ခေါင်ခေါင့် မျက်နှာမှာ ရှုပုပ်ပုပ်။ ဒေါသတွေ တဖွားဖွား ထွက်နေတဲ့ရုပ်။ ဦးဝင်းက ရယ်ချင်စိတ်ရှုပ်သက်ပြင်းကြီးချရင်း ...

"ကဲ ... ကဲ ... ပေး ... ပေး ... ညည်းစာအိတ်၊ ငါလည်း သွားမယ်၊ ညည်းတို့နှစ်ယောက်လည်း တစ်ယောက်နဲ့တစ်ယောက် တည့်အောင်နေကြစမ်း၊ ကိုယ့်ညီအစ်မတွေလို သဘောထားရမှာပေါ့၊ ညည်းတို့မိဘတွေဆိုတာလည်း တစ်ဖက်နဲ့တစ်ဖက် မဆက်ဆံလို့မရ၊ ရင်းရင်းနှီးနှီးနေကြတဲ့ မိတ်ဆွေအပေါင်းအသင်းတွေ၊ ပြောရရင် ရုပ်ဆွေရုပ်မျိုးတွေပဲ၊ မခေါ်လို့ ရတာတွေမဟုတ်ဘူး ...

ညည်းတို့က ဒီမှာမတည့်ကြဘူးဆိုရင် သူတို့လည်း စိတ်ချမ်းသာမှာ မဟုတ်ဘူး၊ အလကား ဘာမဟုတ်တာနဲ့ စကားနိုင်လုရင်း အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ဆိုတာလိုမျိုး သည်းမခံနိုင်ကြတဲ့အခါ ထ,ရန်ဖြစ်ရော၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကောင်းမလဲ၊ ညည်းတို့ ဒီလိုပဲ ဖြစ်နေကြရင် ညည်းတို့မိဘတွေကို ငါပြန်အသိပေးရလိမ့်မယ်ထင်တယ်”

ဦးဝင်း စကားကြောင့် ခေါင်ခေါင်ရော သုန်သုန်ပါ မျက်လုံးဝိုင်းသွားပါသည်။ ဘဘဦးဝင်းဟာ သူ့စီးပွားရေးကိစ္စ ကုန်ကိစ္စတို့နှင့် မန္တလေးနှင့် ရန်ကုန်ကို လစဉ်မပျက် အကူးအသန်း လုပ်နေရတဲ့သူ။ ရန်ကုန်ရောက်တိုင်း ဒီကိုဝင်ဖို့ နှစ်ယောက်လုံးရဲ့မိဘတွေက အကူအညီတောင်း အပ်နှံထားတဲ့သူ။

မိဘတွေနဲ့ မကြာမကြာ မတွေ့ရပေမယ့် ဦးဝင်းနဲ့တော့ လတိုင်း တွေ့ရပါသည်။ ဒီတော့ သုန်သုန်နှင့် ခေါင်ခေါင့်အကြောင်းကို ဘဘဦးဝင်းက အားလုံးထက် ပိုသိနေပါသည်။ ဘဘ ပြောသလိုပင် မိဘတွေချင်းဟာ မခေါ်လို့မရ မခင်လို့မရ မျက်နှာပျက်လို့လည်း မဖြစ်တဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း ရပ်ဆွေရပ်မျိုးတွေ ဖြစ်နေပါသည်။

သို့သော်လည်း သုန်သုန်နှင့် ခေါင်ခေါင်ဟာ တစ်ယောက်ကို တစ်ယောက် မသိမသာ အပြိုင်အဆိုင် အကြောအတင်းမခံနှင့် အငြိကလေးတွေ ရှိတဲ့အကြောင်း နှစ်ဖက်လုံးက မိဘတွေ သိတော့သိကြတာပါပင်။ မသိသလိုလေး နေကြတာ။ သိပ်ကြီး ဆိုးဆိုးဝါးဝါး ပြဿနာတက် ရန်ဖြစ် ဆိုတာမျိုး ဖြစ်လာမှာအထိ လောက်တော့ မိဘတွေကလည်း ဖြစ်စေချင်မှာမဟုတ်၊ လက်သင့်ခံမှာမဟုတ်ပေ။





တော်ကြာ မပြေလည်တာကိုအကြောင်းပြုပြီး ရန်ကုန်ကနေ ပြန်ခေါ်ယူလိုက်တာမျိုး လုပ်မှာကိုတော့ နှစ်ဦးလုံး စိုးရိမ်ပါသည်။ ဆယ်တန်းကတည်းက ဒီမှာလာဖြေထားကြတာဖြစ်တဲ့အတွက် သူတို့ရဲ့သူငယ်ချင်းအရင်းတို့ဟာလည်း ရန်ကုန်မှာပဲရှိကြကာ မန္တလေးမှာ သူငယ်ချင်းမရှိတော့သလောက်ပင်။

ဦးကျော်ခရဲ့ညီ ပန်းခေါင်ရန်းရဲ့အဖေဖြစ်သူ ဦးကျော်မင်းမှာ နိုင်ငံခြားသင်္ဘောအရာရှိဖြစ်ရာ သင်္ဘောတက်လိုက် မြန်မာပြည်နေလိုက်။ မန္တလေးမှာ ကျန်ရစ်တဲ့ ပန်းခေါင်ရန်းရဲ့အမေ ဒေါ်ချယ်ရီမှာ အောက်၌ ကလေးအငယ်နှစ်ယောက် ရှိပါသေးသည်။ ပန်းခေါင်ရန်း ဆယ်နှစ်သမီးရောက်မှ ထပ်မွေးထားတဲ့ မောင်လေးတစ်ယောက် ညီမလေးတစ်ယောက် ခုမှ ငါးတန်းတစ်ယောက် သုံးတန်းတစ်ယောက်။

ပန်းခေါင်ရန်း ကိုးတန်းအရွယ် ဆယ့်ငါးနှစ်လောက်မှာ လက်မလွှတ်သေးတဲ့ ကလေးအငယ်နှစ်ယောက်နှင့် ဂျင်ချေလည်ကာ သမီးကြီးရဲ့ပညာရေးကို သိပ်အာရုံမစိုက်နိုင်တဲ့ ဒေါ်ချယ်ရီက ရန်ကုန်က ခဲအိုတော် ဦးကျော်ခကို လှမ်းအကူအညီတောင်းကာ ပန်းခေါင်ရန်းကို ရန်ကုန်မှာ ကျူရှင်ဝိုင်းကောင်းကောင်း၌ ထားလိုတဲ့အကြောင်း။ စာလည်းတော်တာမို့ ဆယ်တန်းမှာအမှတ်မြင့်မြင့်နှင့်အောင်အောင် လမ်းညွှန်ကြပ်မတ်ပေးစေလိုတဲ့အကြောင်း အကူအညီ တောင်းပါသည်။

www.burmeseclassic.com



ဦးကျော်ခတို့ လင်မယားက ရှောရှောရှူရှူ လက်ခံသဖြင့် ဒေါ်ချယ်ရီက သမီးဖြစ်သူကို လစဉ်စရိတ် အလုံအလောက်နှင့် ခဲအိုဖြစ်သူထံ ပို့လွှတ်လိုက်တာပင်။ ဦးကျော်ခ ကိုယ်တိုင်ကလည်း ဆရာဝန်ကြီးတစ်ယောက်ဖြစ်ရာ ဆေးတက္ကသိုလ်ဝင်လိုတဲ့ ခေါင်ခေါင့်ကို အကူအညီ အထောက်အပံ့ အကြပ်အမတ်တို့ ပေးနိုင်မယ် ယူဆလို့ပင်။ ဒေါ်ချယ်ရီ ကိုယ်တိုင်ထက် နားလည်ကျွမ်းကျင်မယ်လည်း ယုံကြည်လို့ပင်။

ခေါင်ခေါင်ဟာ ကိုးတန်းကတည်းက စတင်၍ ဦးကျော်ခ စီစဉ်သော ဆရာ,ဆရာမတို့နှင့် ကျူရှင်ဝိုင်းတက်ရပါသည်။ သူကလည်း စာတော်ပါသည်။ ကိုးတန်းအောင်တဲ့အခါ အပ်ထားတဲ့ကျောင်းမှာပဲ တစ်ကျောင်းလုံး၌ ပထမ။ ကျူရှင်ဝိုင်းစာမေးပွဲတွေမှာလည်း အမှတ်ပြည့်တွေနှင့် အခြေအနေ အင်မတန်ကောင်းတဲ့အခါ ...။

ဦးကျော်ခလိုပဲ မန္တလေးမှာ စာတော်တဲ့ တူမတစ်ယောက်ရှိနေတဲ့ ဒေါ်လှိုင်လှိုင်ဟာလည်း သူ့တူမကို ခေါင်းထဲသတိရလာပါသည်။ အစ်မဖြစ်သူနှင့် လှမ်းတိုင်ပင်ကြည့်တဲ့အခါ အစ်မဖြစ်သူ ဒေါ်ခိုင်ခိုင်ထက်ကို တူမဖြစ်သူ သည်းမိုးသုန်က သိပ်ကိုစိတ်ပါတက်ကြွနေတာ။ နီးစပ်တဲ့ အသိုင်းအဝိုင်းထဲကပဲမို့ ပန်းခေါင်ရန်း သတင်းကိုလည်း သည်းမိုးသုန်က ကြားထားတာတစ်ကြောင်း။ သူကိုယ်တိုင်လည်း ပန်းခေါင်ရန်းလိုပင် ဆယ်တန်း



အောင်တဲ့အခါ ဆေးတက္ကသိုလ်ဝင်ဖို့ မှန်းထားပြီး ဝင်ရင်လည်း ရန်ကုန်ဆေးတက္ကသိုလ်တက်လိုသည်ဖြစ်ရာ အမေကို သွားမယ်၊ သွားမယ် ပူဆာတော့တာပင်။

ဒီလိုနှင့် သည်းမိုးသုန် ရန်ကုန်ရောက်လာတော့ ဝိုင်းကျူရှင်စ,တော့မည့် နွေရာသီပိတ်ရက် ပြေလဆန်းကာလ။ အိမ်မှာ ဆရာစုံခေါ်သင်တဲ့ ဝိုင်းအတွက် သည်းမိုးသုန် တစ်ယောက်တိုးလာတော့ ပန်းခေါင်ရန်း အဖို့လည်း ကျူရှင်စရိတ် တဲစ်ဝက်သက်သာပါသည်။ ဉာဏ်ရည်လည်း တူတူချင်းဖြစ်၍ စာသင်ရတာလည်း အဆင်ပြေပြေ ရှိပါသည်။

သူတို့နှစ်ယောက်ဟာ တကယ်တော့ တစ်ယောက်ကို တစ်ယောက် ခင်လည်းခင် ပြိုင်လည်းပြိုင်။ ပြေလည်နေချိန်မှာလည်း ပြေလည်နေကာ မတည့်ပြန်ရင်လည်း မတည့်ပြန်။ စာတင်မှာ အလှအပပါ ပြိုင်ရသလိုရှိတဲ့ ပန်းခေါင်ရန်းနှင့် သည်းမိုးသုန်ဟာ တစ်ယောက်တစ်မျိုး ချောချောလှလှ စမတ်ကျကျ ကြော့ကြော့သန့်သန့်ကလေးတွေဖြစ်ရာ ဘယ်သူက ဘယ်နေရာပိုလှပါတယ်လို့ ဆုံးဖြတ်ရခက်လှအောင် ရှိသည်။

ဆယ်တန်းအောင်ကြတဲ့ အခါကျတော့ နှစ်ယောက်လုံး ငါးဘာသာဂုဏ်ထူး အညီအမျှ။ အမှတ်ပေါင်းကျတော့ ပန်းခေါင်ရန်းက သည်းမိုးသုန်ထက် လေးမှတ်များခဲ့ကာ ထိုနှစ်ကမှ ကလေး ဆေးတက္ကသိုလ်ဝင်ခွင့်အမှတ်ဟာ သည်းမိုးသုန်

www.burmeseclassic.com

www.burmeseclassic.com



အတွက် နှစ်မှတ်အလို၊ ပန်းခေါင်ရန်းအတွက် နှစ်မှတ်အသာနေရာမှာ ဖြတ်ပစ်လိုက်ရာ သည်းမိုးသုန်ဟာ နှစ်မှတ်ကပ်၍ ဆေးတက္ကသိုလ်ဝင်ခွင့်မရ၊ အမည်နှင့်ညီအောင် မိုးသည်းသလို ငိုကြွေးဝမ်းနည်းလိုက်ရပါသည်။

နောက်ဆုံးတော့ သည်းမိုးသုန် တစ်ယောက် ကွန်ပျူတာတက္ကသိုလ်ပဲ လျှောက်ဖြစ်ပါသည်။ ကျောင်းလည်းတက် အပြင်သင်တန်းတွေလည်းတက်။

အိမ်တစ်အိမ်မှာ ဟိုဘက်တူမ ဒီဘက်တူမ ဘယ်လောက်ပဲ အခွင့်အရေး မျှမျှတတ ရထားတယ်ဆိုဆို လူငယ်တွေဖြစ်ရာ အဖုအထစ် ပြဿနာဆိုတာလေးတွေကတော့ မကြာမကြာဆိုသလို ရှိတတ်တာပင်။ သို့ပေမဲ့ အကြီးအကျယ်တော့ ဖြစ်ခွင့်မရအောင် အန်တီလှိုင်က ထိန်းသိမ်းနိုင်သည်။

နှစ်ယောက်လုံးဟာလည်း ဦးဦးကျော်ခကိုရော အန်တီလှိုင်ကိုရော ရိုသေလေးစား ကြောက်ရွံ့ကြရတယ်ဖြစ်ရာ ပြဿနာကြီးမားလာခဲ့တယ်ရယ်လို့ မရှိရပါ။ မနှစ်ကတော့ ဦးဦးဟာ အသက်ငါးဆယ့်ငါးပြည့်ကာ ကြိုတင်ထားတဲ့ လုပ်သက် (၃၀)နှစ်ပြည့် ပင်စင်လည်းကျ၊ စင်ကာပူနိုင်ငံသို့ ကြိုလျှောက်ထားတဲ့ အလုပ်လည်းရ။

ဦးဦး မောင့်ထ်အဲလစ်ဗောက်သ်ဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်ရတော့မည်ဆိုတော့ အန်တီလှိုင်က လိုက်ကိုလိုက်ပါ



ရတော့မည်။ အန်တီလှိုင်နှင့် ဦးဦးဟာ ဆယ်နှစ်အသက်ကွာ၍ အချစ်ကြီးကြတဲ့ ဇနီးမောင်နှံ။ ကလေးသားငယ်လည်း မရှိတော့ လူကြီးစုံတွဲနဲ့တောင် တယ်မတူ။

ဦးဦးနှင့် အန်တီလှိုင် နိုင်ငံခြားကို ရွှေ့ပြောင်းကြရတော့မည်ဖြစ်သော်လည်း ဒီရန်ကုန်အိမ်ကိုတော့ ပိတ်သွားတာမျိုး ငှားသွားတာမျိုး အန်တီလှိုင်က မလုပ်ချင်။ ခေါင်ခေါင်နှင့် သုန်သုန်ကိုသာ နေမြဲတိုင်း နေစေလိုသည်။ သူတို့ကျောင်းတွေလည်း ပြီးကြသေးတာ မဟုတ်သေး။ အိမ်မှာလည်း ဦးဦးတစ်သက် အတူကြီးပြင်းခဲ့တဲ့ လူယုံတော်မောင်နှမ ဦးကျားကြီးနှင့် ဒေါ်ဆင်တို့ ရှိသည်။

ဦးကျားက မာလီလည်းမာလီ၊ ဒရိုင်ဘာလည်း ဒရိုင်ဘာ။ ဒေါ်ဆင်က အိမ်ထောင်ကိစ္စ အဝဝ စီမံခန့်ခွဲပါသည်။ သူတို့နှစ်ယောက် ဆက်ရှိနေတဲ့အတွက်လည်း ခေါင်ခေါင်နှင့် သုန်သုန့်ကို မိဘတွေက ဖွတ်ပြန်မခေါ်ဘဲ စိတ်ချနိုင်တာပင်။ ရယ်ရတာက ဒေါ်ဆင်ဟာ ခေါင်ခေါင့်လူဖြစ်ပြီး ဦးကျားက သုန်သုန့်လူ။ တစ်ခုခုဆိုရင် မသိမသာဘက်လိုက်တတ်ကြကာ သူတို့မောင်နှမချင်းပင် ကတောက်ကဆတ် ဖြစ်ချင်ဖြစ်တာ။

ခေါင်ခေါင်က ဆယ့်တန်းဖြေပြီးကတည်းက ကားမောင်းကို အပတ်တကုတ်သင်ကာ ဆယ့်ရှစ်နှစ်ပြည့်တော့ ကျွမ်းကျင်ကာ လိုင်စင်အလွယ်တကူ ရသွားခဲ့သည်။ သုန်သုန်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းဖြေအပြီးမှာ အမ်စီမဝင်တာ သိရကတည်းက ကွန်ပျူတာမှာပဲ ထူးထူးချွန်ချွန် ဖြစ်ရမယ်ရယ်လို့ စိတ်ခိုင်ခိုင်ချရလေရာ ကွန်ပျူတာသင်တန်းတွေ အစုံကို လောဘတကြီး လျှောက်ပြေးတက်နေခဲ့ကာ ကားမောင်းသင်ဖို့တွေ ဘာတွေ ရှေ့တန်းမတင်ခဲ့။

ခဏကြာတော့ ခေါင်ခေါင် အိမ်ကကားကို တက်မောင်းနေတော့တဲ့ စတိုင်ကျကျဟန်ပန်ကိုမြင်မှပင် ကိုယ်လည်း အားကျပြီး လိုက်တော့သင်ဖြစ်ပါသေးသည်။ ခေါင်ခေါင့် အတုခိုးရသလိုဖြစ်ကာ စိတ်ထဲကလည်း သိပ်မပါတာရယ်။ ပြီးတော့ သုန်သုန် ကိုယ်တိုင်ကိုက ခေါင်ခေါင့်လောက် သတ္တိမရှိ မရဲတင်းတာရယ်။

မောင်းတော့ မောင်းတတ်သလို ရှိပေမယ့် ဟိုတိုက်ဒီငြိနှင့် ကျွတ်ကျွတ်လွတ်လွတ်ကြီး မကျွမ်းလေရာ ခေါင်ခေါင့်ကိုလည်း ရှက်လာပြီး မောင်းချင်စိတ်က သိပ်မဝင်တော့။ မေမေကလည်း မန္တလေးကလှမ်း၍ ...

"အရဲမကိုးနဲ့ သမီး၊ ဦးကျားကြီး တစ်ယောက်လုံးရှိတာပဲဟာ၊ ခေါင်ခေါင် သူ့ဟာသူ မောင်းနိုင်တာကို လိုက်အားမကျနဲ့၊ မမောင်းလို့ ဘာမှမဖြစ်ဘူး၊ မောင်းပြီး တစ်ခုခုဖြစ်မှာ မေမေ စိတ်ပူတယ်"

ဖေဖေရော အခု သြစတြေးလျ ရောက်နေပြီဖြစ်သော ကိုကိုတို့ကပါ မေမေနှင့် တစ်သံတည်း တစ်လေတည်းပင်။





အိမ်မှာ သမီးငယ်ကလေးဖြစ်၍ စိတ်မချကြတာက အကျင့်ပါနေသလို သုန်သုန် ကိုယ်တိုင်ကလည်း သူများကို အားကိုးမှီခိုရတာ အပေါ် အကျင့်ပါနေရာ သုန်သုန် ကားမောင်းဖို့ကိစ္စဟာ လေထဲ၌ မှေးမှိန်ပျက်ပြယ်ခဲ့လေသည်။

အခုလို အန်တီလှိုင်တို့ မရှိတော့ အိမ်မှာကားနှစ်စီး ကျန်ခဲ့ရာ ခေါင်ခေါင်က သူ့ဟာသူ ကားတစ်စီးကိုမောင်းကာ သွားလာတော့၍ သုန်သုန်ကလည်း ကျန်တဲ့တစ်စီးနှင့် ဦးကျားကြီးကို အပိုင်သိမ်းပစ်လိုက်တာပင်။ အရင်ကတည်းက ပိုအစေးကပ်တဲ့ သုန်သုန်နှင့် ဦးကျားကြီးဟာ အတူသွား အတူလာ ပိုပြီးရင်းနှီးတာ တစ်ဖွဲ့သားတည်း ပိုကျလာသကဲ့သို့ ခေါင်ခေါင်ကလည်း (သုန်သုန်လောက် တီတီတာတာ ချွဲချွဲနွဲ့နွဲ့ မရှိတတ်သော်လည်း) ဒေါ်ဆင့်ကို ပိုကပ်လာကာ တစ်အိမ်တည်းမှာ နှစ်ဂိုဏ်းကွဲနေသလို ဖြစ်နေပါသည်။

အန်တီလှိုင်က အိမ်သုံးစရိတ် စားစရိတ်တို့ကို သူတို့မရှိသော်လည်း သုန်သုန်တို့ရဲ့ မိဘတွေကို အကုန်မခံစေ။ အထက်စာရင်းစာအုပ်ကို ဒေါ်ဆင့် ထုတ်လို့ရအောင် စီစဉ်ခဲ့ကာ စာရင်းအင်းနှင့် စနစ်တကျ သုံးစွဲစေပါသည်။ သုန်သုန်နှင့် ခေါင်ခေါင်ကတော့ ကိုယ့်ကျောင်းစရိတ်နှင့် မုန့်ဖိုး အိမ်ကပို့တာ သုံးရတာအပြင် တစ်ခုပိုလာတာက ကိုယ်သုံးတဲ့ကားရဲ့ ဓာတ်ဆီဖိုး ကိုယ်ကျခံရတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါအတွက် တကျက်ကျက် တည်ည် မကြာခဏ တွက်ကတ်ကြသည်။ ခေါ်ဆင်ကို ဈေးဝယ်ပို့ရတာ၊ ဖုန်းခွန် မီတာခွန် သွားဆောင်ရတာ၊ တခြားအိမ်ကိစ္စ ဆောင်ရွက်ရတာ တွေအတွက် ခေါင်ခေါင့်ကားနဲ့တစ်လှည့် သုန်သုန့်ကားနဲ့တစ်လှည့် နားလည်မှု ယူထားသည်။ ဒါမှ ခာတ်ဆီအကုန် ညီမျှမည်။

အဲသလောက်ထိ အတိအကျ တွက်ချက်ကတ်သတ် နေကြတာကို မန္တလေးကမိဘတွေရော အန်တီလှိုင်တို့ပါ မသိကြ ဝါ။ သိရင်လည်း ဒီလောက် အသေးစိတ်ကတ်ကြရပါ့မလားလို့ အမေနှစ်ယောက်က ကိုယ့်လူကိုယ် ထုကိန်းမြင်ပါသည်။ ကိုယ့် သမီးဘက်က ကိုယ်ပါမှာ မှန်သော်လည်း နှစ်မအေစလုံးဟာ စိတ်ပုပ်စိတ်ယုတ် ကလိန်ကကျစ်သဘောထားတွေ မရှိဘဲ၊ ပြဿနာ မလိုလားသော၊ ကိုယ့်ဘက်ကသာ အနည်းအကျဉ်း အနစ်နာခံ လိုက်မည်ဖြစ်သော စရိုက်မျိုးကိုယ်စီမို့ပင်။

"ဘာဘာ"

"ဘာလဲ"

"ဟိုလေ ... သုန်သုန်တို့က အကျင့်ပါနေလို့ တစ်ယောက် ကိုတစ်ယောက် စ,နေကြတာပါ၊ မေမေတို့ကိုလေ မပြော ပါနဲ့နော်"

"ညည်းတို့ပုံတွေက စ,နေတဲ့ပုံတွေမှ မဟုတ်ဘဲ၊ ငါ့ကိုအ မနေနဲ့"





"ဟုတ်ပါတယ် ဘာဘာရဲ့၊ သုန်သုန် ပြောတာ ဟုတ်ပါတယ်၊ ခေါင်ခေါင်ကလည်း ပါးစပ်က ဝသီပါနေလို့သာ လွှတ် ခနဲ ထွက်,ထွက်နေတာ၊ ခေါင်ခေါင်တို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် စိတ်ထဲမှာ သံယောဇဉ်ကြီးပြီး သားပါ"

ပြောအပြီး ဘာဘာဦးဝင်း အလစ်မှာ ခေါင်ခေါင်က သုန်သုန့်ကို မျက်စောင်းခုတ်လိုက်သလို ...

"ဟုတ်တယ် ဘာဘာ၊ ချစ်လည်း ချစ်ကြပါတယ် ... အဟီး"

သုန်သုန်ကလည်း နောက်ပစ်ထားတဲ့ လက်နှစ်ဖက် က လက်ဝါးလေးတွေကို ဘာဘာ မမြင်ဘဲ ခေါင်ခေါင်ပဲ မြင်ရ အောင် ခါပြနေပါသည်။ ခေါင်ခေါင်က တမင်တကာ ...

"သုန်သုန် နင့်လက်ဝါးတွေ ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲဟဲ့"

"လှုပ်နေလို့"

"ဘယ်မှာလှုပ်လို့လဲ"

"တင်ပါးမှာကပ်ပြီး လှုပ်နေတာ"

"အဲဒါ တင်ပါးယားလို့ ကုတ်နေတာ၊ နင်မမြင်ဘူးလား"

"ဪ ... အဲလိုလား ... အဟဲဟဲ"

"တည့်အောင်နေပါ ဆိုနေမှ ပြောရင်းကကို ဖောက်နေကြ ပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



“အာ ... ဘဘကလည်း၊ အဲဒါ တည့်နေတာလေ၊ တည့်လို့သာ ဒီလိုတွေ နောက်နေတာပေါ့”

“အင်းလေ၊ ဘဘကလည်း”

“ကဲ ... ကဲ ... ငါ ပြန်မယ်”

“ဟုတ်ကဲ့ ဘဘ၊ မေမေ့ကို စာဆက်ဆက်ပေးလိုက်နော် ဘဘ၊ သုန်သုန် ဖုန်းဆက်ထားမယ်၊ ကားဆိုက်ချိန်ရောက်တာနဲ့ မေမေ သွားယူပါလို့”

“အေး ... ဆက်ထား”

ဘဘဦးဝင်း အငှားကားပေါ်တက်ကာ ကားထွက်သွားတော့ နှစ်ယောက်သား တံခါးပိတ်ကာ အိမ်ထဲလှည့်ဝင်ခဲ့ကြရင်း ...

“ငါ့အမေဆီ မုန့်ပါလာတာ နင့်အမေကြားရင် နင့်အမေလည်း စားချင်နေမှာပဲနော်”

“အောင်မာ၊ နင် ငါ့အမေကို ကလေးများ မှတ်နေလား။ သူများစားရင် လိုက်စားချင်ရအောင် ငတ်နေတာမို့လို့လား။ ဟိုမှာလည်းရှိတာကို စားချင် ဝယ်စားမှာပေါ့”

“ဟဲ့ ... ဝယ်စားတာနဲ့ သားသမီးက ဝယ်ပို့တာ အရသာချင်း ပီတိချင်း မတူပါဘူး ဆိုနေမှ နင် သိပ်ဒုန်းဝေးလှချည်လား”





“နင် သိပ်ပိုမနေနဲ့၊ ပီတိဖြစ်ရအောင် နင့်လုပ်စာ နင့်ရှာစာနဲ့ နင့်အမေကို ဝယ်ကျွေးနေတာလို့ သူများက အထင်မှားနေပါဦးမယ်နော်၊ အမေပေးလိုက်တဲ့ ပိုက်ဆံထဲကပဲ ပြန်ဝယ်တဲ့ဟာ။ သူ့ပိုက်ဆံနဲ့ပဲဝယ်တာ၊ ဘာပီတိဖြစ်စရာရှိလဲ”

“ဟယ် ... နင် မိဘအပေါ်သိတတ်တဲ့ သားသမီးနဲ့ မိဘရဲ့ကြားက မေတ္တာတရားနဲ့ ပီတိကို မခံစားတတ်ဘူးလားဟင်၊ သူ့ပိုက်ဆံဖြစ်ဖြစ် ငါ့ပိုက်ဆံဖြစ်ဖြစ် သတိတရစားစေချင်တဲ့ စေတနာ အသိစိတ်အပေါ် ပီတိဖြစ်ရတာဟဲ့၊ ဘယ်သူ့အိတ်ထဲကထွက်တဲ့'ကျပ်'တွေလည်းလောက်ပဲ နင်စဉ်းစားတတ်လား”

“အပိုတွေ မပြောစမ်းနဲ့ဟာ၊ လူများကြားရင် အဟုတ်ထင်၊ သိပ်သိတတ်တဲ့သမီး မှတ်နေပါဦးမယ်၊ နင့်ဟာနင် ပူဆာစရာရှိလို့ မျက်နှာလုပ်တာ မသိရင်ခက်မယ်”

“ဘာမှပူဆာစရာ မရှိဘူး ... ဟွန်း”

“ဒါဖြင့် ဘာကိစ္စ စာတကူးတက ရေးနေစရာလိုလဲ”

“နင့်လို အမေဆီ ဖုန်းဆက်ရင် မေမေ့ကိုလွမ်းလို့ ထမင်းသိပ်မစားနိုင်ဘူး သိလား၊ ဆိုပြီး ဒီဘက်မှာ ဘာငါကြီးကိုက်ဖွဲ့နေတဲ့ ပါးစပ်ဖျားလေးက ဘလစ် ဘလစ်သမီး မဟုတ်ဘူးဟဲ့၊ စာလေးနဲ့ ခပ်နင့်နင့်လေးရေးပြီး အလွမ်းဖြေရတာ”



www.burmeseclassic.com

www.burmeseclassic.com



“အား ဟား ဟား … အမယ်လေး ဗိုက်တွေနာလိုက်တာ သုန်သုန်ရယ်၊ ငါ့ကို ဟာဒယရှင်ဆေး မတိုက်ကျွေးစမ်းပါနဲ့၊ မွေးနေ့ပွဲတက်လိုက် ရှော့ပင်ထွက်လိုက် ဖြုတ်ပါလာသွားလိုက်နဲ့ အချိန်မလောက်တဲ့ နင်က အမေကိုလွမ်းနေလို့လား … ဟား ဟား”

“နင်လည်း ဒီတိုင်းပဲဟာ”

“အေးလေ … ငါက အပိုတွေ မဖြီးပါဘူး”

“ငါကကော ဖြီးနေလို့လား၊ ကိုယ့်အမေကိုယ် လွမ်းလို့လွမ်းတယ် ပြောတာ”

“သြော် … နင့်အမေကို အရမ်းလွမ်းလို့ပေါ့နော်၊ မနက်က ဖုန်းထဲမှာ ကျော်ကိုကိုနဲ့ ဟီး ဟီး ဟီး လုပ်နေရတာ”

“ဟဲ့ … နင်လိုက်ချောင်းနားထောင်နေတာက အရေးမကြီးဘူး၊ တော်ကြာ ကျော်ကိုကို သိသွားရင် နင့်ကို အားတုံ့အားနာတွေ ဖြစ်နေပါဦးမယ်၊ ငါကတော့ နင်ကြားကြားဘာဖြစ်ဖြစ် အေးဆေးပဲ၊ နင်က ပထမ ကျော်ကိုကို နင့်ကို စာတွေလာလာမေးနေတာ လက်စသတ်တော့ ဒီကောင်လက်စသတ်ပဲလို့ ထင်နေရာက ကျော်ကိုကိုက နင့်ကတစ်ဆင့် ငါ့ဆီလမ်းဖွင့်ချင်တာကို နင်ရိပ်မိသွားပြီး နင်ငုပ်သွားတာကို သူက အရမ်းမျက်နှာပူနေတာ”

“ဘာပြောတယ်”





ပန်းခေါင်ရန်းမှာ အရှိက်ထိကာ ထုပ္ပသွားပါသည်။ သူနဲ့တူတူတက်နေတဲ့ ဆေးကျောင်းသား ကျော်ကိုကို တစ်ယောက် ဖုန်းနံပါတ်တောင်း ဖုန်းဆက်၊ အိမ်အထိလာကာ စာတွေတိုက်လုပ်ခဲ့တာကို သူ့အပေါ် စာတ်လမ်းတော့ စ,ပြီလို့ ထင်မိခဲ့တာ အမှန်ပင်။ အမှန်တကယ်က သဇင်းက ခေါင်ခေါင်နှင့် သုန်သုန့်ကို ရှားရှားပါးပါး အတူသွားဖြစ်တဲ့ ရှော့ပင်တစ်ခေါက်မှာ တွဲတွေ့လိုက်ပြီး ညီအစ်မဝမ်းကွဲ တော်တယ်၊ အတူနေတယ်ရယ်လို့ အကြမ်းဖျဉ်းသိသွားကာ ခေါင်ခေါင့်ကို ချဉ်းကပ်တော့တာ။

ကိုယ့်ကိုပဲ ထင်မိခဲ့တာ မှန်ပေမယ့် ကျော်ကိုကို့ကိုတော့ စိတ်မဝင်စားလှ၍ မလွမ်းလောက်ပါ။ ဒါပေမဲ့ သုန်သုန့်ဆီ ကြိုရွယ်ဖို့ သူ့ကိုချဉ်းကပ်တာလို့ သိလိုက်တော့ ငုပ်သွားရတာတော့ အမှန်ပဲလေ။

“နင်တို့ ဖုန်းပြောတာ လိုက်ချောင်းနားထောင်စရာလည်း အကြောင်းမရှိဘူး၊ ကျော်ကိုကိုလိုဟာလည်း စိတ်ကူးထဲတောင် မထည့်ဘူး ဒေါ်သုန်သုန်ရေ၊ တချို့တွေသာ ဆေးကျောင်းကို ဘယ်လိုနည်းနဲ့ ပတ်သက်ရ ပတ်သက်ရ ကိုယ်မရောက်ရလည်း ရောက်တဲ့သူနဲ့ တွဲရ တွဲရ အရူးထနေကြတာ”

“ဘာ … နင် ငါ့ကို စောင်းပြောနေတာ မဟုတ်လား ခေါင်ခေါင်”

www.burmeseclassic.com



"နင်က အဲ့လို ဟုတ်လို့လား၊ မဟုတ်ရင် ပြီးတာပဲ၊ ငါက တချို့ကို ပြောပြတာ"

"နင်တို့ဆေးကျောင်းသားတွေလည်း ငါက အထင်မကြီးသေးဘူးနော်၊ လောကမှာ စာတော်တာ၊ ဆရာဝန်ဖြစ်တာသည်သာ အရည်အချင်း မှတ်မနေနဲ့၊ နင်တို့ဆရာဝန်တွေထက်တော်တဲ့လူတွေ လောကမှာ အများကြီး ခေါင်ခေါင်ရေ့၊ ကျော်ကိုကို့ကိုလည်း မိကောင်းဖခင်သားလေးမို့သာ ယဉ်ယဉ်ကျေးကျေး ပြန်ဆက်ဆံနေတာ၊ ဆေးကျောင်းသား ဆရာဝန်လောင်းဆိုပြီး မက်လိမ့်များ မထင်ထားနဲ့ ..."

လူတစ်ယောက်မှာ စာတော်တယ် ဆိုတာထက်ပိုပြီး ရှိဖို့လိုအပ်တဲ့ အရည်အချင်းတွေမှာ အများကြီး၊ ကျောင်းစာတော်ဖို့ဆိုတာက တစ်ကိုယ်ရည် လိုအပ်တဲ့ အရည်အချင်းထဲမှာ ငါက နောက်နားကထားထားတဲ့ အရည်အချင်းမျိုး ခေါင်ခေါင်ရဲ့၊ နင် စိတ်အေးအေးထား၊ ကျော်ကိုကို့ကို ငါက ခေါင်းထဲမထည့်ဘူး၊ မိတ်ဆွေလောက်ပဲ"

"အံမာ ... ငါကစိတ်ပူနေတာမို့လို့လား၊ ငါက လုံးဝစိတ်မဝင်စားတာ"

"ဒါဆိုလည်း ပြီးတာပဲ၊ ငါ့ဟာငါ ဟီးဟီးဟီး မကလို့ ဟားဟားဟားပဲဖြစ်ဖြစ်ပေါ့၊ နင် ဘာပြောစရာလိုလဲ"

"အမေကို သိပ်လွမ်းနေတယ် ဆိုလို့ပါ"





"နင့်အမေ နင်မလွမ်းတိုင်း ငါလွမ်းတာ လာမဟားနဲ့၊ ထိုင်ငိုမနေပေမယ့် ငါ့အမေကို ငါနေ့တိုင်းလွမ်းတာ"

"လွမ်း ... လွမ်း ...၊ ငါကတော့ နင့်လောက် အိမ်မိုးရှင်နဲ့လ် မဖြစ်တတ်ဘူး၊ အေးဆေးပဲ"

သူတို့နှစ်ယောက်ဟာ စကားနိုင်လုရှိသာ ပြောနေကြတာဖြစ်ပြီး ဘယ်သူမှ ကျော်ကိုကို့ကို တကယ်စိတ်မဝင်စား။ စိတ်မလှုပ်ရှား။ သို့သော်လည်း မိန်းမပျို နုနုငယ်ငယ်လေးတွေ ဒိပိ ပြိုင်ရယှဉ်ရတဲ့ ခေါင်းစဉ်တွေထဲမှာ ကိုယ့်အပါး ခစားတဲ့သူတွေကိုလည်း စာရင်းပြုစု ပြိုင်ယှဉ်ရသေးတာပင်။

ကိုယ့်ကို ဘယ်လိုလူတွေ ဝန်းရံခစားကြောင်းလည်း သေိမသာ ကြွားဝါတတ်ကြရသေးတာပင်။ ခေါင်ခေါင်နှင့် သုန်သုန်တာ တစ်ယောက်ကိုတစ်ယောက် ရင်ထဲ အသည်းထဲက မုန်းတီးကြတယ်လို့တော့ ဆိုမရနိုင်ပါ။ သို့ပေမယ့် ဘယ်သူ့ကိုမှ ဘယ်သူကမှ အနိုင်မခံ အရှုံးမပေးလိုတာကိုတော့ ငြင်းမရနိုင်ပေ။

❣ ✉ ❣

www.burmeseclassic.com

www.burmeseclassic.com



## ၂

"မြတ်ဘုန်းရောင်"သည် ဖုန်းထဲမှ ခေါ်နေသံကို နားစိုက်ထောင်နေရင်း ဖုန်းကိုလက်ခံဖွင့်လိုက်တဲ့ "ကလစ်"ခနဲ အသံကလေးကို ကြားလိုက်မှ သက်မတစ်ချက် ချလိုက်ပါသည်။ ဖုန်းခေါ်နေတာ နှစ်ရက်ရှိပြီ။ ခုမှပဲ အဆက်အသွယ် ရတော့သည်။

"ဟယ်လို"

"အစ်ကိုကြီးလား"

"ဟယ်လို"

"အစ်ကိုကြီး ဦးကျော်ခလား"

"အေး ... ဘယ်သူလဲ၊ မြန်မာပြည်ကလား"

"ဟုတ်တယ် အစ်ကိုကြီး၊ မြတ်ဘုန်းရောင်ပါ"

"အား ... ဘုန်းရောင် ပြော၊ ဘာလဲ စင်ကာပူလာဖို့ရှိလို့လား၊ လာတည်း ...၊ အိမ်မှာလာတည်း"





"လာစရာတော့ရှိတယ် အစ်ကိုကြီး၊ ဒါပေမဲ့ လိုသေးတယ်၊ ခုလောလောဆယ် သွားဖို့ကိစ္စရှိနေတာက ရန်ကုန်ကို၊ အစ်ကိုကြီးအိမ် ပိတ်ထားတာလား၊ သော့ကော ဘယ်သူ့ဆီယူရင် ရလဲ"

"ဩော် ... ရန်ကုန်အိမ် တည်းချင်တာလား"

"ဟုတ်တယ် အစ်ကိုကြီး၊ လှိုင်သာယာမှာ ဆောက်နေတဲ့ စက်ရုံက ပြီးလုပြီ၊ လက်စသတ်ပြီ ဆိုပါတော့၊ ဒီကြားထဲ တော့ သွားချည်လာလှည့်ပဲပေါ့၊ ခုတော့ အချောသတ်ချိန်မှာ ကိုယ်လိုချင်တာလေးလည်း ပြည့်စုံအောင် ကြည့်ရှုပြော ဖို့လိုတော့ တစ်လ, တစ်လကျော်နေဖြစ်မယ် ထင်တာနဲ့၊ ကျွန်တော် ဟိုတယ်မတည်းချင်တော့တာ"

"ဩော် ... ဒီကြားထဲတွေ သွားချည် လာလှည့် ဟိုတယ် တည်းနေတယ်ပေါ့"

"ဟုတ်တယ် အစ်ကိုကြီးရ၊ ဒီစက်ရုံကလည်း အစ်ကိုကြီး တို့သွားတဲ့အချိန်ပဲ စ,ဆောက်တာလေ၊ နှစ်ရက် သုံးရက်နဲ့တော့ အိမ်ကိုသွားဖွင့်ဦး လှည်းကျင်းဦး မလုပ်ချင်တော့ တာနဲ့ ဟိုတယ်ပဲ တည်းလိုက်တာပေါ့၊ အခုတော့ လနဲ့ ချီမှာမို့လေ"

ဦးကျော်ခနှင့် မြတ်ဘုန်းရောင်မှာ အလွန်ခင်မင် ရင်းနှီးကြသူတွေ ဖြစ်ပါသည်။ ညီအစ်ကိုရင်းချာတွေနှယ် ရင်းနှီး တာမျိုးပင်။ သို့ပေမဲ့ အသက်တော့ကွာသည်။ ထူးလန်းတာက



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ခရဲ့ညီ ဦးကျော်မင်း၊ ညီမ ဒေါ်သီတာကျော်တို့နှင့်ကျတော့ ဆက်လက်မရင်းနှီးပါ။ ငယ်ငယ်က မန္တလေးမှာ ဂေါ့ဖ်အတူရိုက်ဖြစ်ရင်းက သူတို့ချည်းသာ ခင်နေကြတာ။ ဆယ်နှစ်သားလောက်ကစပြီး ဂေါ့ဖ်ကစားခဲ့တဲ့ မြတ်ဘုန်းရောင်ဟာ လူကြီးပိုင်း အတော်များများနှင့်ခင်ကာ သူ့ရဲ့မိတ်ဆွေရင်းချာတို့ဟာ သူ့ထက် အသက်အများကြီး ကြီးတဲ့သူတွေ ဖြစ်နေပါသည်။

"အိမ်က ပိတ်မထားဘူးကွ၊ မင်း နှစ်ရက် သုံးရက်ကတည်းက သွားတည်းရင် ရသားပဲ၊ ဝင်တည်းလိုက် ပြန်လိုက် လုပ်ပေါ့၊ ဘာမှအားနာစရာမရှိဘူး"

"အစ်ကိုကြီး အိမ်စောင့်ထားခဲ့တာလား"

"ကိုကျားတို့ မဆင်တို့လည်း ရှိတယ်လေ၊ ပြီးတော့ ငါ့ တူမနှစ်ကောင် ထားထားတယ်ကွ"

"တူမတွေ ! "

"အေး … ငါ့တူမက တစ်ယောက်၊ ကျော်မင်း သမီးလေ၊ လှိုင်လှိုင့်တူမက တစ်ယောက်၊ နှစ်ယောက်လုံး တက္ကသိုလ်တက်နေကြတာ၊ မင်း သွားတည်းလေ၊ အပေါ်ထပ်မှာ ဘယ်သူမှနေတာ မဟုတ်ဘူး၊ တူမတွေကလည်း ကလေးတွေ၊ မင်း အနေကျဉ်းစရာ မရှိပါဘူး ဘုန်းရောင်"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ကျွန်တော် သွားတည်းလိုက်မယ်နော်၊ တစ်လ တစ်လကျော်ကြီးဆိုတော့ အိမ်မှာတည်းရမှပဲ စားရေး သောက်ရေးကအစ အဆင်ပြေမှာလေ"



"ငါ့အိမ်က မဆင် ဆိုတာတွေ့မှပဲ ဘယ်လောက် အချက်အပြုတ်ကောင်းကြောင်း မင်း သိရမယ်၊ သွားသာတည်းလိုက်"

"ကျွန်တော် ရက်အတိအကျတော့ မပြောနိုင်သေးပေမယ့် အဆင်ပြေရင် မနက်ဖြန်လိုတောင် ထွက်သွားမှာ အစ်ကိုကြီး၊ ဒီမှာကိစ္စဝိစ္စ ရှိခဲ့ရင်လည်း နှစ်ရက် သုံးရက်ပေါ့၊ ဒီတော့ ဘာပဲဖြစ်ဖြစ် ရက်ကကပ်နေပြီ၊ အစ်ကိုကြီးအိမ်ကို ဖုန်းလေးတစ်ချက်တော့ ဆက်ထားပေးပါဦးနော် အစ်ကိုကြီး"

"အေး … အေး၊ ဆက်ထားပေးမယ်၊ ဒီနေ့ပဲ ဆက်လိုက်မယ် ဘုန်းရောင်၊ စိတ်ချ"

"မမလှိုင်ရော နေကောင်းလား"

"ကောင်းတယ်၊ မင်းအစ်မလည်း ဒီရောက်မှ စိတ်တွေတက်နေတယ်"

"ဟား ဟား … သူများတွေမှာတော့ လမ်းတွေလျှောက်ရပြီး စိတ်ကျတယ် ကြားရတာ၊ မမလှိုင်က စိတ်တက်နေတယ်၊ ဟုတ်လား"

"လမ်းတွေလျှောက် ဗိုက်တွေဟာပြီး ခါတိုင်းထက်ပိုစား၊ သူက အဲသလို စိတ်တက်တာဟ၊ အိမ်မှာ သူပျင်းတော့ ငါ အလုပ်သွားရင် သူလည်း လျှောက်သွားနေတာပဲလေ၊ တွေ့ကရာလည်း ဝယ်စားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မေးတယ် ပြောလိုက်ပါဦး အစ်ကိုကြီး၊ ဒီက ဘာပို့ပေးရဦးမလဲ"

"ဘာမှ မပို့နဲ့၊ အားလုံး ရတယ်၊ အေး ... ဘုန်းရောင်ရေ ဝါဒ်က ငါ့နာမည်ခေါ်နေပြီ၊ I gotta go ၊ See you Bye Bye ဘုန်းရောင်ရေ"

ဦးကျော်ဘက်မှ ကမန်းကတန်း ဖုန်းချသွား၍ မြတ်ဘုန်းရောင်ကလည်း ဖုန်းချလိုက်ပါသည်။ သူနှင့် ဦးကျော်ခ အကြားမှာ ဒီထက်ကြီးကြီးမားမား အပြန်အလှန် ကူညီခဲ့မှုတွေ အများကြီး ရှိပါသည်။ တကယ်တော့ အသက်ချင်းနှစ်ဆယ်လောက် ကွာခြားတဲ့ ဦးကျော်ခနှင့် မြတ်ဘုန်းရောင်ဟာ ညီအစ်ကိုလိုထက် တူဝရီးလောက်ကို အရွယ်ကွာတာပင်။ မြတ်ဘုန်းရောင်ရဲ့အမေက မှ ဦးကျော်ခထက် ငါးနှစ်သာ ကြီးတော့တာ။

သို့သော် သူငယ်ချင်းပေါင်း ပေါင်းတတ်တဲ့ ဦးကျော်ခ ကြောင့် ညီအစ်ကိုသူငယ်ချင်းလိုပဲ ဖြစ်နေပါသည်။ မြတ်ဘုန်းရောင် က ဖုန်းထပ်နှိပ်လိုက်ရင်း ...

"ဟေ့ ... မောင်တိုးရေ"

"ဟုတ်ကဲ့ အစ်ကို"

"ငါ့အဝတ်သေတ္တာက ပြင်ပြီးပြီလား"

"ဟုတ်ကဲ့ အစ်ကို၊ ပြင်ပြီးပါပြီ"

"ငါ စာရင်းလုပ်ပေးတဲ့အတိုင်း အကုန်ပါပြီလား"





"ဟုတ်ကဲ့ ... ပါပါတယ်"

"ဘာလိုသေးလဲ ... တခြား"

"ဦးကျော်ခွေး ဖုန်းဆက်တယ် အစ်ကို"

"ဟုတ်လား၊ ဘယ်တုန်းကလဲ"

"ခုနလေးတင်ပဲ၊ အစ်ကို့ ဟဲန်းဒ်ဖုန်း ဆက်တော့လည်း မအားဘူးတဲ့၊ ရုံးခန်းဖုန်းလိုင်းလည်း မအားဘူးတဲ့၊ အဲဒါ နဲ့ အိမ်ကိုဆက်လာတာ"

"ဘာပြောလဲ"

"ပြောစရာရှိလို့တဲ့၊ အစ်ကို ဘယ်မှာလဲ မေးတာ၊ ကျွန်တော် က ရုံးမှာပဲ ပြောလိုက်တယ်"

"အေး ... အေး၊ ငါ ဆက်လိုက်မယ်"

မြတ်ဘုန်းရောင်က ဖုန်းကိုပိတ်ကာ နောက်တစ်ခေါက် နှိပ်ပြန်သည်။

"ဟယ်လို ... ဆရာလား"

"ဟုတ်တယ်၊ ကိုကျော်ခွေး ဆက်တယ်ဆိုလို့"

"ဟုတ်တယ် ဆရာ၊ ဆရာ ခိုင်းလို့ ကျွန်တော် ဆေးရယ်၊ ဆရာပေးလိုက်တဲ့ ပစ္စည်းတချို့ရယ် မနန်း့အိမ် သွားပေး တာဆရာ"

"ပေးခဲ့ပြီလား ကိုကျော်ခွေး"

"ဟို ... ဆရာ ... မနန်း မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားလို့လဲ၊ သူ အပြင်သွားလည်း သူ့သူငယ်ချင်း ဖြစ်ဖြစ်၊ သူ့သူငယ်ချင်း အမေ အဖေ တစ်ယောက်ယောက် ပေးခဲ့လို့ ရပါတယ်"

"မဟုတ်ဘူး ဆရာ၊ မနန်း မရှိတော့တာ"

"ဘယ်လို မရှိတော့တာလဲ"

"မနေ့က ကတည်းက မနန်း လားရှိုး ပြန်သွားတယ်တဲ့"

"ဟာ ... ဘာဖြစ်လို့ ပြန်သွားတာလဲ၊ ကျွန်တော် အလုပ်ရှုပ်နေလွန်းလို့ နန်းနဲ့ မတွေ့တာ နှစ်ရက်ပဲ ရှိသေးတယ်၊ ဘာကိစ္စရှိလို့ ပြန်တာတဲ့လဲ၊ သိပ်အရေးကြီးလို့လား၊ ဘာပြောလဲ"

"မဟုတ်ဘူး ဆရာ"

"ဘာလဲ ကိုကျော်ဋ္ဌေး၊ ခင်ဗျားဟာက မပွင့်တပွင့်နဲ့ ပြောစမ်းပါ၊ ဘာဖြစ်လို့တဲ့လဲ"

"သူတို့အိမ်က ပြောပြတာကတော့ ဆရာ့အမေ မနန်းဆီ လာသွားတယ်တဲ့"

"ဘာ"

"ဆရာ့အမေ ရောက်လာပြီး တော်တော်လေး ကြိမ်းမောင်းဝုန်းဒိုင်းကြဲသွားတယ်လို့ ပြောပါတယ်၊ သူတို့ပြောတာ ပြောပြတာပါ ဆရာ၊ မနန်းလည်း ငိုကြီးချက်မ ဖြစ်ရပြီး ဆရာ့အမေလည်းပြန် သူလည်း မကြာဘူး မီရာကားကြီးလိုက်ပြန်သွားတာပဲတဲ့"





မြတ်ဘုန်းရောင်သည် ဖုန်းကို ကျစ်ကျစ်ဆုပ်ကိုင်ရင်း ငိုင်ဆေးသွားပါသည်။ တစ်ကိုယ်လုံး သွေးလှည့်ပတ်မှုတွေလည်း မြန်ဆန်ထူပူလာပါသည်။

မေမေ ...။ မေမေ ...။

ကိုကျော်ဋ္ဌေးက စကားကို ထိန်းကာပြောနေပေမယ့် စိတ်ကြီးလှတဲ့ သူ့အမေဟာ နန်းကို ဘယ်လောက်ထိ ပွဲသွားကြမ်းလိမ့်မည်ဆိုတာ ကိုယ့်အမေအကြောင်း ကိုယ်အသိဆုံးပင်။ အမေ စိတ်ကြီးတာ၊ မာန်ကြီးတာ၊ အဆင့်အတန်း နှိုင်းယှဉ်ခွဲခြားတတ်တာတွေကိုသိလို့လည်း နန်းနှင့်ကိစ္စကို မေမေ့ကို သူ ဖွင့်မပြော အသိမပေးဝံ့ခဲ့တာ။

မေမေ သူ့ကို မှန်းဆသဘောတူထားတဲ့သူက တစ်ယောက်။ မြတ်ဘုန်းရောင်ကလည်း ထိုတစ်ယောက်ကို စိတ်မဝင်စားသလို သူကလည်း မြတ်ဘုန်းရောင်ကို စိတ်မဝင်စားပါ။ ကိုယ့်အသက်အရွယ်နှင့်ကိုယ် လူကြီးမိတ်ဆွေတွေလိုတော့ ဣန္ဒြေရှ ခင်ခင်မင်မင် နေပါသည်။

လက်ထပ်ကာ နှစ်ယောက်အတူ ဘဝတစ်ခု ထူထောင်ဖို့ဆိုတာကတော့ တော်ရုံခင်မင်မှုနှင့် ဖြစ်နိုင်ပါ့မလား။ သူ့မှာ ဘဝနဲ့ထပ်တူချစ်ရတဲ့ မိန်းကလေးကလည်း ရှိပြီးဖြစ်ပါသည်။ နန်းရှုပါ တဲ့။ နန်းနှင့် သူ ချစ်ကျွမ်းဝင်ခဲ့တာ သုံးနှစ်နီးပါးရှိပြီ။ နန်း ဇာတိက လားရှိုးမှ ဖြစ်သည်။ ဝညာအရှည်အချင်းတော့ ဆယ်တန်းမအောင်။

www.burmeseclassic.com

www.burmeseclassic.com



လားရှိုးမှာ မိဘတွေကလည်း ဆုံးပါ။ အစ်ကိုအစ်မ တွေကလည်း အိမ်ထောင်ခွဲတွေဖြစ်၍ မန္တလေးကိုလာပြီး ငယ်သူငယ်ချင်းနဲ့အတူ အပ်ချုပ်ဆိုင်လေး ဖွင့်ထားတဲ့သူ ဖြစ်သည်။ သူငယ်ချင်းနှစ်ယောက် အတူစပ်ဖွင့်ကြတဲ့ စက်ချုပ်ဆိုင်လေးဟာ အအောင်မြင်ကြီးလည်း မဟုတ်သေမယ့် သူ့ဘဝလေးတော့ သူရပ်တည်နိုင်သည်။

နန်းကို အမှတ်မထင် ဆုံစည်းတွေ့မိကာ သူစွဲလမ်းခဲ့တော့ လပေါင်းအတန်ကြာ နန်းက သူ့ကို ခါးခါးသီးသီး ငြင်းပါသေးသည်။ မြတ်ဘုန်းရောင် ဆိုတာ မန္တလေးမှာ မသိတဲ့သူ ခပ်ရှားရှား။ ဘိုးဘွား မိဘ လက်ထက်ကတည်းက မိုးကုတ်မှာ ရတနာတွင်းတွေ အကွက်တွေ ပိုင်ဆိုင်ကြွယ်ဝခဲ့ကာ အဖေမှ တော့တဲ့နောက် ကျောက်တွင်းလုပ်ငန်းနဲ့ပဲ အဆက်မပြတ် ချမ်းသာ နေသလို တိုးချဲ့ထားတဲ့ လုပ်ငန်းပွားတွေကလည်း အများကြီး။

မြတ်ဘုန်းရောင်ရဲ့အမေ ဒေါ်မြစိမ်းကိုဆိုလျှင် တစ်မြို့လုံးအသိ။ ချမ်းသာသလောက် အဲဒီချမ်းသာကြွယ်ဝမှု အပေါ်မှာလည်း မာန်တက်လှတဲ့ သူဌေးမကြီးအဖြစ် လူတိုင်းသိကြသည်။ ဒေါ်မြစိမ်း လမ်းထွက်လျှင် ဘယ်ပွဲမှာဝတ်တဲ့ စိန်လုံးကြီးအဝိုင်းပုံ၊ ဘယ်ပွဲမှာဝတ်တာက ခြောက်မြှောင့်၊ ဘယ်ပွဲကစိန်ကြီးကတော့ လေးထောင့် စတုရန်းစပ်စပ် သွေးထားတာ စသဖြင့် တီးတိုးဝေဖန်မဆုံး ရှိရတာ ထုံးစံပင်။





ထိုဒေါ်မြစိမ်းရဲ့သား သူဌေးလေး မြတ်ဘုန်းရောင်ကို နန်းရှုပါ လက်မခံဝံ့ခဲ့ပါ။ လပေါင်းများစွာ ကြာပြီးနောက်မှ ...။ ကိုယ့်နှလုံးသားတော့ ကိုယ်ညာမရကာ စိတ်နှလုံး နူးညံ့ပျော့ပျောင်းတဲ့ နန်းရှုပါ ခမျာ မြတ်ဘုန်းရောင်ရဲ့ မေတ္တာအင်အားကို တင်းဆောင့်ကြံ့ကြံ့ခံနိုင်စွမ်း မရှိတော့။

နန်း ကိုယ်တိုင်က အမေကို အသိမပေးပါနဲ့ဦးလို့ ကြောက်ကြောက်နှင့် တားထားတာက တစ်ကြောင်း၊ မြတ်ဘုန်းရောင် အနေနှင့်လည်း မေမေသိလျှင် ဖျက်ကိုဖျက်မှာကို ကြိုနားလည် သိရှိနေ၍ တစ်ကြောင်း၊ သူတို့ရဲ့အချစ်ရေးကို နန်းဘက်မှလည်း အရင်းနှီးဆုံး သူငယ်ချင်း မွန်မွန် မိသားစုသာ သိသလို မြတ်ဘုန်းရောင် ဘက်ကတော့ ဝမ်းကွဲညီတစ်ပည့်တစ်ယောက်၊ လူယုံတစ်ယောက် နှစ်ယောက်သာ သိကြပါသည်။

ဖွင့်ပြော အသိပေးထားတဲ့ လူယုံလူရင်းတွေကတော့ နှစ်ဖက်လုံး နှုတ်လုံကြမှာ မြတ်ဘုန်းရောင် ယုံကြည်ပါသည်။ မေမေ သိသွားရတာကတော့ သူတို့ ဘယ်လောက်ပဲ သိုသိပ်သိုသိပ်၊ သွားတာ လာတာ ရှိသည်။ မတော်တဆ မြင်သူရှိမည်။ ပါးစပ်တစ်ပေါက်ဆိုတာ ပိတ်ဖို့ခက်လှပါဘိခြင်း။

လွန်ခဲ့တဲ့ နှစ်လလောက်ကတည်းက မေမေ စတင်ရိပ်မိပုံရသည်။ မေမေ ပြောသော စကားတွေထဲမှာ ရိပ်ဖမ်းသံ မမြင်သသယမကင်းတာတွေ ပါလာသည်။ မြတ်ဘုန်းရောင်က အမေ

www.burmeseclassic.com



ပြောတာတွေ နားမလည်သယောင် ရှူးချင်ယောင်ဆောင်နေခဲ့တာ ပါ။ မသတ်တတ်တဲ့ မေမေကတော့ ဆက်စုံစမ်းနေနဲ့ဟာ ဖြစ်နိုင်သည်။

"ဆရာ ... ဟဲလို ... ဆရာ"

"... ... ..."

"ဆရာ ... ဟဲလို ..."

"ကိုကျော်ဌေး"

"ဟုတ်ကဲ့ ဆရာ၊ ဖုန်းလိုင်းများ ပြတ်သွားပြီလားလို့"

"ခဏလေး ကိုကျော်ဌေး၊ ကျွန်တော် ဘာလုပ်ရင်ကောင်း မလဲ တစ်ခဏ စဉ်းစားပါရစေ၊ ရန်ကုန်သွားဖို့ အလုပ်ကိစ္စ ကလည်း ရှိနေတယ်ဗျာ"

"ဟုတ်ကဲ့ ဆရာ၊ ခေါင်းအေးအေး စဉ်းစားပါဦး"

ကိုကျော်ဌေးဟာ မြတ်ဘုန်းရောင်ထက် အနည်းငယ် ကြီးသော လေးဆယ်ရွယ်တန်း လူတစ်ယောက်ဖြစ်ကာ မြတ်ဘုန်း ရောင်ရဲ့ အထွေထွေမန်နေဂျာလည်းဟုတ်၊ လူယုံလည်းဟုတ်။ ညီဝမ်းကွဲ "ဘုန်းသမ္ဘာ"နှင့် တန်းတူ စိတ်ချရတဲ့သူပင်။ နှစ်ယောက် စလုံးပင် အထွေထွေမန်နေဂျာရာထူး ပေးထားကာ သူ့ရဲ့လုပ်ငန်း ခွဲများမှာ အလျဉ်းသင့်သလို ခွဲဝေတာဝန်ပေးနေတာပင်။

ဘုန်းသမ္ဘာဟာ မေမေ့ညီမ တစ်ဝမ်းကွဲကမွေးတဲ့ ညီဝမ်းကွဲ။ မိဘတွေက မိုးကုတ်မှာ တွင်းပိုင် ကွက်ပိုင် ကျောက် ကုန်သည်များပင် ဖြစ်ကြသော်လည်း သူတို့ရဲ့သားကို စီးပွားရေး





လုပ်တတ်အောင် လောဘ်မြင်အောင်ဆိုပြီး မြတ်ဘုန်းရောင်ထံ ပို့ ထားခြင်း ဖြစ်ပါသည်။ ရိုးသားအေးချမ်းကာ မြတ်ဘုန်းရောင်ကို လည်း ချစ်ခင်သူဖြစ်၍ မောင်နှမရင်းချာ မရှိကြတဲ့ သူတို့နှစ် ယောက်သားဟာ ညီအစ်ကိုရင်းချာတွေလို ချစ်ကြပါသည်။

မြတ်ဘုန်းရောင်ရဲ့ အတွင်းရေးကိစ္စ အဝဝကိုလည်း အမြဲကူညီဖန်တီးပေးနေရတဲ့ ဘုန်းသမ္ဘာအသိဆုံး။ ပြီးတော့ ဘုန်း သမ္ဘာဟာ မြတ်ဘုန်းရောင်ရဲ့အမေ သူ့ရဲ့ကြီးတော် ဘာအကြောင်း ကိုပဲ စားမိုးမေးမေး တုတ်မိုးမေးမေး ဘာဆို ဘာတစ်ခွန်းမှ မထွက်နိုင်မည့် တကယ့်ကို နှုတ်လုံလုံ ညီကလေးပင်။

"အန်တီ့ကို ဘယ်သူပြောလိုက်သလဲပဲ တွေးမရဘူး ဆရာ"

"အဲဒါက အရေးမကြီးတော့ပါဘူး၊ ဒီကိစ္စက ကြာလည်း ကြာလှပြီလေဗျာ၊ သုံးနှစ်နီးပါးတောင်ကြာနေပြီပဲ၊ ကျွန်တော် တို့လည်း ဝါးလုံးခေါင်းထဲ အောင်းနေတာမှ မဟုတ်တာ၊ သွားတာ လာတာလေးတွေက ရှိတော့ ဘယ်လိုပဲ လူသိ နည်းအောင် သိုသိုသိပ်သိပ်နေနေ ကမ္ဘာကြီးကကျဉ်းပြီး လူတွေရဲ့ နားမျက်စီဆိုတာက အကျယ်ကြီးမို့လားဗျ"

"ဟုတ်ကဲ့ ဆရာ"

"ဘာဆက်လုပ်မယ်ပဲ ကျွန်တော် စဉ်းစားနေတာ၊ ကြည့်ရတာ မေမေ အတော်ပွဲကြမ်းခဲ့ပါလိမ့်မယ် ထင်တယ်၊ ဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ၊ မနန်းရဲ့ သူငယ်ချင်းကဆို အတော်လေး စိတ်မကောင်း ဖြစ်နေပါတယ်၊ ခုသိပြန်ပြောရင်၊ မနန်း အတွက် မျက်ရည်ကျနေတာ ဆရာ"

"လားရှိုးကို ပြန်သွားတာ သေချာလား"

"သူတို့ပဲ ပြောပြတာပါ ဆရာ"

ဟိုမှာ မောင်နှမရင်းချာတွေ ရှိပေမယ့် အားလုံးဟာ ကိုယ့်အိမ်ထောင် ကိုယ့်မိသားစုနှင့်ကိုယ်ဖြစ်ကာ အပြည့်စုံကြီးလည်း တစ်ယောက်မှ မရှိကြဘဲ ရုန်းကန်ရှာဖွေ စားသောက်ရတာချည်း ဖြစ်ရာ ဘယ်အစ်ကို ဘယ်အစ်မကမှ အငယ်ဆုံးညီမ နန်းရှုပါ လေးကို တာဝန်ယူ ခေါ်တင်ထားလိုတယ်လို့ မရှိပါ။

ဒါကို နန်း ပြောပြလွန်း၍ သူလည်းသိလှပြီ။ ဘယ်သူ့အိမ်ပေါ်ကိုမှ နန်းမတက်ချင်တာ မြတ်ဘုန်းခေါင်သိသည်။ မောင်နှမရင်းချာတွေနှင့် မနေဘဲ သူငယ်ချင်းအိမ်ပေါ် တက်နေ တာသာကြည့်။ အဲဒါအပြင် အခုလောလောဆယ်မှာက နန်းရှုပါ ဟာ သူ့ဟာနှင့်သူ အားငယ်ဝမ်းနည်းစရာ အဖြစ်အပျက်နှင့် ...။

"ဟူး ... အတော် စိတ်ရှုပ်သွားတာပဲဗျာ၊ ခု ကိုကျော်ဒွေး ဘယ်မှာလဲ"

"ကျွန်တော် အဲဒီက ပြန်လာတာ ရုံးနားတောင် ပြန်ရောက် နေပြီ ဆရာ"





"ဒါဖြင့် လာလိုက်တော့၊ ကျွန်တော်လည်း တွေ့မှပြောတော့ မယ်၊ ဒုက္ခပဲဗျာ၊ ရန်ကုန်သွားဖို့ကို ရွှေ့ရတော့မယ်ထင် တယ်၊ သိပ်ကြာကြာလည်း ရွှေ့လို့ကမရဘူး၊ ကဲဗျာ ... ဒီရောက်မှ တွေ့မယ်"

မြတ်ဘုန်းခေါင်က ဖုန်းကိုပိတ်လိုက်ကာ စားပွဲပေါ် တစ်ချလိုက်ပြီး တစ်တောင်ဆစ်နှစ်ဖက်ကို ရှေ့က ညိုနက်ရောင် ပေါ်လစ်တင်ထားတဲ့ ကျွန်းစားပွဲကြီးပေါ် ထောက်၊ လက်ဖဝါးနှစ် ဖက်ထဲကို တစ်မျက်နှာလုံး မှောက်ထည့်ပြီး တစ်ခဏ ငြိမ်သက် နေမိသည်။ နန်း ... နန်း ... သနားပါတယ်။

အမှန်တိုင်း ဝန်ခံရလျှင် မြတ်ဘုန်းခေါင်သည် မေမေ့ကို ငယ်ကြောက်ဖြစ်ရာ တိုက်ရိုက်မဆန့်ကျင်ရဲသည်ဖြစ်၍ ကိုယ့်ဆန္ဒနှင့် မကိုက်ညီလျှင် အပြတ်မငြင်းဝံ့ဘဲ လက်တစ်လုံးခြား ရှောင်ကာသိကာ ကျိတ်ရှောင်လွှဲမြဲ။ ကိုယ်လုပ်ချင်တာကို မေမေ တားလျှင်လည်း ကိုယ်က မလုပ်ဘဲ မနေနိုင်ပါက မေမေ မသိ အောင် တိတ်တဆိတ် ခိုးဝှက်ကျူးလွန်မြဲ။

ဒီအကျင့်ဟာ ငယ်ငယ်ကတည်းက။ အခု ကြီးတဲ့ အထိ စွဲနေပါသည်။ ဖေဖေ ဆုံးသွားပြီးတဲ့နောက် ပိုဆိုးသည်။ ဖေဖေမရှိတုန်းက ဖေဖေက လူကြီးနဲ့ လူငယ်အကြား ဗျူဟာဒေ ကြည့်ကြည့်မြင်ပေးတတ်ရာ မေမေနဲ့ လူပျိုပေါက်သား ကြားထဲမှာ အမြဲတမ်း ပေါင်းကူးတံတားလို ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဆိုပြီးနောက်တော့ မေမေဟာ ဒီတစ်ဦးတည်း သားအပေါ်မှာ ပိုလည်း မျှော်လင့်ချက်ကြီးလာသည်။ ပိုလည်း တစ်သွေး တစ်သံ တစ်မိန့် ဆန်လာသည်။ အသက်သုံးဆယ့်ငါး သုံးဆယ့်ခြောက်အထိ လူပျိုကြီးဖြစ်နေခဲ့တာဟာ မေမေ့ကြောင့် အများကြီးပါသည်။ သားကို မျက်ခြည်မပြတ် ဒေါက်ထောက်ကြည့် နေတဲ့ မေမေဟာ သားဖြစ်သူ မိန်းကလေးတစ်ယောက်ယောက် ကို မျက်လုံးလေးတစ်ချက်လောက် ဇွေကြည့်စပြုပြီဆိုလျှင် သူက ပျာလောင်ခတ်ပြီ။

ဘယ်ကလဲ၊ ဘယ်သူလဲ၊ ဘာမျိုးရိုးလဲ၊ ဘယ်သဘော လဲ၊ ဘာလဲ ညာလဲတွေ "လဲ" ပေါင်း တစ်သိန်းနှင့် ဆယ့်ရှစ်ချက် စုံစမ်းပြီးသော် မေမေ မနှစ်မြို့ လက်မခံနိုင်တာက တစ်သိန်း၊ စံထဲမဝင်တာက ဆယ့်ရှစ်ချက်၊ ဤသို့နှင့် သားကို အော်အော် ဆူဆူ ပူပူလောင်လောင်တွေစပြီ။ မြထိဘုန်းရောင်ကလည်း စိတ် ရှုပ်နားညည်းလှသည်ဖြစ်၍ ဤဇာတ်လမ်းကို ဆက်ကိုမဆက် ဝေးဝေး ရှောင်လိုက်သည်ချည်း။

ဤသို့ဖြင့် သူ့နှလုံးသားဟာ နိုးထတက်ကြွရတယ် ပဲမရှိ။ အိပ်မောချည်းကျနေခဲ့သည်။ မအိပ်ချင်လည်းအိပ်၊ အိပ်ချင် လည်းအိပ်။ တုတ်တုတ်မလှုပ် အိပ်မောကျနေရတော့တာ နန်းကို စ,တွေ့တဲ့ထိ။ တကယ်တမ်း နပူးစာပါလာတော့လည်း ဘယ် လောက် အတားအဆီး ပေါ်ပေါက်လာမှာကိုမဆို ကြောက်တွန့်





မနေတော့ဘဲ အိပ်ရေးတွေ ဝအိနေတဲ့ သူ့နှလုံးသားက နိုးကြား တက်ကြွ သွက်သွက်ကခုန်ပါတော့သည်။

တိတ်တခိုး ချစ်ခဲ့ကြတဲ့ ဇာတ်လမ်းဟာ သုံးနှစ်သုံး မိုးတောင် ပြည့်လုနီးပြီ။ အခုတလောမှာဆိုရင် သူနဲ့နန်းဟာ တစ်ခုခုတော့ အပြောင်းအလဲ လုပ်ရတော့မည်ရယ်လို့ အရေးပေါ် တိုင်ပင်နေကြတဲ့ တလော။

"ဒေါက် ... ဒေါက်"

"ကိုကျော်ရွှေလား"

တံခါးခေါက်သံကြောင့် ကိုကျော်ရွှေ ရောက်လာ ပြီ ထင်လိုက်မိသည်။

"ကိုကို ... ကျွန်တော်ပါ"

"ဟာ ... လာစမ်းပါဦး မောင်ဘုန်းရာ"

တံခါးဟ,ခေါင်းပြူပြေလိုက်တဲ့ ဘုန်းသမ္မာကိုမြင် လျှင် မြတ်ဘုန်းရောင် အတော်အားတက်သွားပါသည်။ တိုင်ပင် ဖော် တိုင်ပင်ဖက်ရတဲ့ သူတစ်ယောက် အနားရောက်လာတာ ဘာပဲဖြစ်ဖြစ် အားရှိစရာပင်။

"မင်းကိုတောင် မေ့နေတယ်၊ မင်း ဘယ်သွားနေတာလဲ"

"ကျွန်တော် ဦးကြည်ဝင်း လွှဲလိုက်တဲ့ငွေ သွားထုတ်နေ တာလေ၊ ကိုကိုပဲ လွှတ်လိုက်တာ"

"အေး ... ဟုတ်သားပဲ၊ အဲဒီငွေထားဦး၊ မင်း ထိုင်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသမ္ဘာက မြတ်ဘုန်းရောင် စားပွဲရှေ့က ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ပါသည်။

"ဒီမှာ ဒုက္ခတွေရောက်နေပြီကွ"

"ဘာဒုက္ခလဲ ကိုကို"

"မေမေက နန်းကို သွားကြမ်းပစ်လိုက်ပြီကွ"

ဘုန်းသမ္ဘာသည် နောက်ဆက်တွဲ သတင်းကောင်းမလာနိုင်တော့တာ ရိပ်စားမိပြီး ဘာမှ စကားမထောက်နိုင်ဘဲ အစ်ကိုဖြစ်သူကိုသာ ငေးစိုက်ကြည့်နေလိုက်ရပါတော့သည်။

"နန်း မရှိတော့ဘူး"

"ဘယ်ရောက်သွားတာလဲ"

"လားရှိုး ပြန်တယ် ပြောတာပဲ"

"မမွန်တို့က ပြောတာလား"

"အေး"

"မမွန်က အမှန်အတိုင်းပဲ ပြောမှာပါ"

"အေး ... ငါလည်း အဲလိုပဲ ယူဆပါတယ်၊ အဲဒီတော့ ငါတို့ရဲ့ နောက်ဆုံးအခြေအနေကိုလည်း မင်းအသိဆုံးပဲ မောင်ဘုန်း၊ ကိုကျော်ဗွေးတောင် မသိသေးဘူး၊ မင်းနဲ့ငါပဲသိတယ်၊ ဟိုမှာလည်း နန်း အဆင်ပြေမှာ မဟုတ်ဘူး၊ ရအောင် ပြန်လိုက်ခေါ်ပြီး မေမေ မသိအောင် တစ်နေရာရာ ပြန်စီစဉ်ပြီး ထားပြီးတော့ ငါတို့လည်း လက်မှတ်ထိုး လက်ထပ်လိုက်ရင် ကောင်းမယ်"





"ဟုတ်ကဲ့"

"ငါ့မှာလည်း ရန်ကုန် သွားရမှာက တစ်ဖက်"

"လားရှိုးကို ကျွန်တော် လိုက်သွားပေးရမှာလား ကိုကို"

"မင်းပဲဖြစ်ဖြစ် ကိုကျော်ဗွေးပဲဖြစ်ဖြစ် ဘယ်သူမှ လိုက်လို့ မဖြစ်ပါဘူး၊ ငါကိုယ်တိုင် လိုက်ခေါ်တာကလွဲရင် နန်းက လုံးဝပြန်လိုက်လာမှာ မဟုတ်ဘူး၊ အဲဒီတော့ လားရှိုးကို ငါလိုက်မယ်၊ မင်းက ရန်ကုန်သွား၊ ကိုကျော်ဗွေးကို ဒီမှာ အထိုင်ထား၊ ငါ အဲသလို စဉ်းစားတယ်"

ဘုန်းသမ္ဘာ အဖို့ မြတ်ဘုန်းရောင်က လားရှိုးပဲလိုက်နိုင်းနိုင်း၊ ရန်ကုန်ပဲ သွားနိုင်းနိုင်း၊ နိုင်းတာလုပ်ဖို့ အသင့်ပင်။ တောသားကလေးလို ရိုးကုပ်ကုပ်လေး ကြီးပြင်းလာတဲ့ ခပ်တုံးတုံးလေး ဘုန်းသမ္ဘာကို အတောင်အလက်တွေ စုံလာအောင် အသုံးချတတ်လာအောင် အရောင်အဝါတွေ တောက်ပြောင်လာအောင် ပုံသွင်းပေးခဲ့တာ မြတ်ဘုန်းရောင်ပင်။

ဘုန်းသမ္ဘာရဲ့ မိဘတွေက ပိုက်ဆံရှိကြတယ်ပဲဆိုဆို လူတောတော့ မတိုးကြလှပါ။ ဘုန်းသမ္ဘာ ကိုယ်တိုင်လည်း လူတောမတိုး သူတောမတိုးကလေးကနေ ခုတော့ မြတ်ဘုန်းရောင် တွန်းတင်ပေးထားလို့ လူရာဝင်ဝင် တစ်နေရာမှာ မသိတာ နားမလည်တာ မကြားဖူးတာ မရှိ၊ မဝင်ရဲ မထွက်ရဲ မပြောရဲ မဆိုရဲတာ မရှိတော့ဘဲ ရဲရဲတင်းတင်း ထည်ထည်ဝါဝါကလေး လူဝင်ဆန့်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဘုန်းရောင်ဟာ ဘုန်းသမ္မာအတွက် ကျေးဇူးရှင်တစ်ရင်း ဝင်ပါသည်။ စီးပွားရေးလုပ်ငန်းကြီး လည်ပတ်နေသူတစ်ယောက်အနေနှင့် သူ တတ်ထား သိထား သမျှကိုလည်း ဘုန်းသမ္မာကို ဆရာစားမချန် လက်ထပ်သင်ကြားပေးနေတဲ့သူ။

"ဟိုမှာ လနဲ့ချီ နေရမှာဆိုတော့ ငါ တည်းဖို့အိမ်တောင် စီစဉ်ပြီးသား၊ ငါ့အစ်ကိုလိုပဲ ခင်နေတဲ့သူတစ်ယောက်ရဲ့ အိမ်၊ အားနာစရာ ဘာမှမရှိဘူး၊ မင်း အဲဒီမှာပဲနေပေါ့၊ တစ်ခုရှိတာက ငါ မန္တလေးမှာ မရှိရင် မေမေက ဘယ်သွားတာလဲ ဘာလဲ ညာလဲတွေ စုံစမ်းစစ်ဆေးလာမယ်၊ ဒီတော့ အရင်ကတည်းက စီစဉ်ထားသလို ငါ ရန်ကုန်ကို သွားတယ်ပဲ မေမေ့ကို အသိခံမှ ဖြစ်မယ်၊ ငါ လားရှိုးကို လိုက်တယ်ဆိုတာ လုံးဝဘယ်သူမှသိလို့ မဖြစ်တဲ့ကိစ္စ"

"ဟုတ်ကဲ့"

"ထုံးစံအတိုင်း မင်းရယ် ငါရယ် ကိုကျော်ဌေးရယ်ပဲ သိမယ်"

"ဟုတ်ကဲ့"

"ဒါဖြင့် မင်း ခရီးသွားဖို့ ခရီးဆောင်သေတ္တာပြင်တော့၊ တစ်လစာနော် ဟော့ကောင်၊ တစ်လတောင် ကျော်နိုင်တယ်"

"ဟုတ်ကဲ့ ကိုကို"





"ကဲ ... ဟောဒီ ငါ့ဖုန်း ယူထားစမ်းကွာ၊ ငါ မွှန်မွှန်တို့ အိမ် သွားလိုက်ဦးမယ်၊ သူတို့ပြောတာ နားနဲ့ဆတ်ဆတ် ကြားချင်သေးတယ်၊ မေမေ ဖုန်းဆက်ရင် မင်း ဖုန်းထူးထားလိုက်၊ ရုံးဖုန်းဆက်ရင်လည်း မင်း ထူးနိုင်အောင် ရုံးမှာပဲနေ၊ ငါ ရုံးမှာပဲ ရှိနေတယ်လို့ မေမေ ထင်ပစေ"

ဘုန်းသမ္မာက ခေါင်းညိတ်ပြလိုက်ပါသည်။ ဘုန်းသမ္မာနှင့် မြတ်ဘုန်းရောင်မှာ ဖုန်းထဲမှာ ဘယ်သူမှ အသံချင်းမခွဲခြားနိုင်အောင် ချွတ်စွတ်ဆင်တူသည့် အသံများကို ပိုင်ဆိုင်ထားသည့် ညီအစ်ကို ဖြစ်ပါသည်။ မြတ်ဘုန်းရောင် မိခင်ကို လှည့်စားပုံများရိုက်လိုတိုင်း ဘုန်းသမ္မာက ဖုန်းလက်ခံဖြေကာ မြတ်ဘုန်းရောင် ရုံးမှာ မြဲမြဲရှိနေသယောင် ဆောင်ပေးခဲ့ဖူးတာ အကြိမ်ကြိမ်ဘည်း။

❣ ✉ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၃

အမင်းဝိုင်းကို ဝင်ထိုင်လိုက်သော သည်းမိုးသုန်သည် ဘဲဥပုံဟင်းပန်းကန်ပြားထဲမှ ငါးခူကြော်ကြွပ်ရွရွကြီးတွေကို မြင်လျှင် မျက်နှာလေး သုန်မှုန်သွားပါသည်။ ရွှေညိုရောင်သမ်းကာ ကြည့်လိုက်တာနှင့် ကြွပ်ရွမွနေတာ သိသာသော ငါးခူကြော်ကြီး နှစ်ကောင်ပေါ်မှာ ကြက်သွန်နီကြော်ရွရွတွေကလည်း ဖြူးမံလျက်။

မြင်တာနှင့် သွားရည်ယိုချင်စရာကောင်းသော်လည်း ငါးဆိုရင် လုံးဝမကြိုက်တဲ့ သုန်သုန့် အတွက်တော့ မကျေနပ်စရာ သာ ဖြစ်သည်။

"ဒီညနေဟင်းက ငါးခူကြော်ပဲလား ဒေါ်ကြီးဆင်"

နောက်ကဝင်လိုက်လာတဲ့ ပန်းခေါင်ရန်းကတော့ ထမင်းဝိုင်းကို မြင်လျှင် တစ်ချက် နှစ်ချက် ခုန်ပေါက်လိုက်ကာ –

"ဟေး ... ငါးခူကြော်၊ မိုက်တယ်"





ဒေါ်ဆင်က ပန်းကန်တွေထဲ ထမင်းခူးထည့်ပေးရင်းက ...

"သုန်သုန့်ဖို့က ဘဲဥလေး ခေါက်ကြော်ပေးထားတယ်"

"အဲဒီ ဒေါ်ဆင်က သိပ်မျက်နှာလိုက်တယ်၊ ခေါင်ခေါင် ကြိုက်တဲ့ ဟင်းချည်းပဲ ချက်တယ်၊ သုန်သုန် ကြိုက်တာဆို ဘယ်တော့မှ မချက်ဘူး၊ သုန်သုန် ကြိုက်တဲ့ ဝက်သားအချို ချက်တဲ့နေ့ဆိုတာ လက်ချိုးရေလို့ရအောင်ရှားတယ်၊ ချက်ရင်လည်း ခေါင်ခေါင့်အတွက်ကို ဆိတ်သားတို့ ကြက်သားတို့ စပါယ်ရှယ် လုပ်ပေးတယ်၊ ခေါင်ခေါင် ကြိုက်တဲ့ ငါးဟင်းချက်တဲ့နေ့ကျတော့ သုန်သုန့်ဖို့ကို ဘဲဥကြော် ကြက်ဥကြော် ဝက်အူချောင်းကြော်နဲ့ အလွယ်တကူ ပြီးစလွယ်တွေပဲ လုပ်ပေးတယ်"

"အို ... မဟုတ်ပါဘူး သုန်သုန်ရယ်၊ ဒေါ်ကြီးက အလျဉ်းသင့်သလို ချက်တာပါပဲကွယ်"

"ခေါင်ခေါင့် အကြိုက်ချည်းပဲ အလျဉ်းသင့်နေတာက ဘာသဘောလဲ"

ခေါင်ခေါင်က တသိမ့်သိမ့်လေး ရယ်မောလိုက်ကာ ...

"နင်ကလည်း ကလေးကြီးကျနေတာပဲ၊ ဟင်းချေးများနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါမစားတာပဲ ချက်နေတာကိုး"

"ငါးစားတာ ဉာဏ်ကောင်းတယ်၊ ခန္ဓာကိုယ်ကို မကောင်းတဲ့အဆီတွေ မတက်စေတဲ့အပြင် သူကတောင် လျှော့ချပေးသေးတယ်"

"အဲဒါတွေ တရုတ်ပြည်သွားပြော၊ ငါ့လာမပြောနဲ့ ငါသိတယ်၊ ကြိုက်ကို မကြိုက်လို့ ပြောနေတာ"

"ငါဆိုရင် ငါးစားလို့ ဉာဏ်ကောင်းတာပေါ့ဟဲ့"

"ဒေါ်ကြီးကို သုန်သုန် ကြည့်နေတာကြာပြီ၊ လုံးဝ တရားမမျှတဘူး၊ ဝက်သားနေ့ကျရင် ခေါင်ခေါင့်ကို တန်းတူရည်တူ လိုက်လုပ်ပေးပြီး ငါးနေ့ကျရင် သုန်သုန့်ကို တစ်ရာ့နှစ်ဆယ်တန် ဘဲဥပဲ ကြော်ကျွေးတယ်၊ ဒါတွေ မမြင်တတ်ဘူး ထင်နေလား၊ မပြောချင်လို့ ကြည့်ကြည့်နေတာ၊ ဒေါ်ကြီးဆင် မျက်နှာလိုက်တာက ပိုပိုလာပြီ သိလား၊ ဦးဦးဘက်ကလာတဲ့လူမို့ ဦးဦးတူမကိုပဲ အရေးလုပ်စရာထင်တာလား၊ သုန်သုန် အန်တီလှိုင့်ကို သိအောင်ပြောပြရလိမ့်မယ်"

ဒေါ်ဆင်မှာ ဒီတော့လည်း မျက်နှာတွေပျက်လျက်_

"အို ... လှိုင်လှိုင့်တော့ မပြောပါနဲ့ သမီးရဲ့၊ ဒေါ်ကြီး ဒီလိုပဲ သင့်သလို လုပ်လိုက်မိတာပါ၊ ကဲ ... ကဲ ... အခု ဘာစားမလဲ၊ စီပီကြက်အူချောင်းလေးတွေ ရှိတယ်၊ တစ် ထုပ်ကြော်ပေးရမလား"





"ရှိရင် အစကတည်းက ဘာလို့မကြော်သေးလဲ"

"မေ့နေတာကွယ့် သုန်သုန်ရဲ့"

"မဟုတ်ပါဘူး၊ ခေါင်ခေါင်ပါ စားရမယ့်နေ့မျိုးမှ ကြော်မလို့ သိမ်းထားတာ၊ ဒေါ်ကြီးဟာ ဦးဦးလူမှ ဦးဦးလူ၊ ဦးဦးဘက်ပဲ လူထင်တာ"

အဲလိုပြောရင် ဒေါ်ဆင် ကြောက်မှန်းသိ၍ သုန်သုန်ကလည်း ဖိဖိပြောပါသည်။ ဒေါ်ဆင်မှာ အန်တီလှိုင်ကိုတော့ဖြင့် အင်မတန် ကြောက်သေးရာ အကြီးအကျယ် မျက်နှာတွေပျက်ပြီး တစ်စ်မီးဖိုပြေးဖွင့်၊ ဆီအိုးတင်နှင့် ကြက်အူချောင်း ပြေးလှော်ကြော်နေပါတော့သည်။

"နင် ဒေါ်ကြီးဆင်ကို စိတ်ညစ်အောင် မပြောပါနဲ့"

"ပြော ... ဘာဖြစ်လဲ"

"နင်ပြောတာ ဟုတ်မှမဟုတ်ဘဲ၊ ကဲ ... ဒါဖြင့် ဦးကျားလည်း ဦးဦးလူပဲ၊ ဒေါ်ကြီးနဲ့ဆို မောင်နှမအရင်းပဲ၊ နင်က အန်တီလှိုင့် တူမပေမယ့် ဦးကြီးကျားက နင့်ကိုပိုအရေးလုပ်တာပဲ"

"အဲဒါ ငါ့ ဦးကြီးကျားက စိတ်ဓာတ်မှန်လို့ပေါ့"

"ဩော် ... နင့် အရေးလုပ်မှ စိတ်ဓာတ်မှန်တယ်ပေါ့"

"ဒါပေါ့ဟဲ့၊ ဦးဦး လူယုံရင်းတွေက နင့်ကိုတော့ ဘယ်နည်းနဲ့မဆို ပိုအရေးပေးကြရမှာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီးကျားက နင့်ပဲ အရေးပေးတာ"

"ငါ့ကို အရေးပေးတာ ငါ့ကို ချစ်လို့ပေါ့၊ ဒါပေမဲ့ နင့်ကို တော့ မမျှမတ မကြည်မဖြူ လုပ်တာရှိသလား ... ဖြေ ဒေါ်ကြီးဆင်ကျတော့ ငါ့အပေါ် မမျှမတလုပ်တာ များနေ ပြီ၊ အဲဒါ သိအောင်ပြောပြမှ ဖြစ်မှာပေါ့"

"မပြောနဲ့၊ နင် အန်တီလှိုင့်ကို အလကား အပိုတွေလျှောက် တိုင်မနေနဲ့"

"အဲဒါ အပိုတွေ မဟုတ်ဘူး၊ တကယ် ဖြစ်နေတာတွေ အန်တီလှိုင်လည်း ငါးမကြိုက်ဘူး၊ အန်တီလှိုင်တို့ ဒီမှာနေ တုန်းက ဒေါ်ကြီးဆင် ငါးဟင်းကို ဒီလောက်မကြာမကြာ ဆက်တိုက်ချက်ရဲလား"

"ဟုတ်ပါတယ် သုန်သုန်ရယ်၊ ဟုတ်ပါတယ်၊ ဒေါ်ကြီးဆင် က သုန်သုန် ဘဲဥကြော်လေးလည်း ကြိုက်တာပဲဆိုပြီး အလွယ်လုပ်မိတာပါ"

"ဝက်သားချက်တဲ့နေ့ ကျရင်တော့ ခေါင်ခေါင်လည်း ကြက်ဥကြော် ကြိုက်တာပဲဆိုပြီး ကြက်ဥကြော် တစ်လုံး တည်းနဲ့ ကျွေးတာ တစ်ခါမှ မတွေ့ဖူးပါလား"

သည်းမိုးသုန် ပြောသမျှက အပိုမပါ အမှန်တွေချည်း ဖြစ်လေရာ ဒေါ်ကြီးဆင်မှာ ရေရေရာရာ ချေပစရာစကား မရှိဘဲ အပြစ်ရှိတဲ့ရုပ်ကြီးနှင့်သာ အပြေးအလွှား လုပ်ကိုင်နေပါသည်။





"နင်ဟာလေ လူတစ်ဖက်သားကို အတော်ဒုက္ခပေးတယ်"

"ငါးခူကြော်ကြီးကို အကောင်လိုက် ဖုံ့ရွှဲ့ကိုက်ဝါးရင်းဆို တော့ ပြောအားရှိတာပေါ့နော်၊ နင်ကျတော့ ဒုက္ခပေးဖို့မလို ဘဲ စားနေရတာကိုး"

"ကလင် ... ကလင် ... ကလင်"

ထိုစဉ် အိမ်ဖုန်းက မြည်လာ၍ ထမင်းစ,မစားရသေး ဘဲ သုန်သုန်က အိမ်ရှေ့ကို ထွက်သွားကာ ဖုန်းကိုင်လိုက်ပါသည်။

"ဟယ်လို ... ဟုတ်ပါတယ်၊ အန်တီလှိုင်လား"

သုန်သုန့်မျက်နှာက ပြုံးဖြဝင်းထိန်ကာ ထမင်းစားခန်း ဘက်ကနေ သူ့ကိုမြင်အောင် ကိုယ်ကိုကိုင်းရင်း ...

"အတော်ပဲ ဒေါ်ကြီးဆင်ရေ၊ ဒီမှာ အန်တီလှိုင် ဆက်တယ်"

"သုန်သုန်ရယ် ... လှိုင်လှိုင် ကြားရင် မကောင်းပါဘူးကွယ်၊ ဒေါ်ကြီးမှာ ဒီသဘောမျိုး မရှိရပါဘူး။ သွားမပြောပါနဲ့"

ငိုများပင် ငိုတော့မည့် အရိပ်အသွင်မျိုးနှင့် ဒေါ်ဆင် က မျက်စိပျက် မျက်နှာပျက် တားသလို ခေါင်ခေါင်ကလည်း ...

"အန်တီလှိုင် အလကား စိတ်ရှုပ်ပြီး စိတ်အနှောင့်အယှက် ဖြစ်အောင် နင်သွားမလုပ်စမ်းပါနဲ့ သုန်သုန်"

"အင်းလေ၊ ဒါဖြင့် ပြီးရော၊ ဒီတစ်ခါ နောက်ဆုံးအနေနဲ့ သဘောထားလိုက်ပါ့မယ်၊ နောက်တစ်ခါကျမှ တိုင်မယ်၊ ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... ဟယ်လို၊ သုန်သုန် မကြားရဘူးလား၊ အသံ တွေ ပလုံးပထွေးနဲ့ ဘာဖြစ်နေတာ ပဲ"

အမှန်က သည်းမိုးသုန်က ဖုန်းစကားပြောခွက်ကို လက်ဝါးနှင့်ကာပြီး တစ်ဖက်ကို လှည့်ပြောနေတာ ဖြစ်ပါသည်။

"သုန်သုန် ကြားရပါတယ် အန်တီလှိုင်"

"ခေါင်ခေါင်ရော ရှိလား၊ ဒေါ်ဆင်ရော"

"အားလုံး ရှိပါတယ် အန်တီလှိုင်"

"စပီကာဖွင့်လိုက်စမ်း သုန်သုန်၊ အားလုံးနဲ့ ပြောချင်တယ်၊ အနားခေါ်လိုက်"

"ဟုတ်"

သုန်သုန်က စပီကာခလုတ် နှိပ်ဖွင့်လိုက်ရင်း —

"ဒေါ်ကြီးဆင်၊ ခေါင်ခေါင်၊ အန်တီလှိုင်က အားလုံးလာ နားထောင်တဲ့၊ စပီကာနဲ့ စကားပြောမယ်"

အားလုံး အနားရောက်လာကြပါသည်။

"အားလုံးအနားမှာ ရှိပြီလား"

"ဟုတ်ကဲ့"

အန်တီလှိုင့်အသံက စပီကာသံနှင့် ကျယ်ကျယ်[illegible] ညှော်ခန်းထဲမှာ ဟိန်းနေပါသည်။

"ဒီ တစ်ရက် နှစ်ရက်အတွင်းမှာ အိမ်ကိုညှော်သည်လာလိမ့် မယ်၊ ညှော်သည်က ရိုးရိုးလာမှာ မဟုတ်ဘူး၊ အိမ်မှာလာ တည်းမှာ၊ အားလုံး ကြားရဲ့လား"





"ဟုတ်"

"ဘယ်သူလဲ အန်တီလှိုင်"

"ဦးဦးနဲ့ အရမ်းခင်တဲ့ ချစ်တဲ့မိတ်ဆွေ လာမှာ၊ သိပ်လည်း ရင်းနှီးတယ်၊ အပြန်အလှန် ကျေးဇူးတွေလည်း ရှိကြတယ်၊ ဒီတော့ အန်တီလှိုင်တို့ အဲဒီမှာ မရှိပေမယ့် ရှိတဲ့အလား ညှော်ဝတ်ကျေပွန်ချင်တယ်၊ ဒေါ်ဆင်ရေ ... ဒေါ်ဆင်ရော ကြားရလား"

"ကြားပါတယ် လှိုင်လှိုင်"

"သူ တစ်လ ... တစ်လကျော် နေမယ်ပြောတယ် သူအိမ် မှာရှိနေတဲ့အတွင်း ဈေးဖိုးကိုလည်း အရင်ကထက် ဖော ဖော်သီသီသုံးပြီး ဖွယ်ဖွယ်ရာရာချက်ပါ ဒေါ်ဆင်၊ မနက် စာ၊ နေ့လယ်စာ၊ ညစာ၊ အိပ်ခါနီး ဘာသောက်တတ်လဲ စသဖြင့် အသေးစိတ် လိုလေသေးမရှိ ဂရုစိုက် ပြုစုပါ၊ သူ ကြိုက်တာကိုမေးပြီး ချက်ပါ၊ ဘာအကြောင်းကြောင့်နဲ့မှ ညှော်သည်ကို မျက်နှာတစ်ချက် မညိုပါစေနဲ့နော်"

"ဟုတ်ကဲ့"

"ဦးဦးက သေသေချာချာပြော၊ သေသေချာချာမှာနဲ့ အထပ် ထပ် သတိပေးနေတယ် သိလား၊ ခေါင်ခေါင်ရော သုန်သုန် ရော လိမ်လိမ်မာမာ အပိုးကျိုးကျိုး ဣန္ဒြေရရနဲ့ ညှော်သည်



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ညှော်ဝတ်ကျေပါစေ၊ ညှော်သည်က ယောက်ျားဖြစ်တော့ နေတာထိုင်တာ ပြောတာဆိုတာ အားလုံး ဣန္ဒြေသိက္ခာအပြည့် ရှိရမယ်၊ ဒါပေမဲ့ ရိုရိုသေသေ လေးလေးစားစား ရိုရိုကျိုးကျိုး ဆက်ဆံရမယ်”

“ယောက်ျား ! ဟုတ်လား ... အန်တီလှိုင်”

“ဟုတ်တယ်၊ ယောက်ျားဆိုပေမယ့် လူပျိုကာလသားလေးတော့ ဘယ်ဟုတ်မလဲ၊ ညည်းတို့ထက် အသက်ဆယ့်လေးငါးနှစ် ကြီးမယ်၊ လူကြီးပိုင်းတော့ ဖြစ်နေပြီ၊ နာမည်က မြတ်ဘုန်းရောင်၊ ဦးမြတ်ဘုန်းရောင်ပေါ့နော်၊ ဦးတပ်ပြီးတော့ခေါ်၊ ဦးဦးလို့ခေါ်လည်း ဖြစ်တယ်၊ ကိုယ်က အပျိုလေးတွေ၊ ဟိုကညှော်သည်က လူပျိုကြီးနော်၊ အဲဒီတော့ ညည်းတို့ အနေအထိုင် တတ်ဖို့လိုတယ် ...

ကိုယ့်ဘက်က ဖော်ရွေညှော်ဝတ်ကျေမှုကိုလည်း ပြ ရမယ်၊ ဣန္ဒြေလည်း ရရမယ်ဆိုတော့ ကိုယ့်ဟာနဲ့ကိုယ်သာ ဆင်ဆင်ခြင်ခြင်နေထိုင်ဆက်ဆံပေတော့၊ ဟာ ... ဦးကျော်စ နဲ့ ဒေါ်လှိုင်လှိုင်ရဲ့ တူမနှစ်ယောက်ကတော့ ဘယ်လိုပဲ ဘယ်ဝါပဲ ဆိုပြီး မကောင်းသတင်း ထွက်မှာမျိုး မလိုချင်ဘူး၊ ကြားကြလား”

“ဟုတ်ကဲ့”





“ဟုတ်ကဲ့ အန်တီလှိုင်”

“ညည်းတို့နှစ်ယောက် ညှော်သည်ရှိတုန်း အထူးသဖြင့် ချစ်ချစ်ခင်ခင် တည့်တည့်ရှရှလည်း နေကြပါ၊ တစ်ယောက်က ကလော်၊ တစ်ယောက်က ကလန်နဲ့၊ အိုးကွဲ့စလောင်းကွဲ့ ပြဿနာတက်နေတာမျိုး မလိုချင်ဘူးနော်၊ သုန်သုန်ကြားလား”

“ကြားပါတယ်”

“ခေါင်ခေါင်ရော”

“ကြားပါတယ် အန်တီလှိုင်”

“အန်တီလှိုင်ရယ် ... ညှော်သည်ကလည်း မလာခင်ကတည်းက ကြောက်နေရပါလား၊ ဘယ်သူမို့လို့လဲဟင်”

“ဦးဦးမိတ်ဆွေပါဆို သုန်သုန်ရယ်၊ အသက်ကွာတယ်၊ ညီအစ်ကိုလို ချစ်ကြတာ၊ မန္တလေးကပဲလေ၊ သူဌေးကြီးနော်၊ မြတ်ဘုန်းရောင် ဆိုတာ ညည်းတို့ မကြားဖူးဘူးလား”

“ကြားတော့ ကြားဖူးတယ်၊ မမြင်ဖူးဘူး”

သုန်သုန်နှင့် ခေါင်ခေါင်ဟာ စီးပွားရေးလောကတွေ ...ပွားရေးသမားတွေကို စိတ်မဝင်စားတတ်သေးခင် ဘာမှသိပ် ...ဖူးနား၀ ဗဟုသုတ မရှိသေးခင် ရန်ကုန်ကို ရောက်လာကြတာ ...မှ နာမည်လောက်သာ ရေးတေးတေး ကြားဖူးပါသည်။

www.burmeseclassic.com



"သူဌေးမကြီး ဒေါ်မြစိမ်းရော၊ မသိကြဘူးလား"

"သြော် ... သိတယ် ... သိတယ် အန်တီလှိုင်၊ ဒေါ်မြစိမ်းကိုတော့ မြင်ဖူးတယ်"

"သြော် ... ဒေါ်မြစိမ်း ဆိုတာ သုန်သုန်တို့ ဘွားဘွား အသုဘတုန်းက လာတယ် မဟုတ်လား အန်တီလှိုင်"

"အေး ... ဟုတ်တယ်၊ လာတယ်၊ အဲဒီအဘွားနဲ့ သူနဲ့ သူငယ်ချင်းတွေ"

"သြော် ... အဲဒီအဘွားကြီးက သားဂုဏ် တအားမောက်တာ ဆိုတာ ကြားဖူးတယ်"

"အေး ... အဲဒါ ညည်းကိစ္စ မဟုတ်ဘူး သုန်သုန်၊ ညည်းတို့ကိစ္စက ဦးမြတ်ဘုန်းရောင်ကို ညှော်ဝတ်ကျေဖို့၊ ဒေါ်ဆင်က အပေါ်ထပ်က အခန်းတစ်ခန်းကိုရှင်းပြီး ပြင်ထားပေးပါ၊ အခု အားလုံး အောက်ထပ်ပဲ နေကြတာ မဟုတ်လား"

"ဟုတ်ကဲ့"

"သူ့ကို အပေါ်ထပ် တင်ထားပေါ့၊ အိပ်ခန်းလည်း သေချာပြင်ဆင် သန့်ရှင်းပေး၊ ဗီရိုတွေ ဘာတွေ အမွှေးဖျန်းထားပေး၊ ရေချိုးခန်းထဲလည်း လိုအပ်တဲ့ပစ္စည်းပစ္စယ စုံစုံလင်လင် ကောင်းကောင်းမွန်မွန်လေး ဖြည့်ပေးထားပါ ဒေါ်ဆင်၊ လိုတာကို သွားဝယ်ပါ၊ ဒီနေ့ပဲစ,လုပ်ကြမှ၊ သူက တစ်ရက် နှစ်ရက်အတွင်း ရောက်လာမှာနော်"





"ဟုတ်ကဲ့ပါ လှိုင်လှိုင်"

"ခေါင်ခေါင်ရော သုန်သုန်ရော အသေးစိတ်ကို အန်တီလှိုင် တစ်ချက်ချင်း မပြောနိုင်ဘူးကွယ်၊ ကိုယ်က ရှိမနေ မြင်မနေရတော့ အကွက်စေ့အောင်လည်း မပြောတတ်ဘူး ဖြစ်နေတယ်၊ သမီးတို့နှစ်ယောက်ကိုပဲ အန်တီလှိုင် အားကိုးတယ်၊ စိတ်လည်းချမယ်နော်"

"ဟုတ်ကဲ့ပါ အန်တီလှိုင်"

"အဲဒီ မြတ်ဘုန်းရောင်ရဲ့ အဖေရဲ့အစ်ကို သူ့ဘကြီး ဆရာဝန်ကြီးဟာ အခု ဦးဦးလုပ်နေတဲ့ ဆေးရုံကြီးမှာပဲ ရှိတယ်၊ ဦးဦး ဒီကို အလုပ်လှမ်းလျှောက်တုန်းက သူ့အကူအညီ အများကြီး ရခဲ့တယ်၊ ဦးဦးက အဲဒီ မြတ်ဘုန်းရောင်ကို ဘာတစ်ခုမှ လိုလေသေးမရှိအောင် အိမ်မှာ အခွင့်ထူးပေးပြီး ပြုစုထားစေချင်တာနော်"

"ဟုတ်ကဲ့"

"ဒါပေမဲ့ ဒီလောက်မှန်းနေလို့လည်း ညည်းတို့က ဒီသူဌေးကြီး ဟိတ်ကြီး ဟန်ကြီးနဲ့ ကြောက်စရာများ ဖြစ်မလားလို့ မစိုးရိမ်နဲ့၊ သူက အရမ်း Humble ဖြစ်တာ၊ လုံးဝ မောက်မောက်မာမာ မော်မော်ကြွားကြွား မရှိဘူး၊ ရောက်လေရာအရပ်မှာ သူ့ကိုယ်သူ ကုပ်ကုပ်နုပ်နုပ်ပဲနေတာ၊ မသိရင် ကျိုကျိုတက်ကြွယ်ဝတဲ့ သူဌေးမင်း မထင်ရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးကုပ်ကုပ်နဲ့ သဘောကောင်းကောင်းပါ၊ သူ့ကိုသူဒွေး ရယ်လို့ လူသိမှာကိုတောင် သူက သိပ်အသိခံချင်တာ မဟုတ်ဘူး ...

အေးပါ ... တွေ့တော့ သိမှာပေါ့၊ အခုက,က ကိုယ့်အိမ်မှာနေခိုက် အဆုံးစွန် ညှော်ဝတ်ကျေဖို့ပဲ၊ နှစ်ရက် သုံးရက်နေရင် အန်တီလှိုင် ပြန်ဆက်ဦးမှာပါ၊ သူရောက်ပြီ ဆိုလည်း စကားပြောရတာပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့"

"ဒေါ်ဆင်ရော ဘာပြောဦးမလဲ"

"မပြောတော့ပါဘူး လှိုင်လှိုင်၊ ဝေယျာဝစ္စအတွက် စိတ်ချပါ၊ ချက်ပြုတ်လျှော်ဖွပ် လှည်းကျင်းပေးတာတွေ ညီသည် စိတ်တိုင်းကျရပါစေ့မယ်။ လိုလေသေး မရှိစေရပါဘူး လှိုင်လှိုင်"

"ကျေးဇူးပဲ ဒေါ်ဆင်ရေ၊ ဦးကျားကိုလည်း ဒီအတိုင်း အားလုံး ပြောပြပါဦးနော်"

"ဟုတ်ကဲ့ ... ပြောပြပါ့မယ်"

"ကဲ ... ဘာပြောကြဦးမလဲ"

"သုန်သုန် ပြောမယ် အန်တီလှိုင်"

"ပြော"

"သုန်သုန် ဟဲန်းဒ်ဖုန်းရပြီ အန်တီလှိုင် ... အခိုးခိုး"



သုန်သုန့်ရယ်သံက ထုံးစံအတိုင်း ခေါင်ခေါင့်အတွက် နားကြားပြင်းကတ်စရာ။ ခေါင်ခေါင့်ကို ခေါင်ခေါင့်အမေက ဒီ တစ်နှစ် ကျောင်းအဖွင့် အတန်းအတက်မှာ ဟဲန်းဒ်ဖုန်းဝယ်ပေးခဲ့ ကာ ခေါင်ခေါင့်အဖေက ရန်ကုန်ပြန်တဲ့လူကြုံနဲ့ သမီးအတွက် ဟဲန်းဆက်တစ်ခု ထည့်ပေးလိုက်တာမို့ ခေါင်ခေါင် တစ်ယောက် ဖုန်းလှလှလေး တကိုင်ကိုင် ဖြစ်နေခဲ့တာ။

ပထမတော့ ကိုယ်လည်း ဖုန်းသိပ်ပြောစရာမရှိလှ တာမို့ ဟဲန်းဒ်ဖုန်းဆိုတာကို စိတ်မဝင်စားလှပေမယ့် ခေါင်ခေါင် တစ်ယောက် ဖုန်းလေးကိုနားမှာ တကပ်ကပ်နှင့် ရွှီးကျနေတာမြင် ဝါများတော့ သုန်သုန်က အမေထံလှမ်း၍ နားပူနားဆာတိုက် ပူဆာတော့တာပင်။ မနေ့ကတော့ ဖေဖေနှင့် မေမေတို့ လှမ်းဆက် သွယ် ဝယ်ယူသူက သုန်သုန့်လက်ထဲ တယ်လီဖုန်းလေးကို ကိုယ်တိုင်ကိုယ်ကျ လာရောက်အပ်နှံသွားပါသည်။

"ဟုတ်လား၊ ညည်းအမေ ဝယ်ပေးတယ် ဟုတ်လား"

"ဟုတ် ... အဒတီး"

"ညည်းတို့နှစ်ယောက်တော့နော်၊ ဟဲန်းဖုန်းကိုယ်စီနဲ့ တွေ့ ကရာအကောင်တွေနဲ့ ဖုန်းတွေလျှောက်မပြောနေကြနဲ့ဦး၊ ဖုန်းကို စည်းနဲ့ကမ်းနဲ့ပြော၊ ဘယ်သူ ဖုန်းဘီလ်ဘယ်လောက် ကျလဲ ငါ ဒေါ်ဆင့်ကို စစ်ခိုင်းမှာထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီလှိုင် ဒေါ်ကြီးဆင်ကို စစ်ခိုင်းရင်တော့ သူ့ခေါင်ခေါင်ကျ တကယ်ကျတာထက် လျှော့ပြောပြီး သုန်သုန်ကျ အတိအကျ သတင်းပို့မှာပဲ"

သုန်သုန်က မခွပ်သာခွပ်သာလေး ဒေါ်ဆင့်ကို ခွပ်လိုက်ပါသေးသည်။ အန်တီလှိုင်က ဒီအိမ်က အခြေအနေ ဂိုဏ်းဂဏတို့ကို သိနေတာမို့ ဒေါ်ဆင်ကြီး အနေမခက်ရစေရန် တသောသော ရယ်မောလိုက်ရင်း ...

"ဒေါ်ဆင်မဟုတ်လည်း ဦးကျားပေါ့"

ခေါင်ခေါင်က နှုတ်ခမ်းလေးရွဲ့ကာ ...

"အဲဒီတော့ ဘာထူးလဲ အန်တီလှိုင်၊ သူပြောတဲ့အတိုင်း ပြောင်းပြန် ဖြစ်ရုံပဲ"

"တော်ပြီ ... တော်ပြီ ... ကိုယ့်အသိစိတ် ကိုယ့်အဆင်ခြင်နဲ့ပဲ နေကြ၊ သမီးတို့က ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် အုပ်ထိန်းပြီး နေနေကြတာပဲလေ၊ ဦးကြီးကျားတို့ ဒေါ်ကြီးဆင်တို့က ဆားကပ်ပိုးစောင့်ရှောက်ရုံပဲ၊ သမီးတို့က လိမ္မာပြီးသားပဲ၊ အသိဉာဏ်ရှိကြပါတယ်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ကဲ့"

"ကဲ ... သုန်သုန့်နံပါတ် ပေးပါဦး"

"09 ... ... ... အန်တီလှိုင်"





"ကဲ ... ကဲ ... ဒါပဲလေ၊ နောက် နှစ်ရက် သုံးရက်နေမှ ဆက်လိုက်မယ်၊ မင်းတို့ ဦးဦးတော့ ဆေးရုံက On Call ခေါ်ထားလို့ မရှိဘူး၊ ဘာမှာကြဦးမလဲ"

"မမှာတော့ပါဘူး အန်တီလှိုင်"

"ဒါဆိုရင် ဖုန်းချပြီနော်၊ Bye Bye"

"Bye Bye အန်တီလှိုင်"

"Good night အန်တီလှိုင်"

ဖုန်းချလိုက်ပြီးတဲ့အခါ အားလုံး ထမင်းစားခန်းထဲကို ပြန်ဝင်လာကြပါသည်။

နှစ်ယောက်တူတူ ခပ်တိတ်တိတ်ဆိတ်ဆိတ် ထမင်းဆိုင်စားနေကြရင်းက ...

"ဘာပဲဖြစ်ဖြစ် အိမ်မှာ လူတစ်ယောက်အပိုရှိလာမှာ နေရထိုင်ရ ကျဉ်းကျပ်စရာပဲ သုန်သုန်ရဲ့"

"အေး ... ငါလည်း ဒါပဲတွေးနေတာ၊ အမျိုးသမီးဆိုရင် တော်သေးတယ်"

"ပြီးတော့ သူဌေးကြီး"

"သူဌေးကြီးဖြစ်တော့ ဘာဖြစ်လဲ"

"သူက သိပ်မြင့်နေတော့ ငါတို့ကို နေ့စဉ်နဲ့အမျှ တွေ့မြင်နေရမှုအပေါ်မှာ အတင်းသေးစရာတွေ ဘာတွေ ဘယ်အချက်မှာကြည့်သွားမလဲ စိတ်ပူစရာပေါ့ဟ၊ ဘယ်လောက်ပဲ ရိုးကုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ Humble ဖြစ်ပါတယ်၊ အန်တီလှိုင်က ပြောပေမယ့် ဒီလောက်ချမ်းသာတဲ့ လူကြီးဟာ တမင်တကာ ဟိတ်ဟန်မထုတ်တောင် သူ့ဟာနဲ့သူ နေသားတကျ စွဲနေတဲ့ဟိတ်ဟန်တွေ ဘဝင်တွေတော့ ရှိမှာပဲ၊ သာမန် သူလိုငါလိုလူကို ဆက်ဆံရမှာနဲ့တော့ ဘယ်နည်းနဲ့မှ မတူနိုင်ဘူး"

"အေး ... နင်ပြောတာလည်း ဖြစ်နိုင်တယ် ခေါင်ခေါင်"

"ကိုယ်ကပါ သူ အထင်မသေးအောင် သတိနဲ့နေနေရမှာ ကျဉ်းကျပ်တယ်"

"အို ... သူ အထင်မသေးအောင် ဆိုပြီးတော့တော့ မနေနိုင်ပါဘူး၊ သူ အထင်မသေးတော့ကော ငါတို့ ထမင်းဘယ်နှနပ်စားရမှာမို့လို့လဲ၊ ကိုယ့်ဟာကိုယ် နေမြဲတိုင်း ကိုယ်နေတတ်သလို နေမှာပဲ"

"အေး ... နင် အဲသလို ကြက်အုချောင်းကြော်ကိုင်လိုက်တဲ့ လက်ညှိုးလက်မကို ပြွတ်ခနဲ ပြွတ်ခနဲ စုပ်တာမျိုးသာ တွေ့ရင် ဟင်း ... ဘယ်လိုမိန်းမစားလဲ၊ လက်ကိုစုပ်တယ် ဆိုပြီး အထင်သေးမှာ သေချာနေပြီ"

"အောင်မာ ... အဲဒီလိုဆိုရင် ငါက မေးပစ်လိုက်မှာ"

"ဘာကိုလဲ"

"ရှင်လည်းပဲ အခု အချိန်အရွယ်မှာ လက်မစုပ်တော့ဘူး ဆိုရင်တော့ ထားပါ၊ ဟိုးငယ်ငယ်ကတော့ စားစရာကိုင်





ပြီး ပေသွားတဲ့ လက်ညှိုး လက်မကို တစ်ကြိမ်တစ်ခါမှ မစုပ်ဖူးဘူးဆိုတာ ဖြစ်နိုင်ပါ့မလားလို့ပေါ့"

"စုပ်ချင်မှ စုပ်မှာပေါ့ သူဌေးပဲ၊ လက်နဲ့တောင် ကိုင်မှာ မဟုတ်ဘူး"

"ဟဲ့ ... မိခေါင်ခေါင်ရဲ့၊ သူဌေးဆိုတာ လူထဲကလူပဲလေ၊ သူများထက် ပိုက်ဆံပိုရှိနေတာကလွဲရင် သူများတွေအတိုင်းပဲပေါ့ဟဲ့၊ ဘာမှ ပိုမထူးဘူး၊ သိပ်ပြီးတော့လည်း အထင်ကြီးမနေနိုင်ဘူး၊ ဖိမ်ပျက်တယ်"

ခေါင်ခေါင်က သုန်သုန့်ကို "ခွစာမ" ဆိုတဲ့ပုံစံနဲ့ ျက်စောင်းတစ်ချက် ထိုးပစ်လိုက်ပါသည်။ သူပဲ ပစ်စလက်ခတ် ရင်နေပေါ့။ ခေါင်ခေါင်တော့ မနေနိုင်။ အထင်သေး အမြင် သေး မခံနိုင်။ သတိထားပြီးတော့တော့ အဆင့်မြင့်ကာ နေရမှာ ။ လူတစ်ယောက်ရဲ့ မျက်စိအောက်မှာ ကိုယ်ဟာ အဲဒီလူနှင့် နိမ့်အမြင့်အဟပ် ကွာလှပြီး အံ့သြတကြီး ငုံ့ကြည့်ခံရတဲ့ အနေ ထားမျိုးကို ရောက်မှာတော့ ပန်းခေါင်ရန်း စိုးရိမ်လှသည်။

"ငါကတော့ အိမ်မှာ ယောကျာ်းသူစိမ်းကြီးတစ်ယောက် ရှိနေမယ်ဆိုတော့ စိတ်ကျဉ်းကျပ်တယ်၊ ဒါပဲ၊ သူ့ဟာသူ သူဌေးကြီးဖြစ်ဖြစ်၊ ဆင်းရဲသားကြီးဖြစ်ဖြစ်ပေါ့၊ သူဌေးကြီး ကော ဆင်းရဲသားကြီးကောဟာ အိုးကုန်းရင် လက်ရိုအိုး ပေမှာချည်းပါပဲဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာလေ အတော်ညစ်စုတ်တယ်"

"ဟုတ်တာတွေ ပြောတာပဲဟာ၊ ညစ်စုတ်တာမှ မဟုတ်တာ"

"သုန်သုန်နော် ကြိုပြောထားပါသေရဲ့၊ နင် သိပ်အထင်အမြင်သေးစရာတွေ မလုပ်မိစေနဲ့၊ ငါပါရော အထင်သေးခံနေရမယ်"

သုန်သုန်က ခေါင်ခေါင့်ကို မျက်ခုံးလေးပင့် မျက်လုံးလေးပြူးကာ ကြည့်လိုက်ရင်း ...

"နင်က ဘာလို့ အဲလောက်တောင်မှ အထင်သေးခံရမှာ ကြောက်နေတာလဲ၊ လောဂျစ်သဘောအရ ကောက်ယူရင် အထင်သေးခံရမှာ ကြောက်နေတဲ့သူဟာ သူ့မှာအထင်သေးစရာ အကြောင်းအချက်တွေ ရှိနေလို့ပဲ၊ အထင်သေးခံရစရာ ဘာအကြောင်းမှ မရှိတဲ့သူဟာ နေရင်းထိုင်ရင်း အထင်သေးခံရမှာ ကြောက်မနေဘူး"

ခေါင်ခေါင်က စိတ်ဆိုးမာန်ဆိုးနှင့် စားပွဲမှ ဆောင့်ခနဲ ထရပ်လိုက်ကာ ...

"ငါ့မှာ ဘာမှအထင်သေးစရာ အကြောင်းမရှိဘူး၊ ငါ့အဖေ အမေကလည်း ပိုက်ဆံရှိတယ်၊ ငါကလည်း ဆေးကျောင်းသူ၊ ရုပ်ရည်လည်း ပြောစရာမရှိဘူး၊ မိကောင်းဖခင်သမီး သန့်သန့်လေး"





"ဟဲတော့"

"နင် လိုက်မပြောင်နဲ့နော် သုန်သုန်"

"မပြောင်ပါဘူး"

"နင် ပေါက်ကရတွေ လျှောက်လုပ်လို့ လူအထင်သေးခံရရင်သာ ငါပါ ကပ်ပါမှာ စိုးရိမ်တာကို ပြောနေတာ"

"ဒါဖြင့် ငါနဲ့ကပ်မနေနဲ့ပေါ့။ ခွာနေပေါ့၊ အဲဒါဆို ကပ်မပါဘူး၊ ခွာပြီးပါမှာ"

"သုန်သုန်နော်၊ တော်ပြီ၊ နင်နဲ့ ဆွေးနွေးရတာ ဘာမှ အရည်အဖတ် မရဘူး၊ အလဟဿ အချိန်ကုန်တယ်"

ခေါင်ခေါင်က ထမင်းစားခန်းမှ တဘတ်ဘတ်ထွက်သွားလျှင် ...

"ခေါင်ခေါင် ... နင် ထမင်းစားပြီး လက်မဆေး ပါးစပ်မဆေးတော့ဘူးလား"

"မလိုဘူး၊ ငါ ဇွန်းနဲ့စားတာ"

"သြော် ... သိပါဘူး၊ ဟိုလေ ... ငါက သူဌေးကြီး အထင်သေးနေမှာစိုးလို့ သတိပေးရတာပါ ... အဟီးဟီး"

သုန်သုန်က သူ့ဟာသူ သဘောကျပြီး ဆက်ရယ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေကာမျက်မှန်ကို နဖူးအထက်ပင့်၍ ဆံပင်ပေါ် တင်ထားလိုက်ပြီး ဘုန်းသမ္ဘာက ကားဟွန်းကို သုံးလေးချက်ဆင့် တီးလိုက်ပါသည်။ သက်ပြင်းကြီးတစ်ချက်ပါ ခပ်ပြင်းပြင်းချပစ် လိုက်မိသေးသည်။

ဘယ်တတ်နိုင်မလဲ။ ကိုကိုဟာ သူ့အစ်ကိုဆိုလည်း ဟုတ်၊ ဆရာဆိုလည်းဟုတ်ပဲ။ သူ အဆင်ပြေသလို ကြည့်ကျက် စီစဉ်တဲ့နောက်ကို နာခံပြီး လိုက်ဆောင်ရွက်ရုံပင်။ ခြံတံခါးဝ နောက်သို့ ရောက်လာသော အသက်ငါးဆယ်လောက် လူကြီးက ခုံဂျစ်ကားကိုကြည့်၊ နံပါတ်ကိုကြည့်၊ ကားထဲအကဲခတ်ကြည့် ကာ ...

"ဘယ်သူနဲ့ တွေ့ချင်ပါသလဲဗျ"

ဘုန်းသမ္ဘာက အထဲမှာ အဲကွန်းတပ်ထား၍ အလုံ ပိတ်ထားသော ဂျစ်ကားရဲ့မှန်တစ်ဖက်ကို လျှောချလိုက်ရင်း ...





"ဒါ ... ဦးကျော်ခ ဒေါ်လှိုင်လှိုင် အိမ်ပါနော်"

"ဟုတ်ပါတယ် ခင်ဗျ၊ ဒါပေမဲ့ ဆရာတို့က ..."

"ဟုတ်ကဲ့ ... စင်ကာပူမှာ ကျွန်တော် သိပါတယ်၊ ဖုန်း ဆက် အကြောင်းကြားထားမလား မသိဘူး၊ ကျွန်တော် မန္တလေးက လာတာပါ၊ ဒီမှာတည်းဖို့ပါ"

"ဩော် ... ဦးမြတ် ..."

"ဟုတ်ကဲ့ ... မြတ်ဘုန်းရောင်"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့။ ဖုန်းဆက်အကြောင်း ကြားထားပါတယ်၊ ဝင်ပါ ... ဝင်ပါ"

ဦးကျားက သံတံခါးကြီးကို ခုမှဖွင့်ကာ ဆေးတစ် တ်တစ်ချက်စီ တံခါးရွက်တွေတွန်းရင်း ဇဝေဇဝါ ဖြစ်နေပါသည်။ သူသိသလောက် သူဌေးဦးမြတ်ဘုန်းရောင် ဆိုတာဟာ အသက် သုံးဆယ်နဲ့ လေးဆယ်ကြားတော့ အနည်းဆုံးရှိမည်။ အဲဒီသူဌေး သေး ကလေးဘဝတုန်းက သူက မန္တလေးအိမ်မှာမို့ သုံးလေးခါ တော့ မြင်ဖူးသားပဲ။ အဲဒီနောက်ပိုင်း ရန်ကုန်မှာ ဦးကျော်ခက ယ်ကာ တိုက်ဆောက်ကတည်းက သူ့ကို ဆောက်လက်စ ဝ်မှာ စောင့်ဖို့လွှတ်လိုက်တာ။

ဒီတိုက်ပြီးစီးလည်း သူ့မှာ မပြန်ရတော့။ ရန်ကုန် စောင့်ပဲ လုပ်ခဲ့ရကာ ဦးကျော်ခ ရန်ကုန်ရောက်လာတော့လည်း င့်အတူနေရသည်။ ဒီရောက်ပြီးမှ သူ့ဆရာ ဦးကျော်ခက



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်ဖြစ်တာ ဖြစ်ကြာ မင်္ဂလာဆောင်ပြီးနောက်မှ အိမ်မှ ကိစ္စအတွက် သူ့အစ်မ မဆင်ကို တောက လှမ်းခေါ်ယူလိုက်တာ ပင်။

ဦးကျား၊ ဦးကျားရဲ့အဖေ ဦးမောင်လှ။ အဖေရော သားပါ ဆရာဦးကျော်ခတို့ရဲ့ တပည့်လက်ရင်း။ ဦးမောင်လှက ဆရာတို့မိဘများရဲ့ ဆီစက်မှာ အလုပ်လုပ်ခဲ့ဖူးတာ ဖြစ်သည် အမေဖြစ်သူက ဆရာ့မိဘများအိမ်မှာ ထမင်းချက်။ သူတို့နှ ယောက် အကြောင်းပါပြီး ရွာပြန်အခြေချ ကလေးမွေးဖွားပြီ ကြိုရာကျပမ်း လုပ်ကိုင်စားသောက်နေရာက ဦးကျား ရှစ်တန်းနှ ခါကျတော့ အဖေက ဆရာတို့အိမ်ကို အပ်လိုက်တာပင်။

အဖေပါ ဆီစက်မှာ ပြန်ဝင်လုပ်ကာ သားအဖနှ ယောက်လုံး သူတို့အိမ်ရဲ့ လူယုံလိုဖြစ်ခဲ့တာ။ ဒီတော့ ဆရာ ဦးကျော်ခနှင့် ဂေါက်ကွင်းကို တစ်ခါတစ်ရံ ပါသွားဖူးတဲ့ ဦးကျား ဟာ ငယ်ငယ်လေးနှင့် ဂေါက်သီးရိုက်နေတဲ့ မြတ်ဘုန်းရော ကလေးကို မြင်ဖူးခဲ့ပါသည်။

တကယ်ဆို အသက်တွေ တွက်စစ်လျှင် မြတ်ဘုန်း ရောင် ဆိုတဲ့ သူဌေးလေးဟာ ဘယ်နည်းနဲ့မဆို သုံးဆယ်ကျော် ကျော်ရမည်။ ခုတော့ နုလှပါလား။ အသက်က ရှိလှအစိတ် မှန်းရသည်။

သူဌေးမို့ပဲ နုလှလေသလား မပြောတတ်ဘူးလေ





ဖွင့်ပေးတဲ့ ခြံတံခါးမှ ခြံထဲကားမောင်းဝင်ခဲ့သော ဘုန်းသမ္ဘာသည် ခြံထဲက ဒန်းရှည်ကလေးမှာ ထိုင်နေတဲ့ မိန်းကလေးတစ်ယောက်ကို အရင်ဦးဆုံး တန်းခနဲ မြင်ပါသည်။ ကားဝင်လာတာကို အကဲခတ် လှမ်းကြည့်နေရာမှ ပေါ်တီကိုအောက်သို့ ဘုန်းသမ္ဘာ ဂျစ်ကား ရပ်တန့်လိုက်တဲ့အခါ ကောင်မလေးက ဒန်းမှထ,လိုက်သည်။

ဖြူနုသွယ်လျတဲ့ ဆံပင်ရှည်ရှည် ကောင်မလေးဟာ ချည့်သည်လား ဘာလား ဇဝေဇဝါနှင့် ကားကိုလည်းကြည့်သည်။ ခြံတံခါးကိုပိတ်ပြီး ပြေးလိုက်လာတဲ့ ဦးကျားကြီးရဲ့ဟန်ပန်ကို လည်းကြည့်သည်။ ထို့နောက်တော့ ဘယ်သူဖြစ်နိုင်မှာကို ကောက်ချက်ချလိုက်နိုင်ပုံရကာ ကားအနားသို့ ခရီးဦးကြိုဆိုပုံကလေးနှင့် လျှောက်လာပါသည်။

ဘုန်းသမ္ဘာက ကားထဲက ဆင်းလိုက်သည်။

"အဲဒီအိမ်မှာ အစ်ကိုကြီး ဦးကျော်ခ တူမနှစ်ယောက်ရှိတယ် ပြောတယ်၊ ကျောင်းလာတက်နေကြတာတဲ့၊ မင်း တစ်လ တောင် နေရမှာနော် မောင်ဘုန်း၊ တစ်ရက် နှစ်ရက် မဟုတ်ဘူး၊ အခန်းတံခါးကြီးပိတ်ပြီး စကားမပြော အဖက်မလုပ် လုပ်မနေနဲ့ဦး၊ ကိုယ်က သူများအိမ် သွားတည်းနေရတာ၊ သူတို့အတွက် စိတ်ကျဉ်းကျပ်စရာ ဝန်ပိုကြီးမဖြစ်နေစေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကိုကို မှာလိုက်တဲ့စကားကို သတိရကာ စိတ်ကို ပေါ့ပေါ့ပါးပါးထားပြီး ရှေ့က မိန်းကလေးကို ဆီးကြိုပြုံးပြထားလိုက်ပါသည်။ ဘုန်းသမ္ဘာက မိန်းကလေးများနှင့် ရင်းနှီးမလွယ်။ မိန်းကလေးတွေနှင့်ဆိုလျှင် ခပ်တန်းတန်းသာ နေတတ်သောစရိုက်ရှိပါသည်။

ကိုယ်က ပြုံးပြလိုက်ကာမှ ခြေလှမ်းတွေ ပြန်လည်ဘရိတ်အုပ် နေးတုံ့သွားသလိုရှိတဲ့ ကောင်မလေးကြောင့် သူ့အပြုံးတွေ အီလည်လည် ဖြစ်သွားရပါသည်။ တကယ်တော့ ကားကိုမြင်ဦးကျား ပြေးလိုက်တာမြင်ပြီး မန္တလေးကညည်သည်ပဲလို့ ဒက်ခနဲ တွေးလိုက်တဲ့ ပန်းခေါင်ရန်းက သူဌေးမင်း ဧည့်သည်တော်ကို အရေးတယူထဲ့ပြီး ကြိုဆိုတာပါ။ ကားထဲက ဆင်းလိုက်တော့မှ ထင်ထားတာထက် ငယ်ရွယ်နေတဲ့ လူပျိုရွယ်တစ်ယောက်ဖြစ်နေတာ မြင်လိုက်ရတော့ ဇဝေဇဝါနှင့် ပန်းခေါင်ရန်းရဲ့ခြေလှမ်းတွေ နေးတုံ့သွားခဲ့တာ။

အရပ်မြင့်မြင့်၊ ဆံပင်ညိုဖွာဆန်ကျဲ၊ ပါးပြင်ရဲရဲနှင့် ထိုလူရွယ်ဟာ ဘယ်ဘက်က လှည့်ကြည့်လို့မှ အလွန်ချမ်းသာကြွယ်ဝလှတဲ့ သူဌေးမင်း လုပ်ငန်းရှင်ကြီးလို့ ထင်စရာမရှိ။ သိပ်စတ်ပြတ်နေလို့တော့ မဟုတ်ဘဲ သူ့အသွင်သဏ္ဍာန်ကိုက "သူဟာတစ်ဦးတစ်ယောက်"ဆိုတဲ့ ထူးခြားထည်ဝါမှုကို မပိုင်ဆိုင်တာ





အသားဖြူဖွေး၍ ပါးတွေ နှုတ်ခမ်းတွေ နီမြန်းနေသော ထိုသူက တီရှပ်ရိုးရိုးကလေး အဖြူရောင်မှာ လည်ပင်းနှင့် လက်မောင်းအကွပ်က အနက်နှစ်စင်းထပ်၊ ဘောလုံးသမားဆန်ဆန် အင်္ကျီမျိုးနှင့် အောက်က အရောင်မွဲပျော့သော ဂျင်းဘောင်းဘီတစ်ထည်ကိုသာ ဝတ်ဆင်ထားပါသည်။ ဖိနပ်ကကျတော့ ခေတ်ဆေါ် ဂျပန်ဖိနပ်ဆန်ဆန် ညှပ်ဖိနပ်တစ်မျိုး။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"

မလှမ်းမကမ်းလေး၌ ရပ်တန့်လိုက်ကာ လှမ်းမေးလိုက်တဲ့အခါ ...

"ခေါင်ခေါင် ... ခေါင်ခေါင်၊ အဲဒါ ဆရာတို့ မလှိုင်တို့ ဖုန်းဆက်ထားတဲ့ ဧည့်သည်လေ"

"ဟင် ... ဟုတ်လား"

ဦးကျား အလောတကြီး လှမ်းပြောလိုက်လျှင် ခပ်ညှိတည်လေး လုပ်ထားတဲ့ ခေါင်ခေါင့်မျက်နှာက အားတုံ့အား ရှက်သွေးဖြာသွားပြီး ...

"ဒါဖြင့် ... ဦးမြတ်ဘုန်းရောင်ပေါ့နော်"

ဘုန်းသမ္ဘာသည် နားထင်လေး တစ်ချက်ကုတ်ကာ ပြုံးလိုက်ပါသည်။ သိပ်ခက်တာပဲ။ ကိုကိုကလည်း အမှန်တိုင်းပဲ တက်နေခိုင်းတာ မဟုတ်ဘူး။ သူ စောဒကတက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် _ အဲဒီအိမ်က လူတွေနဲ့ မင်းနဲ့က အဲဒီတစ်လ ကျော်ပြီးရင် ဆက်တွေ့စရာလည်း ဘာအကြောင်းမှမရှိ ဘူး၊ မင်း မြတ်ဘုန်းရောင်ဖြစ်ဖြစ်၊ ဘုန်းသမ္ဘာ ဖြစ်ဖြစ် သူတို့ စိတ်လည်းမဝင်စားဘူး၊ ဘာမှကိစ္စမရှိဘူး၊ ကိစ္စရှိ တာက ငါ့အမေ၊ မင်းကြီးတော်၊ အခု ငါ့ကို အိမ်ဖုန်း နံပါတ်တောင်းထားတယ်၊ သူ ဆက်လိမ့်မယ်၊ ငါ ရန်ကုန် သွားမှာပါဆိုတာကို သေချာယုံတာ မဟုတ်ဘူး၊ နန်းကို သူ ပွဲသွားကြမ်းထားတော့ နန်း ပြန်မှာပဲ ဆိုတာလည်း သိတော့ ငါ လားရှိုးကို လိုက်မှာပဲ ထင်နေတာ ...

မေမေ ဖုန်းဆက်ပြီး မြတ်ဘုန်းရောင်ရှိလား မေးမယ် ဟိုက မရှိပါဘူး ဘုန်းသမ္ဘာပဲ ရှိပါတယ်လို့ ဖြေလို့မဖြ ဘူးဆိုတာ မင်း နားလည်မှာပေါ့၊ ဟိုကဟာတွေကို အဖြ မှန်စာတ်လမ်းတွေလည်း အရှည်လိုက်ရှင်းပြနေဖို့ ဘယ် အဆင်ပြေမလဲကွ၊ မင်းနာမည် ဘယ်သူဖြစ်ဖြစ် မင်းဟာ အဲဒီအိမ်မှာ တစ်လ တစ်လကျော် တည်းခိုမယ့်ဧည့်သည် ဒါပဲအရေးကြီးတယ် ...

အဲဒီအိမ်ကိုတင် မကဘူး၊ ငါ့အမေက သူစိတ်မ ရင် စင်ကာပူက အစ်ကိုကြီး ဦးကျော်ခတို့ မမလှိုင်ဆီ ဆီပါ လှမ်းဆက်မေးရင် မေးမှာ၊ ဟိုက အစ်ကိုကြီး မမလှိုင်တို့ကလည်း ဒီအိမ်ကို ဖုန်းဆက်လာတာမျိုး





မှာပဲ၊ ငါမဟုတ်ဘူး ငါ့ညီဝမ်းကွဲဆိုတာ ပြော်ပြဦးဟ၊ ရှင်းခိုဦးဟနဲ့၊ အဲဒီအပြင် မမလှိုင်တို့ကလည်း ငါ့ကိုဆိုရင် သာ သူတို့အိမ်မှာ တံခါးမရှိ ဓားမရှိ နေချင်သလို တက် နေဖို့ စိတ်ချလက်ချ ရှိလောက်အောင် ရင်းရင်းနှီးနှီးသိ တာ၊ မင်းကို သူတို့ သေချာမှ မသိတာ၊ စိတ်စနောင့် စနင်း ဖြစ်ချင်ဖြစ်နေကြဦးမယ် ...

အားလုံးအတွက် တစ်ချက်ခုတ် အချက်ချက် ပြတ် အောင် ငါကရောချလိုက်တာ၊ လာတည်းတဲ့သူဟာ မြတ် ဘုန်းရောင် မဟုတ်ဘူးလို့ အဲဒီအိမ်မှာသိတဲ့သူ တစ်ယောက် မှ မရှိဘူး၊ မင်းလည်း ဘာမှ ကလီကမာလုပ် ကြံဖန်တီး ပြောဆိုနေစရာမှမလိုတာ၊ မြတ်ဘုန်းရောင်အနေနဲ့ပဲ မျှော ပြီး နေလိုက်ရုံပဲ၊ မေမေပဲ ဖုန်းဆက်ဆက်၊ အစ်ကိုကြီး ဦးကျော်ခပဲ ဖုန်းဆက်ဆက် မင်း မြတ်ဘုန်းရောင် အနေနဲ့ စကားပြောလိုက်ရုံပဲ၊ ဘယ်သူမှ ဘာမှမသိဘူး၊ စက်ရုံကိစ္စ လိုအပ်တာ လုပ်ပြီးရင် မင်း ဒီကိုပြန်လာရုံပဲ ...

အဲဒါဆိုရင် ပြီးပြီ၊ ဒီ ရန်ကုန်အိမ်ကို မင်း ထပ် ရောက်စရာ ထပ်ပတ်သက်စရာလည်း ဘာအကြောင်းမှ ရှိတော့တာ မဟုတ်ဘူး၊ ကဲ ... ယုတ်စွအဆုံး၊ တစ်ခုခု ကြောင့် မမျှော်လင့်ဘဲ မင်းဟာ မြတ်ဘုန်းရောင် မဟုတ် ပါဘူးလို့ ပေါ်သွားတယ်ထား၊ ဘာဖြစ်လဲ၊ ဘာမှမဖြစ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဘုန်းရောင် အစစ်ဖြစ်တဲ့ ငါကိုယ်တိုင်က ငါ့အနေနဲ့ ငါ့အဖြစ်နဲ့ သဘောတူပြီး လွှတ်ထားတာပဲဟာ”

သူပြောတော့လည်း ဟုတ်တုတ်တုတ်ရယ်ပင်။

ဘုန်းသမ္မာမှာသာ တစ်ခါမှ တစ်သက်နဲ့တစ်ကိုယ် ဟန်မဆောင်စဖူး မလိမ်ညာစဖူး လူတစ်ယောက်နေရာ အစားထိုးရသလိုကြီး ဖြစ်နေရာ စိတ်ထဲရင်ထဲ အီလည်လည်နှင့် နေမထိထိုင်မသာ ဖြစ်နေတာ။

“ဆရာ ထားပါ၊ ဆရာ ထားပါ၊ ကျွန်တော် သယ်ပါ့မယ်”

ဘုန်းသမ္မာက ကားထဲက ခရီးဆောင်သေတ္တာကို ချမည်ပြု၍ ဦးကျားက ကမန်းကတန်း တားလိုက်ပါသည်။ ဘုန်းသမ္မာသည် ဆရာခေါ်သံကြောင့် အီတွန့်သွားကာ မနည်းပြုံးလိုက်ရရင်း ...

“ဦးကျား ထင်တယ်”

“ဟုတ်ပါ့တယ် ဆရာ”

“ကျွန်တော့်ကို ဆရာလို့ မခေါ်ပါနဲ့ဗျာ”

“ဟာ ... မဟုတ်တာ ဆရာ၊ လေးစားရမယ့်သူမို့ ခေါ်တာပါ”

“ဦးကျားက ကျွန်တော့်ထက် အသက်လည်း အများကြီးကြီးပါတယ်၊ လေးစားတာထက် ခင်မင်ရင်းနှီးမှုပဲ လိုချင်ပါတယ်ဗျာ၊ မောင်ဘုန်းလို့ခေါ်ရင် ရပါတယ်”





“ဒါဖြင့်လည်း မောင်ဘုန်းလို့တော့ မခေါ်ပါရစေနဲ့ဗျာ၊ ကိုဘုန်းလို့ ခေါ်ပါ့မယ်”

“ရပါတယ် ခေါ်ပါ”

“ပေး ... ပေး ... ကိုဘုန်း ပေး၊ ဟိုဘက်ကအိတ်ရော၊ ဟာ ... မကြီးဆင်ရ လာပါဟ၊ ကားသံကြားသားနဲ့”

အိမ်ထဲဘက်သို့ ဦးကျားက လှမ်းအော်လိုက်တဲ့အခါ အပေါ်ထပ်က ညှော်သည်ခန်းကို စစ်ပြီးဆင်းလာတဲ့ သည်းမိုးသုန် ညှော်ခန်းထဲကအဖြတ်နှင့် တိုက်ဆိုင်ကာ သုန်သုန်က အလန့်တကြားလေး ဖြစ်သွားရပါသည်။

“ဟယ် ... ဒေါ်ကြီးဆင်ရေ၊ ညှော့သည် ရောက်လာပြီထင်တယ်”

“ဟုတ်ပ၊ ဒေါ်ကြီးလည်း ခုမှကြားတာ”

သုန်သုန်သည် အိမ်ရှေ့တံခါးမကြီးကို ခပ်သွက်သွက် ပြေးဖွင့်လိုက်ပါသည်။ ပေါ်တီကိုအောက်က အနက်ရောင်ဘွတ်ကားရဲ့နံဘေးမှာ ရပ်နေသူကိုမြင်လျှင် ပါးစပ်ကလေး ဟ,သွားတော လက်ညှိုးကလေး ညွှန်လျက် ...

“ဟင်”

တံခါးပွင့်လာရာဘက် လှည့်ကြည့်လိုက်သော ဘုန်းသမ္မာသည် သူ့ဘက် လက်ညှိုးလေးညွှန်ရင်း ကြောင်တိကြောင်တောင် ကြည့်နေတဲ့ မျက်လုံးဝိုင်းနှင့် ကောင်မလေးကိုမြင်မြင်ခြင်းခနဲ နားထင်နားရင်းတွေ ပူသွားရသလို ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... ဦးမြတ်ဘုန်းရောင်ပေါ့နော်"

သုန်သုန့် အသံက မယုံကြည်နိုင်သလို။ ဘုန်းသမ္ဘာက မျက်ခုံးနှစ်ဖက်ပင့်ကာ ခပ်ပြုံးပြုံး ခေါင်းတညိတ်ညိတ်နှင့် ...

"ဟုတ်ပါတယ်"

"သြော် ... ဒါဖြင့် အိမ်ထဲကြွပါရှင်"

ခေါ်ဆင်ပါ သုန်သုန့်နောက်က တိုးထွက်လာကာ အိတ်တွေ လာသယ်မည်ပြုစဉ် ဘုန်းသမ္ဘာက အားလုံးကို အပြုံးနှင့် ဝေ့ကြည့်ရင်း ...

"ဒါ အားလုံး လူစုံပဲ ထင်တယ်၊ ဒီအိမ်မှာ လူလေးယောက် ရှိတယ်လို့ ကို ... အဲ ... အစ်ကိုကြီး ဦးကျော်ခက ပြော တယ်ဆိုတော့ ဒါ လူကုန်ပေါ့နော်၊ အားလုံးကို မှာထားရ ဦးမယ်၊ ကျွန်တော့်ကို အထူးတလည် တရိုတသေကြီးတွေ မလုပ်ပါနဲ့၊ ကျွန်တော်က အဲသလို အရိုသေခံပြီး မနေတတ် လို့ပါ၊ ကိုယ့်မိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်းတစ် ယောက်ကို ဆက်ဆံသလိုပဲ ဆက်ဆံပါ ...

ကျွန်တော်က ဒီမှာလာတည်းရတယ်ဆိုတာ ဒီက အကူညီကို လာယူတာပါ၊ အခွင့်ထူးခံကြီး လာနေဖို့ ဘာ အကြောင်းမှ မရှိပါဘူး၊ ဒီအိမ်သားတွေကို ကျေးဇူးတင် ရမှာပါ၊ ဖော်ဖော်ရွေရွေ ဆီးကြိုကြတာကို ကျေးဇူးတင်လှ ပါပြီ၊ ဒါလောက်နဲ့ပဲ ရပါပြီ"





"ညှော်သည်ကို ဧည့်ဝတ်ကျေပွန်ရမှာ ကျွန်တော်တို့ လူမျိုး တွေရဲ့ စရိုက်ဝါသနာပဲ ကိုဘုန်းရာ၊ ပြီးတော့ ကျွန်တော် တို့အားလုံး မန်းသားမွှေ့ချည်းပဲလေ ဟဲ ဟဲ၊ အစ်ကိုကြီး တို့ မမလှိုင်တို့ကလည်း ဧည့်ဝတ်ကျေပွန်ဖို့ အသေအချာ မှာထားပါတယ်၊ ဘာမှအားမနာပါနဲ့ဗျာ၊ လာပါ ... ဝင်ပါ၊ ဟဲ့ ... သုန်သုန် ... ညည်းက အပေါက်ဝ ပိတ်ရပ်မနေနဲ့"

သုန်သုန် ...။

ဘုန်းသမ္ဘာက စိတ်ထဲကပဲ တီးတိုးစွာ ပွဲတင်ရေ ရွတ်ကြည့်လိုက်ပြန်သည်။ အင်း ... ဒီကောင်မလေးနဲ့ လာတိုးနေ သေးတယ်။ ကုသိုလ်ကံကတော့လေ။ တော်သေးတာပေါ့။ မျက် နှာချင်း မြင်ဖူးပြီး သိနေကြပေမယ့် သူ့နာမည် ကိုယ့်နာမည် သိကြတာမို့ ကောင်မလေးကလည်း သိဖူး ဆုံဖူးတာကို ဖွင့် ပြောမည့်ပုံ မရ။

ဟိုတုန်းက တဝှစ်ဝှစ် အသံမြည်မတတ် အဆက်မ ပြတ် ထိုးဖူးတဲ့ မျက်စောင်းလေးတွေမျိုးလည်း မမြင်ရတော့ဘဲ အရှမ်းကို ရိုသေလေးစား အရေးထားလှတဲ့ ဖော်ရွေပျူငှာသော မျက်ကလေးနှင့် လမ်းဖယ်ပေးကာ ...

"ကြွပါ ဦးဘုန်း"

ဦးဘုန်းတဲ့။ ဟား ဟား ...။ ရယ်တောင် ရယ်ချင် သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲသို့ ရှေ့ဆုံးက ဘုန်းသမ္မာ။ နောက်က သည်းမိုးသုန်။ သုန်သုန့်နောက်ကို အပြေးကပ်ကာ ပန်းခေါင်ရှန်း။ ဒေါ်ဆင် ... ဦးကျား စီတန်းပြီး ဝင်လာပါသည်။

"အပေါ်ထပ်မှာ အခန်းပြင်ထားပါတယ် ဦးဘုန်း၊ ဒါပေမဲ့ ဒီမှာ ခဏထိုင်နားပါဦး၊ ခရီးပန်းလာမှာပေါ့ ကားတောက် လျှောက်မောင်းလာရတော့"

"ဟုတ်ကဲ့"

ပန်းခေါင်ရှန်းက ဦးဆောင် စကားပြောနေသော သည်းမိုးသုန်ကို တစ်ချက်ကြည့်ကာ ဘုန်းသမ္မာနှင့် မျက်နှာချင်း ဆိုင်တည့်တည့်ခုံတွင် ဝင်ထိုင်လိုက်ပါသည်။

"ဦးမြတ်ဘုန်းရောင်ကို မိတ်ဆက်ပေးရပါဦးမယ်"

ဘုန်းသမ္မာက ခေါင်ခေါင့်ကို ကြည့်လိုက်ပါသည်။ အင်း ... သူလေးက စတိုင်တစ်မျိုး။ ဟိုကောင်မလေးကလည်း တစ်ဘာသာ။ နှစ်ယောက်စလုံးဟာ နုနယ်စိုနစ် ချစ်ချင်စရာလေး တွေချည်းပင်။ အသက်လေးတွေက နှစ်ဆယ် နှစ်ဆယ့်တစ် _ နှစ်လောက် ရှိနိုင်တာပေါ့။ ကိုယ့်ထက် လေးငါးနှစ်လောက်တော့ ငယ်နိုင်ပေမယ့် မတိမ်းမယိမ်းလို့လည်း ပြောလို့ရတာပင်။

"ခေါင်ခေါင်က ပန်းခေါင်ရှန်းပါ၊ ဦးဦးကျော်ခ တူမပေါ့"

"ဟုတ်ကဲ့"

"ရန်ကုန်မှာ ဆေး(၁)မှာ သဘာ်အမ်ဘီ တက်နေတာပါ"





"ဩော် ... ဟုတ်ကဲ့"

သုန်သုန်က စိတ်ထဲကကျိတ်ပြီး ခေါင်ခေါင့်ကို ချက်ဆောင်းထိုးနေမိသည်။ စပြီ။ သူ ဆရာဝန်လောင်းဖြစ်တာနှင့် ပဲ စကားဝိုင်းကို ဖွင့်ပြီလေ။

"သူက သုန်သုန်၊ နာမည်အပြည့်က သည်းမိုးသုန်ပါ၊ ကွန်ပျူတာတက္ကသိုလ်မှာပါ၊ ဒီနှစ် ဗိုင်နယ်လ်ပါ၊ သူက အန်တီလှိုင့် တူမပေါ့"

"ဟုတ်ကဲ့၊ အစ်ကိုကြီးနဲ့ မမလှိုင်ရဲ့ တူမတွေဆိုတော့ ညီအစ်မတွေပဲပေါ့နော်"

"ဟုတ်ကဲ့ပါ၊ ဒါက ဒေါ်ဆင်၊ ဒီမှာ ထမင်းချက် အိမ် သိမ်းပြီး တစ်အိမ်လုံး ဝေယျာဝစ္စ စီမံခန့်ခွဲပါတယ်၊ ဒါက ဦးကျားပါ၊ ဒေါ်ဆင့်မောင် တော်ပါတယ်၊ ဦးကြီး ကျားက ခြံထဲလည်းကြည့်တယ်၊ ကားလည်းမောင်းပါ တယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ အားလုံးကို သိရတာ ဝမ်းသာပါတယ်၊ ခုမှ တွေ့ရပေမယ့် ဒေါ်ဆင်တို့ ဦးကျားတို့ နာမည်တွေကို ဆိုရင် ကြားဖူးပြီး နားထဲရင်းနှီးနေတာပါ"

"ဟာ ... ဒါတင်ဘယ်ကမလဲ ကိုဘုန်း၊ ကိုဘုန်း ငယ်ငယ် က ဂေါက်သီးရိုက်တုန်းကလေ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးမှာလေ၊ ကိုဘုန်းကို ဂေါက်ကွင်းမှာ နှစ်ခါသုံးခါ ဆုံဖူးပါတယ်၊ ကိုဘုန်းက သိပ်ငယ်သေးတော့ ကျုပ်ကို မှတ်မိချင်မှတော့ မှတ်မိမယ်၊ ကျုပ်က အစ်ကိုကြီးနဲ့တစ်ခါ တစ်ရံ ပါလာတတ်တာပါ"

"ဪ"

ဘုန်းသမ္ဘာက ခေါင်းတညိတ်ညိတ်နှင့် မျှော်လိုက် ကာ ...

"ကျွန်တော် သိပ်မမှတ်မိဘူး ဖြစ်နေတာ"

"ဟုတ်တာပေါ့၊ ဘယ်မှတ်မိမလဲ၊ အနှစ်နှစ်ဆယ်တောင် ကျော်လောက်မှပဲ၊ ကိုဘုန်းက အသက်နဲ့စာရင် အတော် နုတာပဲ"

"အဟား ဟား ... ဦးကျားကလည်းဗျာ၊ ဦးကျားစကား ကျွန်တော်က ရုပ်နုပေမယ့် ရင့်အိုနေပြီဆိုတဲ့ သဘော နော်"

"ဟာ ... ဒီသဘော မဟုတ်ပါဘူး၊ နုတာကို သက်သ ပြောတာပါ၊ တကယ်တော့ သုံးဆယ်တော့ ကျော်ရောပေါ့ နော်"

"ကျော်ပါပြီ ... ကျော်ပါပြီ ဦးကျား"

အားလုံးက ဘုန်းသမ္ဘာကို ဝိုင်းပြီး အကဲခတ်နေကြ ပါသည်။ နုလိုက်တာလို့ ထင်ကြမှာမလွဲ။ နုမှာပေါ့။ သူ့အသ



ကပြင့် ခုမှ နှစ်ဆယ့်ခြောက် ရှိသေးတာ။ သုံးဆယ်ကျော် (အတိ အကျပြောရရင် ကိုကိုဟာ သူ့ထက် ဆယ်နှစ်ကြီးကာ သုံးဆယ့် ခြောက်)အရွယ် ယောကျ်ားတစ်ယောက်အဖြစ် သူ့ရဲ့မျက်နှာဟာ အတော်ကြီး အရွယ်တင် နုနယ်နေမှာ။

ဘုန်းသမ္ဘာက ပခုံးထောက် ကော့နေသော ဆံပင် ဖြောင့်ဖြောင့်ကလေးတွေနှင့် သုန်သုန်ကို လှစ်ခနဲ တစ်ချက်ခိုး ကြည့်လိုက်ပါသည်။ သူလေး စဉ်းစားနေမှာ မလွဲ။ သို့သော် ဘာမှတော့မပြော။ ဟိုဘက်က ဦးကျော်ခ တူမ ခေါင်ခေါင်ဆို သာကလည်း သုန်သုန် ဆိုသူလေးကိုတစ်လှည့် ဘုန်းသမ္ဘာကို တစ်လှည့် ကူးကာပြောင်းကာ အကဲခတ်နေပြန်သည်။

ဘုန်းသမ္ဘာသည် မြန်မြန်ရှောင်လွှဲချင်တော့ကာ ...

"ကဲ ... ကျွန်တော်လည်း ကားဆက်တိုက်မောင်းလာတော့ ခဏလောက် နားချင်ပါတယ်၊ အခန်းကိုတက်ရင် ကောင်း မယ်ထင်တယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ လာပါ ... ကိုဘုန်း၊ ကျွန်တော်နဲ့ မကြီးဆင် လိုက်ပို့ပါ့မယ်"

ဘုန်းသမ္ဘာက သူ့ကိုတစ်မျိုးစီ အကဲခတ်နေကြတဲ့ ကောင်မလေးနှစ်ယောက်ရဲ့ မျက်မှောက်ကနေ အသာထ၍ ထွက် ခဲ့ပါတော့သည်။

❣ ✉ ❣

www.burmeseclassic.com

www.burmeseclassic.com



၅

ခပ်တိုတိုဆံပင်လေးကိုပင် ကျားပါးစပ်နှင့်ခေါ[illegible] ကာ အပေါ်တင်ထား၍ တိုတိုထွာထွာ ဆံပင်စတွေ ဟိုကဒီ[illegible] ကျကာ ဖရိုဖရဲကြားက ချွေးသံတရွှဲရွှဲ ဖြစ်နေသော သည်းမိုးသ[illegible] သည် အခန်းတံခါးဖွင့်သံကြောင့် လှည့်မော့ကြည့်လိုက်လျှ[illegible] ရေချိုးမိုးချိုး ပြင်ဆင်မွှေးကြိုင်ပြီးကာ ရှည်လျားဖြောင့်စင်းသေ[illegible] ဆံပင်ကို အပူပေးပြီး စက်နဲ့တောင် ဆွဲထားသေးသော ပန်းခေ[illegible] ရန်းကိုမြင်လျှင် ...

"ဟင် ... ကျောင်းပိတ်ရက် မဟုတ်လား"

ခေါင်ခေါင်က နှုတ်ခမ်းစူစူနှင့် ...

"ဘယ်သူက ကျောင်းသွားမှာမို့လဲ"

"သိဘူးလေ ... နင်က ပြင်ဆင်ဝတ်စားထားလို့ ငါကျေ[illegible] ပိတ်ရက်ထင်တာများ မှားနေလားလို့ မေးမိတာပါ"

"ဘယ်မှာ ပြင်ဆင်ဝတ်စားထားလို့လဲ"





"ဒါ အပြင်သွားမယ့် ဝတ်စုံ မဟုတ်ဘူးလား"

"ဒါ အိမ်မှာနေရင်းဝတ်တဲ့ ဝတ်စုံ"

"ဟင် ... မဟုတ်ပါဘူး"

"ဟောတော် ... ငါ့အင်္ကျီကို အိမ်ဝတ်မယ် အပြင်ဝတ်မယ် ဆိုတာ ငါက ရွေးသတ်မှတ်ရမှာလား၊ နင်က ရွေးသတ်မှတ်ရမှာလား"

"နင်ပေါ့၊ နင် သတ်မှတ်ရမှာပါ၊ မဟုတ်ပါဘူး၊ အရင်က ဒါကို အိမ်မှာဝတ်တာ မတွေ့ဘူးလို့ ဆိုလိုတာပါ ခေါင်ခေါင်ရာ"

"ဟောင်းလာပြီလေ၊ သိပ်မသစ်တော့ဘူး၊ ဒါကြောင့် အိမ်မှာပဲ ဝတ်တော့မှာ"

ပြောရင်း ကျော်ဖြတ်ကာ ထမင်းစားခန်းထဲဝင်သွား[illegible] ခေါင်ခေါင့်ကို လိုက်မော့ကြည့်နေရင်း သုန်သုန်က နှုတ်ခမ်း[illegible] မဲ့လိုက်ပါသည်။ မသိတာမှတ်လို့။ ဦးမြတ်ဘုန်းရောင်[illegible]ရောက်လာပြီးကတည်းက ခေါင်ခေါင် တစ်ယောက်ဟာ [illegible]င်ကထက်ကို ခြယ်သလာပါသည်။

ဖြောင့်စင်းပြီးသား ဆံပင်ကြီးကိုလည်း သူ့ပဲမပျင်း[illegible] မနက်တိုင်း စက်နှင့်ညှပ်ဆွဲ၍ ဖြောင့်သထက် ဖြောင့်စေသည်။ [illegible]ောင်းသွားရင်လည်း ပိုပြင်သလို၊ အိမ်ပြန်ရောက်ရင်လည်း [illegible]နေ့ဘက်ကြီး ညဘက်ကြီးတောင်မှ ရေချိုးခေါင်းလျှော်၊ တစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကို မွှေးသင်းကာ ဝတ်ကောင်းစားလှတွေဝတ်ပြီး ဟန်ရေးပြနေတော့တာပင်။

စာကျက်တာ ကိုယ့်အခန်းထဲ ကိုယ်မကျက်ဘဲ ညှော်ခန်းထဲမှာ စာအုပ်ကိုင်ကာ ဟိုလျှောက်လိုက် ဒီလျှောက်လိုက်နှင့် အင်္ဂလိပ်လို သင်ခန်းစာတွေကို အသံထွက်ကောင်းကောင်းလေးနှင့် တရွတ်ရွတ် သာသာယာယာ အော်၍ ကျက်နေတတ်ပြန်သည်။ သူ့ကြည့်ရတာ စာရမယ့်အစား မူးချင်လာပါသည်။

အရင်ကတည်းက ဆရာဝန် မဖြစ်သေးသော်လည်း ဆရာဝန်စတိုင် ဖမ်းလှတဲ့ ပန်းခေါင်ရန်းဟာ (တူလည်းတကယ်တူပါသည်လို့ ဝန်ခံရပါမည်)ခုဆို ပိုဆိုးသည်။ လမ်းလျှောက်ရင် ကိုယ်ကိုကော့၍ ချီထားလိုက်သေးသည်။ ဟန်ပန်ကိုက ပိုပြီးပဲများလာသည်။ ခုလည်းကြည့်ပေါ့။ ကျောင်းပိတ်ရက်မှာ အိမ်မှုကိစ္စ ဘာကူလုပ်မလဲ မစဉ်းစားဘဲ ခပ်လှလှ ခပ်မွှေးမွှေးပြီး အခန်းထဲက ထွက်လာတော့ အမြင်ကကတ်ရော။ ဟုတ်တယ်။

သုန်သုန်သည် နှုတ်ခမ်းကိုရွဲ့ကာ လိုက်ကြည့်နေရင်းက ကိုယ့်လုပ်လက်စ ကြမ်းတိုက်ခြင်းအမှုကို ဆက်၍လုပ်သည်။ အိမ်မှုကိစ္စထဲမှာ အချက်အပြုတ်တော့ လုံးဝလက်မခြောက်။ အိမ်သန့်ရှင်းရေးကိုတော့ ဝါသနာပါလှတဲ့ သည်းမိုးသုန်။ ကျောင်းပိတ် သင်တန်းပိတ်ရက် ဆိုရင် ကြမ်းတိုက် ဖုန်သုတ် ဟိုဟာတွေချဆေး၊ ဒီဟာတွေချလျှော် လုပ်လေ့ရှိပါသည်။





ဒီနေ့အဖို့တော့ မနက်ငါးနာရီခွဲကတည်းက ထ,ပြီး ခေါကြီးဆင် ကြော်ထားပေးတဲ့ ထမင်းကြော်ကို ဗိုက်ဖြည့်ပြီးတာနှင့် ပါကေးကြမ်းတွေကို လိုက်တိုက်နေတာ။ အောက်ထပ်မှာ ခေါင်ခေါင့် အခန်းကလွဲပြီး ကျန်တာတွေအားလုံး ပြီးလုပြီ။ သူက အိပ်နေဆဲမှတ်လို့။ ခဏနေ သူ့အခန်းပါ ဝင်တိုက်လိုက်ရင် ပြီးပြီအောက်ထပ်။

ကြမ်းတိုက်ရတာ ပင်ပန်းမောဟိုက်ပြီး ချွေးဒီးဒီးကျဆမယ့် သုန်သုန်က ကြမ်းတိုက်ရတာကြိုက်၍ အပတ်တိုင်း တစ်ရက်တော့ တိုက်သည်။ ကိုယ်ထဲက ချွေးတွေထွက်ကုန်ကာ ကိုယ်ထဲမှာ ချွေးအောင်းတွေ စင်ကြယ်သွားသလိုလည်း ခံစားရသည်။ လေ့ကျင့်ခန်း သဘောလည်း သက်ရောက်သည်။ အားလုံးပြီးရင် ရေမိုးချိုးပစ်လိုက်ရင် လူတစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားတော့တာပဲ။ နေလို့ ထိုင်လို့ ကောင်းသည်။

မနက်က သွားတိုက် မျက်နှာသစ်ရုံသာ လုပ်ထားတဲ့ ကိုယ်ဟာ ချွေးတွေ အဆီတွေနှင့် တပြောင်ပြောင် တဝင်းဝင်းရှိနေပြီ။ ခြေသလုံးတစ်ဝက်လောက်ရှိတဲ့ ချည်ထည်ဘောင်းဘီ ကျီးရောင် ရှပ်အင်္ကျီတိုစတ်ဟာ ဒူးထောက်လိုက် ဖင်ထိုင်ချလိုက် ကြမ်းနဲ့ပွတ်လိုက် ကြမ်းတိုက်ဆီပေလိုက် ဖြစ်လေရာ လက်နီးဝတ်နီးပါး မပြောင်ဆောင် ရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com



မွေးကြိုင်ကြော့မော့နေတဲ့ ခေါင်ခေါင်နှင့်ယှဉ်တော့ နံ့သာဆီနဲ့အီး ဆိုတာလို ကွဲကွဲပြားပြားကြီး ကိုယ်ကနံ့ချာနေပြီပေါ့။ ကြည့်စမ်း၊ ဒါကို မရေးမိဘူး။ နဂိုကတည်းက ကိုယ်ဟာ လှချင်ရက် စက်စက်မယိုသူမို့ ဦးမြတ်ဘုန်းရောင် ရှေ့မှာ ဟန်ရေးတွေပြဖို့လည်း တကယ်အတွေးမပေါက်မိ။

ခုလောက်ရှိ ဒီသုံးလေးရက်အတွင်း ဦးမြတ်ဘုန်းရောင် အတွေးထဲ ပန်းခေါင်ရန်း ဆိုတဲ့ ကောင်မလေးက အပုံစား အသန့်စား၊ သည်းမိုးသုန် ဆိုတာကတော့ ဗျစ်တီးဗျစ်စုတ် သိပ်ပုံမလာလှတဲ့ ဟာလေးပဲလို့ အတွေးပေါက်ပြီးပြီ ထင်ပါရဲ့။

ဟယ် ... ဒီလိုတော့ ဘယ်ဖြစ်မလဲ။

သုန်သုန်သည် ခုပဲပြေးကာ ရေမိုးချိုး အလှအပ ခြယ်သ ပြုပြင်ရတော့မလို စိတ်တွေဗျာများသွားပါသည်။ ဟုတ်ပါတယ်လေ။ သူဟာ ဒီအိမ်ရောက်လာပြီးကတည်းက သုန်သုန်ကို သေသေချာချာ စေ့စေ့တောင်မှ မကြည့်ဘူး။ ဟိုးအရင်က ဟိုးတုန်းက သူ့ငယ်ချင်းတွေနဲ့ အတင်းကြီး လိုက်ကြည့်ဖူးတာတောင် သူ မဟုတ်သလိုပဲလေ။

အဲဒီတုန်းက အမြင်ကတ်ကတ် ရှုက်ရှုက်နဲ့ ရှေ့စောင်းတွေ အတွင်တွင် ထိုးပစ်ခဲ့မိပေမယ့် စိတ်အဆိုးကြီးတော့လည်း မဟုတ်ခဲ့ပါဘူး။ ဒါပေမဲ့ နှစ်ရက်ဆိုမှ နှစ်ရက်တည်းရှိသေးလေ။ သူ့ကို စမြင်ဖူးတာ တစ်ရက်၊ နောက်ထပ် တစ်ရက်





ပြီးတော့ နောက်တတိယမြောက်ရက်မှာ သုန်သုန်က ရန်ကုန်ကို ပြန်ခဲ့ရတော့တာကိုး။ သူ ဘယ်သူလဲ၊ ဘယ်မှာနေလဲ၊ မန္တလေးမှာတောင် မြို့ခံလား ဧည့်သည်လား သုန်သုန် မသိခဲ့ပါဘူး။

ခုတော့ သူက သူဌေးကြီး ဦးမြတ်ဘုန်းရောင်တဲ့။

ဝန်ခံရရင် သုန်သုန့် ရင်ထဲမှာ ဒီနှစ် သီတင်းကျွတ် မန္တလေးတစ်ခေါက် ပြန်တဲ့အခါ အဲဒီလူ ပိန်ရှည်ကလေး ပါးအို့အိုကို ရှာဖွေစုံစမ်းကြည့်ဦးမည်ရယ်လို့ တေးထားမိတာပါ။ ခုတော့ နေပစေတော့။ သူ့ကို ဒီအိမ်ရောက်လာတဲ့နေ့ ပေါ်တီကိုအောက်မှာ စ,ပြီးလှမ်းတွေ့လိုက်ရကတည်းက ဖျတ်ခနဲမှု အံ့သြတုန်လှုပ်သွားရပြီးတဲ့အခါမှာ သုန်သုန်က ရင်ထဲက ခေါင်းထဲက အတွေးထဲက အတေးထဲက ထုတ်ပစ်လိုက်ပြီးခဲ့ပါပြီ။

ဒီလောက် ချမ်းသာကြွယ်ဝမှုမှာ နာမည်တစ်လုံးနဲ့ ကျော်သိထင်ရှား ရှိလှတဲ့ သူဌေးဦးမြတ်ဘုန်းရောင် ဆိုတဲ့ အဆင့်တစ်ဆင့်ဟာ သုန်သုန် စိတ်ကူးယဉ်ရမည့် အဆင့်ထဲ မပါဘူးလို့ပဲ နှလုံးသားသားတွေး ဆင်ခြင်လိုက်မိပါသည်။ အင်း ... ဒါပေမဲ့လည်း ရင်မှာ မတင်မကျရယ်ကတော့ ရှိလှသည်မှာ သူဟာ ဦးမြတ်ဘုန်းရောင် ဆိုတဲ့ တစ်စုံတစ်ယောက် ဖြစ်ဖို့ရာ ရင့်ကျက်တည်ငြိမ်မှု နည်းနေသလားလို့ပေါ့။ အသက်သုံးဆယ်ကျော်ဆိုပြီး ရုပ်ရည်က တစ်ဆိတ် လူငယ်ဆန်လွန်းမနေဘူးလား။

အို ... ကိုယ်ပြောခဲ့ဖူးသလိုပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးလည်း လူထဲကလူပဲ။ ရင့်ကျက်ရင် ရင့်ကျက်မယ်။ မရင့်ကျက်ရင် မကျက်ဘူး။ သူငယ်ချင်း အပေါင်းအသင်းနဲ့ စိတ်လွတ်လပ် ပေါ့ပါးနေချိန်မှာ သူဌေးကြီးဟာလည်းပဲ ငချွတ်မလေးတစ်ယောက်နောက်ကို လိုက်ကြည့်ကောင်း ကြည့်မိမှာပဲပေါ့။ အပျော်သဘောလည်း ဖြစ်ရင်ဖြစ်မှာပေါ့။ ပုထုဇဉ်ပဲမို့လား။

ကြမ်းတိုက်လက်စအဝတ်ကို ကြမ်းမှာထောက်ကိုင်ကာ ဒူးတုတ်ရက် ခပ်ကိုင်းကိုင်းသဏ္ဌာန်လေးနှင့် ငြိမ်သက်စဉ်းစားနေသော သုန်သုန်သည် လှေကားက ဆင်းလာတဲ့ခြေသံကိုကြားလိုက်ရလျှင် ကမန်းကတန်း မျက်လုံးပြူးနှင့် လှည့်ကြည့်လိုက်ပါသည်။ အလှပြေးပြင်ချိန်ရဖို့ နေနေသာသာ ဒီအဆင်းသရုပ် အနုပ်စုတ်ကိုတောင် ပုန်းဖွက်ချိန်မရလိုက်။

လှေကားခြေရင်းမှာ ခြေသုတ်ကော်ဇော တစ်ခုရှိသည်။ အောက်ဆုံးထစ်နား ရောက်လာတဲ့ သူ့ကိုမြင်လျှင် သုန်သုန်က အပူတပြင်း အလန့်တကြား ...

"ဟိုး ... ဟိုး ...၊ ရပ် ... ရပ်ပါဦး ... ဦးဘုန်း"

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့"

ဘုန်းသမ္ဘာသည် အူကြောင်ကြောင်နှင့် အောက်ဆုံးထစ် မရောက်ခင် တစ်ထစ်မှာရပ်ရင်း ...

"နင်းလို့မရသေးဘူးလား"





"သြော် ... နင်းလို့ရပါတယ်၊ အဲဒီခြေသုတ်ဖုံပေါ် နင်းလိုက်မှာစိုးလို့ပါ၊ ကြမ်းတိုက်ထားတာ တအားချော်နေတော့ အဲဒီအပေါ် အမှတ်တမဲ့ နင်းလိုက်ရင် ခြေသုတ်ဖုံက ချော်ပြီး ချော်လဲသွားမှာ"

"သြော်"

ဘုန်းသမ္ဘာက သုန်သုန့်ထံ ခွင့်တောင်းတဲ့ အကြည့်တစ်ချက်နှင့် ...

"ဒါဖြင့် ခြေသုတ်ဖုံကို ကျော်ပြီးနင်းလိုက်မယ်နော်"

သုန်သုန်သည် ရယ်ချင်ပက်ကျိ ပြုံးစိစိ ဖြစ်သွားပါသည်။ ဒါခွင့်တောင်းနေစရာလား။ ကျော်လိုက်ပေါ့။ မျက်ခုံးလေးပွင့်ပြီး အူကြောင်ကြောင်ရုပ်နှင့် မေးပုံက ကလေးကျနေတာပင်။ သုန်သုန်က ခေါင်းတစ်ချက်ညိတ်ရင်း ...

"ဟုတ်ကဲ့"

ဘုန်းသမ္ဘာက ဂရုတစိုက်နှင့် ခြေသုတ်ဖုံကိုကျော်ကာ တစ်ဖက်ကကြမ်းပေါ် ခြေကိုချနင်းလိုက်သည်။ ထို့နောက် သုန်သုန့်ကို ခေါင်းတစ်ချက် ညိတ်ပြရင်း ထမင်းစားခန်းဘက် လျှောက်သွားလိုက်ပါသည်။ သုန်သုန်သည် ခေါင်းကိုငုံ့ချကာ အလိုလို ထွက်လာတဲ့ နှုတ်ခမ်းသားကို ဖိကိုက်ထားလိုက်ပါသည်။

အစိမ်းပုပ်ရောင် တီရှပ်လက်ရှည်က သူ့ကိုယ်ပေါ် ကျစ်ကျစ်လျစ်လျစ်မှာ ခပ်တိတိကပ်နေလျက် ဘောင်းဘီက ကာကီ



www.burmeseclassic.com

www.burmeseclassic.com



ရောင် ခပ်ပွပွ ပုံကျကျ။ သူ့ဝတ်ဆင်ပုံတွေက Gentleman မဆန်ဘဲ လူငယ်စရိုက်သာ သိပ်ဆန်တာပဲ။

"ဦးဘုန်း ... လာ ထိုင်ပါ၊ ဒီမနက် ဦးဘုန်း အတွက် မြီးရှည် စီစဉ်ထားပါတယ်"

ဟင် ...။

မြီးရှည်တဲ့ ...။ အောင်မယ် ... သူ စီစဉ်ထားတာ ကျနေတာပဲ။ ဒေါ်ဆင်က စီစဉ်ပြီး ဦးကျားကြီးက ပြေးဝယ်ထားရတာကိုများ။ သူကဖြင့် အခုမှ အခန်းထဲက ထွက်လာပြီး။

"ကျွန်တော့်ဖို့ သီးသန့် တကူးတက ဘာမှမစီစဉ်ပါနဲ့ ခင်ဗျာ၊ ကျွန်တော် အားနာလို့ပါ၊ ကျွန်တော်က ဘာပဲဖြစ်ဖြစ် စားလို့ရပါတယ်"

"အို ... အားနာစရာ မဟုတ်တာ ဦးဘုန်းကလည်း၊ ဦးဦးနဲ့ အန်တီလှိုင်ကလည်း သေချာမှာထားပါတယ်၊ ညှော်ဝတ်ကျေပွန်ဖို့က ခေါင်ခေါင်တို့ တာဝန်ပါ"

"ဒီမှာ တည်းရ ထမင်းစားရတာကပဲ အတော်အဆင်ပြေနေပါပြီ၊ တော်ရုံတန်ရုံကတော့ ကျွန်တော် အပြင်မှာဖြေရှင်းလည်း ရပါတယ်"

"အပြင်မှာ ဖြေရှင်းရမယ်လို့ ဦးဘုန်းကလည်း၊ ဟောဒီမှာ ထမင်းချိုင့်ခြင်းပါနော် ဦးဘုန်း၊ ဒါက ကော်ဖီခါတ်ဘူးပါ"





"အာ ... ထမင်းချိုင့် ထည့်မပေးပါနဲ့တော့လို့ မနေ့ကပဲ ဒေါ်ကြီးဆင်ကို မှာထားပါတယ်၊ ဟိုမှာ စက်ရုံဆိုက်နားမှာပဲ ဝယ်စားလို့ရတဲ့နေရာ ရှိလို့ပါ"

"ရှိပေမယ့် အိမ်ထမင်း အိမ်ဟင်းက ပိုသန့်တာပေါ့ ဦးဘုန်းရယ်၊ ဒေါ်ကြီးဆင်က ထမင်းချိုင့်မထည့်ဖို့ မှာထားတယ်လို့ ပြောပါတယ်၊ ဒါပေမဲ့ ခေါင်ခေါင်က ထည့်လိုက်ပါလို့ ပြောလိုက်လို့ပါ၊ အပန်းမကြီးပါဘူး ဦးဘုန်း၊ ဦးဘုန်း စားချင်တဲ့ဟင်း ရှိရင်လည်း ဒေါ်ကြီးဆင်ကို မှာထားလို့ရပါဘယ်၊ ချက်ရတာချင်းတူတူ စားချင်တာကို ချက်ပေးရတာက အကျိုးရှိတာပေါ့"

"ကျွန်တော် ဘာပဲဖြစ်ဖြစ် စားပါတယ်၊ အစားမရွေး၊ ဂျီးမများပါဘူး"

ဘုန်းသမ္ဘာသည် အားတွေနာကာ အနေရတွေခက်၍ မြီးရှည်ကိုသာ တွင်တွင်ငုံ့၍စားနေပါသည်။ သူက အဲသလိုကြီး ဂရုစိုက်ခံရလျှင် မနေတတ်ပါ။ အဲသလိုကြီး ဂရုစိုက်လည်း မခံဘူးပါ။ ခုဟာက သူတို့က မြတ်ဘုန်းရောင်ထင်ပြီး အတင်းကြီး ဟားဒယား ဂရုစိုက်ကြတာ။ ကိုယ်က သူတို့ဂရုစိုက်ချင်တဲ့သူ မဟုတ်၍ စိတ်မလုံဘဲ အနေခက်နေပါသည်။

ထမင်းချိုင့်ကလည်း တကယ်ကို မယူချင်တာ။ သူတို့ ထမင်းချိုင့်က လေးဆင့်ချိုင့်ကြီး။ ထမင်းတစ်ဆင့်၊ ဟင်း



www.burmeseclassic.com

www.burmeseclassic.com



သုံးဆင့်။ သုံးဆင့်လုံးဟာ စပါယ်ရှယ်ဟင်းတွေချည်း ဖြစ်သည်။ သူက စက်ရုံမှာ နေ့လယ်ကျတော့ အင်ဂျင်နီယာအုပ်စုနှင့် အတူ ထမင်းစားဖြစ်ပါသည်။ အဲဒီအခါ သူ့ချိုင့်ကြီး သူဖွင့်ရမှာ ရှက်နေမိတာ။

အင်ဂျင်နီယာတို့ရဲ့ ထမင်းချိုင့်တွေဟာ ရိုးရိုးစတီး သုံးဆင့်ချိုင့်တွေ။ ထမင်းတစ်ချိုင့်။ အသားဟင်းတစ်ချိုင့်ပြီးလျှင် မှုစ်ကြော်လေး၊ ဒါမှမဟုတ် ချည်ရည်ဟင်းလေး စသဖြင့်။ အသားဟင်းချိုင့်ကတောင်မှ ပုံမှန်တစ်ယောက်စာ လုံလောက်တဲ့ဟင်းတုံးမျှပင်။

သူ့လေးဆင့်ချိုင့်ကြီးက ချိုင့်ကိုကလည်း ရောမ။ ဟင်းတွေက တစ်အံ,တစ်အံ မနည်း။ သူ့မှာ စားပွဲပေါ် ချိုင့်ကြီးဆွဲတင်လိုက်ရတာကိုပင် ရှက်မျက်နှာပူနေပြီ။ ဖွင့်လိုက်ရင် ပုစွန်ဆီပြန်၊ ကြက်ဆီပြန်၊ ဝက်စတူး သဖြင့် ရှယ်ဟင်းချည်း သုံးမျိုးဟာ အများကြီး။ နေ့တိုင်း လာကြွားနေသလို ခံစားရသည်။ ဒီတော့ သူက ...

"တည်းတဲ့အိမ်က ဆိုက်ထဲက အင်ဂျင်နီယာတွေပါ စားဖို့ ဆိုပြီး ထည့်ပေးလိုက်တာဗျ၊ စားပါ ... စားကြပါ"

သူ့ဟင်းတွေ လှပမွှေးကြိုင် ပျံလန်နေခြင်းဟာ သူတစ်ပါးဟင်းတွေ မလှမပ မမွှေးမကြိုင် မပျံမလန် ဖြစ်တာကို ထောက်ပြနေသလိုဖြစ်ရာ အတော်စိတ်ညစ်ရ၍ ထမင်းချိုင့်တည်





မပေးဖို့ ပြောရတာ။ အင်ဂျင်နီယာတွေကလည်း သူ ဇွတ်အတင်းခပ်ထည့်ပေးတာကလွဲရင် လုံးဝကိုယ်တိုင်နှိုက်မစားကြပေ။ ဒါ့အပြင် ကော်ဖီကိုတော့ သူက ကြိုက်ကိုမကြိုက်တာ။ မကြိုက်ဘူးပြောရင် လက်ဖက်ရည် (သို့မဟုတ်) အိုဗာတင်း (သို့မဟုတ်) မိုင်လို (သို့မဟုတ်) တစ်ခုခု ရှာကြံထည့်ပေးဦးမှာကို သိလို့ မကြိုက်ဘူး မငြင်းရဲပြန်။

"ဟင်းချေးများတယ်တော့ မဟုတ်ပါဘူး၊ ဦးဘုန်း စားချင်တာကို ပြောခိုင်းတာပါ"

ဘုန်းသမ္ဘာက ရှေ့မှာထိုင်နေသော ပန်းခေါင်ရန်းကို ကြည့်ရင်း ...

"ကျွန်တော် အားလုံးစားပါတယ်"

ဏ္ဍဖြေရရ သိမ်သိမ်မွေ့မွေ့ကလေး ပြုံးနေတဲ့ ပန်းခေါင်ရန်းရဲ့ အလှက ဝင့်ဝင့်ကြွားကြွားရှိသည်။ သူက လှတာ အပြင် နေတတ် ထိုင်တတ်တာလည်း ပိုတာ။ ခုကတည်းက ဆရာဝန်မလေး တစ်ယောက်ရဲ့ ပိုင်နိုင်ဝံ့ကြွားတဲ့ ဟန်ကလေး ဆောက်နေပြီ။

လှုပ်ရှားသွားလာပုံလေးတွေကလည်း နူးညံ့ညင်သာသည်။ မိန်းမဆန်သည်။ ကြည့်လိုက်ရင် တွေ့လိုက်ရင် အငြိမ့်ကြော့မော့သပ်ရပ် တင့်တယ်နေတာချည်းပင်။ တစ်ချက်လေးမှ ပျက်ပျော့မနေ။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသမ္ဘာသည် အိမ်ရှေ့မှာ ကြမ်းတိုက်နေရင်းက ထမင်းစားခန်းကနေ မြင်နေရတဲ့ အကွက်အကွင်းဆီ တရွေ့ရွေ့ ရောက်လာနေတဲ့ သည်းမိုးသုန်ထံ မသိမသာ တစ်ချက်ခိုးကြည့်လိုက်မိပါသည်။ ကြည့်လိုက်မိတာနှင့် သူ့နှုတ်ခမ်းတို့ဟာ ပြုံးချင်မလို ဖြစ်တာကို အမြန်ဘရိတ်အုပ်ရသည်။ ဘာကြောင့်လဲမသိ။ သုန်သုန့်ကိုမြင်လျှင် ဗရုတ်သုတ်ခနှင့် ဘာလိုနေမှန်း မသိတဲ့ အူကြောင်ကျားစတိုင်ကို အမြဲပြုံးချင်မိရသည်။

ဟိုးတုန်းကတည်းက ...။

သုန်သုန်လည်း မမှတ်မိဘဲ နေမှာမဟုတ်ပါဘူး။ ပြန်မပြောချင်လို့ အစမဖော်ချင်လို့သာ မှုန်နေတာနေမှာပါ။ အဲဒီတုန်းက ဘုန်းသမ္ဘာရယ်၊ သူငယ်ချင်း နေစိုးပိုင်ရယ်၊ မင်းလတ်ရယ် သုံးယောက် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတာဖြစ်သည်။ အဲဒီလက်ဖက်ရည်ဆိုင် ရှေ့ယွန်းယွန်းလေးက အသီးဆိုင်မှာ သုန်သုန်က သူငယ်ချင်းတစ်ယောက်နှင့် အသီးဝယ်နေတာဖြစ်သည်။

သစ်သီးမျိုးစုံကို ဟိုမေး ဒီမေး၊ ကိုင်ကြည့် ပွတ်ကြည့် ဖင်ပြန်ခေါင်းပြန်ကြည့်။ ပြီးတော့ ဈေးဆစ်။ ဆစ်ဈေးကလည်း ခေါ်ဈေးနှင့် အဝေးကြီး။ ထွက်သွားမယ်လုပ်လိုက် ဈေးသည်က မလျှော့တော့ နည်းနည်းတိုးလိုက်။ ပန်းသီးသုံးလုံးကို ဝယ်ဖို့ အရေး အသံစာစာ စာစာနှင့် မပြီးနိုင်တာကို ဘုန်းသမ္ဘာတို့ သုံး





ယောက်လုံး ကြည့်နေမိကြရင်းက ကျိတ်ရယ်နေကြရပါသည်။ ပန်းသီးသုံးလုံးကို မှတ်မှတ်ရရ ဆယ့်ငါးမိနစ်ကျော်ကြာအောင် ဝယ်နေတဲ့ အဲဒီကောင်မလေးကို ရယ်လည်းရယ်ချင်၊ ချစ်စရာလေး ဆိုတဲ့ စိတ်မျိုးလည်းပေါက်။

သူ ထွက်သွားတော့ ဘုန်းသမ္ဘာက "ဘယ်ကလဲမသိဘူးကွ"လို့ စ,လိုက်မိကာ မင်းလတ်က "လိုက်ကြည့်ရအောင် ...လာ"နှင့် နောက်ကပါသွားကြတဲ့ အဖြစ်ပင်။ နောက်က သူတို့သုံးယောက် ပါလာတာကို ဘာမှမကြာခင် သုန်သုန်တို့နှစ်ယောက်က သိသွားပါသည်။ နေပူထဲမှာ ထီးဆောင်းလာတာကို ထီးကသူ့ဘက်ယိုင်တယ်၊ ငါ့ဘက်ယိုင်တယ်နှင့် တစ်လမ်းလုံး ရန်ဖြစ်လာတဲ့ ရှေ့ကကောင်မလေးနှစ်ယောက်ကို သူတို့ သုံးယောက်သား နောက်ကနေ တခွိခွိရယ်ကာ ရယ်ကာပေါ့။

မကြာခင် လှည့်ကြည့်ကြကာ လိုက်လာမှန်းသိသွားတော့ သုန်သုန်ဆိုတဲ့ ဂျစ်ပေပေရုပ်နှင့် ကောင်မလေးဟာ ထိုးလိုက်ရတဲ့ မျက်စောင်း။ မျက်စိတောင် စွေသွားတော့မလား အောက်မေ့ရသည်။ ခုတွေးရင် ခုပြန်ပြုံးမိသည်။ နောက်ဆုံးတော့ သုန်သုန့်အိမ်လား ဟိုကောင်မလေးအိမ်လား မသေချာတဲ့ အိမ်တစ်အိမ်ထဲ နှစ်ယောက်သား ဝင်သွားကြပါသည်။

နောက်တစ်ရက်ကျတော့ ဘုန်းသမ္ဘာသည် အဲဒီလက်ဖက်ရည်ဆိုင်နားကို မနက်ခင်းစောစောမှာ ဂျစ်ကားနှင့်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



၍ တစ်ခေါက်။ နေ့ခင်း အလုပ်ကိစ္စနှင့် ကိုကိုခိုင်းတာ ထွက်လုပ်ရင်း နှစ်ခေါက်၊ ညနေဘက် အိမ်အပြန်တစ်ခေါက်။ လမ်းမကြီး မသင့်ဘဲ လေးခေါက်တိတိ လက်ဖက်ရည်ဆိုင်နားကနေ မနေ့က ဝင်သွားတဲ့ အိမ်အထိ ကားဖြတ်မောင်းပြီး သုန်သုန့်ကို ရှာဖွေ ကြည့်မိခဲ့သည်။

အင်း ...။ ဘာရယ်လို့တော့ မဟုတ်ဘူးပေါ့လေ၊

ညနေအခေါက်မှာတော့ လက်ဖက်ရည်ဆိုင်နှင့် အိမ် နှင့်အကြားက အအေးဆိုင်တစ်ဆိုင်ထဲကနေ သုန်သုန်နှင့် မနေ့က ကောင်မလေးပဲ ထွက်လာတာ မြင်လိုက်ရပါသည်။ သူက ကျွန် ကားကို အရှိန်လျှော့ပြီး ခပ်ဖြည်းဖြည်းမောင်းရင်း ကြည့်သွားတာ ကို သုန်သုန်တို့ကလည်း မြင်သည်။ "မနေ့ကတစ်ယောက်" ဆို တာ တစ်ယောက်နဲ့တစ်ယောက် ရိုက်ပုတ်အသိပေးရင်း ထုံး ပျက် သုန်သုန့်ထံက မျက်စောင်းလေးတွေများစွာ။

အဲဒီနောက်တော့ အဲဒီနား‌က ဘယ်လိုဖြတ်ဖြ သုန်သုန့်ကို ထပ်မတွေ့တော့ဘူးလေ။ တစ်ပတ်တစ်ခါ ဆိုသလို လောက်တော့ အဲဒီရပ်ကွက်ဘက်ကို ဘုန်းသမ္မာ အမြဲဖြတ်မော

*နေဖြစ်တော့တာပါ။ ထားလိုက်ပါတော့။ ခုတော့ သူ့ကို ဦး ဘုန်းရောင်လို့ ထင်နေတော့မယ့် ကောင်မလေးကို သူကလည်း*

မသိချင်ယောင် ဆောင်ဆောင်လေးရယ်နဲ့ပဲ။

"ကျွန်တော် သွားလိုက်ဦးမယ်"





"မြီးရှည်စားလို့ကောင်းပါရဲ့လား ဦးဘုန်း"

"ကောင်းပါတယ်"

"ဒေါ်ကြီးဆင်ရေ ... ဒီခြင်းလေး ကားပေါ်ကို ..."

"အာ ... ရတယ် ... ရတယ် ... ရတယ်၊ ကျွန်တော်ပဲ ယူသွားမယ်၊ နေနေ ... ဒေါ်ကြီးဆင်နေပါ"

ဘုန်းသမ္မာက ခြင်းကိုဆွဲ၍ ခပ်သုတ်သုတ် အိမ်ရှေ့ ထွက်လာသည်။

"နင့်ဖယောင်းဆီနံ့ကြီးက နံလိုက်တာ သုန်သုန်ရယ်"

"ဘယ်ကနံရမှာလဲ မွှေးနေတာ၊ ရိုးရိုးဖယောင်းဆီလည်း မဟုတ်ဘူး၊ သစ်သားကိုတိုက်ဖို့ လုပ်ထားတဲ့ ပေါလစ်ရှ် အရည်ပါပဲ"

"ဘာပဲဖြစ်ဖြစ် ဒီလောက်နံတာ၊ ထမင်းစားခန်းဘက် အနံ့တွေ လာနေတာ၊ ဒီမှာ ဧည့်သည်စားနေလို့ ငါကပြော နေတာကို"

ဘုန်းသမ္မာမှာ ကြားကအနေခက်ပြီး ...

"ရပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ နံလည်းမနံပါဘူး၊ ကျွန်တော် သတိတောင် မထားမိပါဘူး"

မြန်မြန်လေးပြောပြီး ဘုန်းသမ္မာက မပြေးရုံတမယ် ခပ်သုတ်သုတ်လေး လစ်ပါသည်။ သူဟာ ဒီသုံးလေးရက်အတွင်း မှာ ဒီကောင်မလေးနှစ်ယောက်ရဲ့ မတည့်အတူနေ အဖြစ်သနစ်



www.burmeseclassic.com

www.burmeseclassic.com



တို့ကို အကဲခတ်နိုင်ခဲ့ပြီ။ တစ်ယောက်ရဲ့ စကားကို နောက်တစ်ယောက်က ငြင်းသလား မမေးနှင့်။ ဘယ်သူကမှ အလျှော့မပေး

တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်းလည်းမတူ၊ သဘောထားချင်းလည်းမတူ။ သူတို့စကားတွေထဲကပင် ဤအိမ်တွင် ဂိုဏ်းဂဏ အုပ်စုနှစ်စုကွဲနေတာသိရပြီးပြီ။ ဒေါ်ဆင် + ခေါင်ခေါင်က တစ်အုပ်စု၊ ဦးကျား + သုန်သုန်က တစ်အုပ်စု။ ကောင်လေးနှစ်ယောက်ရဲ့ အပြိုင်အဆိုင် အနိုင်မခံ အရှုံးမပေးမှုကြောင့်ပင် မောင်နှမအရင်းနှစ်ယောက်ဖြစ်တဲ့ ကျားနဲ့ဆင်ဟာ လယ်ပြင်မှာ တွေ့နေရပါသည်။

ဒါကြောင့် သူ့မှာ တစ်ဖက်ဖက်ကို ပါမိသလိုဖြစ်မှာ အထူးစိုးရိမ်ရသည်။ ဘုန်းသမ္ဘာ ထွက်သွားတဲ့အခါ ကားထွက်သွားတာကိုပင် ခြင်ဆန်ကာနောက်မှ လှမ်းကြည့်နေတဲ့ ခေါင်ခေါင်ကို သုန်သုန်က ကြမ်းပေါ်ကနေ မျက်စောင်းပင့်ထိုးရင်း —

"ပိုကိုပိုတယ်"

"ဘာပိုလဲ"

ခေါင်ခေါင်က ချက်ချင်း လှည့်တုံ့ပြန်သည်။

"ငါ အပတ်စဉ် ကြမ်းတိုက်လာတာ ဒီနေ့မှ မဟုတ်ဘူး ဒီအိမ် လာစ,နေကတည်းက၊ တစ်ပတ်တစ်ခါ တိုက်ခဲ့ကျ။ နင်လည်း တစ်ပတ်တစ်ခါ ဒီအနံ့ရှူရနေကျ။ အခု နံ့သလေး ဘာလေးနဲ့ ပိုတာပေါ့"





"နံ့တာပဲဟာ"

"တစ်ခါမှ မပြောခဲ့ပါဘူး၊ ဦးဘုန်း ရောက်မှ နင်က သူများ နံ့မလားလို့ ကြားကနေ လောကွတ်ချော် အစိုးရိမ်ပိုပြီး နံ့တယ် ဘာတယ် ဖြစ်နေတာ"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ၊ ငါတို့ချည်းပဲဆို ဘာအရေးလဲ၊ ခုဟာက သူကဧည့်သည်လေ၊ သူရှိနေလို့ကို ငါက ပြောပေးရတာပေါ့၊ ဘာဖြစ်လဲ အဲဒါ"

"သူနံ့ရင် သူပြောမှာပေါ့"

"သူက ဧည့်သည်ပဲ၊ ဘယ်ပြောမလဲ၊ အားနာနေမှာပေါ့"

"အခု ပြောသွားတယ်လေ၊ မနံ့ပါဘူးတဲ့၊ သတိတောင် မထားမိဘူးတဲ့"

"ဒီလိုပဲ ပြောမှာပေါ့၊ ဧည့်သည်က နံ့တယ် နံ့တယ်နဲ့တော့ ဘယ်ပြောပါ့မလဲ"

"အဲဒါကိုက နင်ပိုတာ၊ ဒီ Wood polishihg oil ဆိုတာ အနံ့က မွှေးတောင်မွှေးသေးတာ"

"ဟဲ့ ... ငါးပိရည်ဆိုတာ ကြိုက်တတ်တဲ့သူအတွက် မွှေးနေပေမယ့် မကြိုက်တတ်တဲ့ သူအတွက် ပုပ်စော်နံ့တယ်၊ နင် အဲဒါကို လက်ခံလား ပြော"

ချက်ကျလက်ကျတဲ့ ခေါင်ခေါင့် စကားကို ဘယ်လိုချေပရမယ် မသိဘဲ သုန်သုန်သည် နှုတ်ခမ်းသာ စူပွနေ၍ စကားသံ ထွက်မလာနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"အေး … အဲဒီလိုပဲ၊ နင့်ကြမ်းတိုက်ဆီ မပြောနဲ့ မမွှေး၊ မွှေးအောင် လုပ်ထားတဲ့ ရေမွှေးတောင် မကြိုက်တဲ့သူ အတွက် နံတယ် အီတယ်"

"ကလင် … ကလင် … ကလင်"

ညှော်ခန်းထဲက တယ်လီဖုန်းသံက မြည်လာပါသည်။ ခေါင်ခေါင်က မေးစိလေးပင့်ကာ အနိုင်ပိုင်းတဲ့ရုပ်လေးနဲ့ သုန်သုန့်ရှေ့က ဖြတ်လျှောက်သွားပြီး ဖုန်းကိုကိုင်လိုက်ပါသည်။

"ဟယ်လို … အမိန့်ရှိပါရှင်"

"ဦးကျော်ခ အိမ်ကလားကွယ့်"

"ရှင် … ဟုတ်ပါတယ်၊ ဘယ်သူနဲ့ ပြောချင်လို့ပါလဲရှင်"

ခေါင်ခေါင်က တစ်ဖက်က ခပ်စီးစီး အမျိုးသမီးကြီး အသံကြောင့် ခေါင်းထဲမှာ ကလင်ကလောင်နှင့် အချက်ပေးသံများ နီးကြားလာသကဲ့သို့ ရှိသည်။

"အခုပြောနေတာ ဘယ်သူလဲကွယ့်"

ဤသို့ တစ်ဖက်ကပြန်ပြီး ကိုယ့်ကိုမေးတာမျိုး ခေါင်ခေါင်က မနှစ်သက်ပါ။ ပုံမှန်ဆိုရင်တော့ "အခုပြောနေတာက ကော ဘယ်သူလဲ"လို့ တန်ပြန်မေးပစ်ပြီ။ ဟုတ်တယ်လေ။ မှုမှန် အတိုင်းဆိုရင် တစ်ဖက်က ဖုန်းဆက်လာသူကသာ ဘယ်သူနဲ့ ပြောချင်ပါတယ် ကျွန်မက ကျွန်တော်က ဘယ်သူပါ ဆိုတာမျိုး လာရမှာပေါ့။





သူ့မှာဖုန်းကိုင်တဲ့သူကို ဘယ်သူလဲမေးခွင့် မရှိ။ သူက တစ်ပြန်စီး ပြန်မေးခြင်းဟာ ရိုင်းတယ်လို့ ခံယူထားသည်။ သို့သော်လည်း ခေါင်ခေါင်က အတုံးအ,အ မဟုတ်။ တွေးတောနိုင်တဲ့ ဉာဏ်ရှိသည်။ ဒီအသံကို တစ်ခါမှ မကြားဖူး။ အသံသစ် အသံစိမ်း။ အိမ်မှာ ညှော်သည်ရောက်ပြီးမှ ဦးကျော်ခ အိမ်လားလို့ ပိုင်ပိုင်နိုင်နိုင် မေးလာပြီး ဆက်သူဟာ ညှော်သည်ရဲ့ အဆက်အစပ် ဖြစ်နိုင်သည်။

ပြီးတော့ မိန်းမကြီးအသံ၊ လေကအထက်စီး အမြင့်က။ ဖြစ်ဖို့ ရာနှုန်းပြည့် ဖြစ်နေသူကတော့ ဦးမြတ်ဘုန်းရောင် အမေ ဒေါ်မြစိမ်းပင် လို့ ခေါင်ခေါင်က တဖျတ်ဖျတ် တွေးပြီး ဖြစ်နေသည်။

ဒီတော့ သူ့ရဲ့ "အခုပြောနေတာ ဘယ်သူလဲကွယ့်" ဆိုတဲ့ သဘာဝမကျတဲ့ ခပ်စီးစီး မေးခွန်းကို ဇွဲမယူဘဲ …

"အခု ပြောနေတာက ဦးကျော်ခရဲ့တူမ ပန်းခေါင်ရန်းပါရှင်၊ အန်တီက ဘယ်သူနဲ့ ပြောချင်လို့ပါလဲရှင်"

ခေါင်ခေါင့် စကားကြောင့် သုန်သုန်လည်း ခေါင်းထောင် နားစွင့်လာပါသည်။ ယဉ်ကျေးလိုက်တဲ့ အသံပါလား။ ချိုသာပျူငှာပြီး ဖော်ရွေသိမ်မွေ့လိုက်သည်မှာ နှစ်သံမရှိ။ တန်တော့ တစ်ဖက်က "အန်တီ"ဆိုတာဟာ ဦးဘုန်း အမေမွေးလား။ သုန်သုန်သည်လည်း ခေသူမဟုတ်ပေတကား။ ထိုစကားသံလေသံ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြားတောင်မှ မကြားရဘဲနှင့် ခေါင်ခေါင့်ကို ကြည့်ရှုနားစွင့်ရုံနှင့်ကိုပင် မှန်းဆနိုင်နေပေပြီ။

"ဦးကျော်ခက တူမနှစ်ယောက် ရှိတယ် ဟုတ်လား၊ အဲဒီမှာ နေကြတယ် ဆိုတာလေ"

"ဟုတ်ကဲ့ပါ အန်တီ၊ ခေါင်ခေါင်က ဦးဦး ဦးကျော်ခ တူမပါ။ နောက်တစ်ယောက်က အန်တီလှိုင့် တူမပါ"

"ဪ ... ဪ ... လှိုင်လှိုင့် တူမလား"

"ဟုတ်ကဲ့ပါ"

"သမီးတို့ အသက်တွေက ဘယ်လောက်ရှိကြပြီလဲကွယ့်"

"နှစ်ဆယ့်တစ်ထဲမှာပါ အန်တီ"

"ကျောင်းတက်နေတယ် ဟုတ်လား၊ ဘာကျောင်းတက်နေကြတာလဲ"

"ခေါင်ခေါင်က ဆေးတက္ကသိုလ် တက်နေတာပါ အန်တီ၊ သာ့ဒ်အမ်ဘီမှာပါရှင်"

"ဪ ... ဆေးကျောင်းတက်နေတာကိုး"

"ဟုတ်ကဲ့ပါရှင်"

"နောက်တစ်ယောက်ကော တူတူပဲလား"

"သူက ကွန်ပျူတာတက္ကသိုလ် တက်နေပါတယ် အန်တီ"

"ဪ ... ပညာအတော်လေးတွေပဲ၊ သူကကော နာမည်ဘယ်လိုခေါ်တုန်း"





"သည်းမိုးသုန်ပါရှင်"

"ဪ ... နာမည်လေးတွေကလည်း ချစ်စရာလေးတွေနဲ့ကိုး၊ စကားပြောလေးတွေလည်း ယဉ်ကျေးကြပုံရတယ်၊ အန်တီ ဘယ်သူလဲ သိသလားကွယ့်"

"မသိပါဘူးရှင်"

"အန်တီက မြတ်ဘုန်းရောင် အမေကွယ့်၊ မြတ်ဘုန်းရောင် သိလား"

"ဟုတ်ကဲ့ ... ဦးဘုန်းက အခု အိမ်မှာတည်းနေတော့ သိပါတယ်"

"အင်း ... အင်း ...၊ သူ ဘယ်နေ့က ရောက်သလဲ"

သူ့သား ဘယ်နေ့ကရောက်လဲ သူ့အမေက ဘာကြောင့် မသိတာလဲ လို့တော့ ခေါင်ခေါင် တွေးမိပါသည်။ အဘွားကြီး ချက်ကင်လုပ်နေတယ်လို့တော့ မသိပါ။

"ဗုဒ္ဓဟူးနေ့က ရောက်တာပါ အန်တီ"

"ဪ ... အေး ... ဟုတ်ပြီ၊ အခုရှိလား"

"ဦးဘုန်း စက်ရုံသွားပါပြီ အန်တီ၊ အန်တီ အခုစကားပြောချင်ရင် ဟဲန်းဒ်ဖုန်းကို ဆက်မှရပါတော့မယ်၊ ညနေစောင်းမှ ပြန်ရောက်မှာပါရှင်"

"အေး ... အေး၊ ဟဲန်းဒ်ဖုန်း ဆက်လိုက်ပါ့မယ်၊ အန်တီက အိမ်ကိုအရင် တမင်တကာ ဆက်ကြည့်တာပါ"

"ခုနလေးတင် ထွက်သွားတာပါ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ... ဟုတ်ပြီ၊ နေဦး ... ခုနမိန်းကလေး နောက်တစ်ယောက် ... ဘယ်သူ ! ! လှိုင်လှိုင့်တူမ ဆိုတာ"

"သုန်သုန်ပါ အန်တီ"

"ခေါ်စမ်း ... အဲဒီ သုန်သုန်ကို၊ ရှိလား"

"ဟုတ်ကဲ့ ... ရှိပါတယ်"

ဦးမြတ်ဘုန်းရောင် အမေနှင့် သူ တာဝန်ယူစကားပြောနေရတာကို သဘောကျနေတဲ့ ခေါင်ခေါင်ဟာ သုန်သုန့်ကိုခေါ်တယ်ဆိုတော့ သိပ်မကျေနပ်ချင်။ ဘာပြောစရာ လိုလို့လဲ။ ဦးမြတ်ဘုန်းရောင်ဟာလည်း တကယ်တော့ ဦးဦးနဲ့သာ ငယ်ကတည်းက ရင်းနှီးတာ။ ဒီတော့ ဦးဦးတူမရင်းဖြစ်တဲ့သူကဲ ပိုပြီးသက်ဆိုင်အရေးပါတယ်လို့ ခေါင်ခေါင်က ယူဆသည်။ ရှေ့ကိုလည်း ပြောစရာ ဆိုစရာရှိ သူပဲ ဦးဆောင်ပြောဆိုပြီး သူနဲ့ပဲဆက်ဆံသွားဖို့ ကြံရွယ်စိတ်ကူးနေတာမို့ အင်တင်တင် ဖြစ်သွားရင်း လွှတ်ခနဲ ...

"အန်တီ ဘာပြောမလို့လဲ မသိဘူး"

ကြားကနေ စွက်စွက်ဖက်ဖက်အရာကို ရောက်သွားတာကိုပင် ခေါင်ခေါင် သတိမမူလိုက်မိပါ။ ဒေါ်မြစိမ်းကတော့ ဤသို့ ပြန်မေးလိုက်တဲ့ မေးခွန်းကြောင့် ဤယဉ်ကျေးလှပတဲ့မိန်းကလေးကို အင်ခနဲ တစ်ချက်စိတ်ပျက်သွားရပါသည်။ နောက်တစ်ယောက်ကို ဘာပြောမလို့လဲဆိုတာ သူက ဘာဝင်မေးစရာ





လိုသလဲ။ လေသံက ပြောစရာရှိရင်တောင် သူကတစ်ဆင့် ဖြတ်သန်း ပြောဆိုရတော့မလို။

"အန်တီက သူနဲ့ ပြောချင်တာပါ"

ခေါင်ခေါင်သည် အောင့်သက်သက်နှင့် ...

"ဟုတ်ကဲ့ ... ကိုင်ထားပါ အန်တီ"

ဖုန်းကိုဘေးချလိုက်ရင်း လက်ဝါးနှင့် အုပ်ထားကာ ...

"သုန်သုန်"

"ဘာလဲ"

"ဘာလဲလုပ်မနေနဲ့၊ နင်နဲ့ပြောမယ်တဲ့ ... လာ"

"ငါနဲ့ ဘာလို့ပြောရမှာလဲ၊ ငါနဲ့ သူနဲ့ သိမှမသိဘဲ၊ ဘာပြောစရာရှိလို့လဲ"

"ဟဲ့ ... ဘယ်သိမလဲ၊ ဘာပြောမှာလဲ ဆိုတာ နင် နားထောင်မှ သိမှာပေါ့၊ လာပါဆိုမှ"

"နင် ဘာတွေသွားပြောလို့ သူက ငါ့ကို ခေါ်တာလဲ"

"ဩော် ... ငါ ဘာတွေပြောနေသလဲ နင်အသိဆုံးပဲလေ၊ နင် ဘေးကကြားနေတာပဲဟာ၊ သူ့ဟာသူ ခေါ်တာ၊ မြန်မြန်လာ"

သုန်သုန်သည် ယနေတဲ့လက်ကို ဘောင်းဘီနောက်အက် ဘေးဘက်တွေမှာ ပွတ်ပွတ်သုတ်ရင်း စိတ်ရှုပ်ရှုပ်လေးလှမ်းလာပါသည်။ ဘာကြောင့်မှန်း မသိ။ ဦးဘုန်းအမေ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပဲ ကြောက်သလိုလို လန့်သလိုလိုဖြစ်ကာ လက်ဖျားတွေတောင် အေးချင်လာပါသည်။ ရင်တွေလည်း ခပ်တုန်တုန်နှင့် ဖုန်းကိုကိုင်ကာ ...

"ဟဲလို"

"ဩော် ... လှိုင်လှိုင့်တူမလေးလား၊ ဟုတ်လား"

"ဟုတ်ကဲ့ပါရှင်"

"သမီး အန်တီ့ကို သိလား"

"ဦးဘုန်းရဲ့ မေမေလားရှင်"

"အေး ... ဟုတ်တယ်၊ ဒေါ်မြစိမ်းလေ၊ ကြီးကြီးလား"

"ဟုတ်ကဲ့၊ သိပ်သိပ် သိပါတယ်၊ ဘွားဘွား အသုဘတုန်းက လာတာ မှတ်မိပါတယ်ရှင်"

"အေး ... ဟုတ်တယ်ကွယ့်၊ သမီးက သိသားပဲ၊ ညည်း အဖေရဲ့အမေနဲ့မှ အန်တီက မိတ်ဆွေတွေ၊ သမီးဘွားဘွား က အန်တီ့ထက်တော့ ကြီးတာပေါ့၊ အန်တီတောင် တကယ် တော့ မခေါ်သင့်ပါဘူးကွယ်၊ ကြီးကြီးပေါ့၊ ဟုတ်ဘူးလား"

"ဟုတ် ... ဟုတ်ကဲ့ ကြီးကြီး"

"အေး ... ကြီးကြီးက သမီးအဖေ ကိုမင်းသုန်နဲ့လည်းခင် တော့ သမီးအမေ ခိုင်နိုင်ကို ပိုသိတယ်၊ လှိုင်လှိုင်တော့ သိတော့ သိတယ်၊ အရင်းချာကြီး မဟုတ်ဘူးပေါ့၊ သမီးက ကွန်ပျူတာတက်နေတယ် ဟုတ်လား"



"ဟုတ်ကဲ့ပါ ကြီးကြီး"

"မြတ်ဘုန်းရောင်ကိုရော သမီး သိလား"

"ဟို ... ဟုတ်ကဲ့၊ ဟိုမှာ တစ်ခါ နှစ်ခါလောက်တော့ မြင် ဖူးပါတယ်၊ သမီးက ကိုးတန်းအောင်ကတည်းက ရန်ကုန် ရောက်နေတော့ သေချာကြီးတော့ မသိပါဘူး ကြီးကြီး၊ ကြီးကြီးကိုသာ အသုဘတုန်းက အိမ်လည်းလာ သုသာန် ကိုလည်း လိုက်ပို့ခဲ့လို့ သမီး မှတ်မိနေတာပါ"

"ဘယ့်နှယ်လဲ၊ သမီးတို့ ဦးဘုန်း ညနေကျ မိုးချုပ်သလား"

"မချုပ်ပါဘူး ကြီးကြီး၊ ခြောက်နာရီလောက်ဆိုရင် ပြန် ရောက်ပါတယ်"

"သူ့ညီသည်တွေ ဘာတွေ အိမ်လာသေးလား"

"ဟင့်အင်း ... မလာပါဘူး ကြီးကြီး"

"ဖုန်းတွေ ဘာတွေ ဘယ်သူနဲ့ပြောသလဲ"

"ရှင် ...၊ အဲဒါတော့ သိပ်သိပ်လည်း မသိပါဘူး ကြီးကြီး၊ ဒီအိမ်ဖုန်းကိုတော့ မဂေါပါဘူး၊ ဦးဘုန်း ရောက်ပြီး နောက် နေ့ ဦးဦးနဲ့ အန်တီလှိုင် ဦးဘုန်းဆီ ဖုန်းဆက်ပြီးစကား ပြောကြတာ တစ်ခါပါပဲ၊ ဟို ... ဟန်းဒ်ဖုန်းကျတော့ ပြော မပြော ဘယ်ကဖုန်းလာလဲ သိပ်သိပ် မသိပါဘူး"

"အေးပေါ့ ... အေးပေါ့၊ သမီး ဘယ်သိပါ့မလဲ၊ သမီးကို ကြီးကြီးက တာဝန်တစ်ခုလောက် ပေးချင်တယ် ရမလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဟုတ်ကဲ့ ရပါတယ်"

"သမီး လုပ်ပေးနိုင်မလား"

"ဟုတ်ကဲ့ ... လုပ်ပေးပါ့မယ် ကြီးကြီး"

"မြတ်ဘုန်းရောင် အပြင်တွေ ဘာတွေ သွားနေတုန်းတော့ သမီးလည်း ဘယ်သိနိုင်မလဲ၊ အိမ်မှာရှိတုန်း သူ့ဆီ ဖုန်းတွေ ဘာတွေ လာရင် အိမ်ဖုန်းကိုပဲဖြစ်ဖြစ် ဟဲန်းဒ်ဖုန်းကိုပဲဖြစ်ဖြစ် ဘယ်သူဖုန်းဆက်လဲ မသိမသာ နားထောင်ပြီး စူးစမ်းကြည့်စမ်း၊ သူ ဒီဘက်ကပြောနေတဲ့စကားသံ ကြားရင် နာမည်တွေ ဘာတွေ ပါလာနိုင်တာပဲ၊ ဘယ်သူလဲ မှတ်မှတ်ထား၊ ကြားလား သမီး"

"ဟုတ် ... ဟုတ်ကဲ့"

"ဘာတွေပြောလဲလည်း နားစွင့်ထားပေါ့၊ သူ့နားတကပ်ကပ်နေ၊ ဆိုလိုတာက စပ်စပ်စုစု လုပ်နိုင်တာ သမီးရယ်၊ သဘောပေါက်လား"

"ဟုတ်ကဲ့ ကြီးကြီး"

"သမီးတို့ ဦးဘုန်း ... မြတ်ဘုန်းရောင်မှာ မိန်းမအရှောင့် အယှက် ရှိတယ်၊ သဘောပေါက်လား သမီး"

"ဟုတ်ကဲ့"

"ရန်ကုန်ရောက်နေတုန်း ကြီးကြီးက မျက်ခြည်ပြတ်နေတော့ မသိနိုင်ဘဲ ဖြစ်နေတယ်၊ ဟို ... ခေါင်ခေါင်ဆိုတဲ့ ကလေး





မလေးတော့ ကြီးကြီးက မခိုင်းလိုက်တော့ဘူး၊ သူ့မိဘတွေ ဘာတွေနဲ့လည်း ကြီးကြီးက မခင်လို့လေ၊ သမီးကျတော့ အဘွားကနေစပြီး သမီးအဖေအမေကိုလည်း ကြီးကြီးကသိတယ်၊ ဒါကြောင့် ကြီးကြီး ဖြစ်ချင်တာလေး အကူညီတောင်းရတာ၊ သူ့ဆီလာတဲ့ဖုန်းတွေ ... ကဲလေ ... ရှင်းရှင်းပဲပြောမယ် သမီးရေ၊ နန်းဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ မြတ်ဘုန်းရောင် အဆက်အသွယ် ရှိမရှိ ကြီးကြီးသိချင်တယ်၊ 'နန်း'တဲ့၊ မှတ်မိတယ်နော်"

"ဟုတ်ကဲ့"

သုန်သုန့် မျက်နှာလေးမှာ တစ်မျိုးလေး ငြိမ်သက်တွေဝေသွားရပါသည်။ မမျှော်လင့်ဘဲ ဦးဘုန်းရဲ့မေမေ ပေးအပ်တဲ့ တာဝန်ကို ကြားသိရတော့ ရင်ထဲတစ်မျိုး ခံစားရပါသည်။ "နန်း"ဆိုတဲ့ မိန်းမတစ်ယောက်နှင့် ဦးဘုန်း ဆက်သွယ်မှာကို သူ့အမေက မကြိုက်တဲ့သဘောမျိုး ဖြစ်သည်။ "နန်း"ဆိုတာ သူနဲ့ ဘယ်လိုပတ်သက်ပါလိမ့်။

သူ့အမေသဘောမတူတဲ့ သူ့ချစ်သူများလား။

အဲသလို တွေးလိုက်မိတာနှင့် သုန်သုန့် ရင်ထဲ အားငယ်သလိုလို ဖြစ်ရသည်မှာ ဘယ်လိုကြောင့်နည်း။

"သမီး ဦးဘုန်းနဲ့ ခင်ခင်မင်မင်နေပေါ့၊ ကိုယ့်ဦးလေးသားချင်းတစ်ယောက်လို သဘောထားပေါ့ သမီးရယ်၊ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား၊ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနေတော့ သူ့ကိုစွဲတွေ သိရနိုင်တာပေါ့၊ သမီးကို ကြီးကြီးက ခုတစ်ထိုင်တည်း စကားပြောကြည့်ရင်းနဲ့ကို စိတ်ချတယ်၊ ကြီးကြီးသားကို မဟုတ်တရုတ် မိန်းကလေးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်မှာ စိတ်ပူလို့ပါ၊ ကြီးကြီးကို ကူညီမှာ မဟုတ်လား သမီးလေး”

“ဟုတ်ကဲ့ပါ ကြီးကြီး”

“အေး ...၊ ကြီးကြီး တစ်ခါတစ်ရံ ဖုန်းဆက်မယ် သိလား”

“ဟုတ်ကဲ့”

“ကဲ ... ဒါဆိုရင် ကြီးကြီး ဖုန်းချပြီ”

“ဟုတ်ကဲ့ ကြီးကြီး”

သုန်သုန်က ဖုန်းကို ပုခက်ပေါ် ခပ်ဖြည်းဖြည်း ပြန်တင်လိုက်ပါသည်။ သုန်သုန်ရဲ့ ငေးငေးတွေးတွေး အမူအရာလေးကို စူးစူးရဲရဲ လက်ပိုက်ကြည့် အကဲခတ်နေတဲ့ ခေါင်ခေါင်မှာ ရင်ထဲ ကျလိ ကျလိ နေအောင် စိတ်ဝင်စားမှုတွေ ရင်ထဲ အလုံးအရင်း ရုန်းကန်ထကြွနေသည်။ သူ့ဒွေးမ အဘွားကြီး သုန်သုန့်ကို ဒီလောက်ကြာအောင် ဘာတွေပြောနေတာလဲ။

ပြောနေတာကို နားထောင်ရင်း နားထောင်ရင်း သုန်သုန့် အမူအရာလည်း ပြောင်းလာတာ။ ပထမ ဖုန်းလာပြောတုန်းက သူ့ကို စကားခေါ်ပြောလို့ တအုံ့တသြ အံ့အားသင့်နေ





တဲ့ ရုပ်လေးကနေ တဖြည်းဖြည်းနှင့် ခပ်ငိုင်ငိုင်လေး ဖြစ်ဖြစ်လာတာ။ ခေါင်ခေါင်နှင့် စကားပြောတုန်းကတော့ စကားကောင်းတွေ ဖဲ ပြောတာပါ။ သုန်သုန့်ကိုတော့ ဘာတွေများပြောလို့ပါလိမ့်။ ခေါင်ခေါင်က အောင့်မနေနိုင်တော့ဘဲ ...

“ဟိတ် ... သုန်သုန်”

“ဟင်”

“နင် ဘာဖြစ်သွားတာလဲ၊ နင့်ကို အဘွားကြီးက ဘာတွေ ပြောတာလဲ”

“ဘာမှ မဟုတ်ပါဘူး”

သုန်သုန်က ခေါင်ခေါင့်ကို သိပ်မသိစေလိုသေးပေ။ သုန်သုန် ကိုယ်တိုင် စိတ်ထဲလေးတေးတေးနှင့် ဘာလုပ်မယ် သေချာ စဉ်းစားနိုင်သေးတာ မဟုတ်။ ရုတ်တရက်အတွင်းတွင် ဖိန့်ဖိန့်ရှည်ရှည်လေးနှင့် ပါးကလေး နုတ်ခမ်းကလေးတွေ နီထွေးသော ဦးဘုန်းကို သုန်သုန် ခင်မင်နှစ်လိုခြင်းနှင့် တစ်ဖက်သတ် ရင်းနှီးသော စိတ်ထားမျိုး ရှိနေပါလားဆိုတာ ဘွားခနဲသိလာရသည်။

ဦးဘုန်းကို မဟုတ်တရုတ် မိန်းမတွေ နှောင့်ယှက်နေတာ မှန်ရင်တော့ ဦးဘုန်းအမေကို ပြန်ပြောလိုသော်လည်း ဦးဘုန်းရဲ့ချစ်သူကို (ဥပမာ ... ဆင်းရဲလို့ စသဖြင့်) သဘောမတွေ့တာ ဆိုရင်တော့ သုန်သုန်က အတို့အထောင် မလုပ်ချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းကို သနားမိသေးသည်။ လူဆိုတာ အဆင့်အတန်း တူတူ မတူတူ ချစ်ရင်ချစ်မိမှာပဲပေါ့။

သူ သဘောမတူတဲ့ မိန်းကလေးမို့ တစ်ဖက်လှည့်နှင့် သုန်သုန့်ကို ထောက်လှမ်းခိုင်းတာမျိုး ဆိုရင်တော့ သူ ဘာလို့ မနှစ်သက် သဘောမတူလဲကို သုန်သုန်က အရင်သိချင်သေးသည်။ အကျင့်မကောင်းလို့၊ ဦးဘုန်းကို ချူချပိုင်းလုံးလုပ်မှာမို့ စသဖြင့် မကောင်းတဲ့ဇာတ်ကြောင်းနဲ့ ဆိုရင်တော့ ပြန်တိုင်သင့်သည်ထင်သည်။ သူတို့ချင်း ရိုးရိုးကလေး ချစ်ကြတာကို အပြစ်မရှိဘဲနဲ့တော့ ဦးဘုန်း အမေထံ သုန်သုန် တိုင်မပြောလို။

ဤစေတနာဟာ ဦးဘုန်း အပေါ် ရတ်တရက် အလိုအလျောက် ပေါက်လာတာ။ ဤစေတနာနှင့် တစ်ပြိုင်နက် လွှမ်းသွားသလိုလေး တစ်မျိုးကလေးလည်း ခံစားဆွေးမြည့်ရသလိုပင်။ ဒီတစ်ခါပြန်ရင် အဲဒီ ပါးအို့နီလေးကို ရှာဖွေမည်လို့ စဉ်းစားထားတဲ့ သုန်သုန်လေ။ သူ့မှာ ချစ်သူရှိတယ်ဆိုရင် ... ...။

"ဟိတ်"

"အာ ... ဘာလဲဟ၊ လန့်လိုက်တာ"

"နင် ဘာတွေငိုင်ငေးနေတာလဲ"

"ဘာမှ မငိုင်ဘူး"

"နင့်ကို အဘွားကြီး တစ်ခုခု ပြောတယ်"

"မပြောဘူး"



"ပြောကို ပြောတယ်"

"တစ်ခုခုတော့ ပြောတာပေါ့ဟဲ့၊ နင် ဆိုလိုနေတဲ့ ထူးထူးခြားခြားတွေတော့ ဘာမှမပြောဘူး"

"ပြောတယ်ဆိုတာ ဘာတွေလဲ"

"သူ့ကို အန်တီမခေါ်နဲ့၊ ကြီးကြီးခေါ်တဲ့၊ ကြီးကြီးအရွယ်ရှိတယ်တဲ့"

"နောက်ကော"

"ငါ့အဘွားတို့ အဖေအမေတို့ အကြောင်းတွေ မေးမြန်းပြောဆိုနေတာ"

"ဒါပဲလား"

"ဒါပဲပေါ့"

"မယုံဘူးဟာ"

"မယုံလည်းနေဟာ၊ ဘာဖြစ်နေတာလဲ၊ ဘာလို့ ဒီလောက်သိချင်နေရတာလဲ၊ တစ်ခါတည်း"

"နင့်ပုံစံက သိသာတာကိုး၊ တစ်ခုခုကို တွေးသွားတာအသိသာကြီး"

သုန်သုန်က ခေါင်ခေါင့်ကို ကြည့်လိုက်ရင်း ...

"အေး ... တစ်ခုတော့ ပြောတယ်"

"ဘာလဲ"

"ဦးဘုန်းနဲ့ သမီး ရင်းရင်းနှီးနှီး ခင်ခင်မင်မင် နေပါတဲ့၊ သူ့နား တကပ်ကပ်နေတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ခေါင်က လုံးဝမယုံကြည်နိုင်တဲ့ မျက်လုံးကြီးနှင့် "မဖြစ်နိုင်တာ"ဆိုတဲ့ ပုံစံမျိုး သုန်သုန့်ကို မျက်စောင်းထိုးပါသည်။

"ဘာလဲ ... မနာလိုတာလား"

"ဘာမှ မနာလိုစရာ မရှိဘူး၊ ဖြစ်မှ မဖြစ်နိုင်တာ၊ မယုံပါဘူး"

ခေါင်ခေါင် မယုံနိုင်လောက်အောင် ဖြစ်နေတာကိုက သုန်သုန့်အတွက် ပိုပြီးအားရစရာဖြစ်ကာ သုန်သုန်က ခေါင်းကို မော့လှန်ကာ ရယ်မောပစ်လိုက်ပါသည်။

"နင်မယုံလည်း မတတ်နိုင်ဘူး ခေါင်ခေါင်ရေ"

"နင့်ကိုမှပဲ အဘွားကြီးက သူ့သားနဲ့ ရင်းရင်းနှီးနှီးနေဖို့ မှာရတယ်လို့၊ နင်က ဘာဖြစ်နေလို့လဲ"

ခေါင်ခေါင်က တကယ့်ကို မယုံပါ။ အဘွားကြီးဟာ သူတို့နှစ်ယောက်တည်းမှာ ပိုသဘောကျချင်းကျ ခေါင်ခေါင့်ကို သာ ကျရမယ်လို့ ခေါင်ခေါင် ထင်သည်။ ခေါင်ခေါင်က ဦးကျော်စွာ ရဲ့ညီ ဦးကျော်မင်းရဲ့သမီး။ ပြီးတော့ ဆေးတက္ကသိုလ် တက်နေ တဲ့ ဆရာဝန်လောင်းလေး။ သုန်သုန်က ဘာများပိုသဘောကျစရာ ရှိတာမို့လဲ။

သုန်သုန်က အူလှိုက်သည်းလှိုက်သာ ရယ်နေတာ မို့ ခေါင်ခေါင် ဒေါသထွက်လာသလို ...





"နောက်တစ်ခါ ငါ မေးကြည့်ရမလား"

"ဟာဟာ ... နင် မေးရဲလို့လား၊ ကျွန်မကိုကျတော့ ဘာဖြစ်လို့ ရင်းရင်းနှီးနှီး မနေခိုင်းတာလဲဟင်လို့၊ တကယ် မေးရဲလား"

"အဲဒီလို မေးစရာလား၊ ငါကပဲ သူ့သားနဲ့ ရင်းနှီးချ သလို ဖြစ်နေမှာပေါ့၊ သူ့ဒွေးမင်းမကလို့ ဘာဖြစ်ဖြစ် ငါက ငါ ရင်းနှီးချင်တဲ့သူနဲ့မှ ရင်းနှီးတာ"

"သေချာလား"

"နင်ကသာ ရင်းနှီးချင်နေတာ၊ သူ့ရှေ့မှာ မိန်းမပီသ [illegible]ပါတယ် ဆိုပြီး ကြမ်းတိုက်ပြချင်ရတာနဲ့၊ နင့်ဟာနင် သွာ[illegible]ချင် တာကို ငါဘာမှမပြောအောင် ဖာတ့်လမ်းတွေထွင်ပြီး သူ့ အမေကပဲ တရင်းတနှီး နေခိုင်းသလေးနဲ့၊ တော်စမ်းပါ သုန်သုန်ရယ်၊ မသိရင် ခက်မယ်"

မဲ့ပြုံးလေးနဲ့ လှည့်ထွက်သွားတဲ့ ခေါင်ခေါင့်ကို ခေါင်းထဲမရှိတော့ဘဲ သုန်သုန့်ခေါင်းထဲ "နန်း"ဆိုတဲ့ နာမည်လေး တစ်လုံးသာ ပဲ့တင်ရိုက်ခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

"ဟယ်လို ... ဟယ်လို၊ ကြားရလား၊ ကြားရလား ကိုကို"

အပေါ်ထပ်က ဘုန်းသမ္မာရဲ့အသံက ဟိန်းထွက်လာပါသည်။ အိမ်အပေါ်ထပ်က ဖုန်းလိုင်းသိပ်မမိ။ အောက်ထပ်ဧည့်ခန်း သို့မဟုတ် ခြံထဲဆင်းပြောမှ လိုင်းကြည်သည်။ ထင်သည့်အတိုင်း ဘုန်းသမ္မာ နားမှာ ဖုန်းတပ်ကာ ဟယ်လို ... ဟယ်လို အော်ရင်း လှေကားမှ ပြေးဆင်းလာသည်။ ဆင်းလာရင်းလည်း

"ခဏ ... ခဏလေး ကိုကို၊ ခြံထဲသွားပြောမယ်၊ ရတယ် ရတယ်"

ခေါင်ခေါင်က ထမင်းစားခန်းမှာ၊ သုန်သုန်ကဧည့်ခန်းမှာ။ ခေါင်ခေါင်က စာကျက်လျှင် စာအုပ်တွေများစွာတစ်ပြိုင်နက် ဟိုဟာလည်းဖွင့် ဒီဟာလည်းလှန်၊ ဟိုနဲ့ ဒီနဲ့ တိုက်ကြည့်။ အဲသလို ကျက်တတ်သူမို့ ထမင်းစား စားပွဲမှာ စာ





ကျက်လေ့ရှိသည်။ ခြောက်ယောက်စား စားပွဲဟာ သူ့စာအုပ်တွေနှင့် ပြည့်နက်နေလေ့ရှိသည်။

သုန်သုန်ကတော့ ဧည့်ခန်းမှာပင် ကွန်ပျူတာသင်ခန်းစာတစ်ခုကို ဖတ်နေတာ။ ကျက်နေတာ မဟုတ်ဘဲ လေ့လာဖတ်ရှုနေတာပင်။ ဘုန်းသမ္မာ ခြံထဲကို ဖြတ်ပြေးဆင်းသွားတော့ နှစ်ယောက်စလုံး ခေါင်းထောင်သွားပါသည်။ လည်ပင်းလေးတွေဆန့်ကာ ဘုန်းသမ္မာကို လိုက်ကြည့်မိကြပြီးတဲ့နောက် တစ်ယောက်ကို တစ်ယောက်လည်း မသိမသာ ကြည့်လိုက်မိကြပါသည်။

ခေါင်ခေါင်က တစ်ယောက်နဲ့တစ်ယောက် ဖူးကိစ္စ အကြည့်ချင်းဆုံတဲ့အခါ ချက်ချင်းပင် သူ့အကြည့်ကို ရှင် မ်း၍ ခေါင်းကိုပြန်ငုံ့ကာ ပတွတ်၊ ပတွတ်နှင့် စာပြန်ဖတ်နေသည်။ စိတ်မဝင်စားပါဘူးပေါ့လေ။ မဝင်စားရင် နေပေါ့။ သုန်သုန်ကတော့ စိတ်ဝင်စားသည်။ သုန်သုန်သည် ဦးဘုန်းရဲ့ မေမေ့ဒေါ်မြခိမ်းကို ပြန်ပြီးသတင်းပို့မည် မပို့ဘူး သေချာဆုံးဖြတ်မထားပေမယ့် ဦးဘုန်းကို တရင်းတနှီးရှိအောင် ကပ်၍ စပ်စပ်စုစုလုပ်ဖို့ကိုတော့ စိတ်ဝင်စားမှုရှိသည်။

စာအုပ်ကို ဆိုဖာပေါ် ဖျတ်ခနဲချပြီး သုန်သုန်ကထ,ရပ်လိုက်ပါသည်။ သူ့ကို ခေါင်ခေါင် လှမ်းကြည့်တာသိပေမယ့် မမြင်ချင်ယောင်ဆောင်ကာ အိမ်ရှေ့တံခါးဆွဲဖွင့် ဖိနပ်စီးပြီး ခြံထဲကို မယောင်မလည် ဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသမ္မာက ဖုန်းလိုင်းကြည်တဲ့ ကားဂိုဒေါင်ဆီး နေရာမှာရပ်ကာ ဖုန်းပြောနေပါသည်။

"ဟုတ်ကဲ့ ကိုကို၊ သေချာကြားရတယ်၊ ပြောပါ"

"မင်းဆီ မေမေ ဖုန်းဆက်ပြီးပြီလား"

"ဟုတ် ... တစ်ခါပဲ ဆက်တယ်"

"ဘာပြောသေးလဲ"

"ဘာမှ ထူးထူးခြားခြား မပြောဘူး ကိုကို၊ ဒီအိမ်မှာ အဆင်ပြေလား မေးတယ်၊ ဒါလောက်ပါပဲ၊ စကားပြော လိုက်ရတော့ ကိုကို ဒီမှာရှိထယ်ပဲဆိုပြီး ကျေနပ်သွားပုံရ ပါတယ်"

"မင်း စကားပြောတာ ပီရိရဲ့လား"

"ဟုတ်ကဲ့ ပီရိပါတယ်"

"မင်းဆီ ထပ်ဆက်လိမ့်ဦးမယ်၊ ဒီနေ့ ကိုကျော်ဋ္ဌေးကို ဖုန်းဆက်ပြီး မေမေ မေးနေတယ်၊ ဘုန်းသမ္မာ ဘယ်ရောက် နေလဲတဲ့၊ မိုးကုတ် ခဏပြန်တယ် ပြောထားတယ်၊ မင်း ဆီ ဆက်မေးလာရင် စကားညီအောင် ပြောပြထားတာ"

"ဟုတ်ကဲ့၊ မိုးကုတ်မှာ အလုပ်ကိစ္စရှိလို့ လွှတ်ထားတယ် လို့ ကျွန်တော်လည်း ပြောလိုက်ပါ့မယ်"

"ငါက အခု ဟိုတယ်မှာ၊ ကိုယ်ထင်ပြလို့ မရတော့ ကိုကျော်ဋ္ဌေးနဲ့ပဲ ဖုန်းပဲဆက်ပြီး ညွှန်ကြားနေရတယ်၊ ငါ





နန်းကိုလည်း သိပ်စိတ်ပူနေတယ်၊ လားရှိုးမှာလည်း မရှိ၊ သူ့ဆွေမျိုးအားလုံးကလည်း လုံးဝပြန်မလာဘူးပြောတော့ ငါကတောင် သူတို့စိတ်ပူမှာစိုးလို့ လျှော့ချရသေးတယ်၊ အဲဒီက ငါ့မိတ်ဆွေနဲ့လည်း တစ်ဖက်လှည့်နဲ့လျှိုပြီး စုံစမ်း ပြီးပြီ၊ တကယ် ပြန်ရောက်မလာတာ၊ ဘယ်ကိုလိုက်ရင် ကောင်းမလဲဆိုတာ စဉ်းစားနေတယ်၊ မထင်တဲ့ တစ်နေရာ ရာကို သွားပုန်းနေနိုင်တယ် ...

မွန်မွန်တို့ကိုတောင် လားရှိုးပဲ ပြောသွားတာဆိုတော့ ဘယ်သူ့ကိုမှ သူ ဘယ်သွားမယ် တိုင်ပင်ခဲ့မှာ မဟုတ် ဘူး၊ သူ့မှာက အမျိုးရင်းလည်း တခြားမှာ ရှိတာ မဟုတ် ဘူး"

"သူငယ်ချင်းတွေရော ကိုကို"

"အေး ... အဲဒါပဲ ရှိတယ်၊ ငါ သေချာစဉ်းစားတော့ သူပြောဖူးတဲ့ထဲမှာ သူ့ငယ်သူငယ်ချင်း တစ်ယောက်က အိမ်ထောင်ကျပြီး အင်းလေးမှာ ရှိနေတယ်၊ နောက်သူငယ် ချင်းတစ်ယောက်ကတော့ ရန်ကုန်မှာ အမျိုးရှိတော့ ရန်ကုန် သွားပြီး အလုပ်လုပ်နေတယ်ဆိုတာ ပြောသံကြားဖူးတယ်၊ အဲသလောက်ထက်လည်း ဘာမှပိုမသိဘူးကွာ ...

ဒီတော့ ငါစဉ်းစားတာက ငါ အင်းလေးကို လိုက် သွားမယ်၊ ဒီလိုပဲ 'လျှောက်စုံစမ်းရမှာပေါ့၊ မင်းကတော့



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ရောက်လက်စ ဖြစ်နေပြီဆိုတော့ ရန်ကုန်မှာ သွားရင်း လာရင်း မျက်စိဖွင့် နားစွင့်ပြီး နည်းနည်းစုံစမ်း,စမ်း ကွာ၊ မမျှော်လင့်ဘဲ လမ်းပေါ်မှာ သွားတိုးနေတာမျိုး မဖြစ်ဘူးလည်း မပြောနိုင်ဘူး မဟုတ်လား"

"ဟုတ်ကဲ့"

"တကူးတက လိုက်ရှာဖွေတာမျိုးတော့ မလိုအပ်ပါဘူး ရှာဆိုရင်လည်း မင်း ဘယ်ကစပြီး ဘယ်မှာရှာရမ သိမှာမဟုတ်ပါဘူး၊ ကြုံရင် ကြုံသလိုပေါ့ကွာ၊ ကောက် ပုံထဲကျသွားတဲ့ အပ်တစ်ချောင်းလိုပဲ ဖြစ်နိုင်ချေနည်းနည် တည်းကနေပဲ ကြိုးစားရှာကြရတော့မှာပဲ၊ မတွေ့လို့မှ တာ မင်း အသိဆုံးပဲ မဟုတ်လား မောင်ဘုန်း"

"ဟုတ်ကဲ့ ကိုကို"

"အေးကွာ ... နန်းကလည်း စိတ်ကြီးလိုက်တာ၊ စိတ်လို မာန်ပါ လုပ်ရက်လိုက်တာ၊ မေမေကစိတ်ကြီး၊ နန်းက ကြီးနဲ့ ငါ့မှာ ကြားထဲကနေ ပူလောင်နေရတာ စိတ် ဆင်းရဲလှပြီ"

"တစ်နေ့တော့ တွေ့မှာပါ ကိုကို"

"မင်းရော ... အဲဒီမှာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ... ပြေပါတယ်"

"စက်ရုံအခြေအနေကကော"





"ကိုးဆယ့်ခြောက် ရာခိုင်နှုန်းလောက် အားလုံးပြီးစီးနေပါ ပြီ။ ဒီက ကိုကို့ပါတနာ သူဌေးဦးမြအောင် ဆိုတာလည်း တစ်ပတ်ကို နှစ်ခါလာကြည့်ပါတယ်၊ ကျွန်တော်နဲ့စကား ပြောဖြစ်ပါတယ်၊ နောက်လ လကုန်လောက်ဆိုရင် လုပ်ငန်း စတင်လို့ရပြီလို့ ပြောပါတယ် ကိုကို၊ ကိုကိုလည်း အရေး ကြီးအလုပ်ကိစ္စ မထားရစ်နိုင်လို့ နောက်လလောက်တော့ ရောက်ရင် ရောက်လာမယ်ဆိုတာ ပြောထားပါတယ် ...

သူကတော့ အရေးကြီးတာရှိရင် နောက်ဆံမတင်း နဲ့တဲ့၊ ဒီကကိစ္စကို ဘာမှစိတ်မပူနဲ့၊ သူရှိနေတာပဲတဲ့၊ ခက်ခက်ခဲခဲ ရှုပ်ရှုပ်ထွေးထွေးလည်း ဘာမှမ မရှိတာဆို တော့ အေးအေးဆေးဆေးပဲတဲ့"

မြတ်ဘုန်းရောင်ဟာ နောက်ထပ် မိတ်ဆွေ ဌေးရှင် တစ်ယောက်နှင့် အတူပူးပေါင်းကာ လျှိုင်သာယာစက်မှုဇုန်မှာ ဓာတ်တော်ကား ထုတ်လုပ်တပ်ဆင်တဲ့လုပ်ငန်း စတင်နေတာဖြစ် ပါသည်။

"အေးကွာ ... ငါလည်း သိပ်မကြာခင်တော့ လိုက်လာနိုင် ဖို့ မျှော်လင့်တာပဲ၊ မင်း ပျင်းနေပြီလား"

"မပျင်းပါဘူး ကိုကို"

"ကောင်မလေး အပျိုတွေနဲ့ဆိုတော့ နေရထိုင်ရ ကျဉ်းကျပ် နေလား"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကျွန်တော်က နေ့လယ်ဆို လှိုင်သာယာရောက်နေပြီ၊ ခြောက်နာရီကျော်မှပဲ ပြန်ရောက်တာဆိုတော့ သူတို့နဲ့လည်း Breakfast နဲ့ Dinner ပဲ ဆုံပါတယ်၊ သိပ်မျက်နှာချင်းဆိုင်စရာ မရှိပါဘူး"

"ကောင်မလေးတွေက ချောချောလှလှလေးတွေပဲ ထင်တယ်"

"အဲ ... ဟို ... ဟုတ်ကဲ့၊ မဆိုးပါဘူး ကိုကို"

"ဟား ဟား ... မချောနှစ်ယောက် ကိုယ်တစ်ယောက်၊ တစ်အိမ်ထဲ တစ်လကျော်နေလို့တောင်မှ မင်း မစွံသေးဘူးဆိုရင်တော့ ညံ့တာပေါ့ မောင်ဘုန်းရာ၊ အဲဒီထဲက တစ်ယောက်ရဲ့အဘွားက မေမေနဲ့ အတော်ခင်တယ်ကွ"

"ဦးကျော်ခ တူမလား ကိုကို"

"မဟုတ်ဘူး၊ မလှိုင်တူမကွ၊ မင်းက ဘယ်သူနဲ့ပိုခင်လဲ"

ဘုန်းသမ္မာသည် မျက်စိထဲ သုန်သုန့်ကို ဖျတ်ခနဲတော့ မြင်ယောင်ကာ ...

"ဒီလိုပါပဲ ကိုကို၊ တူတူပါပဲ"

"နောက်တစ်ယောက်ကလည်း ဆရာဝန်လောင်းဆို"

"ဟုတ်ကဲ့"

"အမလေးကွာ၊ တက်တက်ကြွကြွ အသက်ပါပါ မရှိလိုက်တာ မောင်ဘုန်းရာ၊ မင်း အ,နေတာနဲ့ပဲ ဒီတစ်သက်



ရည်းစားရော ရဦးမှာလားကွာ၊ ငါ့ခြေရာ နင်းမနေနဲ့၊ ငါက မေမေ ဝင်ဝင်ပါလွန်းလို့ ငြိမ်ငြိမ်ကုပ်ကုပ်ကလေး နေခဲ့ရတာ၊ ကဲ ... ကဲ ... ဒါပဲကွာ၊ မင်းခေါင်းထဲ ထည့်ထားဖို့ နှစ်ခုနော် ... ဟေ့ကောင်"

"ဟုတ်ကဲ့၊ ရောက်လေရာမှာ မနန်း သတင်း နားစွင့်မျက်စိဖွင့်ထားဖို့"

"အေး ... ပြီးတော့ မေမေ ဖုန်းထပ်ဆက်ရင် စကားတွေ ဘာတွေ မမှားဖို့၊ ခုထိတော့ မေမေက သံသယမဝင်ဘူး၊ ကဲ ... ကဲ ... ဒါပဲ"

"ဟုတ်ကဲ့"

ဘုန်းသမ္မာသည် ဖုန်းကိုပိတ်ကာ နောက်ဘက်လှည့်လိုက်လျှင် သူ့ရဲ့နောက်နား ခပ်လှမ်းလှမ်းလောက်မှာ အပင်ကြီးအပင်ကြားထဲ ဟိုလျှောက် ဒီလျှောက် လုပ်နေသော သုန်သုန်ကို လှမ်းမြင်လိုက်ရပါသည်။ သုန်သုန်က လှည့်လာတဲ့ ဘုန်းသမ္မာကို ပြုံးပြလိုက်ရင်း ...

"ခြံထဲမှာ ခြင်ကိုက်တယ်နော်"

"မှောင်လာပြီဆိုတော့ ခြင်တွေ ရှိပြီပေါ့"

"အိမ်ပေါ်မှာ ဖုန်းလိုင်းက မမိဘူးနော် ဦးဘုန်း၊ သုန်သုန်လည်း ဟဲန်းဒ်ဖုန်းနဲ့ ပြောချင်ရင် ခြံထဲဆင်း,ဆင်းပြောရတယ်"

www.burmeseclassic.com

www.burmeseclassic.com



သုန်သုန်က လက်ထဲကိုင်လာတဲ့ ဖုန်းလေးကို ထော
မြှောက်ပြရင်း ပြောပါသည်။

"သြော် ... သုန်သုန်လည်း ဖုန်းဆင်းပြောတာလား"

"သင်တန်းက သူငယ်ချင်းဆီက ဒီအချိန်ဆက်မယ်ပြော
လို့ပါ၊ မဆက်လာသေးဘူး၊ ဦးဘုန်း ဖုန်းပြောနေတာ
ဦးဘုန်း အစ်ကိုနဲ့လား၊ အစ်ကိုရှိလို့လား။ ကိုကို ... ကိုကို
နဲ့ ကြားနေရလို့"

"သြော် ... အဲ ..."

ဘုန်းသမ္မာက `ကမန်းကတန်း စဉ်းစားရင်း ...

"အစ်ကို မရှိပါဘူး၊ ကိုကို မဟုတ်ပါဘူး၊ အစ်ကိုလို့ခေါ်
တာပါ၊ မန္တလေးကလေ အစ်ကိုလိုပဲ ခင်နေတဲ့လူတစ်
ယောက်၊ အလုပ်ကိစ္စ သတင်းမေးတာပါ"

"ဦးဘုန်း အမေဆီ မဆက်ဘူးလား"

"အဲ ... ကိစ္စရှိရင် သူ ... မေမေ ဆက်ပါလိမ့်မယ်"

"ဦးဘုန်းအမေနဲ့ သုန်သုန် နှစ်ခါစကားပြောဖူးတယ်"

"ဟုတ်လား ... သုန်သုန်နဲ့ ဘာတွေပြောလဲ"

"အဟင်း ... ဦးဘုန်း ဘယ်အချိန် အိမ်ပြန်ရောက်လဲတို့
ဘာတို့ မေးတယ်"

သုန်သုန်က သူ့အမေက သူ့ကို နည်းနည်းချက်ကျ
လုပ်တဲ့ သဘောထားရှိကြောင်း အရိပ်အမြွက် သိထားအော
ပြောလိုက်ပါသည်။ ဘုန်းသမ္မာက ပြုံးလျက် သုန်သုန့်ကို ကြည



သည်။ သုန်သုန်ကလည်း ဘုန်းသမ္မာရဲ့အပြုံးကို ပြန်လည်
ကဲခတ်နေပါသည်။ သူနဲ့ စကားအတွဲ့အလှယ်လေး ဖြစ်
န်း သူ့အမေက ရင်းရင်းနှီးနှီးနေဆိုတဲ့ အတိုင်း ရင်းနှီးဖို့
ကြောင်းလေး ဖန်လိုက်ပါဦးမည်။

ဘယ်လိုပင်ဖြစ်စေ ဦးမြတ်ဘုန်းရောင်ကို သုန်သုန့်
ထဲမှာ ရင်းနှီးမှုကလေး ကြိုတင်အသြောင့်ပေါက် ရှင်သန်နှင့်
သား ဖြစ်နေပါသည်။

"ဦးဘုန်းကို သုန်သုန် သိတယ်"

"ဗျာ"

ဘုန်းသမ္မာသည် ကိုယ့်မလုံလဲမှုနှင့်ကိုယ် သုန်သုန့်
သားကို လန့်သွားရပါသည်။

"ဦးဘုန်းကို သုန်သုန် ဆုံဖူးတယ်လို့ ... မန်းလေးမှာလေ"

သုန်သုန်ရဲ့ မန္တလေးကို တစ်ဆက်တည်း ခေါ်သံ
လေးက နားထောင်ကောင်းနေသည်။

"ဦးဘုန်းလည်း မှတ်မိမယ်လို့တော့ သုန်သုန် ထင်တယ်၊
'......'လက်ဖက်ရည်ဆိုင်မှာလေ၊ ဦးဘုန်း ထိုင်တတ်တယ်
မဟုတ်လား"

"အင်း ... အဲ ... ဟုတ်တယ် ... ဟုတ်တယ်"

"တစ်နေ့မှာ သုန်သုန်နဲ့ သုန်သုန့်သူငယ်ချင်း ခင်ဝင်းခေ
နောက်ကနေ ဦးဘုန်းနဲ့ နောက်ထပ်လူနှစ်ယောက် ပါလာ
ဖူးတယ်"

www.burmeseclassic.com

www.burmeseclassic.com



သုန်သုန်က ခွတ်ပြောချလိုက်ပြီး ဘုန်းသမ္ဘာရဲ့ မျက်နှာကို စေ့စေ့စိုက်ကာ ကြည့်နေသည်။ မျက်နှာပေါ်မှာ ဘယ် လိုပြောင်းလဲသွားမလဲ၊ ဖုံးဖိကွယ်ဝှက်လိုက်မလား၊ ငြင်းလိုက်မလား မသိချင်ယောင်ဆောင်မလား။ အပြောင်းအလဲကို မျက်ခြည်မပြတ် စိုက်ကာကြည့်နေသည်။ ကြည့်နေတဲ့ မျက်လုံးလေးတွေထဲ ရှောင် လင့်တကြီး အရိပ်ကလေးကို ဘုန်းသမ္ဘာ မသဲမကွဲ မရဲတရဲ ရှေ့ နေရပါသည်။

သူ စိတ်မကောင်းသလိုလေး ဖြစ်မိသည်။ သူ့ လေး အမှတ်တရ မှတ်မိနေရှာတာပဲ။ အဲဒါကလေးကိုပဲ ကြင် သွားမိတာ။ ဘုန်းသမ္ဘာက ကြည်ကြည်လေး ပြုံးလိုက်ရင်း ...

"ဟုတ်တယ် ... သုန်သုန် မှတ်မိသားပဲ"

သူ မဖုံးဖိ မလိမ်ညာ ဘူးမကွယ်လိုက်တဲ့အတွက် သုန်သုန့်ရင်ထဲ တဖျပ်ဖျပ် လှိုင်းခတ်ကာ ကြည်နူးကျေနပ်သွား ပါသည်။

"ဦးဘုန်းလည်း မှတ်မိတယ်နော်"

"မမှတ်မိဘဲ နေပါ့မလား၊ သုန်သုန်တောင် မှတ်မိသေး ပဲ"

"အဲဒီတုန်းက ဘာဖြစ်လို့ လိုက်လာတာလဲ"

ခွတ်တိုးမေးတဲ့ သုန်သုန်ကြောင့် ဘုန်းသမ္ဘာ မျက်ခုံးရှုံ့လေးနှင့် နဖူးလေးငုံ့ကုတ်ကာ ...



"အတော်ခြေရှုပ်တဲ့ မေးခွန်းပဲ သုန်သုန်ရ"

"မခက်ပါဘူး၊ လမ်းကြုံလို့၊ တိုက်ဆိုင်လို့လား၊ သုန်သုန်တို့ အဲဒီဘက်သွားသလို ဦးဘုန်းတို့လည်း အဲဒီဘက်ကို သွား စရာရှိလို့ ဆိုတာမျိုးပေါ့"

"ဟင့်အင်း ... တိုက်ဆိုင်တာ မဟုတ်ပါဘူး"

သုန်သုန် နှုတ်ဆိတ်သွားကာ ဘာဆက်ပြောရမယ် မသိတော့ပါ။ သတ္တိကောင်းကြီးလုပ်ပြီး သူ့ကို ချောင်ပိတ်ပစ် လိုက်မယ်လို့လေ။ သူက သုန်သုန်တောင် ဘာမှမကြိုးစားရသေး ... ချောင်ထဲကို သူ့ဟာသူ အတင်းတိုးဝင်ကပ် ရပ်နေတော့ သုန်သုန် အခက်တွေ့သွားပါသည်။

"သုန်သုန် စျေးဆစ်တာကို ကျွန်တော်တို့ သဘောကျပြီး ရယ်နေကြတာ၊ ဟုတ်တယ် ...၊ ရယ်ရတယ်၊ သုန်သုန်က အိုက်တင်လုပ်ပြီး မယူတော့ဘူးလိုလို လှည့်ထွက်သွားလိုက်၊ ဟိုကလှမ်းမခေါ်တော့ သူ့ပဲ ပြန်လှည့်လာလိုက်"

"အာ ... ဦးဘုန်းကလည်း၊ ရှက်တောင်လာပြီ၊ ဒါကိုပြန် ပြောမနေစမ်းပါနဲ့"

"ဟင်း ဟင်း၊ ဘာရယ်ကြောင့်တော့လည်း မဟုတ်ပါဘူး၊ ဟုတ်တယ်၊ ကျွန်တော်တို့ နောက်ကပါလာခဲ့ကြတယ်၊ နောက်နေ့လည်း ကျွန်တော် အဲဒီနားက ကားဖြတ်သွားမြင် သေးတယ်လေ၊ အဲဒီအိမ်က သုန်သုန်တို့အိမ်လား ဟိုကောင် မလေး အိမ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဝင်းမေ အိမ်ပါ"

"ဪ"

"ဒုတိယနေ့ တွေ့လိုက်သေးပြီး နောက်တစ်ရက်ကျတော့ သုန်သုန် ရန်ကုန်ကို ပြန်လာခဲ့တယ်"

"ဪ ... "

"ရှင့်ကို ... အဲ ... ဦးဘုန်းကို သာမန်လူရွယ်တစ်ယောက် လိုမျိုးပဲ သုန်သုန်က ထင်မိခဲ့တယ်၊ ဦးဘုန်း ပုံကလည်း ခပ်ရိုးရိုးလေးပဲကိုး၊ အဲဒီလူဟာ မန်းလေးမှာ အချမ်းသာဆုံးနီးပါးလောက်ရှိတဲ့ သူဌေးမင်းတစ်ယောက်လို့ လုံးဝကို မထင်ခဲ့မိဘူး"

သုန်သုန့် အသံလေးက တစ်မျိုးလေး ဖြစ်နေပါသည်။ အပြုံးလေးကိုဆောင်ပြီး ပြောနေပေမယ့် ရင်ထဲ တနုံ့နုံ့လေး ခံစားရတာကိုများ ရိပ်မိသွားတော့မလား။ သာမန်တန်းတူရည်တူ လူရွယ်ကလေးတစ်ယောက် မဟုတ်ဘဲ ဒီလောက်ချမ်းသာလှတဲ့သူ တစ်ယောက် ဖြစ်နေခြင်းဟာ သုန်သုန့် အတွက် ဝမ်းသာစရာ ဂုဏ်တက်စရာ မဖြစ်ခဲ့ပါ။ အံ့သြပြီး စိတ်ဓာတ်အနည်းငယ် ကျဆင်းသွားစေဖို့သာ ဖြစ်ခဲ့သည်။

"အား ... သုန်သုန် အဲသလိုကြီး ပြောလိုက်တော့ ကျွန်တော့်တစ်ကိုယ်လုံးပူပြီး ခေါင်းတွေရော ကျောတွေရော ယားလာသလို ဖြစ်လာတယ်၊ အဲဒီစကားက ကျွန်တော့်ကို





အလားဂျစ်ဖြစ်စေတယ်၊ နောက်မပြောပါနဲ့ဗျာ၊ သူဌေးမင်းကြီး မဟုတ်ပါဘူးဗျာ ... ကျွတ်"

"အဟင်း ... ဦးဘုန်းကလည်း အတော်ရယ်ရတယ်၊ သူဌေးက သူဌေးပေါ့၊ သူဌေးလို့ပြောလို့ ယားလာတယ်ရယ်လို့၊ ဒါပေမဲ့ တကယ်ပြောတာပါ၊ သူဌေးဆိုတာတွေရဲ့ မျက်နှာမှာ မာန်တစ်ခုရှိရင်ရှိ၊ မဟုတ်ရင် အရှိန်အဟုန့်တစ်ခုခုတော့ ရှိကြတယ်၊ စိတ်တော့မဆိုးနဲ့နော်၊ ဦးဘုန်း မျက်နှာက သူဌေးမင်းတစ်ယောက်ရဲ့မာန် အရှိန်အဟုန်မရှိဘူး၊ ဒါပေမဲ့ အဲလိုမရှိခြင်းက ဦးဘုန်းမျက်နှာကို ရိုးသားအေးချမ်းစေတော့ ပိုခင်ဖို့ကောင်းတယ်"

စိတ်ပါလက်ပါ ဝေဖန်ပြောဆိုနေတဲ့ သုန်သုန့်မျက်နှာကို ဘုန်းသမ္မာကလည်း နစ်နစ်မောမော ငေးကြည့်နေမိပါသည်။ ဤမြင်ကွင်းကို အိမ်ပေါ်က ဧည့်ခန်းပြတင်းပေါက်ကနေ တစ်ဆင့် မသိမသာ လှမ်းကြည့်နေတဲ့ ခေါင်ခေါင်ဟာ နေ့ရင်းထိုင်ရင်းက နေ ရင်ထဲမှာ ဒေါသတွေ အလိပ်လိုက် အလိပ်လိုက် လှိမ့်ပြီး တက်လာသည်။

ဦးမြတ်ဘုန်းရောင်ကို သူ့အနေနှင့် လုပ်ခွင့်ရှိတယ် ထင်သလောက် ဘောင်ထဲကနေတော့ လိုလေသေးမရှိ ပြုစုယုယ ဂရုစိုက်သော်လည်း သုန်သုန့်လိုတော့ သူဟာ စကားတွေဖွဲ့ရော မပြောတတ်ပေ။ ဒါကလည်း မွေးရာပါ ဗီဇပင်။ ခေါင်ခေါင်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနဲ့ပဲဖြစ်ဖြစ် စကားပြောဆိုရင် ခပ်ထောင့်ထောင့်နှင့် ဆတ်ပါသည်။ သူများကို အောက်ကျို့ လျှိုပြီးတော့လည်း လုံးဝစကား မပြောတတ်ပါပေ။

သူ့မျက်နှာလေးကိုက ခပ်တင်းတင်းကလေးသာ ထားတတ်တာ။ အလကားနေရင်း ပြုံးပြုံးကလေး ဖြစ်နေအောင်တော့ မျက်နှာကို မထားတတ်ပေ။ သုန်သုန်ကတော့ နဂိုမှေ မျက်နှာကိုက ချိုတာ။

မျက်လုံးဝိုင်းလေးတွေနှင့် ကလေးဆန်တဲ့ အမူအရာ ရှိတတ်သည်။ မောင်နှမထဲမှာ အငယ်ဆုံးမို့ထင်ရဲ့။ ခေါင်ခေါင်ကတော့ မောင်နှမထဲ အစ်မအကြီးဆုံးမို့လားမသိ၊ အဟန့်ရှိတဲ့ မျက်နှာထားမျိုးပဲ အလိုလို ဖြစ်နေပါသည်။

"ဒေါ်ကြီးဆင်"

"အေး ... ခေါင်ခေါင်ရေ"

"ထမင်းခူးတာ ပြီးပြီလား"

"အေး ... ပြီးပြီ"

"ဒါဖြင့် စားဖို့ခေါ်လိုက်တော့မယ်"

ထမင်းစား ဆင်းခေါ်ဖို့ ဒေါ်ကြီးဆင်ကို ကမန်းကတန်း ထမင်းပွဲပြင်ခိုင်းတာ ဖြစ်သည်။ ခေါင်ခေါင်က ခပ်သွက်သွက်ကလေး ခြံထဲဆင်းလာခဲ့ကာ ...

"ဦးဘုန်း ... သုန်သုန်၊ ဘယ်မှာလဲဟင်"





ဂိုဒေါင်နားမှာရှိမှန်း သိပြီးဖြစ်သော်လည်း အခုပေါ်ကနေ လှမ်းကြည့်ထားတာ သူတို့သိမှာစိုး၍ လုံးဝမမြင်သယောင်ဆောင်ကာ အိမ်ရှေ့ဘက်က ဒန်းကလေးဆီမျှော်ကာ အော်ခေါ်သည်။

"ဦးဘုန်းနဲ့ သုန်သုန် အောက်မှာ မဟုတ်လား"

ခြံထဲမှာလည်း မမြင်ဘူးဆိုရင် ဖြစ်နိုင်တဲ့ မှောင်ရိပ်သန်းချိန်မျိုး ဖြစ်နေပါပြီ။ သို့သော် အိမ်ပေါ်ကို အာရုံမပြတ်တဲ့ သုန်သုန်က ခုနကတည်းက ဧည့်ခန်းထဲက ခန်းဆီးစကလေး လှုပ်ခနဲ လှုပ်ခနဲ ဘေးဘက်ရွှေ့ရွှေ့သွားတာကို တွေ့နေခဲ့ပြီးသားမို့ ခေါင်ခေါင် မမြင်ချင်ယောင်ဆောင်တာမှန်း သိသည်။

"ဒီမှာဟေ့"

မှုယာမာယာတွေကို ဆက်မမြင်ချင်၍ အသံပေးလိုက်ပါသည်။ ခေါင်ခေါင်က ချက်ချင်းပဲ သူတို့ရှိရာတည့်တည့် တန်းတန်းမတ်မတ် လှည့်လိုက်ရင်း ...

"ဟယ် ... မှောင်ကြီးထဲ၊ ဦးဘုန်း ခြင်မကိုက်ဘူးလား"

"သိပ်မကိုက်ပါဘူး"

"နည်းနည်းတော့ ကိုယ်တယ်ပေါ့၊ သုန်သုန်ကလည်းဟယ်၊ ဦးဘုန်းကို အပေါ်ခေါ်ပြီးမှ ဧည့်ခန်းထဲ စကားပြောတာ မဟုတ်ဘူး၊ ဦးဘုန်း ခြင်တွေကိုက်ရောပေါ့"

"ခြင်ကိုက်တာပဲဟယ် ရပါတယ်၊ မြွေကိုက်တာမှ မဟုတ်တာ၊ နော် ... ဦးဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဘုန်း မိုက်လည်းဆာနေရောပေါ့"

"ရပါတယ် ... မဆာလှသေးပါဘူး ခေါင်ခေါင်"

"ထမင်းချူးထားပြီးပြီ ဦးဘုန်း၊ စားဖို့ အဆင်သင့်ပဲ၊ လာပါ ... တက်ကြရအောင်"

သုံးယောက်သား ဦးဘုန်းကို အလယ်ကထား၍ အိမ်ဘက်လျှောက်လာကြရင်း သုန်သုန်က တစ်စုံတစ်ခုကို သတိရကာ ...

"ဦးဘုန်းကို တစ်ခု အကူအညီတောင်းရင် ကောင်းမလား မသိဘူး"

သုန်သုန့် စကားကြောင့် ဉာဏ်ပြေးတဲ့ ခေါင်ခေါင်ဟာ ဘာဖြစ်နိုင်တယ် ဆိုတာကို ဒက်ခနဲ တန်း၍မှန်းဆမိလိုက်ပါသည်။ မနက်ကတည်းက ဦးကြီးကျား ဖျားနေသည်။ သုန်သုန်က ဒီနေ့ ကျောင်းကိုသွားမတက်ဘဲ အပြင်မှာ ထပ်တက်တဲ့ ကွန်ပျူတာသင်တန်းကိုတော့ ကားငှားပြီး သွားခဲ့သည်။ ခုထိလည်း ဦးကြီးကျား အဖျားမကျ၍ နက်ဖြန်လည်း သုန်သုန့်ကို ကျောင်းပို့နိုင်ဖို့ မလွယ်။ ဒါကို သုန်သုန် ဆိုလိုတာ။

"အို ... နင်ကလည်း၊ ဦးဘုန်းကို ပြန်ပြီးအကူအညီတောင်းရမယ်လို့"

"ဘာဖြစ်လို့လဲ"

"ဦးဘုန်းက ဧည့်သည်ဟာကို"





သုန်သုန်က မကျေမနပ်လေး နှုတ်ခမ်းဆော်ကာ စကားမဆက်တော့၍ ...

"ဧည့်သည်ဖြစ်လည်း ဘာမှမဖြစ်ပါဘူး၊ ကျွန်တော် ကူညီနိုင်တာ ဘာရှိလဲ ပြောပါ၊ ကျွန်တော်က ဒီအိမ် ၇၁ အခွင့်အရေးတွေနဲ့ လာတည်းခိုနေတာ၊ ဒီအိမ်ကလူတွေကို ကူညီနိုင်တာရှိရင် ပြန်ကူညီချင်တာပေါ့"

"နင့်ကျောင်း မဟုတ်လား သုန်သုန်၊ နက်ဖြန် ငါပို့ပေးမယ်လေ"

သုန်သုန်သည် အသံကျယ်ကြီးနှင့်တောင် အော်ရယ်ပစ်ချင်သည်။ ဒီနေ့တော့ဖြင့် မပို့ပေးဘဲနဲ့။ ဘယ်ငနိုးကမှကို မပို့ပေးဖူးပါဘူး။ အခု ဦးဘုန်းများ ပို့ပေးတော့မလားထင်ကာမှ မပို့ရလေအောင် သူပို့မယ်ဖြစ်တာ။ ဦးဘုန်းနဲ့ သုန်သုန် အတူသွားဖြစ်မှာကို သူ လုံးဝမလိုလားတာ သိလေ သုန်သုန်ကလည်း ဦးဘုန်းနှင့်ပဲ အတူသွားချင်လေ။

"ဦးကြီးကျား နေမကောင်းလို့ ဦးဘုန်းရဲ့"

"ငါပို့မယ်ဆိုရင် ပြီးရော မဟုတ်လား"

"နင်က ငါ့ကို ကျောင်းပို့ပေးဖို့ ဘယ်တုန်းကမှ စေတနာမရှိဖူးဘဲနဲ့ ခုကျမှ ဘာဖြစ်လို့ အတင်းလုပို့ချင်နေတာတုံး၊ အံ့သြစရာကြီးပဲ၊ ကဲ ... ဒါဖြင့် ဒီနေ့မနက်ကျတော့ရော ဘာလို့မပို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"နင်မှ မပြောတာ"

"မပြောလည်းဘဲ နင်သိနေတာပဲဟာ၊ ခုမှပဲ အလုအယက်ပို့မယ်နဲ့"

ခေါင်ခေါင်က သုန်သုန် ပေါ်တင်ပြောချတာကို ဒေါသဖြစ်ဖြစ် မျက်စောင်းထိုးရင်း ...

"အမလေး၊ နင့်များ လုပို့ရဦးမယ်၊ ငါက ဦးဘုန်း ပို့နေရမှာစိုးလို့ ပို့ပေးမယ် ပြောတာ၊ ဦးဘုန်းကို ပို့ပေးခိုင်းဖို့ နင် စိတ်ကိုမကူးသင့်တာ၊ ဦးဘုန်း သွားမှာ လှိုင်သာယာ၊ နင်သွားမှာ မြို့ထဲ၊ ဘယ်လိုမှ အဆက်အစပ်မရှိတာ"

"အဆက်အစပ်ရှိလို့ ငါကလည်း ပြောနေတာ မဟုတ်ပါဘူး၊ တကူးတကကို ပို့ခိုင်းမလို့ ပြောနေတာ"

"နင်ကလည်း ပြောလေ ဆိုးလေ၊ ငါလည်း မြို့ထဲပဲသွားမှာ၊ ငါနဲ့ လိုက်ခဲ့ပေါ့"

"အဲသလို လောကွတ်မျိုး မနက်ကတည်းက အော့ဖာလုပ်သင့်တယ်"

"ကဲပါ ... မနက်ကကို ထားပါတော့"

"အင်း ... ထားပါတော့၊ ဒါပေမဲ့ ငါ နင်နဲ့တော့ နက်ဖြန်မသွားဘူး၊ ဦးဘုန်း မပို့ပေးနိုင်ရင် ငါက ကားငှားပြီးဖြစ်ဖြစ် ဘတ်စ်နဲ့ပဲဖြစ်ဖြစ် သွားမှာ"

"ငါက ဘာဖြစ်နေလို့ ငါ့ကားနဲ့ မလိုက်နိုင်ရတာလဲ"





"ဘာမှမဖြစ်ပါဘူး၊ နင်သွားမှာက မနက်ရှစ်နာရီ၊ ကျောင်းချိန်လေ၊ ငါက သင်တန်းကို သွားမှာဆိုတော့ ဆယ်နာရီမှ တက်မှာ။ ကိုးနာရီခွဲမှ ဒီကထွက်ရင် အတော်၊ အဲဒါကို နင် ဘယ်လိုပို့မလဲ ... ပြော"

"နင် စောပြီးလိုက်ခဲ့ပေါ့၊ သင်တန်းမှာ စောနေရင် ထိုင်နေပေါ့"

"ဟင့်အင်း ... ဘယ်တော့မှ အဲလိုမလုပ်ဘူး၊ တစ်ယောက်တည်း ထိုင်စောင့်နေရမယ့် အလုပ်ကြီး၊ ကဲပါ ... အပူရှာမနေနဲ့၊ ဦးဘုန်း မပို့နိုင်ရင် ငါ့ဟာငါ သွားမှာပါဆိုမှ"

"ကျွန်တော် ပို့ပေးပါ့မယ်"

ခေါင်ခေါင့် မျက်နှာက စူပုပ်နေပါသည်။

"ကျွန်တော် အဲဒီအချိန်မှ စက်ရုံသွားလည်း ဘာမှမဖြစ်ဘူး၊ နောက်ကျလို့လည်း ရတယ်၊ အချိန်အတိအကျ ရုံးတက်နေရတာမျိုးမှ မဟုတ်တာ"

"မြို့ထဲကြီးသက်သက် ဖြစ်နေတာနော် ... ဦးဘုန်း"

"သက်သက်ဖြစ်လည်း ကိစ္စမရှိပါဘူး သုန်သုန်ရဲ့၊ ကျောင်းလိုက်ပို့ပါတယ်ဆိုမှ၊ သက်သက်ကို ပို့တာပေါ့၊ မြို့ထဲရောက်တာလည်း ကောင်းတယ်၊ ကြုံတုန်း ကျွန်တော်လည်း စာတိုက်ကြီးဝင်ပြီး မန္တလေးကို စာရွက်စာတမ်းလေးတချို့ ပုံကြမ်းလေးတချို့ ဓာတ်ပုံလေးတချို့ အမြန်ချောနဲ့ပို့စရာရှိတာ ,တစ်ခါတည်း ပို့လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဦးဘုန်း ပို့မယ်၊ အတည်ဖြစ်သွားပြီနော်"

"ဟုတ်ကဲ့ ... အတည်ပါ၊ ကျွန်တော် ပို့ပါမယ်"

"ဦးဘုန်းကို အားနာဖို့ကောင်းတယ်"

"ရပါတယ် ခေါင်ခေါင်ရယ်၊ ကိစ္စမရှိပါဘူး၊ အပန်းကြီးတာလည်း မဟုတ်ဘူး၊ အားနာစရာ မရှိပါဘူး"

"ဦးဦး သိရင် နင့်ကို ဆူမှာပဲ သိလား၊ ညီ့သည်ကို ကိုယ်ကသာ ဧည့်ဝတ်ကျေပွန်ရမှာ၊ လိုတာကူရမှာ၊ ဧည့်သည်ဆီက အကူညီကို ပြန်ယူနေရတယ်လို့"

"ဦးဦးလား ... ဆူမယ် မထင်ပါဘူး၊ ဦးဦးက ငါတို့ကို ဘယ်တုန်းက ဆူဖူးလို့လဲ၊ ပြီးတော့ ဦးဘုန်း ရောက်ပြီး နောက်နေ့ ဦးဦးနဲ့ အန်တီလှိုင် ဖုန်းဆက်တော့ ဦးဦးက ဦးဘုန်းကို ပြောနေတယ်၊ ဦးဘုန်း ဒီမှာရှိတုန်း အိမ်က တူမနှစ်ကောင်ကိုလည်း ကြည့်ကျက်ဆုံးမ စောင့်ရှောက်ပါဦးဆိုပြီး"

"နင်က ဘယ်လိုလုပ် သိလဲ"

"ဦးဘုန်း ပြန်ပြောတဲ့စကားတွေကို နားထောင်ပြီး မှန်းရိုင်တာပေါ့၊ မဟုတ်ဘူးလား ဦးဘုန်း"

"ဟုတ်တယ် ... အစ်ကိုကြီး ဦးကျော်ခက အဲသလိုပြောတယ်"

"တွေ့လား"





မျက်ခုံးလေး ပင့်မေးလိုက်တဲ့ သုန်သုန့်ကို ခေါင်ခေါင်က အမြင်တွေ ကတတ်နေပါသည်။ ဦးမြတ်ဘုန်းရောင်ဟာ သုန်သုန်နှင့်ရော ခေါင်ခေါင်နှင့်ရော တန်းတူလောက်ပင် စကားတွေပြောဆိုဖြစ်နေရာက သူတို့နှစ်ယောက်ဟာ ပိုပြီး ပတ်သက်သလိုလို ရင်းနှီးသလိုလို ဖြစ်နေရတာက ဘာကြောင့်လဲ။

ခေါင်ခေါင် ကိုယ်တိုင်က ယောက်ျားမိန်းမ ဘယ်သူနှင့်မဆို အလွယ်တကူ ရင်းနှီးသွားတတ်တဲ့သူ မဟုတ်တာလည်း အမှန်ပင်။ သို့သော် သုန်သုန်ကကျတော့ (အမြင်ကတ်လို့သာ အမနာပ ပြောချင်ပြောရမှာ။ တကယ်တမ်းက)ဘာမှလဲ အထူးတလည် အားမထုတ်ရလှဘဲ ဦးဘုန်းနှင့် အကြည့်ချင်းကအစ ရင်းနှီးနွေးထွေးမှုတွေ ပျော်ဝင်သလို ဖြစ်နေတာ ဘာကြောင့်လဲ။

ဒီလူဟာ သူ့ဒွေးလှုပိုကြီးလို့ ခန့်မှန်းထားမိတာထက် ပိုပြီး ငယ်ရွယ်ပုံမြစ်ကာ သူ့ဒွေးလှုရွယ်ကလေးပဲ ဖြစ်နေတာ။ ဘယ်လိုပဲဖြစ်ဖြစ် သူနဲ့ရင်းနှီးသွားရမယ့်အဖြစ်ကို ခေါင်ခေါင်လည်း လိုလားတာပဲ ... (လို့ ဝန်ခံရမှာပဲ)။ ဘယ်လိုဖြစ်လို့ ကိုယ်နဲ့ နည်းနည်းလေး တန်းနေသေးပြီး သုန်သုန်နဲ့ ပိုနွေးထွေးမှု ရှိနေကြတာလဲ။

တကယ်တမ်း ယှဉ်ကြကြေးဆိုရင် ရုပ်ရည်ကလေးတွေက တစ်ယောက်တစ်မျိုးပဲထားပါ။ ဏ္ဍြေသိက္ခာနဲ့ တင့်တယ်တဲ့ ဂုဏ်ကျက်သရေနဲ့ အနေအထိုင် အပြောအဆို အမူအရာက

www.burmeseclassic.com



အစ သုန်သုန်က ဘာများသာတာ ရှိလဲ။ သုန်သုန်ဟာ ဖိုသိဖတ်သီ ဖြုတ်စဖျင်းတောင်းနှင့် စတိုင်တကျမှ မရှိဘဲနဲ့။ ပြီးတော့ ခေါင်ခေါင်က ဆရာဝန်လောင်းလေ။ ဆရာဝန်မ ချွေးမဆိုတာ သားရှင်တွေ ကြိုက်တတ်ကြတဲ့ ဂုဏ်ပုဒ်မျိုးပဲ။ ဘယ်လိုပင်ဖြစ်စေ ဦးဘုန်းရဲ့ အမေ လူကြီးမျက်စိထဲလည်း သုန်သုန်နှင့် ခေါင်ခေါင် ယှဉ်လျှင် ခေါင်ခေါင်သာ ပိုပြီးရှောရှောရှူရှူ ဝင်ရမည်ရယ်လို့ ခေါင်ခေါင်က ယူဆထားသည်။

ထမင်းစားရင်း တနုံ့နုံ့ ဖြစ်နေတဲ့ ခေါင်ခေါင်သည် ထမင်းစားပြီးကြလို့ ဦးဘုန်း အပေါ်ထပ်ကို တက်သွားတော့မှပင် သုန်သုန့်ကို မျက်မှောင်လေးကြုတ်ကာ ...

"သုန်သုန် ... နင် ဦးမြတ်ဘုန်းရောင် ဆိုတာ ဘယ်လောက် အရှိန်အဝါ ဂုဏ်ဒြပ်မြင့်မားတဲ့ အဆင့်မျိုးကလည်းဆိုတာ သေသေချာချာရော သိရဲ့လား"

"အင်း ... သိသားပဲ"

"သိရင် ဘာဖြစ်လို့ ဒီလိုစီစဉ်ရတာလဲ၊ သူဟာ နင့်ကို ကျောင်းလိုက်ပို့ရမယ့် အဆင့်ကလား"

"အဲဒီအဆင့်က မဟုတ်ဘူးလို့ သူ့ကိုယ်သူ ဆုံးဖြတ်ရင် ငါ့ကိုမပို့ဘဲနေမှာပေါ့၊ သူ မပို့ဘူးငြင်းရင် ငါကဘာတတ် နိုင်လို့လဲ၊ ဗွတ်ထပ်ပြောလို့မှ မရဘဲ၊ ဒါက သူ့ဆုံးဖြတ် ချက်ပဲလေ"





ခေါင်ခေါင်သည် ဆက်ပြောရခက်ကာ မကျေမချမ်း ဖြစ်နေတာကို ကြိုးစားပြီး မျက်နှာပေါ် မပေါ်အောင် ဖျောက်ပစ် နေပါသည်။ သုန်သုန်နဲ့ နှစ်ယောက်အတူ သွားမှာကို မနာလိုရာ ကျနေဦးမယ်။ တကယ်တမ်း မနာလိုတာလည်း အမှန်တော့ အမှန်ပင်။ စိတ်ထဲမှာ သုန်သုန့်ကို ဂိတ်ဆုံးအောင် အမြင်တွေ ကတ်ပြီးပြီမို့ ထပ်ကတ်စရာလည်း မရှိတဲ့အဆုံး မကြည်သေးတဲ့ စိတ်တို့ကို အဲဒီ ဦးမြတ်ဘုန်းရောင် အပေါ်ပဲ ထပ်ပုံချလိုက်ပါ သည်။

ကိုယ့်နေရာနဲ့ နေရာနဲ့ကို မနေတတ်ဘူး။ လုပ်စရာ မဟုတ်တာကို လုပ်ပေးတယ်။ ကြီးကျယ်ကျော်ကြားတဲ့ သူဌေးကြီး တစ်ယောက် မဟုတ်တဲ့အတိုင်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၇

"ဒီကားလေးက ချစ်စရာလေးနော် အဟင်း ဟင်း၊ သုန်သုန် ကြိုက်တယ် သိလား"

"ဟုတ်လား"

ဘုန်းသမ္မာက ဟိုဟာကိုင်ကြည့် ဒီဟာဖွင့်ကြည့်နဲ့ ကားထဲမှာ ကလိနေသော သုန်သုန့်ကို ကားမောင်းရင်း ငဲ့ငဲ့ကြည့်လာကာ သူ့ရင်ထဲလည်း ကြည်နူးလန်းဆန်းနေပါသည်။ သူ့ရဲ့ဘဝမှာ လူပျိုရွယ်တစ်ယောက်ရဲ့ ပျော်ရွှင်လွတ်လပ်မှုမျိုးဆိုတာ သိပ်ကြီးကို မခံစားဖူးသေးတာ။ ရှိစုမဲ့စု သူငယ်ချင်းလေးတွေနှင့် တောင်မှ နေရချိန်က နည်းနည်းရယ်။

ကျောင်းမပြီးခင်ကတည်းက ကိုကိုရဲ့ များပြားလှတဲ့ အလုပ်တွေထဲ ဝင်ပါလုပ်ကိုင် ပညာယူနေခဲ့ရတာ၊ သူ့မှာအားလပ်ချိန်ဆိုတာ ရှားရှားပါးပါးကလေးပါ။ ကောင်မလေးတစ်ယောက်





နှင့် တွဲဖို့ ကြည်ဖို့ ဆိုတာမျိုးများ အတွေ့အကြုံ မရှိလိုက်တာမှ။ သူ့ကားဦးခန်းထဲ တီတီတာတာ ချစ်စရာနှင့် သူ နှစ်လိုသဘောကျတဲ့ ကောင်မလေးတစ်ယောက် ထားကပါလာတယ်ဆိုတာဟာ ဒါပထမဦးဆုံး အတွေ့အကြုံတည်း။

"ဂျစ်ကားပေမယ့် အဲကွန်းပါတယ်နော်"

"ဒါတွေက နောက်မှထပ်ဆင်ယူထားတာတွေ သုန်သုန်ရဲ့၊ အဲကွန်းတပ်လို့ရအောင် အလုံဖြစ်အောင်လည်း ပြင်ယူရသေးတာပေါ့"

"မိုက်တယ်နော် ကားက"

"ဒီကားက ကားကောင်းမဟုတ်ဘူးနော်၊ ဟား ဟား ... ဘာမှသိမ်မတန်ပါဘူး သုန်သုန်ရဲ့၊ သုန်သုန်က ပြောနေတာ ကားကောင်းကြီးတစ်စီး ကျနေတာပဲ"

"ဦးဘုန်းက ဈေးကြီးတာ ဈေးမကြီးတာကို ပြောနေတာလား"

"ဟုတ်တယ်၊ ဒီဂျစ်ကားဂ ဈေးမကြီးဘူး၊ ဈေးသက်သာတယ်"

"ဈေး ...။ အဲဒီ ဈေးဆိုတဲ့ စကားလုံးကိုက မုန်းစရာကြီး၊ ကိုယ့်စိတ်ထဲမှာ ခံစားရတဲ့အရာတစ်ခုကို ဈေးနှုန်းတွေ ကျပ်ငွေတွေနဲ့ တိုင်းတာပြီး အဖိုးတန်တယ် မတန်ဘူး သတ်မှတ်တာဟာ မုန်းစရာမကောင်းဘူးလားဟင် ဦးဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသမ္ဘာသည် ဘယ်လိုပြန်ပြောရမယ် မသိဘဲ သုန်သုန့်ကို တအံ့တဩ ကြည့်မိသည်။

"ကိုယ်က နှစ်သက်မှုရှိနေတုန်း ကြည်နူးနေတုန်း ဖြုန်းဆို ဈေးစကား ဝင်လာတဲ့အခါ ဖီလင်အောက်သွားသလို ခံစား ရတတ်တယ်၊ လောကကြီးမှာလေ ငွေကြေးကိန်းဂဏန်း အရ ပမာဏများတာတွေက တန်ဖိုးကြီးတာတွေလို့ သတ် မှတ်လို့မရဘူး ထင်ပါတယ် ဦးဘုန်း၊ ဦးဘုန်းကတော့ အရမ်းချမ်းသာတဲ့သူဆိုတော့ သုန်သုန့် အမြင်ကို သဘောတူ ချင်မှ တူမှာပေါ့၊ သုန်သုန်ကတော့ သာမန်လူလတ်တန်း စားပဲမို့လားမသိဘူး၊ သိပ်ကြီးလည်းမချမ်းသာဖူးလို့ ထင် တယ်၊ ငွေကြေးကို သိပ်ပြီးတန်ဖိုးမသတ်မှတ်တတ်ပါဘူး"

ဘုန်းသမ္ဘာသည် ငယ်ရွယ်နုနယ်သေးတဲ့ သုန်သုန် ထံမှာ ဒီလိုအမြင်မျိုးလေး ရှိနေတာကို အံ့အားသင့်ရသည်။ ရင်ထဲ ကျေနပ်လှ နှစ်သက်လှ ဝမ်းမြောက်လှ၍ ဘယ်လိုသိမ့်သိ ခါ လှုပ်လာမှန်းတောင် မသိ။

"ကျွန်တော် သဘောတူပါတယ်"

"ရှင်"

"သုန်သုန် ပြောတဲ့စကားကို ကျွန်တော်အကြွင်းမဲ့ သဘော တူပါတယ်"

"တကယ်လား ဦးဘုန်း"





"တကယ်ပါ၊ ကျွန်တော်လည်း အဲ့သလို တံဆိပ်ကပ် တန်ဖိုးသတ်မှတ်တာမျိုးကို သဘောမကျပါဘူး၊ ကျွန်တော် လည်း အဲဒီလို တန်ဖိုးသင့်မှုမျိုးကို အသက်ရှူကျပ်ပါ တယ်"

"အင်း ... ဒါပေမဲ့ ဦးဘုန်းကျပြန်တော့လည်း ငွေကြေးတန် ဖိုးကို ဂရုမစိုက် ထည့်မတွက် လှည့်မကြည့်ဘဲ ဘာမဆို လုပ်နိုင်တဲ့သူ ဖြစ်နေတော့ အဲဒါကြောင့် တန်ဖိုးသင့်တာကို ခေါင်းထဲမထားတာမျိုး ဖြစ်ရင်ဖြစ်မှာပေါ့၊ သုန်သုန်နဲ့ သဘောချင်း မဆင်တူဘူးလေ"

"ဆင်တူပါတယ်ဆိုဗျာ"

ဘုန်းသမ္ဘာထံမှ စိတ်မရှည်လှသံကြောင့် သုန်သုန် နှုတ်ဆိတ်ပြုံးစိ ဖြစ်သွားပါသည်။

"ကျွန်တော့်ကို အဲဒီသူဌေးမင်းကြီး ဆိုတဲ့အမြင် ဖျောက်ပစ် ပေးစမ်းပါ၊ ကျွန်တော်က သူဌေးမင်းကြီးလည်း မဟုတ်ဘူး"

"ဦးဘုန်းကလည်း သူဌေးကြီးက သူဌေးကြီးပေါ့"

"လောကကြီးမှာ အဖြစ်အပျက် အခြေအနေတွေက အချိန် အခါကိုလိုက်ပြီး ပြောင်းလဲနေတတ်တာ"

"ဦးဘုန်း ဆိုလိုတာက သူဌေးကြီးလည်း တစ်နေ့ မွဲရင် မွဲသွားနိုင်တယ်၊ အဲလိုလား"

"အဲသလို ကောက်ယူရင်လည်း ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ကြီး ကျိကျိတက် ချမ်းသာပြီးမှတော့ လောင်းကစားတွေ ဘာတွေ မလုပ်ဘူးဆိုရင် ပြန်မွဲသွားစရာအကြောင်းရှိလို့လား"

ဘုန်းသမ္မာက သက်ပြင်းတစ်ချက် ရှိုက်ရင်း ...

"ကျွန်တော့်ကို မန္တလေးက '... ...'လက်ဖက်ရည်ဆိုင်နားမှာ တွေ့ခဲ့ဖူးတုန်းကလို တန်းတူရည်တူပဲ ဆက်ဆံပါလား သုန်သုန်"

"အဲလိုလည်း ရပါတယ်၊ ဦးဘုန်း ကြိုက်ပါ့မလားလို့ပါ။ အဲဒီတုန်းကတော့ ဒီလူဟာ ဦးမြတ်ဘုန်းရောင်လို့ မသိခဲ့ရသေးဘူး မဟုတ်လား"

"အဲလို မသိတဲ့ပုံမျိုးပဲ ဆက်ဆံပေးပါ"

"ရတာပေါ့၊ ပိုကောင်းသေးတယ်၊ ဦးမြတ်ဘုန်းရောင်ဆိုတာကြီးကို ရှိန်နေရတာလေ"

မြို့ထဲက လမ်းမကြီးတစ်ခုပေါ် မောင်းလာတဲ့ ဘုန်းသမ္မာရဲ့ကားဟာ ရှေ့ကနေ မျဉ်းကျားမဟုတ်ဘဲ ဖြတ်ကူးလိုက်တဲ့ လူနှစ်ဦး သုံးဦးကြောင့် ဘရိတ်နင်းပြီး အရှိန်သတ်လိုက်ရပါသည်။

"လူတွေကလည်းကွာ"

ခပ်တိုးတိုး ရေရွတ်လိုက်တဲ့ ဘုန်းသမ္မာရဲ့ မျက်လုံးများဟာ လူသုံးလေးယောက်အုပ်စုထဲက အမျိုးသမီးငယ်တစ်ယောက်ကို အမှတ်မထင် လှမ်းမြင်လိုက်ကာ ...





"ဟာ ... ဟော ... ဟော့ ... ဟော့ ..."

အလန့်တကြား ယောင်ယမ်းပြီး လက်နဲ့လှမ်းဆွဲမိတော့မလို ရှေ့ဆန့်ထွက်သွားတဲ့လက်ဟာ ကားရဲ့ရှေ့မှန်နှင့်ပင် ချက်ခနဲ တိုးတိုက်မိတော့သည်။

"ဟာ ... နေဦး"

ပါစပ်ကလည်း ပလုံးပထွေးနှင့် ကားကိုလည်း ထောင်ပြီး သော့ပိတ် စက်သတ်ချလိုက်ပါသည်။ ချက်ချင်းပဲ ကားတံခါးဖွင့် ပြေးဆင်းတော့မယောင် ပြုမိလေရာ ဘေးကနေ အံ့တသြ အလန့်တကြားလေး လှည့်ကြည့်နေတဲ့ သုန်သုန်က ...

"ဦးဘုန်း ... ဦးဘုန်း ... လမ်းလယ်ကြီး ရပ်မရဘူးလေ"

"အာ ... ကျွတ်"

"နောက်ကားလည်း ကပ်ပါနေတာ စက်ပြန်နှိုး၊ ဟိုရှေ့နား ဘေးကပ်ရပ်လိုက်"

သူသည် သုန်သုန် ပြောသလို ကမန်းကတန်း စက်ပြန်နှိုးလိုက်ကာ ကားကို ရှေ့လိမ့်ထွက်ပြီး အနီးဆုံးဘေးတစ်ဖက်ကို ကပ်ရပ်လိုက်သည်။ အဲဒီနေရာမှာ ပါကင်ကားတွေရှိပြီးဖြစ်ရာ ဘုန်းသမ္မာရဲ့ ဂျစ်ကားဟာ နှစ်ထပ်ကြီး ရပ်လိုက်ရတာ။ ဘယ်လိုပဲဖြစ်ပါစေ သူသည် သုန်သုန့်ကိုလည်း ဘာမှလှည့်မပြောနိုင်အား။ သုန်သုန် သွားရမယ့်သင်တန်း နောက်ကျသွားမလား ဆိုတာ တွေးမပေးနိုင်အားတော့ဘဲ တံခါးကမန်းကတန်းဖွင့်ပြီး ကားပေါ်က အပြေးအလွှား ဆင်းသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သုန်သုန်သည် ပါးစပ်အဟောင်းသားဖြစ်ကာ လမ်းကို အပြေးကြီး ဖြတ်ကူးသွားတဲ့ ဦးဘုန်းကို လိုက်ကြည့်မိပါသည်။ ဒီလောက်တောင် အရေးတကြီး အသည်းအသန် သွားရပုံမှာ အံ့ဩစရာ ကောင်းလှပါဘိတော့။ ဘယ်သူမို့လို့ ဦးဘုန်း ကြည့်လိုက်တဲ့သူဟာ ရှမ်းမလေးတစ်ယောက်နဲ့ အမျိုးသမီးလေးတစ်ယောက် ဆိုတာ သုန်သုန် သေချာရိပ်မိလိုက်ပါသည်။ ဖြူဖြူဖွေးဖွေး ထွေးထွေးဥဥလေးနှင့် ပါးပြင်လေး ရန်ကုန်နေပူကြောင့် ပန်းသီးလေးနှစ်လုံးအလားရဲလျက် နှုတ်ခမ်း လေးတွေက လုံးလုံးလေးနဲ့ ခုပဲဖိကိုက်ထားတာလို သွေးချေ တွေဥလို့။

ရှမ်းမလေး !! ။

"နန်း"

သုန်သုန့် ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားပါသည်။ အဲ နန်းများလား။ ကြီးကြီး ဒေါ်မြစိမ်း ပြောတဲ့ နန်းများလား ဟုတ်တယ်ဆိုပါစို့။ သူတို့ချင်း ဒီမှာ အေးအေးဆေးဆေး ချက်တွေ့လို့ ရနိုင်နေရင် ဒီလောက်ကြီး သေလုမြောပါး ပြေးလိုက် စရာ အကြောင်းမရှိ။ တွေ့လိုက်ရုံနဲ့ ဒီလို မဟားဒယားဖြစ်ဖို့မ ချိန်းတွေ့နိုင် ဖုန်းဆက်နိုင်မှတော့ ဘယ်သူက ဒီလိုဖြစ်နေမှာလဲ

အခုလိုဖြစ်ပုံထောက်တော့ အခုမှ လှမ်းတွေ့လို တာမျိုး။ တစ်ယောက်နဲ့ တစ်ယောက် အဆက်အသွယ်မရ





လိပ်စာမသိ၊ ဖုန်းမသိဖြစ်နေလို့သာ မျက်စိအောက်က မပျောက် အတင်းလိုက်ဖမ်း တွေ့ရတဲ့သဘော မဟုတ်လား။ ဘယ်လို ကြောင်း ဇာတ်လမ်းတွေ ရှိတာပါလိမ့်။

ကားထဲကျန်ခဲ့တဲ့ သုန်သုန်ဟာ လမ်းကူးသွားတဲ့ အမျိုးသမီးကိုရော ဦးဘုန်းကိုရော တွေ့နေရပါသည်။ ဦးဘုန်း တစ်ယောက် လမ်းဖြတ်ကူးတဲ့ နေရာနဲ့တည့်တည့် လမ်းထဲ ကောက်လျှောက် ပြေးဝင်သွားကာ လမ်းလွဲလိုက်သွားတာကို ကပ်ပြင်လေးနှင့်ပဲ စောင့်ကြည့်နေလိုက်သည်။ ခုနစ်မိနစ်လောက် ရှိတော့ ဦးဘုန်း လမ်းကူးကာ ပြန်ရောက်လာပါသည်။ ကားပေါ် ကက်ထိုင်ကာ ဂူးခနဲ လေပူမှုတ်ထုတ်လိုက်တဲ့ ဦးဘုန်းကို ငဲ့ပြီး စေ့စေ့ကြည့်ရင်း ...

"မတွေ့တော့ဘူးပေါ့"

"ဗျာ ... အင် ...၊ ဘာကိုလဲ"

"ဘာကိုလဲ ဆိုတော့ ဦးဘုန်း ပြေးလိုက်တဲ့ တစ်ယောက် ကိုပေါ့"

"ကျွန်တော် ! ကျွန်တော် ဘယ်သူ့ကို ပြေးလိုက်လို့လဲ"

သုန်သုန်က မျက်ခုံးလေးပင့်ကာ သူ့ကိုကြည့်လိုက် ချိန်တွင် ဘုန်းသမ္ဘာက ကားကို စက်နှိုးမောင်းထွက်လိုက်ပါ သည်။

"အဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သုန်သုန်က တမင်ရယ်ပစ်လိုက်တဲ့အခါ ဘုန်းသ
က အနည်းငယ် ရှိုးတိုးရှန့်တန့်နှင့် ...

"ဘာလဲ သုန်သုန်ရဲ့"

"အဟင်း ဟင်း၊ ကဲပါ ... ဒါဖြင့် ဦးဘုန်း သေလုမြော
ကားပေါ်က ဆင်းပြေးသွားရတဲ့ အကြောင်းရင်းက ဘာ
လဲ"

"ဒါလား၊ ဟိုဒင်းလေ၊ အဲဒီလမ်းထဲ ဒီဘက်ထိပ်နား
ကွမ်းယာဆိုင်က အရမ်းနာမည်ကြီးတာ"

"ဩော် ... အဲဒီတော့"

"စက်ရုံက အင်ဂျင်နီယာ နှစ်ယောက်ကလည်း ကွမ်းတ
ကြိုက်ကြတာ"

"ဩော်"

သုန်သုန်က ခေါင်းတဆတ်ဆတ်ညိတ်လျက် ဦး
ကို စိုက်ကြည့်နေပါသည်။

"သူတို့ဖို့ ဝယ်သွားပေးမယ် ဆိုပြီး ..."

"ဩော် ...၊ ကြိုတုန်းပေါ့"

"ဟုတ်ကဲ့"

"အသည်းအသန် အရေးတကြီး"

"ဟုတ်ကဲ့"

"ကားကို လမ်းလယ်ကောင်တောင် စက်သတ်ပစ်ပြီး
ပေါ့"





"အဟင်း ... ကျွန်တော်က အခုတစ်ခု ရောက်သွားရင်
လုပ်လက်စကို ရုတ်တရက် မေ့ရော"

"ဩော်"

သုန်သုန်က ခေါင်းညိတ်မပျက်ဘဲ ...

"ဒါဖြင့် အဲဒီကွမ်းရော"

"ဗျာ"

"ကွမ်းလေ၊ အင်ဂျင်နီယာတွေကြိုက်တဲ့ နာမည်ကြီးကွမ်း
ယာ"

"ဩော် ... အဲဒီကွမ်းယာ ဆိုင်ပိတ်ထားလို့"

"ဦးဘုန်း"

"ဗျာ"

"လုံးဝယုတ္တိမရှိတဲ့အပြင် ဦးဘုန်း မျက်နှာကြီး တစ်ခုလုံး
ရဲတွတ်နေတယ်၊ မှန်ထဲကြည့်လိုက်"

ဘုန်းသမ္မာက ယောင်ယမ်းပြီး ကားနောက်ကြည့်
မှန်ထဲ ကြည့်လိုက်မိပါသည်။ တကယ်ပဲ သူ့မျက်နှာဟာ ရဲတွတ်
နေတော့တာ။

တစ်ခုခု ဒီလိုပဲ ကျဉ်းထဲကျပ်ထဲကျရင် စိတ်ရှုပ်ရင်
ရှက်ရင် သူ့မျက်နှာပြင်ဟာ ရဲတက်လာတတ်တာ ထုံးစံပါ။

"ညာပြောနေတာ"

"မညာပါဘူး သုန်သုန်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဦးဘုန်း မျက်နှာက ရီးရီးသားသား အေးအေးချမ်းချမ်း နဲ့ ညာလို့မပိရိပါဘူး၊ ကြည့်ပါလား၊ အဲကွန်းဖွင့်ထားတာ တောင်မှ ချွေးတွေ မျက်နှာမှာ အသီးလိုက်ထွက်လာပြီ"

"ခုန ပြေးလိုက်ရလို့ပါ"

"ဦးဘုန်း ပြေးဝင်သွားတဲ့လမ်းက မှားနေတယ်"

"ဗျာ"

"သူက အဲဒီလမ်းထဲ ဝင်မသွားဘူး"

ဘုန်းသမ္မာသည် ကားရှေ့ခန်းဒက်ရှ်ဘုတ်ပေါ်က တစ်ရှူး ဘူးထဲမှ တစ်ရှူး နှစ်ရွက် သုံးရွက် တဆက်ဆက်ဖြုတ်ကာ သူ့ နဖူးကို ပွတ်သုတ်လိုက်ပါသည်။

"သုန်သုန် ဘာပြောတာလဲ မသိဘူး"

"အကြောင်းရိုက်တာတွေ ရပ်ပါတော့ ဦးဘုန်းရာ၊ ဘာလဲ ကွမ်းယာသည်က ရှမ်းမလေးလား"

"ဗျာ"

ဘုန်းသမ္မာ လန့်ပြီး ခေါင်းတောင်ကြီးသွားရပါသည်။ သုန်သုန် အတော်လည်ပါလား။ မျက်စိလည်း လျင်လိုက်တာ ရှမ်းမလေးတဲ့။ ရမ်းသမ်းပြောတာ မဖြစ်နိုင်ဘဲ သေသေချာချာ မြင်လိုက်ရလို့ ဖြစ်နိုင်သည်။ ညာချင်လွန်းလို့ ညာတတ် လွန်း ညာနေရတာ မဟုတ်ဘဲ လျှို့ဝှက်ရမယ့် ကိုကို့ကိစ္စမို့ ဘုံးကျ နေရတဲ့ ဘုန်းသမ္မာမှာ ကိုယ်လိမ်ပြောနေတာ သုန်သုန်လည်း သိ ရိပ်မိနေတာ သေချာတာမို့ ရှက်တောင် ရှက်လာပါသည်။





ဆက်ညာရင် ကောင်းမလား၊ ဆက်မညာတော့ရင် ကောင်းမလား။ ကိုယ့်ကိစ္စ ကိုယ့်အကြောင်းသာဆိုရင်ဖြင့် လိမ်ညာ နေတော့မှာ မဟုတ်ပါ။ ခုထော့ ကိုကို့ကိစ္စ။ ပြီးတော့ ကိုကို့အထူး လျှို့ဝှက်စေချင်တဲ့ ကိစ္စမို့ပင်။ ငိုင်နေတဲ့ ဘုန်းသမ္မာကို သုန်သုန် အကဲခတ်ရင်း ...

"သူက မနန်း မဟုတ်လား"

"ဗျာ"

ဘုန်းသမ္မာ အလန့်တကြားနှင့် ကားကိုယောင်ယမ်း ပြီး လမ်းဘေးထိုးရပ်မိပြန်ပါသည်။

"သုန်သုန် ဘာတွေ ပြောနေတာလဲ"

"အဲဒါ မနန်း မဟုတ်လားလို့ မေးကြည့်တာပါ"

ဘုန်းသမ္မာက ဆက်ပြီးဖုံးဖိနေဖို့ မကြိုးစားတော့ဘဲ ...

"သုန်သုန် ... မနန်းကို ဘယ်လိုလုပ်သိတာလဲ"

သုန်သုန်က မျက်လုံးလေးပင့် သက်ပြင်းလေးရှိုက် ရင်း ...

"သုန်သုန်က ညာမပြောတတ်ဘူး ဦးဘုန်းရဲ့၊ ဦးဘုန်းမေမေ က ပြောတာ၊ ကြီးကြီးဒေါ်မြစိမ်းက သုန်သုန့်ကို ပြောတယ်၊ ဦးဘုန်း ... နန်း ဆိုတဲ့ မိန်းမနဲ့ ဆက်သွယ်တယ် သတင်း ကြားရင် သိရရင် သူ့ကိုပြောပါလို့ မှာထားတယ်"

ဘုန်းသမ္မာသည် နဖူးကို ဖျတ်ခနဲရိုက်ကာ ခေါင်း ဆော့၍ နောက်မှီမှာ မှီလိုက်ရင်း မျက်စိပါ မှိတ်ထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ သုန်သုန်က ကြီးကြီးဒေါ်မြစိမ်းကို ပြောပြမယ်၊ မပြောပြဘူး မစဉ်းစားရသေးပါဘူး၊ ကြီးကြီးက ဘွားဘွားနဲ့ မိတ်ဆွေဖြစ်တာ မှန်ပေမယ့် ဖေဖေတို့ကိုလည်း ရင်းနှီးပေမယ့် သုန်သုန်နဲ့တော့ မိတ်ဆွေမှ မဟုတ်တာ၊ ပြီးတော့ ဒီကိစ္စဟာ ဦးဘုန်းရဲ့ နှလုံးသားရေးရာကိစ္စ ဖြစ်နိုင်ပြီး အဖြစ်နိုင်ဆုံးကတော့ ဦးဘုန်းချစ်တဲ့ မိန်းကလေးကို ဦးဘုန်းမေမေက အဆင့်အတန်း ခွဲခြားပြီး သဘောမတူနိုင်ဘူးဆိုတဲ့ ကိစ္စမျိုးပဲ ဖြစ်လိမ့်မယ်လို့ သုန်သုန် ယူဆထားပါတယ်"

ဘုန်းသမ္ဘာ သက်ပြင်းကြီးတွေသာ လိမ့်ချနေမိသည်။ ဒီတိုင်းဆိုတော့ နန်းဟာ သူ့ချစ်သူလို့ သုန်သုန် ယူဆထားပြီပေါ့။

"အဲဒါကြောင့် ပြောသင့် မပြောသင့် သုန်သုန်က ဆုံးဖြတ်ဦးမှာ၊ ခုနပုံစံကိုကြည့်ရတာတော့ အဲဒီမနန်း ရန်ကုန်ရောက်နေတာ ဦးဘုန်း မသိသေး မတွေ့သေးဘူးထင်တယ်"

"ဟုတ်တယ်၊ ဟုတ်တယ်ဗျ၊ ခုမှ ရုတ်တရက် ကားရှေ့တွေ့လိုက်လို့ သေပြေးရှင်ပြေး ဖြစ်သွားတာပါ"

"သူက ဟိုဘက်လမ်းထဲ ဝင်သွားတာ ဦးဘုန်းရဲ့"

"ဟုတ်လား"

"သူနဲ့ကပ်ရက် တွဲလျှောက်သလို ပါသွားတဲ့ အမျိုးသမီးတစ်ယောက်က သူ့အဖော် ဖြစ်မှာပဲ၊ သူတို့ပုံစံကြည့်ရတာ မြို့ထဲကို တကူးတက ထွက်လာတာနဲ့ မတူဘဲ အိမ်မှာနေရင်းပုံစံတွေ"



"အဲဒါ ဘာကိုဆိုလိုတာလဲ"

"အာ... ဦးဘုန်းကလည်း ဒုံးဝေးလိုက်တာ၊ အဲဒီ မနန်းရဲ့ လက်ထဲမှာလည်း ကြွပ်ကြွပ်အိတ်နဲ့ အသုပ်လေးလား၊ မုန့်လေးလား အထုပ်ဆွဲထားတယ်၊ သူတို့ကြည့်ရတာ ဒီနားတစ်ဝိုက်ပဲ နေကြတာဖြစ်လိမ့်မယ်၊ အောက်ဆင်းပြီး လိုတာလေးဝယ်တာ ဖြစ်လိမ့်မယ်"

ဘုန်းသမ္ဘာသည် မျက်စိလည်းလျှင်ပြီး ဆင်ခြင်တွေးတော ကောက်ချက်ချတဲ့ နေရာမှာလည်း (ဟုတ်တာ မဟုတ်တာထား) ဖျတ်လတ်သွက်လက်လှတဲ့ သုန်သုန့်ကို ငေးလို့သာ ကြည့်နေမိသည်။

"အဖြစ်နိုင်ဆုံးကတော့ သူတို့ ဒီနားမှာပဲနေမှာ၊ ခုနက ဦးဘုန်း ပြေးလိုက်သွားတဲ့လမ်းရဲ့ နောက်တစ်လမ်းထဲကို သူတို့ လျှောက်ဝင်သွားကြတာ၊ အဲဒီလမ်းထဲမှာ နေကြတယ် ထင်တယ်"

"ဖြစ်နိုင်တယ်၊ သုန်သုန် ပြောတာ ဖြစ်နိုင်တယ်၊ သုန်သုန်က တော်တယ်၊ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ပတ်ဝန်းကျင်လေ့လာမှုအား အရမ်းကောင်းတယ်"

သုန်သုန်က နှုတ်ခမ်းလေး တင်းတင်းစေ့ ပြုံးပြုံး ကားပြတင်းပေါက်မှ တစ်ဖက်သို့ လှည့်နေလိုက်ပါသည်။ ဘုန်းသမ္ဘာကလည်း လမ်းဘေးထိုးရပ်ထားတဲ့ကားကို စက်ပြန်နှိုးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သုန်သုန်"

"ဟုတ်ကဲ့"

"တစ်ခုတော့ ကျွန်တော် တောင်းပန်ပါရစေ"

"ကြီးကြီး ဒေါ်မြစိမ်းကို ပြန်မပြောပြဖို့လား"

"ဟုတ်ပါတယ်၊ အဲသလို မပြောစေချင်တာကလည်း ခိုင်လုံတဲ့အကြောင်း ရှိပါတယ်၊ မလိုလားအပ်ဘဲ ပြဿနာတွေ အကုန်ရှုပ်ထွေးကုန်မှာ စိုးလို့ပါ၊ အခုကိုပဲ ဒီ မနန်းကိစ္စနဲ့ပတ်သက်ပြီး ပြဿနာတွေ ရှုပ်ထွေးနေတာပါ၊ သုန်သုန်ထင်တာ မှန်ပါတယ်၊ သူ ရန်ကုန်မှာ ရှိနေတာ ကျွန်တော် မသိထားဘူး၊ ခုမှသိတယ်၊ သိတယ်ဆိုရင်ပဲ ရှာရတော့မယ်၊ သူ့ကို ရှာတွေ့မှဖြစ်မှာ၊ ရန်ကုန် လာခဲ့တာကတော့ အလုပ်ကိစ္စနဲ့ ဖြစ်ပေမယ့် ကြုံရင်ကြုံသလို သူ့ကိုလည်း ရှာဖွေဖို့ တာဝန်ရှိနေတာပါ ..."

အခု သူက ရန်ကုန်မှာ ရှိနေတာ သေချာပြီဆိုတော့ ကျွန်တော့်ခေါင်းပေါ်မှာ ပြဿနာဝန်ထုပ်ဝန်ပိုးတွေ အများကြီး ရောက်လာပြီ၊ ကျွန်တော် ဖြေရှင်းရဦးမယ်၊ အဲဒီကိစ္စတွေကိုလည်း လောလောဆယ်မှာ ဒေါ် ... မေမေ သိလို့ မဖြစ်သေးပါဘူး၊ မေမေ သိရင် ပြဿနာတွေ တက်ကုန်မှာပါ၊ မသိအောင် ဖုံးထားရဦးမှာ၊ အဲဒါကြောင့် သုန်သုန့်ကိုလည်း ကျွန်တော် မေတ္တာရပ်ခံတာပါ၊ မေမေ့ကို အသိမပေးလိုက်ပါနဲ့ဦး"





သုန်သုန်က ကားပြတင်းတစ်ဖက်ကို ငေးကြည့်ကာ နားထောင်လာရင်းက ဦးဘုန်းကို တည့်တည့်လှည့်ကြည့်လိုက်ပါသည်။

"သုန်သုန် မပြောဘူး မဟုတ်လား"

"အဲဒီ မနန်းက ဦးဘုန်းရဲ့ချစ်သူပေါ့ !!"

သုန်သုန်က မဖြေသေးဘဲ တန်ပြန်မေးခွန်း ထုတ်လိုက်ပါသည်။ ဘုန်းသမ္မာသည် ချက်ချင်း အဖြေမပေးနိုင်ဘဲ တစ်ခဏ နှုတ်ဆိတ်ကာနေသည်။ သူဟာ မြတ်ဘုန်းရောင် မဟုတ်ပါဘူးလို့ သုန်သုန့်ကို ဘယ်နည်းနှင့်မှ ခုချိန်မှာ ဝန်မခံနိုင်သေးပါ။ မမျှော်လင့်တဲ့ နောက်ဆက်တွဲ ပြဿနာလေးတွေ ရှိလာခဲ့လျှင် သူ့ကို ကိုကို စိတ်ဆိုးမှာထက် သုန်သုန့်ကို ကြားမညပ်စေလိုပါ။

ဒါဖြင့် "ဟုတ်ပါတယ်"လို့ ခေါင်းညိတ်ဝန်ခံလိုက်ရမှာလား။ သူ့နှလုံးသားသည် ရင်ရဲ့ဟိုးအတွင်း တစ်နေရာမှ ပြင်းပြင်းထန်ထန် ခေါင်းခါယမ်းလျက် ကန့်ကွက်ငြင်းဆန်နေပါသည်။

နန်းဟာ သူ့ချစ်သူလို့ သူ မပြောနိုင်ပါ။ "ဦးဘုန်းချစ်သူ"ဆိုတာဟာ ခုချိန်မှာ သူ့ချစ်သူဆိုတဲ့ အဓိပ္ပာယ်ပဲ ဖြစ်သည်။

ဟုတ်မှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသမ္ဘာက သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"မနန်းက ကျွန်တော့်ချစ်သူ မဟုတ်ပါဘူး သုန်သုန်"

သုန်သုန်သည် မယုံကြည်သလို မျက်မှောင်ကုတ် မျက်လုံးလေး ဝိုင်းသွားပါသည်။

"လောလောဆယ်တော့ သုန်သုန် ယုံချင်မှ ယုံနိုင်ပါလိမ့်မယ်၊ ရပါတယ်၊ ဒါပေမဲ့ ကျွန်တော် အမှန်ဆုံး ပြောနိုင်တာက မနန်းဟာ ကျွန်တော့်ချစ်သူ လုံးဝမဟုတ်ပါဘူး၊ ဒါပါပဲ"

"ဒါဖြင့် ကြီးကြီးဒေါ်မြစိမ်းက မနန်းနဲ့ ဦးဘုန်း ဆက်သွယ်လား မဆက်သွယ်လား သိချင်နေတာ ဘာကြောင့်လဲ"

"အဲဒီကြီးကြီးဒေါ်မြစိမ်းနဲ့ မနန်း ကြားမှာလည်း သူ့ဟာနဲ့သူ ခိုင်လုံတဲ့ အကြောင်းရင်းတစ်ခု ရှိနေလို့ပဲပေါ့ သုန်သုန်"

"ကိုယ့်အမေကိုများ 'အဲဒီ ကြီးကြီးဒေါ်မြစိမ်း'တဲ့"

"သုန်သုန် ခေါ်သလို လိုက်ပြောကြည့်တာလေ"

"ဒါဖြင့် သုန်သုန်က မနန်း ရန်ကုန်မှာ ရှိနေပါတယ် တွေ့လိုက်ပါတယ်ဆိုတာ ကြီးကြီးကို မပြောရဘူးပေါ့"

"မပြောပါနဲ့လို့ ကျွန်တော် တောင်းဆိုနေတာပါ၊ မေတ္တာ ရပ်ခံတာပါ သုန်သုန်"

"တစ်ခုခုတော့ လျှို့ဝှက်ချက် ရှိနေသလိုပဲ"





"ဟုတ်ပါလိမ့်မယ်၊ ရှိနေပါလိမ့်မယ်၊ ဒါပေမဲ့ အဲဒါဟာ အားလုံးကြားမှာ ပြေပြေလည်လည် ရှိနေဖို့အတွက် လိုအပ်နေတဲ့ လျှို့ဝှက်ချက်ပါ၊ လျှို့ဝှက်ချက် ဆိုတာတွေက တစ်သက်လုံးကြီးတော့ ဒီအတိုင်း မနေပါဘူး သုန်သုန်၊ သူ့ရဲ့နောက်ကွယ်က အမှန်တရားတွေ အကျိုးအကြောင်းတွေက တစ်နေ့တော့ ပေါ်လာဦးမှာပါ ...

အဲလို ပေါ်လာတဲ့အခါကျရင် ကျွန်တော့် အနေအထားတစ်ခုကို သုန်သုန် နားလည်လာမှာပါ၊ ကျွန်တော် ရပ်တည်ခဲ့ရတာကို သဘောပေါက်လာမှာပါ"

"လျှို့ဝှက်သဲဖို့ ကျနေတာပဲ ဦးဘုန်းရယ်၊ ဒီကိစ္စကြီးဟာ ရာဇဝတ်မှုတွေ ဘာတွေနဲ့တော့ ကင်းလွတ်ပါတယ်နော်"

"ဘာမှမဆိုင်ပါဘူး သုန်သုန်၊ လူမှုရေး လျှို့ဝှက်ချက်လေးတွေပါ၊ ဘယ်သူ့အကျိုးစီးပွားမှလဲ မထိခိုက်ပါဘူး"

"သိဘူးလေ၊ အရမ်းကြီးချမ်းသာတဲ့ သူဌေးကြီးနဲ့ ပတ်သက်နေတဲ့ ကိစ္စတွေ ဆိုတော့ ငွေကြေးစီးပွားတွေနဲ့ ဆက်နွယ်ပြီး တရားဥပဒေ မကင်းလွတ်တာတွေ ဘာတွေများ ..."

"အဲဒါမျိုးတွေ ဘာမှမရှိဘူး၊ ဦးမြတ်ဘုန်းရောင် ဆိုတာ အင်မတန် သန့်ရှင်းဖြောင့်မှန်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဟား ဟား၊ ကြော်ငြာက ဝင်ရသေးတယ် ဦးဘုန်းက လည်း"

ဘုန်းသမ္မာက ကလေးလိုခေါင်းမော့ရယ်မောလိုက်တဲ့ သုန်သုန့်မျက်နှာလေးကို ပြုံးကာ ကြည့်နေမိသည်။ သုန်သုန်က တွေးဆဆ အမူအရာလေးနှင့် ...

"အင်း ... အရမ်းချမ်းသာတဲ့ သူဌေးကြီးကလည်း ကျဉ်းထဲကျပ်ထဲ ကျနေရသေးတယ်နော်၊ ငွေတွေရှိတာပဲ၊ ငွေတွေနဲ့ ဖြေရှင်းလိုက်လို့ မရဘူးလား"

"ငွေကြေးအပေါ်မှာ သုန်သုန်ကော အဲလောက်ကြီး ယုံကြည်အားကိုးလို့လား၊ ငွေနဲ့ တန်ဖိုးမဖြတ်တတ်ဘူးဆို"

"အင်းပါလေ၊ ဦးဘုန်းကို စိတ်ရှုပ်ထွေးတဲ့ အမူအရာနဲ့ မြင်ရလို့ သုန်သုန်က လျှောက်တွေးကြည့်မိတာပါ"

"အခုဟာက သားနဲ့ အမေကြားက ဖြစ်တတ်တဲ့ ပြဿနာ ရိုးရိုးလေးပါပဲ၊ သုန်သုန့်ကိုလည်း ကြားထဲမှာ ညပ်မပါစေ ချင်ဘူး၊ ကဲ ... သုန်သုန့်သင်တန်းက ဘယ်လမ်းထဲ ကျွန်တော်လည်း ဒီနားပတ်မောင်းနေမိတယ်၊ သင်တန်းများ နောက်ကျနေပြီလား"

"မိနစ်နှစ်ဆယ်လောက် နောက်ကျနေပြီ ဦးဘုန်းရဲ့။ နောက် တစ်ချိန်မှ မီတော့မယ်"





မနန်းကို ရန်ကုန်မြို့လယ်မှာ လှုပ်တစ်ပြက် တွေ့လိုက်တဲ့အကြောင်း ကိုကို့ထံ လှမ်းအကြောင်းကြားရပါသည်။ ကိုကို ဘယ်ရောက်နေသည် မသိ၍ တိုက်ရိုက်တော့ အကြောင်းမကြားနိုင်။ ကိုကျော်ဌေးထံ အကြောင်းကြားထားရသည်။ ကိုကျော်ဌေးကတစ်ဆင့် ကိုကို ရောက်နေတဲ့ အရပ်ဒေသဆီ လိုက်ပြီး အကြောင်းကြားပေးမည် ဆိုပြီးတဲ့နောက် ... နောက်တစ်ရက်မှာပဲ ကိုကျော်ဌေးထံမှ ဖုန်းပြန်လာသည်။

"ကိုဘုန်းရေ ... ဆရာ့ဆီ ကျွန်တော် အဆက်အသွယ်ရပြီဗျ၊ ဆရာက တောင်ကြီး ရောက်နေပါတယ်"

"ဟုတ်လား ... ကိုကျော်ဌေး ပြောပြလိုက်ပြီးပြီလား"

"ပြောပြလိုက်ပါတယ်"

"ကိုကိုက ရန်ကုန် လိုက်လာမယ်တဲ့လား၊ ဘယ်တော့လာမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ မလာနိုင်ဘူး ကိုဘုန်း၊ ဆရာ ဆေးရုံတက်နေတယ်"

"ဗျာ"

"ဆရာ တောင်ကြီးမှာ ဆေးရုံတက်နေရတယ်၊ နှစ်ပ
လောက်တော့ နေရမယ် ပြောတယ်ဗျာ၊ ကျွန်တော်တော
တောင်ကြီးလိုက်လာခဲ့မယ် ပြောပါသေးတယ်၊ ဒါပေ
ဆရာက ကျွန်တော့်ကို မလာခိုင်းဘူး၊ မန္တလေးမှာ
လိုတာ စီမံခန့်ခွဲဖို့ ဖင်မြဲမြဲနေခိုင်းတယ်၊ လားရှိုး စ,သွာ
ကတည်းက အိမ်က ဆရာ့တပည့် မောင်တိုးတော့ ပါသွာ
တယ်ဆိုတော့ ဝေယျာဝစ္စလုပ်ပေးမယ့်သူတော့ ရှိပါတယ်"

"ကိုကိုက ဘာဖြစ်လို့လဲ ကိုကျော်ဌေး"

"ကားတိုက်တာ ကိုဘုန်းရေ"

"ဟာ ... အခြေအနေ ကောင်းရဲ့လား၊ ကြီးကြီး သိ
တော့ ဒုက္ခပဲ"

"ကြီးကြီး မသိပါဘူး၊ သူ့သားကို ရန်ကုန်မှာပဲလို့
နေပါတယ်၊ ကျွန်တော်နဲ့ စကားပြောရပါတယ်၊ သံသ
မရှိပါဘူး၊ တော်သေးတာပေါ့ဗျာ၊ ကိုဘုန်းကိုတော့
တယ်၊ အလုပ်ကိစ္စနဲ့ ဆရာ နယ်လှည့်ထားတယ်ပဲ ပြေ
ထားတာပေါ့၊ တော်သေးတာက ကိုဘုန်းက အရင်ကတည်
က အိမ်မှာမနေဘဲ ကုမ္ပဏီရုံးခန်းမှာပဲ နေတဲ့သူဆိုတော
မေမေကြီးစိတ်ထဲ နယ်ကပြန်ရောက်နေရင်တော့ ရုံးခ
မှာပဲ ရှိမှာပဲ ထင်နေမှာပေါ့၊ ထပ်မမေးဘူး"



"ဟုတ်ကဲ့ ... ကိုကိုက ဘာဖြစ်သွားသေးလဲ"

"အခြေအနေတော့ ဆိုးဆိုးဝါးဝါး မဟုတ်ဘူးဗျ၊ ခြေမျက်စိနားမှာ အရိုးတစ်နေရာ ထိသွားတယ်၊ အော်ပရေးရှင်းတော့ လုပ်ထားရတယ် ကြားတယ်၊ တောင်ကြီးဆိုတော့ ကျွန်တော်တို့လူတွေလည်း ရှိတော့ ဆရာ့အတွက် လုပ်ကိုင်စီစဉ်ပေးမယ့်သူတွေတော့ အများကြီးပါ၊ ဆရာကသာ အားလုံးကို အသိမပေးဘဲ တစ်ယောက် နှစ်ယောက်ပဲ ဆေးရုံကိုလာခိုင်းတယ်၊ ပြောတယ်"

တောင်ကြီးမှာတော့ ကိုကိုတို့ ဘိုးဘွားစဉ်ဆက်ပိုင်
ာ ခုတော့ ခေတ်မီနည်းစနစ်များနှင့် ပြုပြင်တိုးချဲ့ကာ အလွန်
ာင်မြင်နေတဲ့ ကော်ဖီခြံ လက်ဖက်ခြံတွေ ရှိပါသည်။ မြို့ပေါ်
လည်း ကိုကိုနှင့် စီးပွားရေးဆက်စပ်ပတ်သက်နေရတဲ့သူတွေ
ော်ရင်း ဆွေရင်းထဲက များစွာရှိပါသည်။ အဲဒီထဲကမှ ကိုကိုက
နှတ်လုံတယ်လို့ ယုံကြည်စိတ်ချသူကိုသာ ခေါ်လိမ့်မည်။

"မနန်း ကိစ္စနဲ့ပတ်သက်ပြီးတော့ရော ကိုကို ဘာညွှန်ကြားသေးလဲ ကိုကျော်ဌေး"

"သူလည်း ကိုဘုန်းဆီ ဖုန်းဆက်ဦးမယ် ပြောတယ်၊ ယေဘုယျမှာတာကတော့ မနန်းကို နေရပ်လိပ်စာတွေ ဘာတွေ သိရအောင်အထိ စုံစမ်း၊ သေချာသိပြီဆိုရင် သွားတွေ့ပြီး ဆက်မပြေးအောင်သာ ဖြစ်တဲ့နည်းနဲ့တားတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တဲ့နည်းနဲ့ ! "

"ဟုတ်ကဲ့ ...၊ ဆွေးနွေးလို့ ဖျောင်းဖျလို့ မရရင် ရ... နည်းနဲ့ တောင်ကြီးကိုသာ ခေါ်လာခဲ့တော့တဲ့၊ မမေ... ကယ်လိုသဘောထားရှိရှိ မနန်းကို တွေ့တာနဲ့ ခုချက်ချ... လက်မှတ်ထိုး လက်ထပ်ဖို့ စီစဉ်ပြီးဖြစ်တဲ့အကြောင်း ... ပြပါတဲ့၊ လားရှိုး၊ အင်းလေး၊ တောင်ကြီးတွေ တော... လျှောက်လိုက်ရှာနေတာတွေ မဖြစ်ဖြစ်တဲ့နည်းနဲ့ မနန်း... ချက်ချင်းလက်ထပ်မှာတွေ အသေအချာပြောပါတဲ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျွန်တော် သဘောပေါက်ပါပြီ"

"ဆရာက ထပ်ပျောက်သွားမှာကို အရမ်းစိုးရိမ်တ... အမြန်ဆုံး ဘယ်မှာရှိတယ် သိရအောင် စုံစမ်း... နောက်ဆုံး လှိုင်သာယာက စက်ရုံကို မသွားနိုင်ရင် ... စေတဲ့၊ ဦးမြအောင်လည်း ရှိတာပဲဆိုတော့ ကိုယ်... နိုင်လည်း တကယ်တော့ ဘာမှမဖြစ်ဘူး၊ စိတ်ပါဝင်တ... မရှိဘူး ထင်သွားရင်လည်း သူ ပြီးမှဖြေရှင်းလို့ ရပါ... တဲ့၊ မနန်းကို ရှာဖို့ကိစ္စဘက်ကို ဦးစားပေးပါတဲ့၊ ရန်... မှာ ရှိတယ်ဆိုတာ သေချာပြီးမှ ပြန်ပျောက်သွားတာ... မဖြစ်ပါစေနဲ့တဲ့"

"ဟုတ်ကဲ့ ... နားလည်ပြီ ကိုကျော်ဌေး"

"ကိုဘုန်း ... တခြား ဆရာ့ဆီ ဘာပြောချင်သေး..."



"မပြောတော့ပါဘူး၊ ကိုကို ဖုန်းဆက်မှပဲ အသေးစိတ်ထပ် မေးပါတော့မယ်၊ ဒါဖြင့် ကျွန်တော် မနန်းကို တွေ့ဖို့ကိုပဲ ဦးစားပေး ရှာတော့မယ်"

"ဟုတ်ကဲ့ ကိုဘုန်းရေ"

မနန်းကို တွေ့တဲ့ညနေပဲ ကိုကျော်ဌေးထံဆက်၊ ...နောက်တစ်ရက်မှာ ကိုကျော်ဌေးထံက ကိုကို့သဘောထား ပြန်သိ ...တဲ့အခါ ဘုန်းသမ္မာဟာ စက်ရုံသွားဖို့ထက် မြို့ထဲတခွင် ပြိုပြို ...ပတ်ပြီး မနန်း ရှာပုံတော်ဖွင့်ဖို့ကို ဦးစားပေးရပါတော့သည်။

ပထမတစ်ရက် သုန်သုန့်ကို သင်တန်းလိုက်ပို့ရတဲ့ ...(မနန်းကို မြင်တဲ့နေ့) ပြီးတော့ နောက်တစ်ရက်မှာ သုန်သုန် ... သင်တန်းမရှိ။ ဦးကြီးကျားက ဖိုးရိုးဖျားတာ မဟုတ်ဘဲ ...ရောင်တာ ဖြစ်နေပြီး ဖျားလို့ကောင်းတုန်း၊ နားဖို့လိုအပ်တုန်း ...နေပါသည်။ နောက်တစ်နေ့ကျတော့ မနက် Breakfast ဝိုင်း ... ဘုန်းသမ္မာကပင် စတင်၍ ...

"သုန်သုန် ... ဦးကျားကြီးလည်း နေမကောင်းသေးဘူး၊ အရောင်တာဆိုတော့ ကြာရင် ကြာနိုင်တယ်၊ သုန်သုန် ကျောင်းပဲသွားသွား သင်တန်းပဲသွားသွား ကျွန်တော်ပို့ပေး မယ်လေ"

"ဟင် ... နေ့တိုင်းကြီးတော့ ဦးဘုန်း အလုပ်တွေပျက်ပါ တယ်၊ သုန်သုန် အားနာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ရဲ့ စကားအချီအချကို ခေါင်ခေါင်က နားစွင့်အကဲခတ်နေပါသည်။

“ကျွန်တော် အလုပ်မပျက်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့်မှာကိုက မြို့ထဲကို ဒီရက်ပိုင်းမှာ နေ့တိုင်းသွားရမယ့်ကိစ္စ ရှိလာလို့”

“တကယ်လား ဦးဘုန်း”

“တကယ်ပေါ့”

“ဘာကိစ္စလဲ”

“အား ... ဘာကိစ္စလဲ ဆိုတာကတော့ အလုပ်ကိစ္စပဲ သုန်သုန် နားမလည်ဘူး၊ မြို့ထဲမှာရှိတဲ့ အစိုးရရုံးတချို့ ကိုလည်း ဝင်ထွက်ဆောင်ရွက်စရာ အလုပ်လေးတွေ ရှိသေးတယ်၊ မြို့ထဲကို နေ့တိုင်းကို ရောက်ရမှာ”

“အဲဒါဆို သုန်သုန် အဆင်ပြေတာပေါ့၊ ကျေးဇူးတင်လိုက်တာ ဦးဘုန်းရယ်၊ သုန်သုန်က ဒီနေ့တော့ ဦးဘုန်းတို့ အကူအညီ မတောင်းတော့ပါဘူးလို့၊ ဘတ်စ်ကားနဲ့ပဲလစ် လိုက်မယ်လို့ စိတ်ကူးထားတာ၊ ကားကလည်း နေ့တိုင်း တော့ ဘယ်ငှားနိုင်မလဲ၊ တက္ကစီခတွေက သိပ်ဈေးကြီးတာ ပဲ ဦးဘုန်းရဲ့”

“အံမယ် ... နင့်အမေကို နင် တစ်လစာတောင်းတိုင်း တက္ကစီခ ပိုပိုသာသာ ထည့်တွက်တောင်းနေကျ မဟုတ်လား”





“ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ တခြားဟာတွေလည်း ထည့်သုံးလိုက်ရတော့ ပိုက်ဆံက အဲဒီလောက်မှ မပိုတော့တာ”

“တစ်ပတ်တစ်ခါ ဆံပင်ပေါင်းတင်ရတာကတင် တစ်လ လေးသောင်းလေ”

ခေါင်ခေါင်ဟာ သုန်သုန့် အသုံးစရိတ်ကို ဖော် ...ကောင်လုပ်သည်။ ဦးဘုန်း ရှေ့မို့ သုန်သုန်က သူ့ကို ဖြန်းတီးတဲ့ ...သော သက်ရောက်စေတာကို ဒေါကန်ပြီးလျှင် ...

“နင်ကျတော့ တစ်လကို အနည်းဆုံး ဖိနပ်ကတစ်ရန်၊ အဝတ်အစားက နှစ်စုံဝယ်တယ်လေ၊ ဖိနပ်တစ်ရံ တစ် သောင်းခွဲ နှစ်သောင်း၊ အဝတ်အစား နှစ်စုံ သုံးသောင်း၊ လူဆိုတာ ကိုယ်သန်ရာ သန်ရာ ကိုယ်ဝါသနာပါရာကို ပိုက်ဆံသုံးကြတာပဲ၊ နင် ဘာမှပြောမနေနဲ့”

ဘယ်လိုပင်ဖြစ်စေ ခေါင်ခေါင်သည် သုန်သုန့်ကို ...ဘုန်းက နေ့စဉ်ရက်ဆက် ဆိုသလို သင်တန်းကို လိုက်ပို့နေ ...လုံးဝသဘောမကျ။ အစာမကြေ။ သူက မြို့ထဲပဲ ပတ်နေတော့ ...ည်ဆိုတော့ အကြိုပါ ကြိုချင်ကြိုလာဦးမည်။ သူတို့နှစ်ယောက် ...လည်း ဘာကြောင့် အလွှမ်းသင့်ပြီး အရင်းနှီး ပိုနေရတာလဲ။ ...န်သုန်က ဣန္ဒြေရရမနေဘဲ အတင်းလိုက်ရောနေလို့ပေါ့ ...ါင်ခေါင်က ခပ်နင့်နင့် တောက်ချက်ချပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီးကျားကတော့ သုန်သုန် ဘတ်စ်နဲ့ တက္ကစီနဲ့သွား နေရမှာ သနားတော့ သူ ဘာမှသိပ်မဖြစ်ပါဘူး၊ နက်ဖြန် သန်ဘက်ဆိုရင် ထနိုင်ပါပြီနဲ့ ပြောနေတာ၊ သနားပါတယ် ဦးကြီးကျားကို အေးအေးဆေးဆေးနားလို့ ပြောလိုက်ရဦး မယ်"

"ဦးကြီးကျားက အခု အဖျားကော ရှိသေးလား"

"အမလေး ခေါင်ခေါင်ရယ်၊ နင်ဟာလေ ဆရာဝန်လောင်း မို့သာပဲနော်၊ ခေါ်ကြီးဆင် ခေါင်းနည်းနည်းလေး မူးရင်တော့ နင် သွေးတွေချိန်ပေးရ ပြုရ ပြုစုပါရဲ့ သတင်းမေးပါရဲ့ ငါ့ဦးကြီးကျားကျတော့ နင့်ဘက်သား မဟုတ်တာနဲ့ပဲ သတင်းတောင် သွားမမေးဘူး၊ စိတ်ကိုမဝင်စားဘူး၊ ငါက နေများတစ်ဆင့် လာမေးနေချည်သေးတယ်၊ ပထမဆုံးနေ့ ကဆိုရင် အန်တာ ... အန်တာ၊ နင် လာကြည့်ဖော်တောင် မရဘူး၊ ငါက ဦးဘုန်းနဲ့ လမ်းမကြုံတောင်မှ ဦးကြီးကျား ကို တစ်ပတ်ဆယ်ရက်တော့ နားခိုင်းထားဦးမှာ"

ခေါင်ခေါင် ဘာပြန်ပြောရမှန်း မသိ၊ အောင့်သက် သက်ရှိစဉ် ...

"ကျွန်တော်ကလည်း အဲဒီတစ်ပတ်ဆယ်ရက်လုံးလုံး မြို့ထဲ ရောက်နေရဦးမှာ၊ အတော်ပါပဲ"





ဘုန်းသမ္မာ စကားကြောင့် ခေါင်ခေါင်က ဘုန်းသမ္မာ ကို လှမ်းစိုက်ကြည့်လိုက်ပါသည်။ နေစမ်းပါဦး။ ဒီလူတစ်ယောက် ကလည်း သုန်သုန့် အပေါ်ကိုဆိုရင် လောကွတ်ပိုကိုပိုနေတတ် ပါတယ်လို့ ယူဆတာပဲ။ ဘယ်လိုဖြစ်နေတာမျိုးတုံး။ သူ့အဆင့် သူ့ဂုဏ်သိက္ခာနဲ့လေ။ သူဟာ မန္တလေးမှာ အကြွယ်ဝဆုံး နာမည် အကြီးဆုံး သူဌေးမင်းပဲ မဟုတ်လား။

သူ့အခြေအနေ အဆင့်အတန်းလောက်ဟာ ပျိုတိုင်း ကြိုက်တဲ့ နင်းဆီခိုင် မဟုတ်ဘဲ ပျိုတိုင်းကြိုက်တဲ့ စိန်ပန်းခိုင်ဖြစ် နေပြီ။ စိန်နဲ့လုပ်ထားတဲ့ အခိုင်လိုက်သော တန်ဖိုးကြီးပန်း။ မို့ပျိုအိုအိုတွေဆိုတာ ခါချနေရမယ့်သဘောရှိတာ။ အားလုံးနီးပါး ဟာလည်း သုန်သုန်ထက် သာတာတွေချည်းဖြစ်မှာ။

သုန်သုန်က ဘာမို့တုံး။

သုန်သုန့်ကိုမှပဲ သူ ဖျတ်ခနဲ အမှတ်တမဲ့ကြည့်တဲ့ မျက်ဝန်းကြည့်ကအစ နက်ရှိုင်းစွာ နစ်မြုပ်နေတတ်တာ။ ဟိုး အတွင်းထဲက သူ့ကိုယ်သူတောင်မှ သိပုံမရတဲ့ ငြိတွယ်ခြင်းတစ် မျိုးနဲ့ စိုရီရွှန်းလဲ့နေတတ်တာ။ ဘာကြောင့်လဲ။ ဒီအိမ်မှာ သက်တူ ရွယ်တူ တစ်မျိုးစီလှပချောမောတဲ့ မိန်းမပျိုနှစ်ယောက် ရှိတဲ့အနက် ခြင်မြင်ချင်းကတည်းကစပြီး သုန်သုန့်ကို ပိုပြီးငေးမောသတိလက် လွတ်သွားခဲ့ရတာက ဘာကြောင့်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ်မို့ အထင်ကြီးတာ မဟုတ်ဘဲ နှစ်ယောက်ယှဉ်လျှင် အလှအပမှာပဲဖြစ်ဖြစ်၊ ဣန္ဒြေသိက္ခာပဲဖြစ်ဖြစ်၊ ဂုဏ်ကျက်သရေမှာပဲဖြစ်ဖြစ်၊ အရည်အချင်းမှာပဲဖြစ်ဖြစ် ကိုယ်ကသာ ပိုသာတယ်လို့ပဲ ခေါင်ခေါင်က အမြဲတမ်း ယုံကြည်ထားခဲ့ပါသည်။ ကြည့်ပါလား ... သူ့ပုံစံက ဘယ်လိုလာပြီး အဆင့်မြင့်လို့တုံး။ ဘယ်လိုသာလို့တုံး။

ထမင်းစားရင်လည်း ဇွန်းထဲ အမောက်ကြီးခပ်ပြီး ပါးစပ်ထဲ အပြည့်ဖောင်း သိပ်ထည့်ကာ နှစ်ချက် သုံးချက်ယောက်ဝါးပြီး ရှေ့မျှာချရင် ချပစ်တာ။ နူးညံ့သိမ်မွေ့တယ် ဆိုတာလည်း သူ့မှာ ရှာမရပါဘူး။ လှေကားထစ်ကို နှစ်ထစ်ကျော်တက်တာတို့ ဘာပဲလုပ်လုပ် ဆိုးဆတ် ဖြိုးဖြတ် ဂိုးဂွပ်နဲ့ သုန်သုန့်ကို ယောကျ်ားသားတွေ ဘာကြောင့် မျက်စိကျကြရတာတဲ့လဲ။

ခေါင်ခေါင့်မှာလည်း ကျောင်းကရော အပြင်ကရော သူငယ်ချင်းတွေရဲ့ အစ်ကိုမောင် မိတ်ဆွေကွေ့ထဲကကော ကြိုက်တဲ့သူ လိုက်တဲ့သူတွေ မရှိမဟုတ် ရှိပါသည်။ အဲဒီလူတွေဟာတောင်မှ အိမ်ကို အလည်ရောက်လာခဲ့ရင် သုန်သုန့်ကို တစ်ထိုင်တည်းခင်မင်ကုန်ကြသည်။ သုန်သုန့်ဘက်ကို စိတ်လည်သွားတယ်မျိုး မဟုတ်ပေမယ့် ခေါင်ခေါင်နဲ့ ထိုင်စကားပြောနေရတာထက်စာရင် သုန်သုန်နဲ့ စကားနှစ်ခွန်း သုံးခွန်း အချီအချ နှုတ်ဆက်လိုက်ရရင်ပဲ ပိုပြီး ပျော်ရွှင်လန်းဆန်းနေကြသလိုပင်။

ကျန်တာတွေကို ခုချိန်မှာ ထားပါတော့။





ဦးမြတ်ဘုန်းရောင် တစ်ယောက် သုန်သုန့်ထံ အလျှင်အမြန် ကျဆုံးနေတာကိုတော့ အသည်းထဲ ကျလိကျလိနှင့် အခံရခက်လှပါသည်။ ဘာမှသိပ်မဟုတ်သူတွေ သုန်သုန့်ထံ ကျဆုံးချင်သလောက် ကျဆုံးပါစေ။ လောလောဆယ် ပတ်ဝန်းကျင်မှာရှိသမျှ သိသမျှ ယောကျ်ားပျို လူလွတ်ထဲမှာ အဆင့်အမြင့်မားဆုံး ဂုဏ်ရှိန်အထည်ဝါဆုံး နေရာမှာရှိတဲ့ "မြတ်ဘုန်းရောင်" ဟာ နှစ်ယောက်ယှဉ်ရက်ထဲမှာ သုန်သုန့်ဘက် မြန်ဆန်လွယ်ကူစွာ ယိမ်းယိုင်နေတာကို စိတ်ပုပ်တယ်ပဲပြောပြော ခေါင်ခေါင် အသည်းတွေ နာနေပါသည်။

အဲဒါနဲ့ တစ်ပြိုင်နက် ဒွိဟာခံစားနေရသည်မှာကလည်း ဒီ ဦးမြတ်ဘုန်းရောင်ကို စိတ်ထဲက တစ်မျိုးဖြစ်နေမိခြင်းပင်။ ကျောင်းက ခေါင်ခေါင့်ကို လိုက်နေတဲ့ ဆောက်လုပ်ရေးသူဌေးကြီးရဲ့သား ကျော်ကျော်နောင်ပင်လျှင် ဟောဒီ မြတ်ဘုန်းရောင်ထက်တော့ အရှိန်အဝါ တောက်ပသေးသည်။

ခေါင်ခေါင် သိသလောက် သူဌေးဆိုတာတွေဟာ ဘာမှန်းမပြောပြတတ်တဲ့ လက်ညှိုးညွှန်ထောက်ပြလို့လည်း မရတဲ့ ဂုဏ်ရှိန်ရောင်ဝါတစ်မျိုး သူတို့ထံမှာ ထွန်းဖြာနေတတ်တာ။ ကြည့်လိုက်ရင် လူထဲမှာ ထင်းနေတာ၊ သန့်ရှင်းနေတာ၊ အဆင့်မြင့်နေတာ၊ သီးခြားဖြစ်နေတာ။ အလိုအလျှောက် အပေါ်ကိုရောက်နေတာ။ သူတို့မှာ သူဌေးဆိုတဲ့ အရှိန်အဝါရှိကြသည်။ ဟောမန်လှနဲ့ကို မတူတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မတောင့်တရ မကြောင့်ကျရတဲ့ ပြည့်စုံကုံလုံလျှံပယ်ခြင်းဆိုတဲ့ အရိပ်အငွေ့အသက်က သူတို့ထံမှာ မြင်နေရတာ။ အခုတော့ ဦးမြတ်ဘုန်းရောင်ဟာ အဲသလိုလည်း မဟုတ်။ သူဟာ သူဌေးကြီးဆိုလို့သာ "ဩော်"ဆိုပြီး လက်ခံလိုက်ရသည်။ သူဌေးရဲ့ပုံပန်း ဂိုက်ဆိုက်ရောင်လျှံရှိန်ဝါတွေ ထင်းလင်းရှင်းနေတာတွေ ဘာမှသူ့မှာမတွေ့ရ။ သူဌေးကြီးမှ ဟုတ်ရဲ့လားလို့တောင် ထင်မိသည်။

လူတစ်ယောက်ဟာ အရမ်းချမ်းသာ အောင်မြင်နေပြီဆိုရင် သူ့အနေအထားအရ သူ ဆက်ဆံကျင်လည်နေရပုံအရ အမူအရာ စကားအပြောအဆိုတို့ဟာ အလိုအလျောက် အထက်စီးက ရောက်နေလျက် လေကိုက (အမိန့်ပေးတာပဲဖြစ်ဖြစ် မေတ္တာရပ်ခံတာပဲဖြစ်ဖြစ်) ဘယ်လိုစကားမျိုးဖြစ်ဖြစ် အပေါ်ကပဲ ပြုဆင်းလာတဲ့လေမျိုး။ ရိုးရိုးကလေးနေလည်းပဲ ဟိတ်တစ်ခုရှိနေတာ။

ဦးဘုန်း ပုံစံကတော့ ခပ်လျှိုလျှို ခပ်ကျိုု့ကျိုု့နှင့် ယဉ်ကျေးတာပဲလား။ နေရာမယူတတ်တာပဲလား။ အောက်ခြေမလွတ်ဘဲ မြေကြီးဆန်လွန်းတာလား။ ကောက်ချက်ချလို့ မတတ်အောင်ကို သူဌေးမင်းပုံစံ မပေါက်ဘဲရှိသည်။ ဒါပေမယ့်လည်း သူဌေးပုံစံပေါက်ပေါက် မပေါက်ပေါက် သူက လူသိများလောက်အောင် ထင်ရှားကြွယ်ဝသူတစ်ဦး ဖြစ်လေရာ ပစ်ပစ်ခါခါတော့ သတ်မှတ်မရ။





ဘဝမှာ မြင့်သထက်မြင့်တဲ့ နေရာကို ရောက်ခွင့်ရဖို့ပဲ အမြဲခေါင်းထဲ ထည့်ထားတဲ့ ခေါင်ခေါင်သည် ကိုယ်ရှိနေတဲ့ အိမ်ပေါ်ကိုမှ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာ တည်းခိုနေတဲ့ မြတ်ဘုန်းရောင်ကို ဂရုမစိုက်ဘဲ စိတ်ကူးထဲမထည့်ဘဲတော့ မနေနိုင်ပေ။ ကံကြမ္မာကိုက ကိုယ့်ရှေ့မှောက် အနီးကပ်ကိုပို့လိုက်တာလေ။ (သုန်သုန့် ရှေ့မှောက်လို့လည်း တစ်နည်းပြောလို့ရတာပေါ့)။

ခေါင်းထဲ စိတ်ကူးထဲ လုံးဝထည့်ထားပါသည်။ ဒီလိုအရေးကိစ္စမျိုးဟာ ကိုယ်ဖန်တီးချင်တိုင်း ခြယ်လှယ်ဖန်တီးလို့တော့ မရဘူး ဆိုပေမယ့် ကိုယ်ဖြစ်ချင်တဲ့ လမ်းဘက်ကိုတော့ ကြောင်းပေးလို့ ရတယ်လို့ ထင်မိသည်။ ကိုယ့်ဘဝကို ဟိုးမိုးမြင့်ပေါ် ပစ်တင်လိုက်သလို ပြောင်းလဲတောက်ပ မြင့်မားသွားစေမည့် ယောကျ်ားတစ်ယောက်ကို သုန်သုန်နှင့် နှစ်ယောက်ပြိုင်ယှဉ်ကံစမ်းရာမှာ သုန်သုန်က အနိုင်ရသွားတယ် ဆိုတာကိုလည်း မခံချင်ပေ။

ဒီတော့ ထိုနေ့ Breakfast ဝိုင်းမှာ သူတို့နှစ်ယောက်ကို အကဲခတ်ရင်း မခံချင်စိတ်တွေ ဆူဝေလျှံကြွလာတဲ့ ခေါင်ခေါင်က တစ်နေကုန် ကျောင်းမှာ ကိုယ်ဘာလုပ်ရမည်ကို သေချာစဉ်းစားပါသည်။ ဒီတိုင်းလွှတ်ထားလို့တော့ ကိုယ်ကျန်ခဲ့မည်။ ခုကိုပဲ သူတို့နှစ်ယောက်က အနည်းဆုံး တစ်ပတ်ဆယ်ရက် အတူတူမြို့ထဲသွားကြဖို့ သေချာနေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေမှာ ခေါင်ခေါင် ကျောင်းပြန်နောက်ကျ နေသည်။ ပြန်လာတဲ့အခါ ကားပါမလာဘဲ ခြံတံခါးကို တွန်းဖွင့် ဝင်လာတဲ့ ခေါင်ခေါင့်ကို သုန်သုန် တွေ့မြင်လိုက်ရကာ ...

"ဟယ် ခေါင်ခေါင် ... နင် ဘယ်လိုပြန်လာတာလဲ ! ကားရော !! "

"စိတ်ညစ်လိုက်တာ သုန်သုန်ရယ်၊ ကားက ဒီနေ့မနက် အသွားကတည်းက ဒုက္ခပေးလိုက်တာ ဆိုတာ၊ ခုတော့ ကျောင်းလည်းပြန်ရော အခြေအနေ တအားဆိုးနေပြီ၊ လုံးဝ မရတော့ဘူး"

သုန်သုန်က မျက်ခုံးလေးပင့်ရင်း ...

"ဒါဖြင့် အခု ..."

"ဝပ်ရှော့ပ် ဝင်ပို့ထားခဲ့ပြီ၊ အနည်းဆုံး လေး,ငါးရက်ပဲ တဲ့"

ခေါင်ခေါင်က ခပ်အေးအေးလေး ပြောကာ အိမ်ပေါ် တက်လာခဲ့သည်။

❣ ✉ ❣





"ဟင် ... နင်က ဘယ်ကို လိုက်မှာလဲ"

ညစာထမင်းဝိုင်းတွင် ကားပျက်တဲ့အကြောင်း ညည်း ညူလိုက်တဲ့အတွက် ဦးဘုန်း ထံမှ ခေါင်ခေါင့်ကိုလည်း မနက် ကျောင်းလိုက်ပို့မည်ဆိုတဲ့ စကားကို လက်ခံရပါသည်။

"ပို့ပေးရုံပါပဲ ဦးဘုန်းရယ်၊ ပို့ပေးရင် ကျေးဇူးတင်လှပါ ပြီ၊ အပြန်ကျရင်တော့ ဒီနားက သူငယ်ချင်းတစ်ယောက် ကားနဲ့ လိုက်လိုက်မယ်၊ သူ့ကိုတောင် ပြောပြီးပြီ၊ သူ့အိမ် က ဒီရှေ့ကပဲ ဖြတ်မောင်းရတာ ဘာမှအပန်းမကြီးဘူး၊ မနက်လာကြိုခိုင်းရမှာသာ ခေါင်ခေါင် မပြီးသေးလို့ စောင့်ရ ပြုရ အားနာစရာဖြစ်မှာစိုးလို့ မခေါ်ခိုင်းတော့တာ"

ဦးဘုန်းက နဂိုနေပင် ဖြစ်သော်လည်း သုန်သုန်က တော့ မြွေမြွေချင်း ခြေမြင်ကာ ယုံပုံမရပါ။ နင့်ကားက ဘာ ဖြစ်တာတဲ့လဲ၊ လေးငါးရက်ကြာရအောင် ဘာပြင်ရမှာလဲ စသဖြင့် တွေ အစ်မေးနေသောအခါ ...

"ဘာမှမသိဘူး၊ ကားထိုးရပ်သွားတာနဲ့ စိတ်ခါတ်ကိုကျ သွားတာ၊ ငါသွားနေကျ ဖေဖေ့သူငယ်ချင်း ဝပ်ရှော့ပ်ကိုပဲ ဖုန်းဆက်လိုက်ပြီး ကားကိုလာဆွဲသွားရတော့တာပဲ၊ လေး ငါးရက်နေမှရမယ်၊ ရမှ ဖုန်းဆက်မယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပြောလိုက်ရာ သုန်သုန် မကျေမနပ်နှင့် ငြိမ်သွားခဲ့ပါသည်။

ဒါပဲလေ။ ခေါင်ခေါင့် အလှည့်ပေါ့။ ခေါင်ခေါင်နှင့် ဦးဘုန်း နှစ်ယောက်တည်း ကားတစ်စီးနှင့် သွားရသေးတာပေါ့။ ဒီလေးငါးရက်အတွင်း ဦးဘုန်း ခေါင်ခေါင့်ကို ရင်းနှီးနှစ်လိုမလာဘူး ဆိုရင်တော့ ကိုယ်ညံ့ဖျင်းလို့ပဲပေါ့။

နောက်တစ်နေ့ ကျောင်းသွားမယ့် ရှစ်နာရီအချိန်မှာ အခန်းထဲက ခေါင်ခေါင် ထွက်လာတဲ့အခါ ရေမွှေးအိုးထဲမှောက်နစ်လာသလား ထင်ရအောင် မွှေးအီထုံသင်း ကြိုင်လှိုင်နေ၍ နတ်သမီး ဘုံကြီးပြတ်ကျလာသလား ထင်ရအောင် လှလွန်းနေ ဖြစ်နေပါသည်။ ကိုယ့်ဟာကိုယ်လည်း ဘယ်လောက်လှနေတာကို သိသည်။ အသေးစိတ်ကို ပြင်ဆင်ခြယ်သလာခဲ့သော်လည်း မိတ်ကပ်တွေ ဗရပျစ်ပုံစံ မဟုတ်ပါ။ စိုစိုသိပ်သိပ် တင်းတင်းရင်းရင်း မွှေးမွှေးပျံ့ပျံ့ တောက်တောက်ပြောင်ပြောင်ကလေး ဖြစ်နေ၍ သာ။

ကိုယ့်ဟာနဲ့ကိုယ်လည်း ကျေနပ်၊ ထမင်းစားပွဲမှာ ဦးဘုန်းက သူ့ကို အံ့သြတကြီး ကြည့်လိုက်တာကိုလည်း သဘောခွေ့နေတဲ့ ခေါင်ခေါင်ဟာ "သွားကြစို့"ဆိုပြီး ခြံထဲဆင်းလှာ ကားနားမှာ ကုန်းကာကွကာ ဘာလုပ်နေမှန်းမသိတဲ့ သုန်သုန့်ကို အလန့်တကြားတွေ့လျှင် ...

"ဟဲ့ ... နင် ဘာလုပ်နေတာလဲ"





"အဟဲဟဲ ... ကူရှင်ခေါင်းမှီ အစွပ်လေးလေ၊ ကြည့်စမ်း ... လှတယ်မဟုတ်လား"

"Dale"အမည်ရတဲ့ ရှဥ့်ရုပ်ကလေး အပြင်ဘက်ကို ကြွထကာ ဘေးမှာ ခြေရာကွက်ကျဲကျဲလေးတွေအဆင် ကူရှင် ရုပ်လေးဟာ အတော်ကိုလှတာ အမှန်ပင်။

"အမယ် ... နင်က ပိုင်စိုးပိုင်နင်း စွပ်ရအောင် ဦးဘုန်းက ကြိုက်ချင်မှ ကြိုက်မှာပေါ့၊ အရုပ်ဆိုတာ ကလေးကလားနဲ့"

"ဦးဘုန်းကို ခွင့်တောင်းပြီးပြီ၊ ဦးဘုန်းက စွပ်တဲ့"

"ကဲ ... အဲဒါဆိုလည်းပြီးတာပဲ၊ ဖယ်တော့၊ ငါသွားတော့မှာ"

"သွားတော့မလား၊ လာလေ ... သွားမယ်"

ပြောပြောဆိုဆို သုန်သုန်က ရှေ့ခန်းတံခါး ဖွင့်ထား ပြီးသားထဲ တက်ထိုင်လိုက်ပါသည်။ အဲဒီတော့မှ ခေါင်ခေါင်ဟာ အံ့အားတသင့် အငိုက်လည်းမိ၊ ဒေါသလည်းဖြစ်။ ခါးကိုပင် ထောက်လိုက်မိကာ ...

"ဟင် ... နင်က ဘယ်ကိုလိုက်မှာလဲ"

အတုန်တုန် အလှုပ်လှုပ် မေးလိုက်မိပါသည်။ ကား ဂျစ်ကား။ သူက ရှေ့ခန်းမှာ ထိုင်ထားပြီဆိုတော့ ခေါင်ခေါင် နောက်ထဲက တက်ရတော့မှာပေါ့။ မမျှော်လင့်ဘဲ အညှံ့ခံလိုက် တာကို ဖြစ်လာတဲ့ ဒေါသတွေက မျက်နှာကို တင်းမာနီမြန်းလာ သည်။

"ငါလည်း မြို့ထဲ တစ်ခါတည်းလိုက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလိုက်လုပ်မှာလဲ"

"ငါက ဆယ်နာရီမှာ သင်တန်းလေ၊ အခု ရှစ်နာရီ၊ နင့်ကိုပို့တော့ ရှစ်နာရီခွဲရောက်၊ ဦးဘုန်းက အိမ်ပြန်လာ ကိုးနာရီ၊ ငါ့သင်တန်း ဆယ်နာရီမထိုးခင် ရောက်အောင်ဆိုရင် အိမ်ကနေ ချက်ချင်းလိုလို ပြန်ထွက်နေရတော့မှာပေါ့။ လူပင်ပန်း ခတ်ဆိကုန်တယ်လေ၊ ဘာလို့ပြန်နေတော့မှာလဲ၊ မြို့ထဲပဲ ပတ်နေလိုက်တော့မှာပေါ့၊ နင့်ကိုချပြီးရင် မုန့်လေး ဘာလေး သွားစားလိုက်ရင် အတော်ပဲ"

ခေါင်ခေါင့် မျက်နှာက ပိုလို့တောင် ပုပ်သိုးလာသည်။

"နောက်တစ်ခေါက် လာပြန်ခေါ်ဖို့ မလွယ်ဘူးဆိုလည်း တစ်ခါတလေ ကားငှားပြီး သွားလိုက်ပေါ့၊ အလကား အချိန်ပုပ်ခံပြီး လိုက်တယ်"

"အချိန်ပုပ်ရအောင် ဒီအချိန် ငါလည်းအားနေတာပဲ၊ အချိန်က ပိုနေပါတယ်၊ ဘာမှ ပြဿနာမရှိဘူးလေ"

"ဦးဘုန်းက သက်သက်မဲ့ မြို့ထဲမှာ နေနေရဦးမယ်"

"ဦးဘုန်း လုပ်စရာကိစ္စကိုက မြို့ထဲမှာ နေနေရမှာလေ"

ခေါင်ခေါင်သည် ကိုယ့်ဘက်က နိုင်အောင်မည်သို့မျှ ချေပပြောဆိုခြင်း မပြုနိုင်။ စိတ်ထဲမှာ ရှန်းရင်းဆန်ခတ်ဖြစ်နေသည်။ ပိုတောင်ဆိုးသွားသေးတယ်။ ကားကို အရင်ဦးအောင် မောင်ပိုင်စီးပါမယ်ဆိုမှ သူက ကပ်ပါလာတော့ သူတို့နှစ်ယောက်





မြို့ထဲမှာ ကားလေးနဲ့ လည်ပတ်နှစ်ပါးကြည်ဖို့ ကြံဖန် ကြံစည်ပေးရသလိုတောင် ဖြစ်နေပြီ။ တောက် ...။

"ကဲ ... တက်လေ ... တက်လေ"

နောက်ကိုတက်ရတဲ့ အဖြစ်ကလည်းအောက်။ ဒါကို မတက်ဘူး ဘာဘူးနှင့် သုန်သုန်နှင့် ရှေ့ခန်းလုဖို့ကျတော့လည်း သေးသိမ်။ ခေါင်ခေါင်သည် စိတ်တွေတအားတိုနေတဲ့ကြားကပင် နောက်ခန်း နောက်ပေါက်တံခါးချပ်ကို ခေါင်ခေါင် တက်ဖို့ဖွင့်ပေးလိုက်တဲ့ ဦးဘုန်းက ရှိနေ၍ မျက်နှာပျက်ရမှာလည်း ရှက်ကာ ဘာမှမဖြစ်သလို နောက်ခန်းထဲ အမြင့်ကြီး လှမ်းကျော်တက်လိုက်ရသော်လည်း ရင်ထဲမှာတော့ ကြိတ်မနိုင်ခဲမရ။

"နောက်နေ့တွေလည်း နင်ကားမရမချင်း ဦးဘုန်းကပို့ပေးမယ်တဲ့၊ အဲဒီတော့ ငါလည်း နေ့တိုင်းအတူတူလိုက်မှာ၊ နင့်ကိုချ၊ ပြီးရင် လက်ဖက်ရည်ဆိုင်ဖြစ်ဖြစ်ထိုင်၊ ဦးဘုန်း သွားချင်တာရှိသွား၊ ဆယ်နာရီထိုးခါနီးမှ ငါ့သင်တန်းကို သွား၊ မြို့ထဲမှာ ဦးဘုန်း လုပ်စရာရှိတာလေးတွေ ပတ်လုပ်၊ ငါ့သင်တန်းလွှတ်ချိန်ကျ ဦးဘုန်းက လာဝင်ကြိုပြီး တစ်ခါတည်း ပြန်ရုံပဲ ...

နင်ကလည်း အပြန်ကျ ဟိုကောင်မလေးကားနဲ့လိုက်မယ်ပြောပြီးသားဆိုတော့ နင့်ကို လာကြိုနေစရာ မလိုဘူး"

မကြိုရဘူးဆိုတာ ကိုယ့်စကားနဲ့ကိုယ် ပြောပြီးသားမို့ ပြင်နေလို့မကောင်းတော့။ ဦးဘုန်းနှင့် ခေါင်ခေါင် နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တွဲ သွားလာဖြစ်အောင် စီစဉ်ဖန်တီးပါတယ်ဆိုမှ ကိုယ်ကလွှင့် ထွက်ပြီး သူကပဲ အဆင်တွေပိုပြေလို့၊ သူတို့နှစ်ယောက် နီး ရဖို့ ခေါင်ခေါင်က စီစဉ်ဖန်တီးပေးရသလို ဖြစ်နေပါသည်။

စိတ်တိုလိုက်တာနော်။

တစ်လမ်းလုံး ခေါင်ခေါင် အသံတိတ်နေကာ စကား တောင် မပြောနိုင်။ သုန်သုန့်ကိုလည်း မုန်းတီးသည်။ ဦးဘုန်း လည်း မုန်းတီးသည်။ ဦးဘုန်းကိုတော့ မုန်းစရာအကြောင်းမရှိ ဘူး ဆိုရင်လည်းဆိုပေါ့။ ခေါင်ခေါင်ကတော့ သုန်သုန် တတွ တွတ် ပြောနေတဲ့ စကားတွေကို တုံ့ပြန်ပြောလိုက် ရယ်မောလို အာရုံဝင်စား ဂရုတစိုက်ရှိနေတဲ့အတွက် မုန်းသည်။

နောက်နေ့တွေ မလိုက်တော့ဘူးလို့ကို ပြော တာ။ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ဝပ်ရှော့သွားထိုးကာ ... 'အိ ညှိသည်တွေရောက်ပြီး ကားတွေလည်း ပါလာတော့ သွင်းရ ရ ကားရွှေ့ရကျပ်နေလို့ ဝပ်ရှော့ပ်မှာ အေးအေးဆေးဆေး ယူထားပါ၊ ဘာမကောင်းတာရှိလဲ ရှာဖွေပြီး ပြင်ပေးထား လေးငါးရက်နေမှ ကားချောင်မှ ပြန်ယူမယ်'လို့ ပြော ကိုယ့်ကားကိုယ် သွားပြန်ထုတ်ယူပြီးတော့ပဲ ကိုယ့်ဟာကိုယ် ချင်တော့တာ။

ရင့်ကျက်လာခြွေရတဲ့ သရုပ်ကို ဆောင်ချင်တဲ့အတွ ဒီလိုလည်း လုပ်လို့မကောင်းတတ်သေး။



## ၉

"ဦးဘုန်း"

"ခင်ဗျာ"

သုန်သုန်က ပြုံးလိုက်ပါသည်။ သူ့ကိုခေါ်လိုက်လျှင် ဒဲသလို ယဉ်ယဉ်ကျေးကျေး ထူးတတ်ပုံလေးဟာ တကယ်ချစ် စရာကောင်းသည်။

"ဒီလိုပဲ ကားပေါ်ထိုင်နေကြတော့မှာလား ဦးဘုန်းရဲ့"

"ဒီလို ကားပေါ်မထိုင်လို့ ဘာလုပ်ကြမလဲ၊ ဒီလိုပဲ ထိုင် စောင့်ကြည့်ရမှာပဲလေ"

"အကြောင်းမထူးဘူးလားလို့"

"သုန်သုန် ပျင်းနေပြီထင်တယ်၊ အဲဒါကြောင့် ကျွန်တော်က သုန်သုန့်ကိုပို့ပြီးမှပဲ ကားလာရပ်စောင့်ချင်တာ၊ သုန်သုန် က ..."

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ခေါင်ငှ်ကို ကျောင်းပို့ပြီးရင် သုန်သုန့်ကို မပို့မီ ကြားထဲ တစ်နာရီခွဲနီးပါး အားလပ်နေတာမို့ သုန်သုန်က မုန့်သွား စားမနေတော့ဘဲ မနန်းကို စောင့်ရှာဖို့ပဲ ကားသွားရပ်စောင့်တော့ မယ်လို့ အဆိုပြုတာ။ အဲသလို မနန်းကို တွေ့လိုက်တဲ့ လမ်းထိပ် ဘက်မှာ ကားသွားရပ်ပြီး ထပ်တွေ့လိုတွေ့ငြား စိမ်ပြေနပြေ ရှာဖွေမည်ဆိုတဲ့ အစီအစဉ်ကိုလည်း ဘုန်းသမ္ဘာကပဲ လျှာတွေရှည် ပြီး ဖွင့်ပြောပြလိုက်မိတာမို့ပင်။

"အင်းလေ ... သုန်သုန်လည်း အားနေတာပဲဟာ"

"အခု ပျင်းနေပြီ မဟုတ်လား"

"မပျင်းပါဘူး၊ လုံးဝမပျင်းဘူး၊ ဒီနေရာလောက် လူစည် ကားတာ ဒီနေရာပဲရှိတာ၊ ရှေ့မှာလည်း ဘတ်စ်ကားမှတ် တိုင်။ ဒီနားမှာလည်း စတိုးဆိုင်တွေ စတိုးဆိုင်တွေ၊ လမ်း ဘေးပလက်ဖောင်းဆိုင်တွေနဲ့ ရှုပ်ပွစည်ကားနေတာပဲ၊ ဒီ နားမှာ သူတို့ရဲ့ရုံးတွေ အလုပ်ခွင်တွေ ရှိကြတဲ့လူတွေက လည်း သွားလာနေလိုက်ကြတာ ပရွက်အုံကို တုတ်နဲ့ထိုး တာ ကျနေတာပဲ ရှစ်ရှစ်နဲ့၊ လူတွေကို အဲသလို ကြည့်နေ ရတာကို သုန်သုန်က စိတ်ဝင်စားပါတယ် ဦးဘုန်းရဲ့၊ ပျင်းစရာ တစ်ချက်မှ မရှိဘူး"

အခုဆိုရင် ခေါင်ခေါင်ကိုပို့ပြီး ဒီနားမှာကားလာရပ် တာ နှစ်ရက်ရှိပြီ။ နှစ်ရက်အတွင်း အကြောင်းမထူးသေး။





"သုန်သုန်က နှစ်ရက်လုံးလုံး ကားလာရပ်ထားပြီး ဘာမှ အကြောင်းမထူးတာကို အသည်းတွေယားပြီး စိတ်မရှည်တာ ပါ။ ပျင်းလို့မဟုတ်ဘူး၊ သုန်သုန် သင်တန်းသွားတက်နေ တုန်းလည်း ဦးဘုန်း ကားလာရပ်တာ ဘယ်နှနာရီတောင် လဲ၊ ထပ်တွေ့လို့လား"

"မတွေ့ဘူးလေ"

"အဲဒါကြောင့် အကြောင်းမထူးဘူး ပြောတာ"

"တခြားရော ဘာနည်းရှိလို့လဲ သုန်သုန်ရဲ့၊ သူ ဒီနားတစ် ဝိုက်မှာ နေမယ်မှန်းပြီး သူ အပြင်ထွက်လာရင် ထပ်ဆုံလို ဆုံငြား စောင့်ကြည့်တာပဲ လုပ်လို့ရမှာပေါ့၊ အတိအကျ လိုက်ရှာလို့မှ မရတာ"

"ဟိုလမ်းထဲကို ဖြတ်လျှောက်ကြည့်ကြရအောင်လေ"

"ဒီလမ်းထဲ သေချာချင်မှ သေချာမှာပေါ့၊ ဒီလမ်းထဲကို အဲဒီနေ့က လျှောက်ဝင်သွားဆမယ့် တကယ်နေတာ တခြား တစ်လမ်းလည်း ဖြစ်နိုင်တာပဲ"

"ဖြစ်နိုင်ပါတယ်၊ အမျိုးစုံ ဖြစ်နိုင်တာပေါ့၊ ဖြစ်နိုင်တာတွေ ထဲက ဘယ်ဟာတကယ်ဖြစ်နေတာလဲဆိုတာ ရှာဖွေကြည့် မှ သိမှာပေါ့"

ဘုန်းသမ္ဘာက သုန်သုန့်ကို ဖြူး၍ကြည့်သည်။ စိတ် မြန်ကိုယ်မြန် တက်ကြွနေတဲ့ ပုံသဏ္ဌာန်ကို ချစ်စနိုးဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သုန်သုန်က ဘာတွေ ဒီလောက် တက်ကြွနေတာလဲ"

"ဦးဘုန်း သူ့ကိုတွေ့ဖို့ လိုအပ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အမှန်အတိုင်း ပြောရရင် သုန်သုန်ကို အဲဒီကိစ္စထဲမှာ ပါဝင်မပတ်သက်စေချင်ဘူး"

"သုန်သုန်က ဝင်ပါမလို့မှ မဟုတ်တာ၊ သုန်သုန်က အဲ မနန်းကို ရှာတွေ့စေချင်တာ"

"ဘာဖြစ်လို့လဲ ! "

"ဦးဘုန်းတို့ တွေ့ဖို့လိုအပ်နေတဲ့သူမို့ပေါ့၊ သုန်သုန့်စိတ် မြန်တော့ မြန်မြန်တွေ့လိုက်စေချင်တာ၊ လာပါ ဦးဘုန်း ဟိုလမ်းထဲ တစ်ခေါက်လျှောက်ရအောင်၊ ဦးဘုန်းမလို ရင်လည်း သုန်သုန့်ဘာသာ လျှောက်ဝင်သွားမယ်၊ အဲ အစ်မကြီး မျက်နှာကို သုန်သုန် ကောင်းကောင်းမှတ် တယ်၊ ရှမ်းမချောချောလေး"

ဘုန်းသမ္မာက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ အဲဒီနောက်တော့ ကားမှန်တွေကို တင်နေလျှင် သုန်သုန်က နပ်သွားပြီး ကားပေါ်က ဆင်းလိုက်သည်။ ကိုယ့်ဘာသာကို တာဝန်ရှိနေတာက ရှိနေတာသတ်သတ်၊ ခေါင်းရှုပ်စရာက ရှုပ် သတ်သတ်၊ သုန်သုန်နှင့် မြို့လယ်ကောင်မှာ နှစ်ယောက် လျှောက်ကာ သွားလာလှုပ်ရှားရမယ့် အဖြစ်ကို ဘုန်းသမ္မာ ထဲ ပူနွေးခုန်လှုပ်လာခဲ့ပါသည်။





"လာလေ ... လမ်းကူးမယ် ဦးဘုန်း"

သူ့အကျီလက်မောင်းစ,ကို ဆွဲကိုင်မယောင် မကိုင်မယောင် မဝံ့မရဲလေးနှင့် ကားတွေကိုလည်း ကြောက်လန့်ပုံရကာ သူ့ဘက် တိုးကပ်နေတဲ့ သုန်သုန်ရဲ့ ပခုံးစွန်းလေးဟာ သူ့လက်မောင်းတစ်ဖက်ကို တို့ထိနေပါသည်။

"ကူးမယ်ဆို အော်နော် ဦးဘုန်း"

"ကူးမလား"

"ဩော် ... ကူးမယ် မကူးဘူးပဲ ပြောပါ၊ ဦးဘုန်းကလည်း ကူးမလားတဲ့၊ ဦးဘုန်း ကူးမယ်ဆိုရင် သုန်သုန်ကလည်း နောက်ကလိုက်ကူးမှာပေါ့"

"သုန်သုန်က ပိုကျွမ်းတာ မဟုတ်ဘူးလား။ ကျွန်တော်က မနေ့တစ်နေ့ကမှ ရန်ကုန်ကို ရောက်တာလေ"

ကားသံတွေကြားထဲ တစ်ယောက်ကို တစ်ယောက် အော်ပြောနေကြရင်းက သုန်သုန်က မျက်စောင်းလှည့်ထိုးလိုက်ကာ ...

"ဟိုတစ်နေ့ကတော့ ဘာမှမကြည့်တော့ဘဲ ပြေးဖြတ်ကူးသွားပြီးတော့"

ဟိုးတုန်းက မျက်စောင်းမျိုးကလေးကို ပြန်ရပြန်ပြီ။ ဘုန်းသမ္မာသည် ရင်ထဲ ကြည်နူးရွှင်ပျလာခဲ့ကာ ...

"ဒါဖြင့် ... လာ"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသမ္ဘာက သုန်သုန့် လက်ဖျားကလေးကို ဖျတ်ခနဲ ဖမ်းဆုပ်လိုက်လျှင် သုန်သုန်သည် တွန့်ခနဲ လန့်ဖျပ်ကာ ကယောင်ကတန်းနှင့် ...

"ကူးမှာလား"

"ကူးမယ်"

ဘုန်းသမ္ဘာ လက်ဆွဲပြေးတဲ့နောက် ရှင်တမိုမိုအသည်းတအေးအေးနှင့် အပြေးလိုက်ရင်း သုန်သုန့် ရင်တွေလည်း ခုန်လာပါသည်။ ကတုန်ကယင်နှင့် ပျော်လိုက်တာ မေးရိုးများတောင် ရယ်မောရင်း တုန်ယင်ချင်လာသည်။ လမ်းဟိုတစ်ဖက်ကမ်းရောက်လျှင် ဘာရယ်မဟုတ် အကြောင်းလည်း မရှိဘဲ ဘုန်းသမ္ဘာရော သုန်သုန်ပါ အူတွေမြူးပြီး တဟားဟား ရယ်နေမိကြပါသည်။

ရှေ့ဆက်မသွားနိုင်သေးဘဲ ခါးထောက်ကာ ဗိုက်နှိပ်ကာ အလကားနေရင်း အကြောင်းမဲ့ ရယ်နေလိုက်ကြတာ။ ခဏနေမှ ဘုန်းသမ္ဘာက အရင်ဣန္ဒြေဆည်ရင်း ...

"လာလေ ... ဟိုလမ်းထဲ ဝင်မယ်"

နှစ်ယောက်သား ဟိုတစ်နေ့က နန်းတို့ဝင်သွားတယ်ဆိုတဲ့လမ်းထဲ တွဲလျှောက်ဝင်လာကြပါသည်။

"ဝင်လာတာတော့ ဟုတ်ပြီ၊ ဘယ်လိုရှာမှာလဲ"

"အို ... ဦးဘုန်းကလည်း၊ ခက်ခက်နိုးနိုး၊ ဟိုကြည့်ဒီကြည့်ရှာပေါ့၊ ဟိုမော့ဒီမော့ပေါ့"





သုန်သုန် လုပ်ပြတဲ့ အမူအရာကလည်း ရယ်စရာ။

"သူတို့ ဝရန်တာလေး ဘာလေး ထွက်ရပ်နေရင် တွေ့ရမှာပေါ့၊ အောက်က မုန့်ဆိုင်လေး အအေးဆိုင်လေးတွေကို ဆင်းနေရင်လည်း တွေ့ရတာပေါ့"

"မဆင်းနေရင် ! မတွေ့ရင်ရော ! "

"ဒီတော့လည်း ပြန်ရုံပေါ့"

"ကျွန်တော့်ကို သူက အရင်လှမ်းမြင်သွားမှာ စိုးရတယ်"

"သူကမြင်လည်း ကောင်းတာပေါ့၊ ဘယ်သူကမြင်မြင် တွေ့ဖို့အဓိက မဟုတ်လား"

"သူ အရင်မြင်ရင် သူက ပုန်းပစ်လိုက်မှာပေါ့"

"ဩော် ... ဒီလိုလား !! "

"ဟုတ်တယ်လေ"

"သူက ဦးဘုန်းကို မတွေ့ချင်ဘူးပေါ့"

"တမင်ကို ထွက်ပြေးပုန်းရှောင်နေပါတယ်ဆိုမှ"

"မသိဘူးလေ၊ ဦးဘုန်းဖြင့် ပြောမပြဖူးဘဲနဲ့၊ ခုမှပဲသိတာ"

"သူက မန္တလေးကနေ ထွက်သွားပြီး ပျောက်နေတာ၊ ဟိုတစ်နေ့က ဖျတ်ခနဲတွေ့မှ ရန်ကုန်ရောက်နေပါလား ဆိုတဲ့ မျှော်လင့်ချက်လေး ရှင်သန်လာတာ၊ နို့မို့ ဘယ်ရောက်နေမှန်းသိတာမဟုတ်ဘူး၊ သူက ကျွန်တော်တို့မသိအောင် ရှောင်ပုန်းသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ !!"

"ဒေါ်မြစိမ်းပေါ့ဗျာ၊ အဲ ... မေမေလေဗျာ၊ မေမေနဲ့ ပြဿနာ ဖြစ်သွားတယ်"

"ဦးဘုန်း ရည်းစားလည်း မဟုတ်ဘူးဆို"

"မဟုတ်ပါဘူး"

"ဦးဘုန်းရည်းစား မဟုတ်ဘဲ ဦးဘုန်းမေမေနဲ့ ဘယ်လို ပြဿနာရှိသွားတာလဲ"

"ကျွန်တော်လည်း ဒီထက်ပိုပြောလို့ မရတော့ဘူး သုန်သုန်"

သုန်သုန်က ဘုန်းသမ္မာကို မျက်တောင်းပျော့ပျော့ လေးတစ်ချက် သက်ပြင်းပျော့ပျော့လေးတစ်ချက်နှင့်ကြည့်ကာ ...

"ဘာပဲဖြစ်ဖြစ် ဦးဘုန်းကိုတွေ့ရင် သူက ထွက်မလာဘဲ ပုန်းနေမယ်ပေါ့"

"အမှန်ပဲ"

"ဒါဖြင့် ဦးဘုန်း ဒီလမ်းထဲ ခုလိုပေါ်တင်ကြီး ဝင်လာလို့ ဘယ်ရမှာလဲ"

"ဒါကြောင့် ကျွန်တော်က လမ်းထိပ်ဟိုအက်ခြမ်းမှာပဲ ကားရပ်ပြီး အနီးအနားကို အကဲခတ် ကြည့်ရှုနေတာပေါ့၊ သုန်သုန်က လမ်းထဲဝင်ရှာမယ် ဆိုလို့သာ ပါလာတာ"

"အာ ... ဦးဘုန်းကလည်း၊ ထွက်မလာခင်ကတည်းက ဒီ အကျိုးအကြောင်းကို ကားပေါ်ကတည်းက ပြောပါလား၊





သုန်သုန်မှ မသိဘဲဟာကို၊ ကဲ ... ကဲ ... ဒါဖြင့်လည်း ပြန်လှည့်ကြစို့၊ ခုလောက်ရှိ အဲဒီ မနန်း တိုက်အပေါ်ထပ် တစ်ထပ်ထပ်ကနေ ဦးဘုန်းကို တွေ့များတောင် သွားပြီ လား မသိဘူး၊ ပုန်းတောင် ပုန်းလိုက်ပြီလား မသိဘူး"

နှစ်ယောက်သား ရောက်နေတဲ့နေရာမှ တစ်ချိုးတည်း နောက်ပြန်လှည့်လျှောက်ကာ လမ်းထဲက ပြန်ထွက်လာကြပါသည်။ ဘုန်းသမ္မာက ဖုန်းမြည်လာ၍ ဖုန်းဖွင့်နားထောင်လိုက်စဉ်မှာ သုန်သုန်ကတော့ ဘေးတစ်ဖက်တစ်ချက်က တိုက်တွေကို စုန်ဆန် အပေါ်အောက်ကျိုးကန်းတောင်းမျှောက် ကြည့်ရှုအကဲခတ်လာသည်။

သုန်သုန့်စိတ်ထဲမှာလည်း မနန်းကို တွေ့ချင်စိတ် ဟာ မသိမသာလေး ကြီးစိုးလွှမ်းရှားနေပါသည်။ ကြီးကြီးဒေါ်မြစိမ်း စကားအရတော့ ဦးဘုန်းနှင့် မနန်းဟာ ပတ်သက်ကျွမ်းဝင်မှုရှိနေ ပုံရပြီး ဦးဘုန်းကကျတော့ သူ့ရည်းစား သူ့ချစ်သူ မဟုတ်ပါလို့ အတိအလင်း ငြင်းချက်ထုတ်ထားသည်လေ။ ဦးဘုန်း သုန်သုန့်ကို ညာ,မညာ သုန်သုန် သိချင်စိတ် ဇောနေပါသည်။

"ဟယ်လို"

"ဟော့ကောင် ... မောင်ဘုန်းလား"

"အေး ... မင်းလတ်၊ မင်း ဘယ်ကဆက်နေတာလဲ"

"ဘူတာကြီးကကွ၊ ဘူတာကြီးက ဆက်နေတာ၊ ဟေ့ကောင် မောင်ဘုန်း၊ မင်း အခုဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မြို့ထဲမှာ"

"ဟား ... အဲဒါဆို အတော်ပဲပေါ့ ဟော့ကောင်၊ ငါ့အကြာ ကြီး မစောင့်ရတော့ဘူး၊ ဟော့ကောင် ... မင်းကားကို အခု ဘူတာကြီးရှေ့လာခဲ့"

"မင်း ရန်ကုန် ရောက်လာတယ် ဟုတ်လား"

"ဟော့ကောင် ... ငါ့အစ်မ မင်္ဂလာဆောင်လေကွာ၊ ကျွတ် မင်း သိရက်သားနဲ့"

"ဩော် ... အေး ... သိတော့သိတယ်၊ ရက်အတိအကျ လည်း မမှတ်မိတော့ ခေါင်းထဲမရှိလို့ပါကွာ၊ မင်းအမျိုး တွေနဲ့လား"

"ဘယ်ကလာ၊ ငါတစ်ယောက်တည်း၊ အမေတို့က သွားနှင့် တာ တစ်ပတ်တောင်ရှိပြီ၊ ငါက ကပ်မှလိုက်လာလို့၊ ဟော့ ကောင် ... တွေ့မှပြောမယ်၊ ခုလာခဲ့"

"နေဦးကွ ... ငါ ... ငါ ... ဒီမှာ ..."

"ဘာလဲ"

"ငါ ... ဟိုဥစ္စာကွာ၊ ငါ့မှာ ဧည့်သည်ရှိတယ်"

"ရှိတော့ ... !!"

"ရှိတော့ ငါ ချက်ချင်းတော့ လာလို့မရဘူး ဟော့ကောင်"

လမ်းကူးလာရင်း ဘေးက ကြားနေတဲ့ သုန်သုန်က မျက်ခုံးလေးပင့်ကာ "ဘာလဲ ... ဘယ်သူလဲ"ဆိုတဲ့ပုံမျိုး လုပ်နေ တာမို့ ဖုန်းခွက်ကို အုပ်ရင်း ...





"သူငယ်ချင်း တစ်ယောက်ပါ"

"ရန်ကုန် ရောက်လာတယ် ဟုတ်လား ! မန္တလေးကပေါ့"

"အင်း"

"ဘာတဲ့လဲ"

"ဟိုဟာပါ၊ ဘာမှမဟုတ်ပါဘူး"

"လာကြိုခိုင်းနေတာ မဟုတ်ဘူးလား၊ ဘာနဲ့လာတာလဲ"

"ရထားနဲ့"

"သွားကြိုလိုက်လေ၊ ဦးဘုန်းကလည်း"

"ဟော့ကောင် ... ဟော့ကောင် ... မောင်ဘုန်း"

"ဘာလဲကွာ၊ မင်းကလည်း ခဏလေးပါ၊ ဒီမှာစကားပြော နေလို့"

"ဟော့ကောင် ... မင်းဘေးမှာ ရှိနေတာ ကောင်မလေးတစ် ယောက် မဟုတ်လား"

"ကျွတ်"

"ဘယ်က ကောင်မလေးလဲ"

"ငါတည်းနေတဲ့ အိမ်ကပါကွာ"

"ဩော ... မောင်ဘုန်းတို့ကတော့ကွာ၊ ဘယ်နှရက်မှတောင် မရှိသေးဘူး၊ အိမ်ရှင်ကောင်မလေးနဲ့ အတူတူတွဲနေတဲ့ အဆင့် ရောက်နေပြီ၊ ရန်ကုန်မှာ ဇိမ်တွေကျနေတာပေါ့လေ"

"မဟုတ်ပါဘူးကွာ၊ ကဲ ... မင်းကို ပြီးမှပြန်ဆက်မယ်"

"ဟာ ... မရဘူးလေ၊ အခု ဘာဖြစ်လို့ မလာအားတာလဲ"

www.burmeseclassic.com



"အခု ငါကိစ္စလေးတစ်ခု ..."

သုန်သုန်က ကျောခိုင်းပြီး ကားနားရပ်ပြောနေတဲ့ ဦးဘုန်း စကားတွေကို ဆက်နားထောင်နေရာက ဦးဘုန်း ကျောပြင်ကို လက်ညှိုးလေးနှင့် ကုတ်ခြစ်လိုက်ပါသည်။ ဘုန်းသမ္ဘာ လှည့်ကြည့်လျှင် သုန်သုန်က ဖုန်းနား ခြေဖျားထောက် တိုးကပ်ရင်း_

"သွားကြို့လိုက်ပါ၊ သုန်သုန့် သင်တန်းက အစေးကြီးလို့သေးတယ်"

တမင်တကာ အသံကျယ်နှင့် တစ်ဖက်ကကြားအောင် ပြောထည့်လိုက်ပါသည်။ ဘုန်းသမ္ဘာက လက်ကိုဘေးဖယ်ပြီး ရှောင်ပေမယ့် မမီဘော့။ သုန်သုန်သည် ဦးဘုန်းနှင့် ပတ်သက်၍ သိရနိုင်သမျှ သိလိုလေရာ သူ့သူငယ်ချင်း သူ့မိတ်ဆွေဆိုတာနှင့်လည်း တွေ့လိုပါသည်။ အကဲခတ်ကာ သူတို့ဘာတွေပြောလဲဆိုတာ နားစွင့်ရင်း ဦးဘုန်းအကြောင်းကို ခြေခြေမြစ်မြစ်ပိုသိနိုင်တာပဲ။

သုန်သုန် ဘေးမှာပါနေတာကို အကြောင်းပြရင်း ရှောင်လွှဲဖို့ လုပ်နေတဲ့ ဦးဘုန်း ပုံစံကိုလည်း စိတ်မှာတစ်မျိုးပဲလေ။ ခုမှ ကိုးနာရီတောင်မထိုးသေးတာ။ ဒီနေရာကနေ ဘူတာကြီးကို ငါးမိနစ်လောက်ပဲ မောင်းရမည်။ ဒီလူကို သွားကြိုခေါ်ပြီးတာတောင် သုန်သုန့် သင်တန်းက စောနေပါသေးသည်။ ဒီလူကို ပို့ပေးရမည့်နေရာက မြို့ထဲတင်ဆိုလျှင် သူ့ကိုတောင် တည်းအိမ်လိုက်ပို့ဖို့ မီပါသေးသည်။





"ဟော့ကောင် ... မောင်ဘုန်း"

"ဘာလဲကွာ"

"ငါ အသံကြားတယ်နော်"

"အဲဒါ ဘာဖြစ်လဲ"

"သုန်သုန် ဆိုတာ !! "

"မင်း မသိပါဘူးကွာ၊ နောက်မှ ငါပြောပြပါ့မယ်ကွာ"

"မင်းက ငါမသိဘူး ထင်နေပေမယ့် ငါက သိနေတာတွေ ရှိသေးတယ်၊ ဒီကြားထဲမှာ ဟိုးတစ်ခါ ငါတို့နောက်က လိုက်တဲ့ ကောင်မလေးနှစ်ယောက်ထဲက တစ်ယောက်နဲ့ ငါ ဆုံတယ်။ ငါနဲ့ အွန်လိုင်းမှာ ခင်နေတာတော့ ကြာပြီ၊ တိုတိုပြောရရင် အလှူတစ်ခုလုပ်ဖို့ ငါတို့စုဆုံကြရင်း သူနဲ့ငါ အခု အပြင်မှာ ဆုံမိပြီး ခင်နေတယ်"

"မင်းဟာတွေက အေးဆေးမှ ပြောလို့မရဘူးလားကွာ။ ခရီးရောက်မဆိုက် ဖုတ်ပူမီးတိုက်နဲ့ ဘာတွေလာပြောနေတာလဲ မင်းလတ်ရာ"

"မရဘူး ဟော့ကောင်၊ ခုပြောမှ ဖြစ်မှာ၊ အဲဒီကောင်မလေးက ခင်ဝင်းမေတဲ့၊ ပန်းသီးဈေးဆစ်နေတဲ့ ကောင်မလေးရဲ့ သူငယ်ချင်းလေ၊ မင်းလား မမှတ်မိပဲနေမှာ၊ ထပ်မတွေ့တော့ဘူး၊ ပျောက်သွားပြီဆိုပြီး မင်း ဖြစ်နေတဲ့ အဲဒီကောင်မလေးဟာလေ ရန်ကုန်မှာတဲ့၊ သူ့နာမည်က ဆန်းဆန်းလေး သည်းမိုးသုန်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟူး"

ဘုန်းသမ္ဘာက သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း –
"အဲဒီတော့ ... ! "လို့ ထောက်ပေးလိုက်ပါသည်။

"ခုနကောင်မလေးသံလည်း ကြားလိုက်တယ်၊ သူ့ကိုယ်သူ စကားထဲမှာ နာမည်ထည့်ပြောသွားတာက သုန်သုန်တဲ့ သုန်သုန့်သင်တန်းက အဆေးကြီး လိုသေးတယ်တဲ့၊ နာမည်လေးရဲ့ တိုက်ဆိုင်မှုကို မင်းကို ရင်ခုန်အောင် ပြောပြတာပါ"

"ပြောမနေနဲ့တော့ အပိုပဲဟေ့ကောင်၊ အဲဒါ သူပဲ"

"ဘာ"

"သူပဲလို့"

"ဘာ ...၊ မင်းက သူနဲ့တွေ့နေတယ် !၊ မင်း ... မင်း တည်းနေတာ သူ့အိမ်မှာ !! "

"အေး"

"ဟာ ... မင်း အလကားကောင်ကွာ၊ ဘာမှလှမ်းမပြောပြဘူးကွာ၊ အောင်မာ ... သင်းက ရန်ကုန်မှာ ငြိမ့်နေတာပေါ့လေ၊ သူငယ်ချင်းတွေကို အကျိုးအကြောင်း ဝေမျှဖို့တောင် သတိမရဘူး ... ခွေးကောင်"

မင်းလတ် ကျွဲမြီးတွေတိုနေပုံက ရယ်ရတာမို့ ဘုန်းသမ္ဘာ ရယ်မောမိရင်း ...





"ကဲ ... ကဲ ... မင်းစောင့်နေ ငါလာခဲ့မယ်"

"အေး ... ပြီးရော ဟေ့ကောင်"

"နေဦး"

"ဘာလဲ"

ဘုန်းသမ္ဘာက သူ့နောက်နားမှာ ရပ်နေတဲ့ သုန်သုန်နဲ့ လှချင်းကွာအောင် ရှေ့ကို တော်တော်တိုးလျှောက်သွားပြီးမှ အသံနှိမ့်ကာ ...

"ဟေ့ကောင် မင်းလတ်၊ ကားပေါ်မှာ သူလည်းပါလာမှာ၊ မင်း သိပ်အာမချောင်နဲ့"

"ငါ သဘောပေါက်ပါတယ်၊ သူပါလာမှာကို၊ ဒါပေမဲ့ အာချောင်စရာရော ဘာရှိလို့လဲ၊ သူ့ရှေ့ ပြောမရတဲ့ကိစ္စမျိုးတွေမှ ငါတို့မှာ မရှိတာ"

"မင်းမှာ မရှိပေမယ့် ငါ့မှာရှိတယ်"

"ဘာလဲ"

"မင်းက ငါ့ကို မောင်ဘုန်းပဲ ခေါ်တာဆိုတော့ ကိစ္စမရှိပေမယ့် မင်းပြောမယ့် စကားတွေထဲမှာ ငါ့နာမည် ဘုန်းသမ္ဘာဆိုတာတို့ ဘာတို့ ပါသွားမှာစိုးလို့"

"ပါသွားရင် ဘာဖြစ်လို့လဲ"

"မင်း လိုရင်းမှတ်ထားဖို့က ငါ အလုပ်ကိစ္စနဲ့ ရန်ကုန်သွားတယ်လို့ မင်းတို့သိထားပေမယ့် ငါက ဘုန်းသမ္ဘာအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လာတာမဟုတ်ဘူး၊ ကိုကို့အတွက် အရေးကြီးတဲ့ကိစ္စတစ်ခု
ကြောင့် ငါက ဒီကို ကိုကိုအဖြစ်နဲ့ မြတ်ဘုန်းရောင်အဖြစ်
နဲ့ ရောက်နေတာ"

"ဟင်"

"အေး ...၊ ငါက ရန်ကုန်မှာ မြတ်ဘုန်းရောင်"

"ဟင် ... ဘယ်လိုကြီးလဲ၊ ဘာဖြစ်တာလဲ"

"ပြီးမှပြောမယ်၊ ပြောရမှာ ရှည်တယ်"

"ဒီတော့ ငါတို့က မင်းကို ဘာတွေပြောရမှာလဲ"

"ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားရင် ဖြစ်တယ်"

"ဟောကောင် ... မင်း အယောင်ဆောင်ပြီး နေနေတာ
ပေါ့"

"အေး"

"ဒါဖြင့် အဲဒီ သည်းမိုးသုန်က မင်းကို မြတ်ဘုန်းရောင်
ထင်နေတာပေါ့"

"အေး"

"ဟာ ... မမိုက်ပါဘူးကွာ၊ မင်းက မင်းကိစ္စနဲ့မင်း၊ မင်း
အစ်ကိုရဲ့အကြောင်း တစ်ခုခုကြောင့် မြတ်ဘုန်းရောင်
အယောင်ဆောင်နေပေမယ့် သူ့အမြင်မှာကျတော့ မင်းက
သူ့ရွေး မြတ်ဘုန်းရောင် အယောင်ဆောင်နေရာ ကျနေတာ
ပေါ့"





မင်းလတ်ရဲ့စကားကြောင့် ဘုန်းသမ္မာ အနည်းငယ်
စိတ်ညစ်ငိုင်တွေ သွားပါသည်။ သို့သော် ငိုင်နေလို့ အပိုပဲ။ ဘာ
မှထူးတာ မဟုတ်။

"အေးကွာ၊ ကဲ ... ငါ အခုလာပြီ ဟောကောင်"

ဘုန်းသမ္မာက ဖုန်းကိုပိတ်ကာ ကားဆီပြန်လျှောက်
လာသည်။ သူ့ကို သုန်သုန်က ရပ်ကြည့်နေပါသည်။ သူ ကား
တံခါးဖွင့် ကားပေါ်တက်ပြီး သုန်သုန့်ဘက်ပါ ဖွင့်ပေးလိုက်မှ
ဘက်ထိုင်လိုက်တဲ့ သုန်သုန်က ဘုန်းသမ္မာကို သက်သာမကင်း
တစ်ချက် တစ်ချက် ငဲ့ကြည့်နေပါသည်။ သူ မကြားအောင်
ကားကို တိုးတိုးတိတ်တိတ် သွားပြောနေတာ မဟုတ်လား။
ဘာလျှို့ဝှက်စရာတွေ ရှိတာလဲ။

ကားကို ဘူတာကြီးဘက် ဦးတည်ရင်း ဘုန်းသမ္မာ
က စကားရော ဖွဲ့ရောနှင့် ...

"အခုလာတဲ့ တစ်ယောက်ကို သုန်သုန်တွေ့ရင် မှတ်မိမှာ
ပါ"

"ဦးဘုန်းသူငယ်ချင်းပေါ့"

"ဟုတ်တယ်၊ မင်းလတ်တဲ့"

သုန်သုန်က ဘုန်းသမ္မာကိုသာ ငဲ့ကြည့်နေသည်။
အစက်စက်ပုံစံနှင့်ပင်။

"သူက အခု သုန်သန့်သူငယ်ချင်း ခင်ဝင်းမေနဲ့ ခင်နေတယ်"

"ဟင် ... ဘယ်လိုလုပ်ပြီး ခင်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခုမှ သုန်သုန်က စိတ်ဝင်တစား လှုပ်လှုပ်ရှားရှား ဖြစ်လာပါသည်။

"အွန်လိုင်းမှာ ခင်ကြတယ် ပြောတယ်၊ နောက်တော့ အပြင်မှာပါ အခု ခင်သွားတယ်"

ကားက ခဏတွင်းချင်းပဲ ဘူတာကြီးကို ရောက်လာပါသည်။ ပေါ်တီကိုကြီးရဲ့ အပြင်နားမှာ အိတ်တစ်လုံးချပြီး ရပ်စောင့်နေတဲ့ မင်းလတ်ကို အဝေးက လှမ်းမြင်တာနှင့်ပင် သုန်သုန် မှတ်မိသည်။ သူ့နောက်က ဦးဘုန်းတို့ ပါလာတုန်းက အဲဒီသုံးယောက်ထဲမှာ သူလည်း တစ်ယောက်အပါအဝင်ပဲလေ။

"ဟော့ကောင် ... နောက်ကတက်"

မင်းလတ်က ခေါင်းညိတ်ပြီး နောက်ထဲကို အိတ်သယ်တင်ကာ သူပါ တက်ထိုင်လိုက်သည်။ သုန်သုန်က မသိသောလေး တစ်ချက်ငဲ့ကြည့်တဲ့အခါ မင်းလတ်က ခေါင်းတဆတ်ဆတ် ညိတ်လျက် ဖော်ရွေခင်မင်သော အမူအရာ ပြတာမို့ သုန်သုန်က လည်း ပြုံးပြလိုက်ပါသည်။

"ဟော့ကောင် ... သုန်သုန့်ကို ငါ သင်တန်း အရင်ပို့ပေးလိုက်မယ်၊ ပြီးမှ မင်းသွားမယ့်နေရာ ပို့မယ်"

"အေး"

"အို ... ဦးဘုန်းကလည်း၊ အစောကြီး ရှိသေးတာကို"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သုန်သုန့်ကို ပို့ပြီးမှ ..."

"သုန်သုန် စောနေမှာပေါ့"





"မသွားချင်သေးရင်လည်း လက်ဖက်ရည်ဆိုင်ဖြစ်ဖြစ် ခဏ အရင်ထိုင်ပြီးမှ ပို့မယ်လေ"

"ကိုမင်းလတ်ကို အရင်ပို့လည်း ရပါတယ်"

"သူ့ကို ဒီလိုလေး ပို့လိုက်ရုံနဲ့ မပြီးဘူး၊ သူ့အရင်ပို့ရင် လည်း သုန်သုန့်ကို ကျောင်းပို့ပြီးရင် သူ့ဆီတစ်ခါက် ပြန်သွားရမှာပဲ၊ ပြောစရာရှိသေးတယ်"

ဒီတော့ သုန်သုန် ဘာမှ ပြောနေစရာ မရှိတော့ပါ။

"မင်း ဆာနေလား၊ တစ်ခုခု စားမယ် မဟုတ်လား"

"အေး"

"ဘာစားချင်လဲ"

"အင်း ... ရပါတယ်"

သုန်သုန်က မင်းလတ်ဘက် လှည့်ပြုံးပြရင်း ...

"ကိုမင်းလတ်နဲ့ ခင်ဝင်းမေ ခင်နေတယ်လို့ ဦးဘုန်း ပြောလို့ အံ့ဩနေတာ"

"ဟုတ်ကဲ့"

"ဘယ်လိုလုပ် ဒီလောက်တောင် ခင်သွားတာလဲ"

"ဟုတ် ... အဟင်း"

မင်းလတ်က မဖြေဘဲ ခေါင်းတညိတ်ညိတ်သာ လုပ်နေတာမို့ မေးမိတဲ့ သုန်သုန်လည်း အူကြောင်ကြောင်လေး ဖြစ်သွားသလို ဘုန်းသမ္ဘာကလည်း နောက်ကြည့်မှန်မှကြည့်ကာ ...

"ဟော့ကောင်၊ ဘာဖြစ်နေတာလဲ၊ မပွင့်တပွင့်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဟဲ"

"ဟော့ကောင်၊ ဘာလဲကွ၊ မင်းဟာက"

"ကျွတ် ... မသိဘူးလေကွာ၊ စကားများများပြောရင် အမှားပါမှာစိုးလို့ပေါ့ကွ"

မင်းလတ်က ဘုန်းသမ္မာကို မှန်ထဲမှတစ်ဆင့် စိတ်မရှည်သလို အံကြိတ်ကြည့်ရင်းဖြေလျှင် ဘုန်းသမ္မာက သံဘောပေါက်ကာ ရယ်ချင်သွားရပါသည်။ သုန်သုန်ကလည်း မင်းလတ်စကားကြောင့် ဘုန်းသမ္မာကို အကဲခတ်သလို ကြည့်လာသည်။ ခုနက ဖုန်းထဲမှာ တီးတိုး တီးတိုး ပြောနေတာဟာ စကားများများ မပြောဖို့ အမှားမပါစေဖို့ တားမြစ်သတိပေးနေတာပဲလားလို့ ထင်စရာ ဖြစ်လာပါသည်။

"ကဲပါကွာ၊ ပြောပါကွာ၊ ဘာမှမဟုတ်ပါဘူး သုန်သုန်ရာ၊ ဒီကောင်က သိပ်နောက်တတ်လို့ သုန်သုန့်ကိုတွေ့ရင် ပေါက်ကရ လျှောက်နောက်ပြောင်နေမှာစိုးလို့ ပါးစပ်ပိတ်နေဖို့ ကျွန်တော်က မှာထားတာပါ၊ မင်းလတ်ရာ မင်းလည်း အရွဲ့တိုက်တာလား မှတ်ရတယ်"

"အဟင်း ဟင်း၊ အလကားပါဗျာ၊ ဒီကောင်က ကျွန်တော့်ကို စကားမများနဲ့ဆိုတော့ ကျွန်တော်က တမင်တကာ နှုတ်ကိုပိတ်ပြီး နေနေလိုက်တာ၊ ခင်ဝင်းမေနဲ့ ကျွန်တော်က ဂျီတော့လ်ခ်ိတ်ရင်း၊ ဖိုရမ်ဝင်ရင်း မန်းလေးသား မန်းလေးသူချင်းချင်းဆိုပြီး မိတ်ဆွေတွေ ဖြစ်နေကြတာပါ၊





နောက်တော့ ခင်မင်ရာ ရင်းနှီးရာလေး အုပ်စုဖွဲ့ပြီး အပြင်မှာ ဆုံလိုက်ပြီးတော့ ဘုန်းတော်ကြီးသင် ကျောင်းတစ်ကျောင်းကို ငွေလှူဒါန်းဖြစ်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး အပြင်မှာလည်း ဆုံကြ ရင်းနှီးသွားကြတာ ...

တွေ့လိုက်တာနဲ့ သူကလည်း ကျွန်တော့်ကို မှတ်မိသလို ကျွန်တော်လည်း သူ့ကို မှတ်မိနေတာကိုး။ သူက ပြောပြပါတယ်၊ ခင်ဗျားနာမည် သည်းမိုးသုန် ဖြစ်ကြောင်း၊ ရန်ကုန်မှာ ကျောင်းသွားတက်နေတာ ဆိုတဲ့အကြောင်းတွေ၊ အဲဒါ ကျွန်တော်က သူ့ကို ခရီးရောက်မဆိုက် သတင်းဦးပေးတဲ့အနေနဲ့ ခုနဖုန်းထဲမှာ ပြောနေတာ၊ ခင်ဗျားနာမည် သိရပြီလို့ပေါ့ ...

အဲဒါ သူက ပြောမနေနဲ့တဲ့၊ သူက အခု ခင်ဗျားရှိတဲ့ အိမ်မှာ တည်းခိုနေတာတဲ့၊ လေသံက သိတယ်မဟုတ်လားဗျာ၊ အစီးကြီးနဲ့ပေါ့ ... ဟား ဟား"

မင်းလတ် စကားကြောင့် သံသယမကင်းတဲ့ သုန်သုန့်မျက်နှာလေးက ကြည်လင်ပြုံးယောင်သမ်းလာရပါသည်။ သူတို့သူငယ်ချင်းတွေကြားထဲမှာ သုန်သုန့်နာမည် သိရပြီဆိုတဲ့ သတင်းဟာ ဦးဘုန်းကို ဦးဦးဖျားဖျား လုပ်ပြောရမယ့် သတင်းဖြစ်နေတာကလည်း သုန်သုန့်ရဲ့ သူတို့အကြား အရေးပါမှုကို သိသာစေကာ ထိုအသိက လူကို ရှက်နီးပွေ့စေတာ။

❣ ✉ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ခေါင်ခေါင်က အားနာသမှုကြောင့် မျက်နှာကို တစ်ဖက်သို့လွှဲကာ အအေးပုလင်းထဲက အအေးတွေကိုသာ ပိုက်တံနှင့်စုပ်ပြီး သောက်နေလိုက်သည်။ ဘေးမှာတော့ စိုးစိုး၊ စိုးစိုးနှင့် ခင်မင်နေတဲ့ အစ်မကြီးတစ်ယောက်နဲ့ သူ့သူငယ်ချင်း။ စိုးစိုးနဲ့ ခင်တဲ့ အစ်မကြီးကသာ ဒိုင်ခံစကားပြောနေပြီး အဖော်ပါလာသူ (သို့သော် ကာယကံရှင်) အစ်မကြီးကတော့ ခေါင်းအငုံ့သားနှင့် ငြိမ်သက်နေသည်။

"လုပ်ပါ စိုးစိုးရယ်၊ နင် ကူညီနိုင်ရင် ကူညီပါ၊ ကူညီပါ ဆိုတာကလည်း လမ်းညွှန်ပေးရုံတင်လောက်ပါ၊ ငါလည်း တခြားအသိအကျွမ်းကလည်း မရှိ၊ လူတိုင်းကိုလည်း ငါ လိုက်မမေးရဲဘူးလေ"

"စိုးစိုး သဘောပေါက်ပါတယ် မသူဇာရယ်၊ ဒါပေမဲ့ နိုး တကယ်မကူညီနိုင်တာမို့ပါ"



"နင်တို့က ဆေးကျောင်းသူတွေဆိုတော့ သာမန်လူထက်တော့ ပိုနားလည်မှာပဲဆိုပြီး အားကိုးတကြီး မေးကြည့်တာပါဟယ်၊ တတ်နိုင်ရင် ကူညီပါဟယ်"

"ဆေးကျောင်းသူ မပြောနဲ့၊ မသူဇာ ဆရာဝန်တစ်ယောက်ကို အကူအညီ တောင်းလည်း ဒီလိုပဲ နေမှာပဲ၊ ကူညီနိုင်မှာ မဟုတ်ဘူး မသူဇာရဲ့"

"ငါက နင့်ကို ကာယကံမြောက် လုပ်ကိုင်ကူညီပေးဖို့ ပြောနေတာ မဟုတ်ဘူးနော်"

"အင်းပါ ... နားလည်ပါတယ်၊ အဲလို လုပ်နိုင်းလည်း လုံးဝမလုပ်တတ်တာ၊ လုပ်လည်း မလုပ်နိုင်ဘူး မသူဇာရဲ့၊ ဆရာဝန် အတော်များများလည်း အစ်မတို့ကို ငြင်းမှာပါပဲ၊ အခု ဘယ်သူနဲ့ ပြကြည့်ပြီးပြီလဲ"

"ဘယ်သူမှ မပြရသေးဘူး"

"ဘယ်လိုလုပ်ဖြီး သိလဲ ! ဘယ်သူမှ မပြဘဲနဲ့"

"ရန်ကုန်မလာခင်ကတည်းက သူ သိလာတာ"

စိုးစိုးက ခေါင်းငုံ့ငြိမ်သက်နေသူကို ကြင်ကြင်နာနာ ငဲ့ကြည့်ရင်း ...

"အစ်မ ... အဲဒီကိစ္စကို ပြန်စဉ်းစားပါဦး၊ အားမပေးပါရစေနဲ့၊ မကူညီနိုင် လမ်းမညွှန်နိုင်တာကတော့ ကိုယ်တကယ်လည်းပဲ မသိလို့ပါ၊ အားမပေးတာကတော့ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီလိုဖြေရှင်းရမယ့်ကိစ္စမျိုး မဟုတ်လို့ပါ၊ အစ်မမှာဝါ အန္တရာယ်ကြီးလှပါတယ်"

ချစ်စဖွယ် နုနုထွေးထွေးအစ်မကြီးသည် မျက်နှာလေးရဲကာ မျက်ရည်ပေါက်ကလေးတွေ အသွယ်သွယ်စီးကျနေသည်။

"ဟဲ့ ... နန်း၊ မျက်ရည် သုတ်စမ်းပါ၊ ဒါ ကျောင်းကင်တင်းဟဲ့၊ လူမြင်တယ်၊ မငိုနဲ့"

မသူဇာ စကားကြောင့် နန်းက ပါးပြင်ပေါ်က မျက်ရည်ပေါက်လေးကို ကမန်းကတန်း ပွတ်သုတ်ပါသည်။

"ငါလည်း လွန်ခဲ့တဲ့ နှစ်ရက်ကမှ သိတယ် စိုးစိုးရဲ့၊ သူနဲ့က ငယ်ကတည်းက အရမ်းချစ်တဲ့ သူငယ်ချင်းပါ၊ သူရောက်လာတော့လည်း တစ်ခုခု အဆင်မပြေရှိလို့ စိတ်ဖြေလက်ပျောက် လာမှန်းတော့သိတယ်၊ အတိအကျတော့ မသိဘူးပေါ့၊ နှစ်ရက်နေတုန်းကမှ သူ ဖွင့်ပြောတာ၊ ငါလည်း ကြားရတာ ထူမှုသွားတာပေါ့ ...

ငါလည်း အပျိုကြီးပဲ၊ ဘာနားလည်မှာလဲ၊ ဘယ်သူ့သွားမေးရမြန်းရ စုံစမ်းရမယ်မှန်းလည်း မသိဘူး၊ သိလည်း မမေးရဲပါဘူး၊ နင်နဲ့ကတော့ တစ်ရပ်ကွက်တည်း တစ်လမ်းတည်း ညီအစ်မတွေလို ကြီးလာတော့ နင့်ကို မေးကြည့်မယ်လို့ စိတ်ကူးတာတောင်မှ အိမ်ကိုလာမမေးရဲလို့ ဒီအထိလိုက်လာရတာ ...





ငါ အိမ်လာရင် အန်တီတို့ နင့်အစ်မ မျိုးမျိုးတို့လည်း ရှိနေတော့ သူတို့ပါ သိကုန်ဦးမယ်၊ တတ်နိုင်သလောက် လူအများကြီး လျှောက်မသိစေချင်ဘူးပေါ့ဟယ်၊ နင်လည်း နင့်အိမ်မှာပါ ပြန်မပြောပါနဲ့ဦး"

"မပြောပါဘူး၊ စိတ်ချပါ၊ စိုးကလည်း ကင်တင်းမှာ မသူဇာ ဆိုတာ ညှော်သည်ရောက်နေတယ်ဆိုတော့ အံ့သြပြီး ထွက်လာတာ၊ အကြောင်းရင်း မသိတော့ ဒီသူငယ်ချင်းတော့ ခေါ်လာမိတယ်လေ၊ ဒါပေမဲ့ သူကလည်း မသူဇာကိုရော ဒီက အစ်မနန်းကိုရော သိတာ ခင်တာမှ မဟုတ်တာ၊ လျှောက်ပြောစရာ အကြောင်းလည်း မရှိဘူး၊ လူသိကုန်မှာ ပူကုန်မှာတော့ မသူဇာ စိတ်မပူနဲ့"

ခေါင်ခေါင်က ဒီဘက်လှည့်ကာ ...

"စိတ်ချပါ အစ်မ၊ မဆိုမဆိုင်နဲ့ သူများအတွင်းရေး ပါးစပ်မဖွာတတ်ပါဘူး၊ ကြုံကြိုက်တိုက်ဆိုင်ပြီး ကြားလိုက်ရပေမယ့် ကိုယ်နဲ့မဆိုင်တာကို ကိုယ့်ဝမ်းထဲပဲ ထားမှာပါ"

"မယုံသင်္ကာနဲ့ ပြောတာ မဟုတ်ပါဘူး ညီမတို့ရယ်၊ သူ့အတွက်ပါ"

"နားလည်ပါတယ် မသူဇာရယ်"

မသူဇာက နန်းဘက် မျက်နှာအိုအိုနှင့် ငဲ့ကြည့်လိုက်

...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကြားတဲ့အတိုင်းပဲ နန်း၊ ငါလည်း တခြားဘယ်သူ့ဆီမှာ စုံစမ်းရမယ် မသိဘူးဟာ"

နန်းက အံကလေးကြိတ်ရင်း ...

"အေးလေ ... နည်းလမ်း စဉ်းစား ရှာကြသေးတာပေါ့"

ခေါင်ခေါင်က ချစ်စဖွယ် နုထွေးထွေး အစ်မကြီးကို ကိုယ်ချင်းစာ ကရုဏာသက်စွာ ငေးကြည့်ရင်း ...

"အစ်မရယ် ... မဆိုင်ဘဲ ဝင်ပြောတယ်တော့ မထင်ပါနဲ့နော်၊ နည်းနည်းပါးပါး အကြံဉာဏ်လေး ပေးချင်လို့ပါ"

"ပြောပါ ညီမ၊ ရပါတယ်"

"ဟိုလေ ... ဒီနည်းနဲ့ မဖြေရှင်းဘဲ တခြားနည်း မရှိတော့ဘူးလားဟင်၊ ဒီနည်းလမ်းက တရားဥပဒေနဲ့လည်း ဆောင်မဝင်၊ ကာယကံရှင်မှာလည်း အသက်အန္တရာယ်တောင်ရှိနိုင်ပါတယ်၊ မကောင်းပါဘူး အစ်မရယ်၊ ဒါမျိုးလုပ်ပေးတယ်ဆိုတဲ့ နေရာတွေကလည်း တရားမဝင် ခိုးကြောင်ခိုးဝှက် ဆောင်ရွက်နေကြတာဆိုတော့ လုံခြုံစိတ်ချရမှုလည်း မရှိ၊ သန့်ရှင်းရေးလည်း မရှိ၊ ဖြစ်ကတတ်ဆန်းတွေပါ"

"တခြားနည်းလမ်းက ဘာရှိသေးလို့လဲ ညီမ"

"ခွက်ဇက်တာ မဟုတ်ပါဘူးနော် အစ်မ၊ မွေးဖို့ ဘယ်လိုမှ မဖြစ်နိုင်လို့လားဟင်၊ သက်ဆိုင်သူက တာဝန်မယူလို့လားဟင်၊ သူကော သိရဲ့လား၊ သူနဲ့ဆွေးနွေးကြည့်ပါဦးလား၊ တမင်တကာ ယုတ်မာတဲ့ လူမျိုးလောက်ကလွဲရင်





တော်ရုံလူကတော့ သူ့ရင်သွေးကို လွယ်ထားရပြီဆိုတာ သိရင် ယောကျ်ားတစ်ယောက်ရဲ့ တာဝန်ကို ယူပေးဖို့ များပါတယ် အစ်မရယ်၊ မဟုတ်ဘူးလား"

နန်းက ဘာမှပြန်မဖြေဘဲ ခေါင်းကိုသာ ငုံ့ထားပါသည်။ မသူဇာက နန်းကို ကရုဏာဒေါသောနှင့် နာနာကျင်ကျင်ကြည့်ကာ ...

"ဟုတ်တယ် နန်း၊ နင် စဉ်းစားဦးနော်၊ သူသိရင် ဒီဖြေရှင်းပုံကို လက်သင့်ခံမယ် မထင်ဘူးနော်"

တစ်ဆက်တည်း မသူဇာက စိုးစိုးနှင့် ခေါင်ခေါင့်ဘက်လှည့်ကာ ...

"သူ့ချစ်သူက လူကြီးလူကောင်းပါ"

နန်းက အသံတိမ်တိမ်နှင့် ...

"သူ သိပါတယ်"

"ဟင်"

မသူဇာက နန်းပခုံးကို ကိုင်လှုပ်ရင်း ...

"သူက တာဝန်မယူဘူး ပြောလို့လား၊ ဟုတ်လား"

"သူက သူက တာဝန်ယူပါတယ်"

"ဟင် ... ဒါနဲ့များ နင်က ဘာအရူးထတာလဲ"

"သူက အမြန်ဆုံး လက်ထပ်ကြမယ်လို့ ပြောပြီးသားပါ ဒါ ... ဒါပေမဲ့ သူ့အမေက ..."

"ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



မသူဇာက ဒေါသထွက်သွားသလိုနှင့် ...

"ဟဲ့ ... သူ့အမေကို ဘာအရေးစိုက်စရာလဲ၊ အမိက,ထ သူပဲ၊ အဲဒီအဘွားကြီးက ဘယ်လို အဘွားကြီးလဲ တစ် လောကလုံး သိတာပဲ၊ သူ သဘောမတူနိုင်တာကိုလည်း ကြိုမျှော်လင့်ထားပြီးသားပဲဟာ၊ သူက အမြန်ဆုံးလက်ထပ် မယ်ဆိုရင် နင် လက်ထပ်လိုက်ရုံပဲပေါ့၊ နင်ဟာလေ ငါ့ ကိုတောင် ရေရေရာရာ မပြောဘူး၊ ခုမှပြောတယ် ကြည့် စမ်း၊ သူက လက်ထပ်မယ်ဆိုရင် နင် ဘာဖျက်ဆီးနေစရာ အကြောင်းရှိလဲ၊ အခိပ္ပာယ်မရှိလိုက်တာ နန်းရာ၊ နင်ဟာ ရွတ်တရွတ်နဲ့"

"သူ့အမေက ... သူ့အမေက ငါ့ဆီလာတွေ့တယ်၊ အဘွား ကြီး ခြိမ်းခြောက်သတိပေးသွားတယ်၊ အရေးပါတာတွေ ကတော့ ငါ့အစ်ကို အစ်မ အိမ်ထောင်သည်တွေကို သူ ဒုက္ခပေးမယ်"

"ဟင် ... ဘယ်လိုဒုက္ခပေးမှာလဲ"

"ငါ့ အစ်ကိုတွေ အစ်မတွေ ခဲအိုတွေ မိသားစုတွေဟာ သူတို့ဟာနဲ့သူတို့ ရှန်းကန်ရှာဖွေ စားသောက်နေကြတာ တစ်နေ့စာတစ်နေ့ ရှာနေရတဲ့ လက်လုပ်လက်စားတွေပါ သူတို့လုပ်နေတဲ့ အလုပ်ရှင်တွေဟာ တစ်ခုမှ သူနဲ့မကင်း ဘူး"





"ဘယ်လိုမကင်းတာလဲ"

"အစ်ကိုတွေရဲ့ အလုပ်ရှင် လုပ်ငန်းရှင်တွေကိုက သူ့တပည့် တပန်းတွေ၊ သူ့ကျေးဇူးမကင်းတဲ့ဟာတွေ၊ သူ့ဩဇာညောင်း တဲ့သူတွေ၊ နင် မယုံမရှိနဲ့ သူဇာ၊ သူ ကောင်းကောင်းဒုက္ခ ပေးနိုင်တယ်၊ ပညာပေးနိုင်တယ်၊ အလုပ်လက်မဲ့နဲ့ ချေး ဖြစ်သွားအောင် သူလုပ်လို့ရတယ်"

"ကျွတ်"

မသူဇာ မျက်နှာက မကျေမနပ် ရှုပုပ်နေပါသည်။

"နောက်တစ်ခုက သူက သူ့သားကိုလည်း အမွေပြတ်စွန့် လွှတ်မယ်တဲ့"

"လွှတ်,လွှတ်ပေါ့ဟယ်"

"ကိုကိုကလည်း ကြားရင် အဲသလိုပဲ ပြောမှာပါ၊ ဒါပေမဲ့ သူက တကယ်လုပ်မှာ၊ ငါ သိတယ် သူဇာ၊ လုပ်ရင်လည်း သတင်းစာထဲ အကြီးအကျယ် ထည့်ပြီးတော့ကို အရှက် တကွဲ စွန့်လွှတ်ပစ်မှာတဲ့၊ အမွေပြတ်ရုံတင် မကဘူး၊ ကိုကို လုပ်ကိုင်နေသမျှ လုပ်ငန်းတွေအားလုံးကိုလည်း ပြန်သိမ်းပစ်လိုက်မှာတဲ့၊ ကိုကိုဟာ ပိုက်ဆံလက်မဲ့ အလုပ် လက်မဲ့နဲ့ အိမ်ပေါ်ကဆင်းရမှာ၊ အဲသလို သူ့အမေက တကယ်လုပ်လာရင် သူကလည်း ဆင်းမှာ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေကလည်း သူ့သားကို လုပ်ချင်တာ မဟုတ်ပေမဲ့ ခြိမ်းခြောက်ပြီးမှတော့ သူ့စကားတည်အောင် သူလုပ်တော့မှာပဲ။ ဒီကြားထဲကမှ သူ့သားကို ဖွတ်ယူဖြစ်အောင်ယူရင် တစ်သက်လုံး နလန်မထူနိုင်အောင် လိုက်နှောင့်ယှက် ပြဿနာပေးသွားဦးမှာတဲ့၊ မမှုဘူးထင်ရင် သတ္တိရှိရင် ယူကြည့်လိုက်တဲ့ ...

ငါ့ကိုလည်း ရစရာမရှိအောင် ပိုးစိုးပက်စက် ဖိနှိပ်ပြောတာ သူ့ဓာ၊ ဒီလောက် အနှိမ်ခံရတာကိုလည်း ရင်ထဲမှာ နာတယ်၊ ငါတို့က မချမ်းသာပေမယ့် ရုန်းကန်ရှာဖွေစားရပေမယ့် ကိုယ့်သိက္ခာလေးနဲ့ ကိုယ်နေတာပါ ဘယ်သူ့အကူညီ အထောက်ပံ့မှ ယူနေတာမဟုတ်လို့ အဲလောက်လည်း အနှိမ်ခံနေဖို့ မလိုဘူးလို့ ထင်တယ်၊ ငါ့တစ်ယောက်ကြောင့် ကိုကိုရော ငါ့အစ်ကို ငါ့အစ်မိသားစုတွေပါ ဘဝတွေပျက် ပြဿနာတွေ တက်မှာကို လုံးဝအဖြစ်မခံနိုင်လို့ပါ။ ငါ အခု ဒီကိုရောက်နေတာတောင် ကိုကို မသိပါဘူး”

နန်းရဲ့တရှည်တလျား ရှင်းပြနေမှုကို အားလုံးငြိမ်သက် နားထောင်နေကြကာ စကားဆုံးတော့ ဘာမှမှတ်ချက်မပေးနိုင်တော့။ အခြေအနေ အပေါ်မှာ ဆုံးဖြတ်ချက် ချသင့်သူက ကာယကံရှင်ပါပဲ။ ဘေးလူရဲ့ အကြံဉာဏ် ဆိုတာက ထည့်သွင်းစဉ်းစား ဆင်ခြင်ဖို့လောက်သာ အရေးပါတာပါ။



“အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် အစ်မက အစ်မရဲ့ချစ်သူကို စွန့်ခွာမှာပါ၊ စွန့်လည်း စွန့်ခွာခဲ့ပါပြီ၊ စွန့်ခွာခဲ့ပြီးမှတော့ ဒီကိစ္စကို တခြားနည်းနဲ့ အစ်မ ဘယ်လိုဖြေရှင်းစရာရှိလို့လဲ ညီမတို့ရယ်၊ အဲဒါကြောင့် သူ့ဓာက တစ်ဆင့် အကူအညီတောင်းမိတာပါ”

စိုးစိုးမှာလည်း မျက်နှာမကောင်းစွာ သက်ပြင်းလေးချရင်း ..

“စိုးတို့လည်း တကယ်မသိတာပါ အစ်မ၊ အစ်မဘက်မှာ ကိုယ့်အခက်အခဲ ကိုယ့်ပြဿနာနဲ့ ကိုယ်ဖြစ်ပေမယ့်လည်း ဒီကိစ္စက ကိုယ့်အန္တရာယ် ကိုယ်ရှာတဲ့ကိစ္စလည်း ဖြစ်နေတော့ မလုပ်သင့်ဘူးဆိုတဲ့ အကြံဉာဏ်ပဲ ညီမတို့ပေးနိုင်ပါတယ်”

ခေါင်ခေါင်သည် နွမ်းနယ်နေသော နန်းရဲ့မျက်နှာလေးကို ငေးကြည့်ကာ ...

“ဘယ်လောက်ရှိသွားပြီလဲ အစ်မ”

“သုံးလပါ”

“အို ... သုံးလဆိုတော့ မနည်းတော့ဘူး အစ်မရယ်”

နန်းသည် မျက်နှာပူထူ ရှက်ရွံ့လာပုံရကာ ...

“ညီမတို့ ဘာမှအကူအညီ မပေးနိုင်ဘူး ဆိုရင်လည်း ကိစ္စမရှိပါဘူး၊ ပြန်လိုက်ဦးမယ်”

www.burmeseclassic.com

www.burmeseclassic.com



နန်းက ထ,ရပ်လိုက်၍ သူဇာကလည်း လေးလေးကန်ကန် လိုက်ရပ်ကာ ...

"စိုးစိုးရေ ... ငါတို့ ဒီကိစ္စ နင့်ကိုလာမေးကြောင်းကိုတော့ နင့်အိမ်မှာ ပြန်မပြောနေပါနဲ့တော့ဟယ်၊ ငါ့အမေလည်း မသိသေးတဲ့ကိစ္စမို့ပါ"

"စိတ်ချပါ မသူဇာ"

နန်းနှင့် သူဇာတို့ သူတို့ကျောင်းဝင်းထဲက လမ်း လျှောက်ထွက်ခွာသွားတာကို စိုးစိုးနှင့် ခေါင်ခေါင် ငေးကြည့်ပြီး ကျန်ရစ်ခဲ့ပါသည်။ မမျှော်လင့်ဘဲ စိတ်နောက်ကျိစရာ အဖြစ်နှင့် ရင်ဆိုင်ကြားနာလိုက်ရ၍ ငိုင်တိုင်တိုင်ကလေးတွေဖြစ်ကာ စိတ် ကောင်းနိုင်ဘဲ ရှိကြရပါသည်။

မသူဇာ ဆိုတာကရော၊ မနန်း ဆိုတာရောဟာ ခေါင်ခေါင့် အတွက် ဒီနေ့ဒီရက်မှ စတင်မြင်ဖူး တွေ့ဖူးတဲ့ ရေ စိမ်းသက်သက်တွေဖြစ်၍ စိတ်လက်မသာမယာ ရှိရတယ်ဆိုး မယ့်လည်း ခဏတဖြုတ်နေတော့ ကျောင်းကကိစ္စဝိစ္စတွေ စာတွေ ထဲ စိတ်က ပြန်ဝင်ဝင်စား အာရုံရောက်သွားရ၍ မသူဇာ မနန်းတို့ကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့ရတာပါပင်။

မမျှော်လင့်ဘဲ ကိုယ်နှင့် နီးနီးစပ်စပ် ပတ်ပတ်သက် သက် ရှိလာမည်လို့တော့ လုံးဝမထင်ခဲ့မိတာ။

❣ ✉ ❣





၄

အဲဒီမနက်ကတော့ ကားပေါ်မှာ ဦးဘုန်း၊ သုန်သုန်၊ ခေါင်ခေါင်။ အားလုံး လူစုံပါသည်။ ထုံးစံအတိုင်း ခေါင်ခေါင့် ကျောင်းကို အရင်ပို့ပေးမည် ဖြစ်ပေမယ့် ခေါင်ခေါင်က မြို့ထဲက မိတ္တူဆိုင်တစ်ဆိုင်မှာ မနေ့က ဝင်ကူးထားတဲ့ စာရွက်စာတမ်း တချို့ကို အရင်ဝင်ရွေးချင်သည်ဆို၍ မြို့ထဲကို အရင်လာခဲ့ကြ ပါသည်။

သူတို့ရပ်ကွက်တွေဘက်မှာက ခြံတွေ ဝင်း တွေနှင့် အိမ်တွေမို့ မိတ္တူဆိုင် နီးနီးနားနား မရှိ။ မြို့ထဲမှာပဲ ကူးစရာရှိ တာ ကူးရသည်။ ကိုယ့်မှာရှိတဲ့ ဆေးဖက်ဆိုင်ရာ စာအုပ်တစ်အုပ် ဆဲကနေ ကော်ပီကူးဆွဲပြီး စာဖတ်ရမှာ။ စာအုပ်မိုင်ရှင်ကိုလည်း ဒီနေ့ ကျောင်းရောက်ရင် စာအုပ်ပြန်ပေးရမှာမို့ ကျောင်းကိုမဝင် ခင် အရင်လာရွေးရတာပင်။

"ဒီအချိန် နင့်ကော်ပီယာဆိုင် ဖွင့်ပါဦးမလား ခေါင်ခေါင်၊ နင် ဆိုင်ကိုပြထားပြီး ငါတို့ နောက်တစ်ခေါက် ပြန်သွား ရွေးပြီးတော့ ကျောင်းကို လာပြန်ပို့ပေး ဆိုရင်လည်းရတယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်က ဖွင့်တယ်ဟဲ့၊ အဲဒီဆိုင်က အကြီးကြီးပဲ၊ မနက်ဆိုလည်း ခုနစ်နာရီခွဲလောက်ဆိုရင် ဖွင့်နေပြီ၊ ညလည်း မိုးစုပ်စုပ်ချုပ်မှ ပိတ်တာ၊ ကော်ပီကူးနေကြတဲ့လူတွေများ တိုးကြိတ်နေတယ်၊ ဈေးလည်းသက်သာတာကိုး"

ခေါင်ခေါင် ညွှန်ပြတဲ့အတိုင်း ကားကို မောင်းလာတဲ့ ဘုန်းသမ္ဘာသည် ...

"ဒီလမ်းပေါ်ပဲ ဦးဘုန်း၊ ရှေ့နားဆိုရင် ရောက်ပြီ"

ခေါင်ခေါင့် စကားကြောင့် ကားကို အရှိန်လျှော့ကာ ...

"လမ်းမပေါ်ပဲလား၊ လမ်းသွယ်ဆိုရင် ဝင်ပေးမယ်နော်"

"လမ်းမပေါ်ပဲ၊ ဟိုဘက်လမ်းထိပ်တွေ့လား၊ ဟိုဆိုင်ပဲ"

ကားကို ဒီဘက်လမ်းမှာ ကပ်ရပ်ရသော်လည်း ခေါင်ခေါင်က ဟိုဘက်ခြမ်းကို လက်ညှိုးညွှန်ပြရာ သုန်သုန်ရော ဘုန်းသမ္ဘာပါ လှမ်းကြည့်လိုက်ကြပြီးနောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြပါသည်။ အဲဒီလမ်းလေ။ တိုက်ဆိုင်လိုက်တာ။ သုန်သုန်တို့ အကြိမ်ကြိမ် ကားလာရပ်စောင့်ကြည့်တဲ့နေရာမှာပဲ ဦးဘုန်းက ကားကိုရပ်လိုက်သည်။

"ပြန်ပတ်ကွေ့ပေးရမလား ခေါင်ခေါင်၊ အောက်ဘလောက်က ပြန်တက်ရင် ရတယ်"



"နေပစေ ဦးဘုန်း၊ ခေါင်ခေါင် လမ်းကူးသွားလိုက်မယ်၊ အဲဒါ ခေါင်ခေါင့် သူငယ်ချင်းနေတဲ့လမ်းမို့ ဒီမိတ္တူဆိုင်ကူးဖြစ်နေတာ၊ သူငယ်ချင်း ကျောင်းမသွားရသေးရင် ခေါင်ခေါင် ခရီးကြုံလမ်းကြုံ သူ့ကို ခေါ်တင်ခဲ့လို့ ရမလားဦးဘုန်း"

"သြော် ... ရတာပေါ့၊ ခေါင်ခေါင်ကလည်း ဘာအပန်းကြီးလို့လဲ"

"ခဏစောင့်နော်"

ခေါင်ခေါင်က ကားလမ်းကို အပြေးဖြတ်ကူးသွားပါသည်။ ခေါင်ခေါင် ဝင်သွားတဲ့ မိတ္တူဆိုင်ဘက် လည်ပင်းဆန့်ကာ ဆွဲရှည်ကာ လှမ်းမျှော်ကြည့်နေမိကြရာက ...

"ဟယ် ... ဦးဘုန်း ... ဦးဘုန်း"

"ဘာလဲ ... ဘာလဲ"

"ဟိုမှာလေ၊ ဟိုဟာ မဟုတ်လား၊ ခနန်း ... မနန်း၊ အဲဒီတစ်ယောက် မဟုတ်လား"

သုန်သုန်က တစ်ခါတည်း တွေ့ဖူးတဲ့သူမို့ မသေချာသလိုလေး ပြူးပြဲကြည့်ကာ ရင်တခုန်ခုန်နှင့် ပလုံးပထွေး ဖြစ်နေပါသည်။

"ဟာ ... ဟုတ်တာပေါ့"

"လမ်းကူးသွားပြီ၊ မုန့်ဟင်းခါး ထုပ်လေးနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသမ္မာသည် သုန်သုန့် စကားကို မပြန်နိုင်တော့ဘဲ ဝုန်းခနဲ ကားပေါ်ကဆင်းကာ ကားလမ်းကို ဖြတ်ကူးသွားပြီ ဖြစ်တဲ့ မနန်း နောက်က လိုက်လေသည်။ ကားပေါ်မှာ ကျန်ရစ် ခဲ့သော သုန်သုန်ကလည်း ရင်တွေလှုပ်ရှား တုန်ယင်ကာ လှမ်း မျှော်ပြီး ကြည့်နေပါသည်။

ဘုန်းသမ္မာက မနန်းကို နာမည်လည်း မခေါ်ရဲ တော်ကြာ စွတ်ရွတ်ထွက်ပြေးသွားလို့ အရင်တစ်ခါလို လွတ်သွား ဦးမည်။ ပိုင်ပိုင်နိုင်နိုင် တားထားနိုင်ဖို့ အဓိကကျသည်။ ဟိုဘက် လမ်းထိပ် ရောက်တော့မှပင် မနန်းကို ဘုန်းသမ္မာ မီကာ ရှေ့ကို ကျော်၍ ဖျတ်ခနဲ ပိတ်ရပ်လိုက်ပါသည်။

"မနန်း"

"အမလေး"

အလန့်တကြားအော်ပြီး တုံ့ခနဲ ရပ်လိုက်တဲ့ မနန်း သည် ဘုန်းသမ္မာကို မြင်လျှင် မျက်နှာကလေး ပျက်ထွက်သွား သည်။

"မနန်း ... မနန်း ... ထွက်မပြေးနဲ့နော်၊ အရေးကြီးလို့ပါ မနန်းရာ၊ ကျွန်တော့်ကို စကားပြောခွင့်ပြုပါ၊ မနန်းကို ဒီ နားမှာပဲ လွန်ခဲ့တဲ့ တစ်ပတ်ဆယ်ရက်က တစ်ခါတွေ့လိုက် လို့ ကျွန်တော် လာလာရှာနေတာ နေ့တိုင်းပဲ"

နန်းက သက်ပြင်းတစ်ချက်ချရင်း ...

"ဘာလို့ လိုက်ရှာနေရတာလဲ ကိုဘုန်း"





"အာ ... မနန်းကလည်း၊ မနန်းကို တစ်ခါ အမှတ်တမဲ့ တွေ့လိုက်ရက်သားနဲ့ ဆက်မရှာရင် ကိုကို ကျွန်တော့်ကို သတ်မှာပေါ့"

"တမင်ရှောင်ပြေးသွားတာကို လိုက်ရှာနေလည်း အပိုပေါ့ ကိုဘုန်းရယ်"

"ဘယ်ဟုတ်မလဲ မနန်းရာ၊ မနန်း ရှောင်ပြေးသွားတာကိုက အဓိပ္ပာယ်မရှိတာ"

"ကိုကို့အမေက သူပြောသလို တကယ်လုပ်မှာ၊ ကိုဘုန်း လည်း သိသားနဲ့"

"သူ ဘာလုပ်လုပ်လေ၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် ကိုကိုက မနန်းကို လက်ထပ်မှာပဲ၊ ကိုယ့်မှာလည်း ကိုယ့်အကြောင်း နဲ့ကိုယ်၊ မနန်း ကိုကို့ကို ဒီလိုအလွယ်တကူ ရှောင်ပြေး သွားလို့ မရဘူးလေ၊ အဓိပ္ပာယ်မရှိတာ၊ ခုချိန်မှာ ကိုကိုနဲ့ မနန်း လက်ကိုထပ်ရမှာပဲ၊ ဒါကို ရှောင်လွှဲလို့မရတော့ ဘူးလေ"

"ကိုယ့်ကြောင့် သူများတွေပါ ဒုက္ခသုက္ခ ပြဿနာတွေ ထဲ ..."

"ဘာပဲဖြစ်ဖြစ် ကြီးကြီး ဘာပဲလုပ်လုပ်လို့ ပြောပြီးပြီပဲ၊ ကိုကိုလည်း လူညံ့တစ်ယောက်မှ မဟုတ်တာ မနန်းရာ၊ သူ ကြည့်ကျက်စီစဉ်ပါလိမ့်မယ်၊ မနန်း ကိုကို့ကို အားကိုး



www.burmeseclassic.com

www.burmeseclassic.com



တယ် ယုံကြည်တယ် မဟုတ်လား၊ ဝိုး … မောလိုက်တာ မနန်းရာ၊ ဟိုတစ်ရက်က တစ်ခါတွေ့လိုက်လို့ ဒီနားမှာ ကားရပ်စောင့်ပြီး လာရှာနေတာ ဘယ်နှရက်တောင်ရှိပြီ လဲဗျာ၊ ခုမှတွေ့ရတော့တယ်၊ မနန်း ဘယ်မှာနေတာလဲ"

နန်းက ခေါင်းလေးကို ခါယမ်းလိုက်ပါသည်။

"ဒီလမ်းထဲမှာ မဟုတ်လား"

"မဟုတ်ပါဘူး"

"မညာပါနဲ့ဗျာ၊ ဟိုတစ်ခါလည်း ဒီလမ်းထဲပဲ ဝင်သွားပြီး ပျောက်သွားတာ၊ ဒီတစ်ခါလည်း မနန်း ဒီလမ်းထဲကိုပဲ_"

"ကိုဘုန်း"

နန်းက မျက်နှာကလေးငယ်ငယ်နှင့် ခေါ်လိုက်ပါ သည်။

"ဗျာ"

"နန်းကို ဒီမှာတွေ့တာ ကိုကို့ကို ပြန်မပြောပါနဲ့တော့ နန်း ဆုံးဖြတ်ပြီးထားလို့ပါ၊ နန်း ကိုကို့ကို လက်မထပ် တော့ဘူး၊ ဒီလောက် အောင်မြင်နေတဲ့ သူ့လုပ်ငန်းတွေ သူ သိပ်သံယောဇဉ်ကြီးပြီး ဂုဏ်ယူတာ၊ ဒါတွေကို ကိုကို စွန့်လွှတ်လိုက်ရမှာ ဘယ်လောက်ရင်နာမလဲ၊ ပြီးတော့ ဘဝကို အောက်ခြေကနေ ပြန်စကြိုးစားရမှာ၊ နန်း ဘာမှမဖြစ်ဘူး၊ ကိုကိုက အခြေပျက် အနေပျက်နဲ့ ဆင်း





ချို့တဲ့သွားမှာ၊ အဲဒီအဖြစ်မျိုးကို နန်း မဖြစ်စေချင်ဘူး၊ အဖြစ်မခံနိုင်ဘူး"

အရပ်ပု ပြတ်ပြတ်ကလေးနဲ့ မနန်းသည် ခြောက်ပေ မြင့်တဲ့ ဘုန်းသမ္မာကို မော့မော့ကလေးကြည့်ကာ ပြောနေပါသည်။ ဘာပြန်ပြောရမယ် မသိတဲ့ ဘုန်းသမ္မာကလည်း မနန်း စကားကို နားထောင်ရင်း မနန်းကို ခပ်ငေးငေး ငုံ့ကြည့်နေပါသည်။ ဒီမြင် ကွင်းကို တွေ့နေကြတဲ့ သူနှစ်ယောက်ကတော့ သုန်သုန်ရယ် ခေါင်ခေါင်ရယ်ပင်။

သုန်သုန်ကတော့ ရင်ထဲမှာ တစ်မျိုးလေး ခိုးလိုးခုလု နှင့် မြင်ကွင်းကို ကားပေါ်မှ လှည့်ငေးကြည့်နေမိသည်။ ဦးဘုန်း ရေ၊ မနန်းက ကျွန်တော့်ချစ်သူ မဟုတ်ပါဘူးဆို။ ဒီစကားက အမှန်ကော ဟုတ်ရဲ့လား။ တစ်ယောက်ကငုံ့ တစ်ယောက်ကမော့ ပြီး စိုက်ကြည့်နေကြတဲ့ပုံ အဝေးမြင်ကွင်းဟာ သုန်သုန့်ရင်ကို ဆိုင်းခတ်စေသည်။ နှစ်ယောက်စလုံး ချောချောဖြောင့်ဖြောင့်ကြည့် ကောင်းကောင်းလေးတွေဖြစ်၍ မြင်ကွင်းလေးက လှနေသလိုပင်။

သုန်သုန်သည် ငေးကြည့်နေမိရင်းက ကိုယ့်ကိုယ် ကိုယ် အံ့အားသင့်လာမိပါသည်။ ငါ ဘာဖြစ်လို့ ဒီမြင်ကွင်းအပေါ် ခံစားနေမိပါလိမ့်။ သူတို့နှစ်ယောက် ချစ်သူတွေများ ဖြစ်နေ သလား၊ ဦးဘုန်းများ ငါ့ကို ညာပြောသလားဆိုတဲ့ အတွေး ဘာကြောင့်များ လှုံကိုပူလောင်စေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ခေါင်ကတော့ မိတ္တူဆိုင်ရဲ့ အပေါက်ဝမှာရပ် ရင်း မြင်ကွင်းဘက် လည်ပင်းလိမ်ကာ အကြီးအကျယ် အံ့ဩနေ တာဖြစ်သည်။ ဘယ်လိုပတ်သက် ဆက်စပ်မှုနဲ့ ဟိုတစ်နေ့က မသူစာနဲ့ ပါလာသော မနန်းဟာ ဦးဘုန်းနှင့် ကျွမ်းဝင်နေပါလိမ့်။ ဦးဘုန်း အပြေးကျော်တက် ပိတ်ရပ်လိုက်တာကစပြီး မြင်လိုက် ရတဲ့ ခေါင်ခေါင်ဟာ သာမန်လမ်းတွေ့လို့ မိတ်ဆွေချင်းရပ်တန့် နှုတ်ဆက်တာ မဟုတ်ဘူး ဆိုတာ သဲသဲကွဲကွဲ ရိပ်မိသည်။

ရှေ့ကပိတ်ကာကာလိုက်ချင်း မနန်းက ဟိုကွေ့ ဒီကွေ့ နှစ်ချက်လောက် ရှောင်ထွက်သွားဖို့ ကြိုးစားလိုက်သေးတာပဲ။ ပုံစံက တစ်ယောက်ကအမိဖမ်းပြီး တစ်ယောက်က မတွေ့ချင်လို့ ပြေးမယ့်သဘောမျိုး ဆောင်သည်။ ပြီးတော့ ပြောနေကြတဲ့စကား တွေကို မကြားရပေမယ့် သာမန်စကားတွေမဟုတ်တာ သိသာသည်။

သူတို့စကားပြောနေပုံဟာ အာလာပသလ္လာပမဟုတ် တစ်စုံတစ်ရာကို အကြိတ်အနယ် အငြင်းအခုန် အတုံ့အပြန်ပြော နေကြတာ။ တစ်ယောက်ကို တစ်ယောက် ကြည့်တဲ့အကြည့်တွေ ကလည်း ရင်းနှီးလွန်းတယ်လို့ ခေါင်ခေါင် ထင်သည်။ ပုံမှန် သာမန်တော့ မဟုတ်။

ခေါင်ခေါင် အပ်ခဲ့တဲ့ မိတ္တူတွေက ကျန်တာအားလုံး ပြီးနေပေမယ့် ဆိုင်ကမျက်နှာဖုံးစာရွက်ကို မိတ္တူကူးမထား ခုမှ သူများဟာတွေကြားထဲ ခဏကြားဖြတ်ပြီး ကူးနေရတဲ့အတွက် စောင့်နေရတာ ဖြစ်ပါသည်။





"အစ်မ ... ရပြီ"

ခေါင်ခေါင်က ခုနကတည်းက ထုတ်ယူပြီး အသင့် ရေတွက်ပြီးသား ပိုက်ဆံထပ်ကို လှမ်းပေးကာ မိတ္တူစာရွက်အိတ် ကို ယူလိုက်သည်။

ဆိုင်ထဲကနေ မထွက်သေးဘဲ ဦးဘုန်းတို့ဘက်ကိုသာ ကြည့်နေသည်။

"ဘာကိုမှ စိတ်လိုက်မာန်ပါ မဆုံးဖြတ်ပါနဲ့ မနန်း၊ ကျွန် တော် တောင်းပန်ပါတယ်၊ မနန်းနဲ့ ပတ်သက်တာ ကိုကို ပါ၊ ကြီးကြီးဒေါ်မြစိမ်းမှ မဟုတ်တာ၊ ကိုယ်နဲ့ပတ်သက် တဲ့သူချင်းပဲ ညှိနှိုင်းတိုင်ပင်ပြီး လုပ်ရမှာပေါ့ မနန်း"

"အခု ကိုဘုန်းက နန်းကို လိုက်ရှာတာလား"

"ကျွန်တော်က လှိုင်သာယာစက်ရုံကိစ္စအတွက် လာရတာ၊ ကြုံရင်ကြုံသလိုသာ ရှာမိတာလောက်ပဲ၊ ရန်ကုန်မှာ ရှိမယ် လို့ လုံးဝမမျှော်လင့်မိဘူးလေ၊ တကယ် ဖောက်ချရှာနေ တာက ကိုကို၊ လားရှိုးရောက်သွားတော့လည်း ဟိုက မနန်း မလာဘူး ပြောပြတယ်"

"ကျွတ် ... အားလုံး သိကုန်ပါပြီ၊ ဟိုကအမျိုးတွေက စိတ်ပူ ကြတော့မှာပေါ့"

"အဲဒါ မနန်း လုပ်တာပဲ။ မနန်း အပြစ်ပဲလေ၊ မနန်းသိ ထားဖို့က ကိုကိုက မနန်းကို မတွေ့မချင်း ရှာဖွေရမှာ

www.burmeseclassic.com



ရှာမှာပဲ။ မနန်းလည်း ဘဝတစ်သက်လုံး မပုန်းနိုင်ပါဘူး ဗျာ။ တစ်ချိန်မတွေ့ တစ်ချိန်တွေ့မှာပဲ၊ ဘာထူးလဲ မနန်း အခုပဲ ကိုကို့ကို ပြန်တွေ့လိုက်ပါ၊ ကိုကိုက အနနည်း မရရင် မနန်းကို အကြမ်းနည်းနဲ့ပဲဖြစ်ဖြစ် ရအောင်ပြန် ခေါ်ခဲ့တဲ့"

နန်းက မျက်လုံးဝိုင်းနှင့် ...

"ဘယ်လိုအကြမ်းနည်းလဲ"

"အတင်းဆွဲလွဲပြီးတော့ပေါ့"

"အို ... အဲလိုတော့ ရန်းရင်းဆန်ခတ် မလုပ်ပါနဲ့နော် ကိုဘုန်း၊ နန်းက ဒီလမ်းထဲမှာ ညှိသည်ပါ"

"ဒီလမ်းထဲ နေတာတော့ ဝန်ခံတယ်ပေါ့"

နန်းက သက်ပြင်းချရင်း ...

"ဟိုရှေ့က ကြွေပြားသေးသေးတွေ အုတ်ကွက်စီထားတဲ့ တိုက်ပဲ"

"ဆက်ထွက်မပြေးနဲ့နော် မနန်း"

"ရန်ကုန်မှာ တခြားခင်မင်ရင်းနှီးသူလည်း မရှိတော့ပါဘူး သူဇာ တစ်ယောက်ပဲ ရှိတာပါ"

"သူတို့အိမ်မှာ ဖုန်းရှိလား"

နန်းက ခဏငိုင်တွေနေပြီးမှ ဖုန်းနံပါတ်တစ်ခု ရွတ်ပြလိုက်ပါသည်။





"ကျွန်တော့်ဆီ ဆက်ချင်ရင်တော့ အရင်က ကိုကို့ဖုန်း နံပါတ်ကို ဆက်လိုက်၊ ကိုကို့ဖုန်းကို အခု ကျွန်တော် ကိုင်နေတယ်၊ မနန်းနော် ... ဘာကိုမှကမူးရှူးထိုး ဆုံးဖြတ် မယ် မကြံလိုက်နဲ့၊ ကိုကိုက အချစ်ကြီးသလို အမျက်လည်း ကြီးလိမ့်မယ်"

ကြောက်ရွံ့အားငယ်တတ်တဲ့ မနန်းစိတ်ကိုလည်းသိ ၍ နည်းနည်းပါးပါးလည်း ခြိမ်းခြောက်ပေးရသေးသည်။

"ကိုကိုက လားရှိုးမှာ မတွေ့တော့ တခြားတွေပတ်ရှာ၊ အဲဒီအနီးတစ်ဝိုက် မဟုတ်တော့ မနန်း သူငယ်ချင်း အင်းလေးမှာ ရှိတာသိတော့ အင်းလေးကိုလိုက်၊ အဲဒီက တစ်ဆင့် တောင်ကြီးကို ..."

"အလုပ်တွေ ပျက်လိုက်တာ"

"ဒါ မနန်း လုပ်တာလေ၊ အခု တောင်ကြီး အဝင်မှာ ကိုကို ကားတိုက်မှုဖြစ်လို့ အခု ..."

"ဟင် ... ကိုကို ... ကိုကို ဘာဖြစ်သွားလဲ"

"ကိုကို ခြေထောက်ထိသွားတယ်၊ တောင်ကြီးဆေးရုံမှာ အော်ပရေးရှင်း လုပ်ထားရတယ်၊ ဆေးရုံတက်နေတယ်"

"ဟင် ... ဒါဆိုရင် ကိုကို့အမေကြီးတော့ မိုးမီးလောင်နေ ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီး သိတောင် မသိသေးဘူး ထင်တာပဲ၊ ကြီးကြီးက ကိုကို ရန်ကုန်မှာလို့ ထင်နေတာ၊ ကိုကိုက ကျွန်တော့်ကို ရန်ကုန်လွှတ်ပြီး ကိုကိုက မနန်းကို ပတ်ရှာနေတာ"

နန်းသည် မျက်ရည်လေးတွေ ရစ်လည်လာကာ —

"ကိုကို နန်းအတွက်နဲ့ ဒုက္ခမများစေချင်ကာမှ ဆေးရုံတောင် ဒီတက်နေရတယ်၊ ဖြစ်မှဖြစ်ရလေ"

"အဲဒါကြောင့် ပြောတာလေ၊ မနန်း တစ်ယောက်တည်း ကောင်းမယ်ထင်တာတွေ စွတ်လျှောက်လုပ်မနေပါနဲ့၊ ကိုကိုက မနန်း ဘယ်နားပုန်းပုန်း ရေတစ်ဆုံး မိုးတစ်ဆုံး လိုက်မှာပဲ၊ လိုက်ရင်းက မမျှော်လင့်ဘဲ ခုလိုဒုက္ခရာတွေရ အမှုတွေပွေရတော့ ဘယ်ကောင်းပါ့မလဲ မနန်းရာ"

နန်းသည် အံလေးကြိတ်ပြီး ကျိတ်ရှိုက်နေသည်။

"မငိုနဲ့တော့လေ မနန်း၊ နောက်ကို ဘာပဲလုပ်လုပ် ကိုကိုနဲ့ တိုင်ပင်ပြီးလုပ်ပါ၊ မနန်း ပုန်းနေလည်း မလွတ်ဘူး အလကားပဲ၊ အမိပွားယ်မရှိဘူး၊ ဒီကြားထဲ မနန်းမှာလည်း ကိုယ့်ပြဿနာနဲ့ကိုယ်လေ၊ ဒီကိစ္စကို ကိုကို ဘယ်လောက် အလေးအနက်ထားတယ်၊ စိတ်လှုပ်ရှားနေတယ် မနန်း အသိနော်၊ မနန်း သွားရင်းလာရင်း မတော်တဆများ ဒီဟာကို အထိအခိုက် ရှိခဲ့ရင်"





နန်းသည် ခေါင်းလေးငုံ့ကျကာ မျက်ရည်လေးတွေကို ကျိတ်သုတ်နေပါသည်။ စကားတွေကိုသာ မကြားရသော်လည်း တမင်တကာ ဂရုတစိုက် ကြည့်နေတဲ့ သူတွေအဖို့ မျက်ရည်ခိုးသုတ်လိုက်တာကို အတိုင်းသား မြင်ရပါသည်။ ခေါင်ခေါင်သည် ဆိုင်ထဲကထွက်ကာ တဖြည်းဖြည်းချင်းလေး လမ်းထိပ်ဘက်ဆီ တိုးလျှောက်လာသည်။ ခေါင်ခေါင့်ကို ဘုန်းသမ္ဘာကလည်း မြင်ပါသည်။

"မနန်း ... ကျွန်တော် သွားရတော့မယ်၊ ကျွန်တော်တည်းနေတဲ့ အိမ်ကကောင်မလေးနှစ်ယောက်ကို ကျောင်းလိုက်ပို့ရဦးမယ်၊ မနန်းနဲ့ ကျွန်တော် ထပ်တွေ့မယ်၊ ဖုန်းဆက်ပြီး ချိန်းလိုက်မယ်"

မနန်းက ဘုန်းသမ္ဘာ လှမ်းကြည့်တဲ့ဘက်ဆီ ကျောပေးခေါင်းငုံ့ရင်းနှင့်သာ ...

"ဟုတ်ကဲ့ပါ ကိုဘုန်းရယ်"

"မနန်း လုံးဝထပ်ထွက်မပြေးဘူးလို့ ကျွန်တော့်ကို ကတိပေးစမ်းပါ"

"... ..."

မနန်းက ခေါင်းငုံ့၍ တိတ်နေရာ ဘုန်းသမ္ဘာက မနန်းရဲ့ ပခုံးတစ်ဖက်ကို အသာဆုပ်ကိုင် လှုပ်ခါလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အချိန်မရှိတော့ဘူး မနန်း၊ ကျွန်တော့် ကတိပေးပါ၊ ကတိမပေးရင်တော့ မနန်းကို အခုတစ် တည်း ကားပေါ်ဆွဲတင်ပြီး တကောက်ကောက် ခေါ်သွား ရလိမ့်မယ်၊ မနန်းကြောင့် သူများတွေ ဒုက္ခမများစေချင် ရင် မနန်း ကတိတည်ရမယ်၊ တွေ့ပြီးမှ ပြန်ပျောက်သွား ရင် ကျွန်တော့်ကို ကိုကို သတိမှာ"

မနန်းက သက်ပြင်းတစ်ချက်နှင့် ခေါင်းနှစ်ချက် လောက် ညိတ်လိုက်ရင်း ...

"အင်းပါ ကိုဘုန်းရယ်၊ နန်း ဘယ်မှထပ်ထွက်မသွား ဘူး၊ ဒီတိုက်မှာပဲ ရှိပါမယ်၊ သူငယ်ချင်းက မသူဇာ၊ အမေနာမည်က ဒေါ်လေးနွယ်နော်"

"ကျွန်တော် ဖုန်းအရင်ဆက်လိုက်မယ်"

"အင်း"

သူတို့ဘက် ကြည့်ကွက် ကြည့်ကွက် လုပ်ရင်း လမ်းကို အရင်ဖြတ်ကူးသွားနှင့်တဲ့ ခေါင်ခေါင့် နောက်က ဘုန်း သမ္မာက လိုက်ခဲ့ပါသည်။ လမ်းဟိုဘက်ကမ်းက ကားဆီ ခေါင်ခေါင် နောက်ကတက်နေတုန်း ဘုန်းသမ္မာကလည်း ဒီ ဘက်ကို ပြန်ဝင်ထိုင်လိုက်သည်။

"ခေါင်ခေါင် ဖိုတိုကော်ပီတွေ ရပြီလား"

"ဟုတ်"

"သူငယ်ချင်း တစ်ယောက် ခေါ်မယ်ဆို"





ခေါင်ခေါင်သည် ခုမှပဲ သတိရသည်။ ပထမတော့ မိတ္တူတွေ ရွေးပြီးရင် စိုးစိုးတို့ တိုက်အောက်ဆိသွားပြီး အောက် က ခေါင်းလောင်းဆွဲပြီး လိုက်ခဲ့မလား မေးမလို့ပင်။ ခုတော့မှ သတိရတော့လည်းပဲ ခေါင်းလောင်းသွားမဆွဲချင်တော့ပါ။ အဲဒီ တိုက်မှာပဲ တစ်တိုက်တည်း အခန်းပဲလွဲကာ မသူဇာတို့ မနန်းတို့ နေကြတာ မဟုတ်လား။

ဦးဘုန်းနဲ့ နန်းဆိုတဲ့ အစ်မကြီးနဲ့ ခုလိုပတ်သက် နေတာကို မြင်ရတာ နားမလည်နိုင်အောင် အံ့အားတသင့် ဖြစ်မိ သည်။ ဘယ်လိုဆက်စပ် ပတ်သက်မှုမျိုးနှင့် လာပြီးရင်းနှီးပတ် သက်နေရတာလဲ။ ပြီးတော့ ... မနန်း ဆိုတာက ...။

"ခေါင်ခေါင်"

သုန်သုန်က ငိုင်စိုက်စိုက် ဖြစ်နေတဲ့ ခေါင်ခေါင့်ကို လှည့်ကြည့်ရင်း သတိပေးသလို ခေါ်လိုက်ပါသည်။ ခေါင်ခေါင် က အလန့်တကြား ဟန်မပျက်ရာလေးနှင့် ...

"ဩော် ...၊ ဟင့်အင်း မခေါ်တော့ဘူး၊ ကျောင်းကိုပဲမောင်း ပါတော့ ဦးဘုန်း"

"ဟုတ်ပြီ ... ဟုတ်ပြီ"

ဘုန်းသမ္မာက ကားကို စက်နှိုး၍ မောင်းထွက်လိုက် လျှင် ခေါင်ခေါင်နှင့် သုန်သုန်သည် တစ်ယောက်ကို ခံစားချက် တစ်မျိုး အတွေးတစ်မျိုးနှင့် ငြိမ်ပြီးပါလာကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ပေါ်တီကိုအောက်က ကျော်ကိုကို့ကားလေး လှိ ထွက်သွားလျှင် အိမ်ထဲဝင်ဖို့ ဒီဘက်ကို ချာခနဲလှည့်လိုက်တဲ့ သုန်သုန်မှာ အိမ်တံခါးဝ အုတ်တိုင်ကို ပခုံးမှီပြီးရပ်ကာ သူ့ကို လှမ်းကြည့်နေတဲ့ ဦးဘုန်းကို မြင်လိုက်ရ၍ ခြေလှမ်းတုံ့သွား သည်။ တဖျပ်ဖျပ် လဲ့ဖြာနေတဲ့ ဦးဘုန်းရဲ့ မျက်ဝန်းတွေ သောကရိပ်တချို့နှင့် မပြုံးမရယ်နိုင်အောင် သုန်သုန့်ကို ကြည့်နေ တာမျိုး။

ထို့နောက် တစ်လှမ်းချင်း လှေကားထစ်နှစ်ထစ် ဖြည်းဖြည်း ဆင်းလာတာမို့ သုန်သုန်ကလည်း အိမ်ပေါ်မတက် သေးဘဲ ...

"ဦးဘုန်း ဒီမနက် မနန်းနဲ့ သွားတွေ့မယ်ဆိုတဲ့ကိစ္စ အဆင်ပြေလား"





သူတို့အကြားရှိနေတဲ့ ကိစ္စကို ဘာရယ်လို့ သုန်သုန် သိတာတော့ မဟုတ်။ မနက်က စကားစပ်ရင်း မနန်းနှင့်ချိန်း ထားတဲ့အကြောင်း ဦးဘုန်း ပြောလို့သာ။ ဦးကြီးကျား နေကောင်း နေပြီမို့ သုန်သုန့်ကျောင်းတွေ သင်တန်းတွေ အကြို့အပို့ကိစ္စကို ပြန်ဆောင်ရွက်နေတာ နှစ်ရက်ရှိပြီ။ ဦးကြီးကျား ပြန်မပို့ခင်က တည်းက တစ်ရက်ကြို၍ ခေါင်ခေါင်ရဲ့ ဝပ်ရှော့ပ်ကကားလည်း ပြန်ရောက်လာပြီဖြစ်ရာ ဦးဘုန်းနှင့် ဘယ်သူမှ အတူမလိုက်ဖြစ် တော့ပါ။

ခေါင်ခေါင်သည် ဦးဘုန်းကို အနည်းငယ် ခပ်တန်း တန်းလိုလို ဖြစ်သွားကာ စကားနည်းသွားသည်။ သုန်သုန်သည် လည်း ခုရက်ပိုင်း ဦးဘုန်းနှင့် အရင်ကလောက် စကားတွေ အများကြီး မပြောဖြစ်။ မြင်ကွင်းထဲမှာ ရင်မောမောလေးနှင့် လှမ်းမျှော်ကြည့်ခဲ့ရတဲ့ ဦးဘုန်းနှင့် မနန်းရဲ့ တရင်းတနှီးပုံစံတွေ မနန်း ပခုံးကို ဦးဘုန်း ကိုင်လှုပ်လိုက်တာတွေ ပေါ်ပေါ်လာကာ အလိုလိုနေရင်း မရွှင်မပျ ဖြစ်နေသည်။

အခုလည်း သိချင်လှလို့သာ အာလာပသလ္လာပ စကားသဘောမျိုးဖြင့်သာ မေးလိုက်တာ။ မေးခွန်းကို ဦးဘုန်းက မဖြေဘဲ သုန်သုန့်နား မျက်နှာချင်းဆိုင် တိုးရပ်ကာ ခပ်နီးနီးရင် ဆိုင်ကြည့်ရင်း ...

"အဲဒါ သုန်သုန်နဲ့ ဘယ်လိုပတ်သက်နေပြီလဲ၊ သုန်သုန့် ချစ်သူလား"



www.burmeseclassic.com

www.burmeseclassic.com



သုန်သုန်က မျက်မှောင်ကုတ်လိုက်ရင်း ....

"ဟွန် ... ဦးဘုန်းကလည်း ဘလိုင်းကြီး၊ ယောကျ်ားလေး တစ်ယောက် လာလည်တာနဲ့ပဲ သုန်သုန့်ချစ်သူ ဖြစ်ရော လား"

"ကျွန်တော်ကတော့ မသိဘူးပေါ့၊ ဒါပေမဲ့ ခေါင်ခေါင်က တော့ ဖြစ်ရင်လည်း ဖြစ်နေနိုင်တာပဲ၊ ကိုယ်တိုင် မေးကြည့် ပေါ့ ဆိုလို့ပါ"

သုန်သုန်က ခေါင်ခေါင် ဘယ်နားရှိတယ် မသိပေ မယ့် မမြင်ရတဲ့ အိမ်ထဲဘက် လှမ်းပြီးမျက်စောင်းထိုးမိသည်။ ရှူးရှူးစေ့စေ့ စိုက်ကြည့်နေတဲ့ ဦးဘုန်းကိုလည်း မျက်စောင်းတစ် ချက်ရွယ်ကာ ...

"ဦးဘုန်းနဲ့ ဘာဆိုင်လို့လဲ"

ဘုန်းသမ္မာသည် ပခုံးတစ်ချက်တွန့်လျက် သုန်သုန့် မျက်ဝန်းများထဲ ဖောက်ဝင်စူးနစ်မတတ် စိုက်ကြည့်ရင်းက ...

"ဘာဆိုင်လဲဆိုတာက သုန်သုန့် ဖြေမယ့် အဖြေပေါ်မှာ မူတည်တယ်၊ ဒီနှစ်ရက် သုံးရက် အတွင်းမှာ သုန်သုန့် ကျွန်တော့်ကို နည်းနည်း ပြန်စိမ်းသွားတယ်လို့ ခံစားရ တယ်၊ ဘာကြောင့်လဲ မသိဘူးလို့ စဉ်းစားမရဘဲရှိတုန်း ဒီညနေ အဲဒီတစ်ယောက်ကို တွေ့လိုက်တော့ ကျွန်တော့် စိတ်ထဲမှာ စိုးရိမ်တဲ့စိတ်တွေနဲ့ ထူပူလာတယ်၊ ကျွန်တော်





အိမ်ပေါ်က ကြည့်နေမိတာ၊ ရင်တွေ ကျောတွေ ပူလာပြီး အသက်ရှူပါ ကျပ်ချင်လာလို့ အောက်ကို ဆင်းလာတာ ပါ"

ဦးဘုန်း စကားကြောင့် သုန်သုန့်ပါးကလေးတွေမှာ နီမြန်းမြန်းဖြစ်ချင်လာပြီး ကိုယ်ပါအသက်ရှူမှားလာတော့ သလိုလို။

"သုန်သုန့် ကိုယ်ရေးကိုယ်တာကို ကျူးကျော်စွက်ဖက်တာ မဟုတ်ပါဘူး။ စိုးရိမ်လို့ပါ"

သုန်သုန်က နှုတ်ခမ်းစူစူကလေးနှင့် ခေါင်းလေးငုံ့ ငုံ့ရင်း ...

"သုန်သုန့်မှာ ချစ်သူ မရှိသေးပါဘူးနော်၊ အခု အဲဒီ ကျော်ကိုကိုက စတိတ်ရှိုးရှိလို့ ကြည့်မလား လာမေးတာပါ၊ သုန်သုန်ကလည်း မကြည့်ချင်ဘူးလို့ ငြင်းလိုက်တယ်၊ သူက သုန်သုန့်ကို ကြိုက်နေသော်လည်း သုန်သုန် စိတ်မ ဝင်စားဘူး၊ တခြားချစ်သူလည်း မရှိဘူး"

"တကယ်နော် ... ဝမ်းသာလိုက်တာ သုန်သုန်ရာ၊ မရှိသေး ဘူး ဆိုတာနဲ့တင် ကျေနပ်ပါပြီ၊ ကျွန်တော်က ..."

"ကလင် ... ကလင် ... ကလင်"

ဘုန်းသမ္မာသည် မြည်သံထွက်လာသော ဆောင်းအင်္ကျီ အောက်အိတ်ထဲကဖုန်းကို ရှုံ့မဲ့တီးတိုးကျိန်ဆဲရင်း ထုတ်ယူလိုက်ရ သာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"မောင်ဘုန်း ... ငါပါကွ"

"ဩော် ... ဟုတ်ကဲ့"

ဘုန်းသမ္မာက သုန်သုန့်ကို လက်ညှိုးလေးတစ်ချောင်း ခွင့်တိုင်သလို ထောင်ကာ ခပ်လှမ်းလှမ်းကို ခြေလှမ်းကျဲနှင့် အပြေးထွက်လာခဲ့လိုက်ရင်း ...

"ကိုကို ပြောပါ"

ထွက်သွားရင်း ပြောသွားတဲ့ စကားသံထဲက "ကိုကို" ဆိုတာကို ကြားလိုက်ရတော့ အဲဒီတစ်ယောက်ဟာ ဦးဘုန်းထံ အတော်ပုန်းဆက်တတ်ပါလား ဆိုတာ သတိပြုလိုက်မိရင်း သုန်သုန့်က အိမ်ပေါ်ကို တက်လာခဲ့ပါတော့သည်။

"မောင်ဘုန်း"

"ဟုတ်ကဲ့ ကိုကို၊ ပြောပါ"

"နန်းရဲ့ အခြေအနေ ဘယ်လိုလဲ"

"မနက်ကပဲ မနန်းနဲ့ တွေ့တယ် ကိုကို၊ မနန်းကို သေချာ နားလည်အောင် နားဝင်အောင် နားချထားပါတယ်၊ အား ဖြစ်ဖြစ် ရောက်နေတဲ့ နေရာကနေ နောက်တစ်နေရာ သူ ထပ်မပြေးတော့ပါဘူး၊ အဲဒါကိုက သူ လက်ခံစဉ်း တဲ့သဘော တွေဝေတဲ့သဘောပေါ့"

"ငါ နန်းနဲ့ အမြန်ဆုံးတွေ့ချင်တယ်"





"ကျွန်တော် ပြန်ခေါ်လာခဲ့ရမှာလား"

"မင်း မပါလာဘဲ ဒီအတိုင်းကြီး ငါ့ဆီသွားလိုက်ပါဆိုရင် သွားပါ့မလား၊ စက်ရုံက အခြေအနေ ဘယ်လိုလဲ"

"အားလုံး အဆင်ပြေပါတယ် ကိုကို၊ ကျွန်တော်က ကိုကို နေမကောင်းလို့ ဆေးရုံတက်နေရတယ်လို့လည်း ဦးမြအောင်ကို ပြောထားတော့ ဦးမြအောင်က ကိုကိုလည်းနေကောင်းလောက်မယ့်အချိန် နောက်လထဲလောက် တစ်ရက်ရက်ရွေးပြီး ပွဲလမ်းအခမ်းအနားနဲ့ ဂရဲင်းအိုပဲင်းနှင်းလုပ်ဖို့ ကိုကိုနဲ့ တိုင်ပင်ဦးမယ်တဲ့"

"အင်း ... ကောင်းတယ်"

"ကိုကို သက်သာလာပြီလား၊ လမ်းလျှောက်နိုင်ပြီလား"

မြတ်ဘုန်းရောင် ထံမှ တစ်ခဏမျှ အသံတိတ်နေပြီး ...

"သိပ်များများတော့ လျှောက်လို့မရသေးဘူး၊ ဒါပေမဲ့ တစ်ကြိမ်ကို ဆယ်မိနစ်လောက်နဲ့ တစ်နေ့သုံးကြိမ်လောက်တော့ လေ့ကျင့်စမ်းလျှောက်တယ်၊ ချိုင်းထောက်နဲ့ပေါ့၊ ငါ့စိတ်ထဲမှာ မောင်ဘုန်းရာ ထိခိုက်မိတဲ့ ခြေထောက်ဘက်က နည်းနည်းထော့နင်း ထော့နင်း ဖြစ်သလိုပဲ၊ လမ်းလျှောက်ရတာ အရင်နဲ့ မတူဘူး၊ ငါ ... အင်း ... ငါ ... ခြေတစ်ဖက်နိမ့်ပြီး ဒုက္ခိတများ ဖြစ်သွားလား မသိဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဖြစ်နိုင်ပါဘူး၊ ကိုကိုကလည်း"

"မဖြစ်နိုင်ဘူး ပြောရအောင် မင်း မြင်ရလို့လား၊ မဖြစ်စေ ချင်စိတ်နဲ့သာ မင်းပြောနေတာလေ၊ ငါ့စိတ်ထင်တော့ ခြေတစ်ဖက် နိမ့်သွားပြီထင်တယ်"

ဘုန်းသမ္မာသည် စိတ်မကောင်းနိုင်လွန်းစွာ အသံပင် တုန်ယင်လာရင်း ...

"တဖြည်းဖြည်း ပိုကောင်းလာဦးမှာပါ ကိုကိုရာ၊ ခုဟာက ဘာမှ သိပ်မကြာသေးတာ ကိုကိုကလည်း၊ ဆရာဝန်တွေ ကတော ဘာပြောလဲ"

"ဆရာဝန်တွေ ဘာပြောလဲ ပြောပြနေရင် ရှည်ပါတယ်ကွာ ထားလိုက်ပါတော့၊ ငါ့ရဲ့အဲဒီအခြေအနေကိုလည်း နန်းကို သိစေ မြင်စေချင်တယ်၊ နန်းကို သေချာပြောပြပါ မောင် ဘုန်း၊ ငါဟာ နန်းကို လိုအပ်နေပါတယ်ဆိုတာ"

"စိတ်ချပါ ကိုကို၊ ကျွန်တော် မနန်းဆီ နေ့တိုင်းသွားမှာပါ ပြန်လိုက်လာဖို့ သူ သဘောတူတဲ့အထိ ကြိုးစားပါ့မယ်"

"နောက်တစ်ခု ရှိတာက ငါ အခုခု ဆေးရုံမှာ မဟုတ်တော့ ဘူး၊ စိတ်ချရတဲ့ မိတ်ဆွေတစ်ယောက်အိမ်ကို ရွှေ့နေတယ် ဆရာဝန်က အိမ်လာကြည့်ပေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆေးရုံမှာ တစ်ရက် ငါ့ကို မေမေနဲ့ခင်တဲ့ မိတ်ဆွေတစ် ယောက် တွေ့သွားတယ်၊ မေမေ့ဆီ သတင်းပြန်ရောက်မှာ စိုးတာနဲ့ ငါ ဆေးရုံက ဆင်းလိုက်တာ၊ နောက်တစ်ကြိမ်





သူ ပြန်လာကြည့်ရင် တွေ့မှာမဟုတ်တော့ဘူးပေါ့၊ တွေ့ တုန်းကတော့ ငါကလည်း မမြင်ချင်ယောင် ဆောင်နေတာ ရယ်၊ ငါ့မျက်နှာပေါ်လည်း မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးက မရိတ်ရတော့ အမွေးအမျှင်နဲ့ဆိုတော့ သူလည်း ဇဝေဇဝါ ဖြစ်ပြီး နှုတ်မဆက်ဘူးလေ၊ အဲဒီတော့ အဲဒီသတင်း မေမေ့ဆီ ရောက်,မရောက် ငါမသိဘူး၊ ရောက်ခဲ့ရင် မင်း ရဲ့ကြီးတော် ငါ့အမေကလည်း မင်းသိတဲ့အတိုင်း လိုက်ချ လာဦးမှာ၊ တောင်ကြီးမှာတော့ ငါ ဆေးရုံပေါ်မရှိဘူးဆို ရင်တခြား သူသိတဲ့သူတွေအိမ်လည်း မရှိဘူးဆိုရင် ဘယ် လိုလိုက်ရှာရမှန်း မသိတော့ မေမေ လိုက်လာဖို့ နည်းတယ်၊ ရန်ကုန်ကိုများ လိုက်လာမလား ငါပူနေတယ်၊ ဖုန်းကော ဆက်သေးလား"

"တစ်နေ့က တစ်ခါဆက်တယ်၊ ဒီရောက်ပြီးမှ သုံးခါပဲ ဆက်သေးတာ"

"မင်းလည်း နန်းကို အမြန်ဆုံး စည်းရုံးနားချလို့ရအောင် ကြိုးစားပြီး သူ့ကိုခေါ်ပြီး လိုက်လာနိုင်အောင်လုပ်ကွာ"

"ဟုတ်ကဲ့"

"မင်း မြန်မြန်ပြန်လာနိုင်ရင် ငါနဲ့ နန်းကိုစ္စလည်း မြန်မြန် ဆောင်ရွက်နိုင်တာပေါ့၊ မေမေကို တောင်းပန်ပြီး မြန်မြန် လက်ထပ်လိုက်တော့မယ်၊ စွန့်လွှတ်လည်း လွှတ်ပေါ့ကွာ၊ ဘယ်တတ်နိုင်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်တော် မနန်းကို သေချာပြောပြပါ့မယ် ကိုကို"

"အေး ... ငါ့ခြေထောက် အခြေအနေပါ ပြောပြကွာ"

"ဟုတ်ကဲ့"

"ဒါပဲ မောင်ဘုန်း"

"ဟုတ်ကဲ့ ... ကိုကို"

ကိုကို့ခြေထောက် အခြေအနေကို ပြောပြလိုက်ရင်တော့ မနန်းဟာစိတ်လျှော့ပြီး လိုက်ကိုလိုက်လာမှာပဲလို့ ဘုန်းသမ္မာ ယုံကြည်သည်။ ကိုကိုနှင့် မနန်းတို့ဟာ တစ်ယောက်နှင့် တစ်ယောက် သိပ်ချစ်ကြတာ ဘုန်းသမ္မာသိသည်။ သူတို့သိပ်ချစ်ကြတာကို စဉ်းစားလိုက်တော့ ဘုန်းသမ္မာ ရင်ထဲနွေးထွေးလာသည်။

သူလည်းပဲ အချင်းချင်း သိပ်ချစ်ကြတဲ့ ချစ်သူလေး တစ်ယောက် ပိုင်ဆိုင်ပါရစေ။ ကိုကို့ကိစ္စ အရေးအကြောင်းထဲ ကိုယ်က အရာဝင်ပေါ်နေသလိုများ ဖြစ်နေမလား။ မန္တလေးကို မပြန်ရခင်အတွင်း သုန်သုန့်ထံမှ ခေါင်းလေးတညိတ်ကို ရလို သည်။ ကိုယ့်အခြေအနေက မနန်း ဒီနေ့သဘောတူ ခေါင်းညိတ် လိုက်ရင် နက်ဖြန် ပြန်ရတော့မှာမျိုး။

သုန်သုန့်ကို ခုထက်ထိ ဖွင့်တောင်မှ မပြောရသေး ဘဲ ခေါင်းတညိတ်ကို လိုချင်နေတာကလည်း စိတ်စောလွန်းရာ လောကြီးလွန်းရာ ကျနေပါသည်။

"သုန်သုန်"





အိမ်ပေါ်ကို အတွေးနှင့် ဖြည်းဖြည်းတက်လာခဲ့သော သုန်သုန်သည် ဧည့်ခန်းထဲမှာ ရှိနေတဲ့ ခေါင်ခေါင့် ခေါ်သံကို ကြားလျှင် လန့်သွားပြီး ...

"လန့်လိုက်တာဟယ် ခေါင်ခေါင်ရယ်"

"သုန်သုန် ... နင့်ကို ငါ ပြောစရာရှိတယ်"

"ပြောလေ"

"နင့်ကို ဦးဘုန်း ဘာလာပြောနေတာလဲ"

သုန်သုန်က မကြည်မလင် မျက်မှောင်ကုတ်လိုက် ရင်း ...

"အဲဒါ နင့်ကို ငါ ပြန်ပြောပြဖို့ လိုအပ်နေလား"

"ဦးဘုန်းနဲ့ နင် ဘယ်လိုပတ်သက်နေပြီလဲ"

"ဟာ ... နင့်မေးခွန်းတွေက ကျော်လွန်ချည်လား၊ ဘယ်လို ဖြစ်တာလဲ"

"နင် ငါ့ကို တိုင်ပင်သင့်တယ်"

"နင့်ကို တိုင်ပင်ရအောင် ငါ့မှာ ဘာမှအခက်အခဲ အကျပ် အတည်း ဖြစ်မနေဘူး၊ ငါ့ဟာနဲ့ငါ အားလုံး ဆုံးဖြတ်နိုင် တယ်၊ နင် သိပ်သိချင်လည်း အမြဲလုပ်နေကျအတိုင်း လိုက်ပြီးတော့သာ ချောင်းကြည့်နေတော့၊ ခုလည်းပဲ နင် ဧည့်ခန်းထဲကနေ ချောင်းကြည့်နေတာပဲ မဟုတ်လား"

ခေါင်ခေါင်သည် မျက်နှာမှာ သွေးရောင်လျှမ်း၍ မျက်နှာပျက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အေး … အခုချောင်းကြည့်တာက လိုအပ်လို့ပေါ့၊ နှင်းသိ
ထားဖို့က"

"ဘာလိုအပ်တာလဲ"

"နှင်းနဲ့ ဦးဘုန်း အခြေအနေကို ငါ သိဖို့လိုအပ်တယ်"

"ဘုရားရေ"

"နှင် ပြောပြမလား၊ မပြောပြဘူးလား"

"ကြောက်နေရပါလား ခေါ်ခေါင်ခေါင်ရယ်၊ နှင် ဘာဖြစ်
လို့ ငါ့ကို အမြဲမနာလိုနေတာလဲ၊ အခုလည်း နှင့်ပြဿနာ
ဘာလဲ … ပြော"

"သုန်သုန်၊ နှင်နဲ့ ငါနဲ့က မျက်နှာကြော မတည့်လှပေမယ့်
အခု ဒီကိစ္စမှာတော့ ငါ နှင့်ကို သတိပေးဖို့ လိုကိုလိုအပ်
နေတယ်၊ နှင့်ကို ငါ စေတနာမထားရင် သတိပေးဖို့တောင်
မစဉ်းစားဘူး၊ နှင့်မှာ မကောင်းတာဖြစ်မှာစိုးလို့ ငါစေတနာ
နဲ့ သတိပေးချင်တာ၊ အဲဒါကိုလည်း နှင် ယုံရလိမ့်မယ်
ငါ့အပေါ် သံသယမဝင်နဲ့"

သုန်သုန်က ခေါင်ခေါင့်ကို သံသယမကင်း စူးစိုက်
ကြည့်ရင်း …

"ဘာတွေ လာပြောနေတာလဲ ခေါင်ခေါင်"

"နှင်နဲ့ဦးဘုန်း ပတ်သက်နေပြီလား၊ သူ့ကြည့်ရတာ နှင်းကို
တယုတယနဲ့ ငြိတိတိရှိတာ ခေါ်ကြီးဆင်တောင် ရှိခဲ့
တယ်"





"အေး … ဟုတ်မှာပေါ့၊ ဘာဖြစ်လဲ အဒါ၊ အဲဒါကြောင့်
နှင် ခုနက ဦးဘုန်းကို မဟုတ်တာပြောလိုက်တယ်မဟုတ်
လား"

"ငါ ဘာပြောလို့လဲ"

"ကျော်ကိုကိုနဲ့ ငါ့ကို ချစ်သူဖြစ်ရင်လည်း ဖြစ်နေမှာ
ပေါ့ ကိုယ်တိုင်မေးကြည့်ပေါ့လို့ နှင် ပြောလိုက်တယ်
လေ"

"အေး … ဟုတ်တယ်"

"ငါနဲ့ ကျော်ကိုကို ဘာမှမဟုတ်မှန်း နှင်သိရဲ့သားနဲ့ ဘာ
ဖြစ်လို့ ထင်ယောင်ထင်မှားဖြစ်အောင် လျှောက်ပြောရတာ
လဲ"

"ဦးဘုန်းက အဲဒီကောင်လေးဟာ နှင့်ချစ်သူလား လာမေး
တာကိုး"

"မဟုတ်ဘူးလို့ ပြောရုံပဲပေါ့ဟဲ့"

"မပြောနိုင်ဘူး၊ နှင် ဦးဘုန်းအကြောင်း ဘာသိလဲ သုန်သုန်၊
နှစ် ဘာမှမသိပါဘူး၊ ငါ သိထားတာတွေရှိတယ်၊ ဦးဘုန်း
က မကောင်းဘူး"

"ဘာမကောင်းတာလဲ"

"နှင့်ကို စိတ်ဝင်စားတဲ့ အရိပ်အယောင် မပြသင့်ဘူး"

"ကဲပါ … လိုရင်းတိုရှင်း ပြောစမ်းပါ ခေါင်ခေါင်ရယ်၊
ဘာတွေမှန်းလဲ နားမလည်ပါဘူး၊ နှင် ဘာပြောချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောချင်တာကတော့ နင် ဦးဘုန်းကို လုံးဝခေါင်းထဲ ထည့်မစဉ်းစားနဲ့"

"ဘာကြောင့်လဲ"

"မစဉ်းစားသင့်လို့၊ ငါ သိပ်မပြောချင်ဘူး"

သုန်သုန်က သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"ဒီမှာ ခေါင်ခေါင်၊ ငါလည်း အရှင်းလင်းဆုံး ပြောထား လိုက်ရဦးမယ်၊ ငါနဲ့ ဦးဘုန်းက ဒီအိမ်ရောက်မှ စမြင်ဖူး ကြတာ မဟုတ်ဘူး၊ မန္တလေးမှာကတည်းက မျက်လုံးချင်း နည်းနည်းသိခဲ့ ငြိခဲ့ဖူးတယ်၊ အခု အိမ်မှာလာတည်းတဲ့ ပုံစံနဲ့ ပြန်ဆုံတော့ အမှန်တိုင်း ပြောရရင် ငါလည်းစိတ် လှုပ်ရှားတယ်၊ ဦးဘုန်းလို အစစအရာရာပြည့်စုံတဲ့ လူကြီး လူကောင်းတစ်ယောက်ကို ငါ ဘာကြောင့် မစဉ်းစားရမှာ လဲ ခေါင်ခေါင် ...

ငါက စဉ်းစားရုံတင်တောင် မဟုတ်တော့ဘူး၊ ငါ့စိတ် ထဲမှာ ဦးဘုန်း အမြဲရှိနေတယ်။ ငါ့ရင်ထဲမှာ ..."

"သုန်သုန်"

ခေါင်ခေါင့် မျက်နှာကလေးက စိတ်မကောင်းသည့် ခပ်နွမ်းနွမ်း ဖြစ်သွားရပါသည်။

"ဒါဆိုရင်တော့ နင့်ကို ငါ ပြောပြရတော့မယ်ထင်တယ်"

"ဘာကိုလဲ"





"ဒါပေမဲ့ ငါ အခုပြောမယ့် စကားကိုတော့ ငါမလိုလား တဲ့စိတ်နဲ့ ပြောတာမဟုတ်ဘူးလို့ နင် ယုံစမ်းပါ သုန်သုန်၊ ငါနဲ့ နင်နဲ့က မတည့်အတူ နေလာတာ ကြာလာတော့ သံယောဇဉ်ဆိုတာ ရှိတာပဲ၊ ငါတို့ချင်းဟာ ဟိုဘက်ဒီဘက် တူမတွေပေမယ့် ညီအစ်မလိုပဲ ဖြစ်နေပါတယ်ဟာ"

ခေါင်ခေါင်ရဲ့ အနူးအညွတ် ပြောပုံကလေးကြောင့် သုန်သုန့်ရင်ထဲလည်း အသည်းနှလုံးကို ထိခိုက်သွားသလို ဝမ်းနည်း သယောင်လေး ဖြစ်ရပြီးလျှင် ...

"အေးလေ ... ဟုတ်ပါတယ်"

"ငါက နင်ကောင်းမယ့်ဟာကိုသာ တကူးတက ကူညီပံ့ပိုး လုပ်မပေးရင် ရှိမယ်၊ နင် မကောင်းမယ့် ကိစ္စကိုတော့ မဖြစ်ရအောင် ဖြစ်တဲ့နည်းနဲ့ ဖျက်ရ တားရမှာပဲ၊ ငါသိသိ ကြီးနဲ့ လက်ပိုက်ကြည့်မနေနိုင်ဘူး"

"ကဲ ... ခေါင်ခေါင်၊ နင့်ရဲ့ စကားချီးတွေက သိပ်များနေ ပြီ"

"အေးလေ ... နင် ... မနန်းဆိုတာ သိလား"

သုန်သုန်က မျက်လုံးပြူး မျက်ခုံးပင့်သွားရင်း ...

"မနန်း !!"

"အင်း"

"နင်ကကော ဘယ်လိုလုပ်သိလဲ"

"ဒါဖြင့် နင်သိတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သိတယ်၊ နင် မိတ္ထူကူးတဲ့နေ့တုန်းက အဲဒီ လမ်းထိပ်နားမှာ ဦးဘုန်းနဲ့ မနန်း စကားတောင် ရပ်ပြောနေ တယ်လေ၊ မနန်းကိုမြင်လို့ ဦးဘုန်း လမ်းကူးသွားတာပဲ"

"မနန်းနဲ့ ဦးဘုန်းက ဘာလဲ၊ နင် သိလား"

"ချစ်သူတွေတော့ မဟုတ်ဘူး"

"နင့်ကို ဘယ်သူပြောလဲ"

"ဦးဘုန်း ပြောတယ်"

"ခြော် ... နင်တို့ချင်းက စကားတွေ အများကြီးတော ပြောဖြစ်ကြဖူးပြီးသားကိုး၊ ဒါဖြင့် သူက သူ့အသိလို့ပြော တာပေါ့"

"အင်း"

"အဲဒါ မဟုတ်ဘူး သုန်သုန်၊ မနန်း နာမည်က နန်းရွ တဲ့၊ မန္တလေးကနေ ဒီကိုပြေးလာတာ၊ ဘာလို့ပြေးလာ ဆိုတော့ ဦးဘုန်း အမေက သူ့သားနဲ့ မနန်းကို သဘော မတူလို့ သွားကြမ်းလိုက်တာကြောင့် ရှောင်ပေးပြီး ပြေး တာ"

သုန်သုန်က ခေါင်ခေါင့်ကို စေ့စေ့ကြည့်ကာ –

"နင် ဒါတွေ ဘယ်ကသိလဲ"

"ငါ့သူငယ်ချင်း စိုးစိုးက မနန်း တည်းနေတဲ့ မသူဇာ တဲ့ အစ်မကြီးနဲ့ တစ်တိုက်တည်းနေတာ၊ မသူဇာနဲ့ မန က ငါတို့ကျောင်းကိုတောင် လာဖူးသေးတယ်"





သုန်သုန် ငိုင်နေမိပါသည်။

ဖြစ်နိုင်တာပဲ။ ဒေါ်မြစိမ်း ဖုန်းဆက်ကတည်းက သုန်သုန် အဲသလိုပဲ ယူဆခဲ့ ထင်ခဲ့တာပဲ။ ဦးဘုန်းက မဟုတ်ဘူး ပြောလို့သာ ဦးဘုန်း စကားကို(ယုံချင်ချင်နှင့်) ယုံထားခဲ့မိတာလေ။

"မနန်းနဲ့ ဦးဘုန်း ဟိုတစ်ရက်က အဲဒီလမ်းထိပ်မှာ စကား ရပ်ပြောနေတာတွေ့တော့ ငါ စိုးစိုးကတစ်ဆင့် သူတို့ရဲ့ အပတ်အသက်ကို ရအောင်စုံစမ်းတယ်၊ စုံစမ်းတာကလည်း နင့်အတွက်ပဲ၊ စပ်စုတာ မဟုတ်ဘူး၊ စိုးစိုးက မသူဇာကို ရအောင် အစ်မေးပြီးပြီ။ မနန်းဟာ မန္တလေးက ဒေါ်မြစိမ်း ရဲ့သား ဦးမြတ်ဘုန်းရောင်ရဲ့ ချစ်သူဆိုတာ သေချာတယ်"

သုန်သုန်သည် ရင်ထဲ တလှပ်လှပ် တလှိုက်လှိုက် နှင့် ငိုချင်လာပါသည်။ ခေါင်ခေါင့် စကားကို သုန်သုန် ယုံပါ သည်။ သက်သေရှိရှိ မရှိရှိ အလိုလို ယုံကြည်ပါသည်။ စေတနာ နှင့်ပြောတာလို့လည်း ယုံကြည်လိုက်ပါသည်။ ဦးဘုန်း သုန်သုန့် ကို ညာတယ်ပေါ့နော်။ ချစ်သူရှိ ရှိတယ်ပေါ့ ဦးဘုန်းရယ်။ ဒီ လောက်တောင် သူတို့ကြားမှာ အရှုးအမူး အပြေးအလွှား ပြေး တမ်းလိုက်တမ်း ကစားသလို အနေအထားတွေ ရှိနေပါလျက်နဲ့ ဦးဘုန်း သုန်သုန့်ကို ဖြောင်ညာပြောတယ်ပေါ့။

"ခေါင်ခေါင် ... နင်ပြောတာကို ငါ ယုံပါတယ်၊ ငါလည်း ပဲ အဲလိုပဲ ထင်တော့ ထင်မိသားပါပဲ၊ ဒါပေမဲ့ ဦးဘုန်းက ဘာမှ မပတ်သက်ဘူးလို့ပြောတော့လည်း ယုံမိပြန်ရော"



www.burmeseclassic.com

www.burmeseclassic.com



"မယုံနဲ့တော့ သုန်သုန်၊ ဖြူသတင်းက ခိုင်လုံတယ်၊ သူ့မှာ ချစ်သူရှိရုံလောက်နဲ့တော့ ငါက နင့်ကို သတိပေးတာ ဖြစ်နေမှာ မဟုတ်သေးဘူး သုန်သုန်၊ လူဆိုတာ တကယ် အတည်အိမ်ထောင်မကျခင် ကျား,ကျား မ,မ ရည်းစားတစ် ယောက်မက နှစ်ယောက်မက ရှိရင်လည်း ရှိနိုင်တာပဲ"

သုန်သုန်က ခေါင်ခေါင့်ကို စိုက်ကြည့်ရင်း နား နေပါသည်။

"ခုဟာက နင် ယောင်ယမ်းလက်ခံမိရင် လုံးဝမှားသွား ပြဿနာတက်သွားမှာမို့ ငါ တားရတာ၊ မနန်းဟာ သူငယ်ချင်း မသူဇာနဲ့အတူတူ စိုးစိုးဆီလာပြီး အကူအ လာတောင်းတာ၊ ဘာကြောင့်လဲ သိလား၊ သူ့မှာ ကိုယ် သုံးလ ရှိနေပြီမို့ပဲ"

"ဟင်"

သုန်သုန်သည် ဆတ်ခနဲ တုန်သွားသလို ကာ မိုက်ခနဲပင် ယိမ်းယိုင်သွားသေးတယ် ထင်သည်။ ခေါင် က သုန်သုန့် ပခုံးလေးကို လှမ်းဖက်၍ ဖေးမထားလိုက်ရပါ

❦ ✉ ❦



## ၁၂

အဲဒီညက တစ်ညလုံးနီးပါး ဘုန်းသမ္ဘာ အိပ်လို့မ ပျော်ပါ။ အိပ်လိုက် နိုးလိုက်မှာ နိုးတဲ့အချိန်က များနေပြီး နိုး ိုင်းလည်း အတွေးတွေ တဝေ့ဝေ့နှင့် အတော်နဲ့ ပြန်အိပ်မပျော် ဘဲ ရှိခဲ့သည်။ ဘုန်းသမ္ဘာရဲ့ အတွေးတွေထဲမှာတော့ သူ့ရဲ့ ယ်ရေးကိုယ်တာကိစ္စပါ။

ကြီးကြီးဒေါ်မြစိမ်း လိုက်ချလာမှာကို စိုးလှ၍ း‌ကို အမြန်ဆုံး နားချစည်းရုံးပြီး ပြန်ခေါ်သွားတော့မို့ ဖြစ် ပြီ။ ဖြစ်နိုင်သမျှ အမြန်ဆုံး ဆောင်ရွက်ရမှာဖြစ်သည်။ သူ လေးကို ပြန်သွားပြီးရင် ဘယ်အချိန်လောက် ရန်ကုန်ကိုပြန် က်လာနိုင်မယ်ဆိုတာ သေချာရေရာတာမဟုတ်။

ကိုကိုကလည်း ဘာဆက်လုပ်ဦးမည်မသိ။ ကိုကို့ ကူညီရမလား၊ ကိုကိုမရှိတော့တဲ့အတွက် လုပ်ငန်းတွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပရမ်းပတာ ဖြစ်နေမယ့် ကြီးကြီးကိုပဲ ကူညီရမလား။ ဘယ်လို ဖြစ်လာမယ် မသိသေးတော့ ရန်ကုန်ကို ချက်ချင်းတော့ လုံးဝ ပြန်မလာနိုင်။ ချက်ချင်း မဟုတ်ရင် နောက်ထပ် ဘယ်လောက် ကြာရင်တော့ ပြန်လာနိုင်မယ်ဆိုတာ မှန်းဆနိုင်တာမို့လို့လား။

ဒီတော့ ဘုန်းသမ္ဘာသည် သုန်သုန့်ကို သူ့ရင်ထဲက စကားတွေ ပြောခဲ့ချင်ပါသည်။ နောင် ဘယ်တော့ပြောခွင့်ရမယ် မသိဘဲ နောက်တော့ မကျချင်ပါ။ အမြန်ဆုံး ဖွင့်ပြောချင်ပြီ။ အမြန်ဆုံးဆိုရင် နက်ဖြန် သန်ဘက်ခါပဲ။ ဘာမှအတိအကျ ပြောနိုင်တာ မဟုတ်။ နက်ဖြန် သန်ဘက်ခါမှာပဲ မနန်းနဲ့အတူတူ မန္တလေး ပြန်ကောင်း ပြန်သွားရနိုင်သည်။

ဒီတော့ မနက်ဖြန်နဲ့ သန်ဘက်ခါမှာ သုန်သုန့်ကို ဖွင့်ပြောဖို့ စဉ်းစားလိုက်တဲ့အခါ ဘုန်းသမ္ဘာရင်ထဲ လှုပ်ရှားတုန် ယင်လာပြီး အိပ်လို့မရတော့ပါ။ ပြောမယ့် စကားလုံးကအစ ရွေးချယ်စဉ်းစားနေမိတာ။ စဉ်းစားရင်းက အသေအချာ ဆုံးဖြတ် လိုက်တာကတော့ ချစ်ရေးမဆိုခင် ကိုယ့်ရဲ့မူလဇာတိသရုပ်မှန်ကို ဖွင့်ပြောပြလိုက်ဖို့ပင်။ ဦးမြတ်ဘုန်းရောင် အနေနှင့် သူက ဘယ် လိုလုပ်ပြီး ချစ်ရေးဆိုလို့ ဖြစ်ပါမလဲ။

ဘုန်းသမ္ဘာ အနေနှင့်ပဲ ချစ်ရေးဆိုရမှာဖြစ်သည်။ သူ့မူလအမှန်ဘဝကို သုန်သုန့်ကို သိစေပြီးမှ ရင်ထဲကစကားတွေ ကို ပြောလိုသည်။ သူ ဘာကြောင့် ခဏတဖြုတ် ဟန်ဆောင်နေ





ရတယ်ဆိုတာ။ ဒါတွေ အရင်သိစေပြီးမှသာ သုန်သုန့်ကို ဘုန်း သမ္ဘာဆိုတဲ့သူက မန္တလေးမှာ တစ်ကြိမ်တွေ့ပြီးကတည်းက ချစ် မိခဲ့ပါတယ်ဆိုတဲ့အကြောင်း ဖွင့်ပြောရပါမည်။

ဒီတော့ မနက်ဖြန်ဆို သုန်သုန့်ကို သူ့အကြောင်း ဖွင့်ပြောပြလိုက်တော့မယ်လို့ ဘုန်းသမ္ဘာ ဆုံးဖြတ်ချက် ချလိုက် သည်။ ဆုံးဖြတ်ပြီးတဲ့နောက် သူ တစ်ခုသတိရမိပြန်သည်မှာ ဒီညနေ ထမင်းဝိုင်းမှာ သုန်သုန် အတူလာမစားတာ။ ခေါင်ခေါင် တော့ ရှိနေခဲ့သည်။ သူက စားပွဲမှာ ဝင်ထိုင်ရင်း "သုန်သုန်ရော" လို့ မေးတဲ့အခါ ...

"သုန်သုန် ခေါင်းကိုက်လို့တဲ့"

ခေါင်ခေါင်က ဖြေသည်။

ဖြေတဲ့ ခေါင်ခေါင်ရဲ့ မျက်နှာဟာ တစ်မျိုးဖြစ်နေ သလို့ သူ ထင်မိသည်။ သတိအနေအထား ဖြစ်နေတာလိုလို မျိုး။ ထမင်းစားနေရင်းလည်း စကားသိပ်မပြော။ သိပ်မပြောဆို ဘုန်းသမ္ဘာကို လုံးလုံးမပြောတာ။ ဒေါ်ကြီးဆင်ကိုသာ တစ်ခွန်း တလေ လှမ်းပြောတာရှိသည်။ ထမင်းကိုသာ အာရုံစိုက် ငုံ့စားနေ တာ ဘုန်းသမ္ဘာ မပြီးခင် ပြီးသွားခဲ့သည်။

အဲဒီနောက်လည်း သုန်သုန့်ကို မတွေ့ရ။ နောက် ဆုံး တွေ့လိုက်တာကို ပြန်စဉ်းစားတော့ ခြံထဲမှာ ဟိုကောင်လေး အပြန် စကားခဏပြောဖြစ်တာပင်။ စကားပြောတုန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



သန်သန်ဟာ ကျန်းမာရေးအခြေအနေရော စိတ်အနေအထားပါ အကောင်းပါ။ စကားမပြတ်လိုက်ရသေးဘဲ ကိုကို့ဖုန်း မြည်လာတော့ သန်သန် အိမ်ပေါ်တက်သွားခဲ့တာ။

တစ်ညနေလုံး တစ်ညလုံး ခေါင်းကိုက်နေတာပဲလား။ အခုကော နေမှကောင်းရဲ့လား။ အတွေးတွေဟာ ဟိုဘက်ပြေးလိုက်၊ ဒီဘက်ပြေးလိုက်နှင့် စိတ်က ငြိမ်သက်မသွားဘဲ အိပ်လို့လည်း မပျော်။

ဤသို့ ဘုန်းသမ္ဘာ အိပ်မပျော်နိုင်ဘဲ အတွေးတွေများနေရချိန်မှာ နောက်တစ်ယောက် အိပ်ရာထဲ လူးလွန့်နေရသူက သန်သန်။ သန်သန်လည်း အိပ်မပျော်ခဲ့ပါ။ ညနေကတည်းက ခေါင်းကိုက်တယ်ဆိုပြီး အခန်းအောင်းနေလိုက်တာ၊ ခေါင်းက ခုမှ တကယ်ကိုက်လာတာဖြစ်သည်။

မကိုက်ဘဲလည်း မခံနိုင်တော့ပါ။ မျက်ရည်တွေတွေ စီမံစီးနေခဲ့တဲ့ မျက်ဝန်းများကလည်း အောင့်ကျိန်းမို့ရောင်ရမ်းနေပြီ။ ဒီလောက် မျက်ရည်ကျချိန် ကြာရှည်လာတော့ ခေါင်းက ကိုက်လာပြီပေါ့။

ဦးဘုန်းရယ် ...။

အစ,ကတည်းကတော့ ဦးဘုန်းနဲ့ မနန်း ဆိုသူဟာ ချစ်သူတွေ ဖြစ်ကြမှာပေါ့လို့ ထင်ခဲ့ပြီးသားပါပဲ။ ဦးဘုန်းနဲ့ မနန်းတို့ ဆက်ဆံစကားပြောဟန်ကို မြင်ရပြန်တော့ ပိုလို့တောင်





ထင်စရာ ဖြစ်ပါသေးတယ်။ အရေးပါပါ ပြဿနာတစ်ခုကို အကြိတ်အနယ် ငြင်းခုန်ဖြေရှင်းနေကြပြီး စိတ်ဆင်းရဲခြင်းတွေ၊ စိတ်မကောင်းခြင်းတွေ အသီးသီး ခံစားနေကြရတဲ့ မျက်နှာရိပ်မျက်နှာကဲတွေက သာမန်မှ မဟုတ်တာ။

နက်ရှိုင်းတဲ့ ပတ်သက်မှု ရှိကိုရှိမှာကို အလိုလိုထင်စရာ ဖြစ်နေတာပါ။ ဒါပေမဲ့ ဦးဘုန်းက လေးနက်တည်ကြည်တဲ့ မျက်နှာနဲ့ ...

"မနန်းက ကျွန်တော့်ချစ်သူ မဟုတ်ပါဘူး သန်သန်" လို့ ယုံချင်စရာကောင်းအောင် ပြောလိုက်တဲ့အခါ သန်သန် ယုံကြည်လိုက်မိတယ်။ ဘာကြောင့် အလွယ်ယုံလိုက်မိသလဲဆိုတော့ ကိုယ့်ရင်ထဲ နှလုံးသားထဲက ဖြစ်ချင်တဲ့ တောင့်တတဲ့ ဆန္ဒတစ်ရပ် ဖြစ်နေလို့ပါ။

ရှင်းရှင်းပြောရရင် ဦးဘုန်း ဆိုတဲ့ ဒီလူတစ်ယောက်မှာ ချစ်သူမရှိစေချင်ဘူး။ ပိုင်ရှင်မရှိတဲ့ လူလွတ်ကလေးတစ်ယောက် ဖြစ်စေချင်နေမိတယ်။ လွတ်လပ်နေတဲ့ နှလုံးသားအစုံကို ပိုင်ဆိုင်ထားတဲ့သူ ဖြစ်စေချင်နေမိတယ်။ အဲသလိုပဲ ဖြစ်စေလိုတဲ့ အာသီသက ပြင်းထန်နေတော့ ဦးဘုန်းက အဲသလိုပါပဲလို့ ပြောတဲ့အခါ ချက်ချင်း တစ်ထိုင်တည်း ယုံကြည်လိုက်တာပေါ့။

ခုတော့ ...။

ဦးဘုန်းရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



တစိမ့်စိမ့် တွေးလိုက်၊ တလိမ့်လိမ့် မျက်ရည်စီးကျလာလိုက်။ ကြာတော့ ဒီမျက်လုံးတွေမှ မရောင်ရင် ဘယ်ဟာရောင်တော့မလဲ။ ဒီခေါင်းမှ မကိုက်ရင် ဘယ်ဟာကိုက်တော့မလဲ။

"သူ့မှာလွယ်ထားရတဲ့ ကိုယ်ဝန်ကို ဖျက်ချင်လို့၊ သုံးလ နီးပါးတောင်ရှိပြီ သုန်သုန်"

ခေါင်ခေါင့် စကားသည် သုန်သုန့် နားထဲ ပဲ့တင်သံတွေ လှိုက်လှိုက်ထ,နေသည်။ မနန်းရဲ့ချစ်သူဟာ ဒေါ်မြစိမ်းရဲ့သား မြတ်ဘုန်းရောင်။ ဒေါ်မြစိမ်းက သဘောမတူဘူးလို့ သွားကြိမ်းလိုက်လို့ မနန်းဟာ ချစ်သူမသိအောင် ပုန်းရှောင်ထွက်ပြေးနေတာ။ သူ ရန်ကုန်ကို ရုတ်တရက် ရောက်လာတာကိုက အလုပ်ကိစ္စကို ဗန်းပြထားပြီး သူ့ချစ်သူ မနန်းကို ရှာဖွေဖို့ပဲပေါ့။

အို ... မနန်းကိုလည်း သုန်သုန် သနားလိုက်တာ။ မနန်းရဲ့ မျက်နှာဟာ အမှတ်မထင် ရုတ်တရက် အမြင်မှာတောင် စိတ်သောက ဖိစီးနွမ်းနယ်နေရှာတာကို သိသာစေသည်။ မနန်းကို ဖျတ်ခနဲ ဖျတ်ခနဲ စက္ကန့်ပိုင်း မိနစ်ပိုင်းတွေသာ မြင်ဖူးရပေမယ့် မနန်း မျက်နှာပေါ်က ခံစားချက်တို့ကို မှန်းဆနိုင်ပါသည်။ ခေါင်ခေါင် ပြောပြတဲ့ စကားနဲ့ ဆက်စပ်လိုက်တော့ ခိုင်လုံသေချာလိမ့်မယ်ဆိုတာကို သံသယဖြစ်ဖွယ်မရှိ။

ရက်စက်လိုက်တာ ဦးဘုန်းရယ်။ မနန်းကိုလည်း ရက်စက်ရာ ကျပါတယ်။ သုန်သုန့်ကိုလည်း ရက်စက်ရာကျပါ





တယ်။ ဦးဘုန်း နှုတ်က ဘာစကားမှ မကျွံရသေးပါဘူး ဆိုပေမယ့် ဦးဘုန်းရဲ့အကြည့် အပြုံးစကားလုံး အပြုအမူ အပြောအဆိုတွေက ငြိတွယ်ခြင်းကို အတိုင်းသား ဖော်ပြနေပါလျက်နဲ့ ...။

ဒီညနေစောင်းက စွက်စွက်ဖက်ဖက် လာမေးခဲ့တဲ့ မေးခွန်းတွေရဲ့ လားရာကရော !။ ဒီနေ့ ဦးဘုန်း ပြောဆိုမှုစကားတွေက ဦးဘုန်း ရင်ထဲက ခံစားချက် တစ်စွန်းတစ်စကို ဖော်ပြနေတာပဲလေ။ တယ်လီဖုန်းသာ မြည်မလာခဲ့ရင် ဦးဘုန်း သုန်သုန့်ကို ချစ်ရေးဆိုပြီး ဖြစ်နေလောက်မယ်လို့တောင် ထင်ရလောက်ပါတယ်။

ခုတော့ သုန်သုန့် ရင်ထဲမှာ ဟာပြီးနာနေပြီ။ ဘယ်လိုမှ နေရတာမပျော်နိုင်ဘူး ဖြစ်နေပြီ။ ဦးဘုန်းနဲ့ မျက်နှာချင်းဆိုင် နီးနီးနားနားလည်း ဆက်ရှိမနေချင်တော့ဘူး။ သုန်သုန်တို့ စာမေးပွဲကလည်း ဝေးသေးသည်ဖြစ်ရာ သုန်သုန်သည် မန္တလေးကိုသာ စိတ်ပြေလက်ပျောက် ပြန်လိုစိတ် ပြင်းပြလာသည်။ ခလုတ်ထိမှ အမိတဆိုတဲ့ စကားလိုမျိုး။

သုန်သုန်သည် မပြေလည်တာ ဝမ်းနည်းစရာ တစ်ခုကြုံတိုင်း မေမေ့ကို လွမ်းဆွတ်သတိရလေ့ ရှိသူဖြစ်ရာ အခုသည်းပဲ အသည်းကွဲချင်သလိုလိုရှိတော့ မေမေ့နား တိုးကပ်ပြီး မေမေ့ကိုဖက်ကာ လုံလုံခြုံခြုံ နွေးနွေးထွေးထွေး မေမေ့ရင်ခွင်မှာ ခိုးစက်အိပ်ချင်တဲ့စိတ်မျိုး ပေါက်လာသည်။ မေမေ့ရင်ခွင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအပ်ပြီး မေမေ မသိအောင် တိတ်တိတ်ကလေး မျက်ရည်စိုစွတ်ချင်တာမျိုးလေ။

ဤသို့ဖြင့် နိုးတစ်ဝက် အိပ်ရေးပျက်ခဲ့သော သုန်သုန်သည် နောက်တစ်နေ့မနက်စောစောမှာ အိပ်ရာကထ,ကာ ခြောက်နာရီသာသာလောက်မှာပင် မန္တလေးအိမ်ကို ဖုန်းခေါ်ပါသည်။ ညလယ်ကတည်းကတောင် ဆက်ချင်တာ။ မေမေတို့ အလန့်တကြား ဖြစ်သွားမှာစိုးလို့သာ။ မနက်ခင်းဆိုရင် မေမေက ငါးနာရီခွဲရင် နိုးပါပြီ။

ထင်တဲ့အတိုင်း ဖုန်းကို မေမေပဲ လာကိုင်သည်။

"ဟယ်လို"

"မေ ... သုန်သုန်ပါ"

"ဟဲ့ ... သမီးလေး၊ စောစောစီးစီးပါလား၊ ဘာအရေးတကြီးကိစ္စရှိလို့လဲ"

"အရေးမကြီးပါဘူး မေမေ၊ သုန်သုန်လေ မေမေ့ကိုလွမ်းလို့ပါ"

ပြောရင်းက ဝမ်းနည်းသံကြီးက ပေါက်သွားရသေးသည်။ ငိုတော့မလို ထိုအသံကြီးကြောင့် မေမေက လန့်သွားမိရပြီး ...

"ဟဲ့ ... ဘာဖြစ်လဲ သမီး၊ ပြောစမ်း၊ မေမေ စိတ်ပူအောင်မလုပ်နဲ့၊ ဘာဖြစ်လို့တုံး"



"စိတ်မပူပါနဲ့ မေမေ၊ စိတ်ပူစရာ ဘာမှမဖြစ်ပါဘူး"

"ဒါဖြင့် ခေါင်ခေါင်နဲ့ ရန်ဖြစ်ပြီထင်တယ်"

"မဟုတ်ဘူး မေမေ၊ ခေါင်ခေါင်နဲ့လည်း ရန်မဖြစ်ပါဘူး၊ ခေါင်ခေါင်ကလည်း တကယ်တမ်းကျတော့ သမီးဒုက္ခရောက်မယ်ဆိုရင် ထိုင်ကြည့်မနေဘဲ ကူညီမယ့်သူ၊ သမီးရဲ့ မကောင်းကျိုးကိုမြင်ရင် သတိပေး တားမြစ်မယ့်သူ၊ အရေးကြုံလာရင်တော့ ညီအစ်မစိတ် မွေးတဲ့သူဆိုတာ သုန်သုန် နားလည်နေပါပြီ မေမေ"

"ဘုရားရေ ... ညည်းဆိုကလေးသံ ဒီလောက်ထွက်နေရင်တော့ ညည်းနဲ့ခေါင်ခေါင် အတော်အဆင်ပြေ ချစ်ခင်နေပုံရတယ်"

"ထူးပြီး အဆင်တွေ အရမ်းပြေနေတာမျိုးလည်း မဟုတ်ပါဘူး၊ အသက်လေးတွေလည်း ကြီးလာတော့ နားလည်တတ်လာတာလည်း ပါတာပေါ့ မေမေရာ၊ ခေါင်ခေါင်ကလည်း တကယ်တမ်းတော့ ဒီလောက်ကြီး မဆိုးပါဘူး၊ ငယ်ငယ်တုန်းကတော့ ပြိုင်ရဆိုင်ရတာကိုး"

"အေးပါ ... အေးပါ၊ ဒီလိုကြားရတာ ဝမ်းသာပါတယ်အေ၊ ကဲ ... ဒါဖြင့် ဘာတွေဖြစ်နေသလဲ မေမေ့ကိုပြောစမ်း"

"မေမေကလည်း မေမေ့ကိုလွမ်းလို့ပါ ဆိုတာကို မယုံဘူး"

www.burmeseclassic.com



"ထူးထူးဆန်းဆန်း ဘာထ,လွမ်းနေတာလဲ"

"အမြဲ မေမေ့ကို သတိရတာပါ၊ ခုမှ ထူးထူးဆန်းဆန်း ထလွမ်းတာ မဟုတ်ပါဘူး"

"ကဲပါ သုန်သုန်ရယ်၊ ငါ့သမီး ဘာဖြစ်သလဲ ပြောစမ်းပါ"

"မေမေရယ် ... အိမ်နဲ့ခွဲနေရတာ ကြာတော့လည်း တစ်ခါ တစ်ခါ အားငယ်တယ်၊ ကြီးကြီးမားမား မဟုတ်ပေမယ့် တစ်ခါတစ်ရံမှာ ရင်ဆိုင်ရ ဖြေရှင်းရတဲ့ အခက်အခဲ ပြဿနာလေးတွေ အဖုအထစ် ခလုတ်ကန်သင်းလေးတွေ ကြုံရတဲ့အခါ ကိုယ်ဖြစ်ချင်တာ အမြဲဖြစ်ခဲ့ရတဲ့ ကိုယ့်အမေ အမေအိမ်ကို လွမ်းမိတာမျိုးပါ"

သုန်သုန့်အသံလေးက တုန်ခတ်ခတ်လေး လှိုက်လှဲ နေသည်။

"ပြောပလောက်အောင် ပြဿနာ အခက်အခဲမျိုးလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ တစ်ခါတလေကျတော့ တစ်ယောက် တည်း ရပ်တည်နေရတာ ခြေကုန်လက်ပန်းကျပြီး ကိုယ့် အိမ်မှာ ကိုယ့်အမေရင်ခွင်ထဲ တိုးခွေ့ပြီး အားလုံးကိုမေ့နေ လိုက်ချင်သေးတယ်၊ အဲဒါ ... အဲဒါ ... သုန်သုန် မန္တလေး ကို လေး,ငါးရက် တစ်ပတ် ပြန်လာချင်လို့ မေမေ"

"ဟဲ့ ... ကျောင်းတွေလည်း မပိတ်ဘဲနဲ့ သမီးရယ်"

"ကျောင်းတွေ မပိတ်လည်း ဘာဖြစ်လဲ၊ ခဏတဖြုတ် ကျောင်းပျက်ရုံပေါ့"





"အလကားနေရင်းအေ၊ ညည်း စိတ်လေပြီး အပျင်းတစ် တာနဲ့ စာတွေပျက်ရဦးမယ်၊ ကောင်မလေး ဟုတ်ကော ဟုတ်ရဲ့လား၊ ညည်း ရည်းစားတွေ ဘာတွေ ထားနေပြီ လား သုန်သုန်၊ အချစ်ရေးကိစ္စတွေ ဘာတွေကြောင့်လား"

အမလေး မေမေရယ်။ ဒက်ထိမှန်လိုက်တာ။ သုန်သုန် က ရှုံ့မဲ့လေးနှင့် ...

"မဟုတ်ပါဘူး မေမေရယ်၊ သုန်သုန် တကယ် အိမ်ကိုလွမ်း လို့ပါ။ အိမ်မှာ တစ်ပတ်လောက် ပြန်အနားယူချင်လို့ပါ"

"အေးလေ ...၊ နေဦး ... ညည်းအဖေကို ငါပြောကြည့်ဦး မယ်၊ အလကားနေ ကျောင်းရော သင်တန်းတွေရော တစ် ပတ်ဖျက်ပြီး ပြန်မယ်ဆိုတာ ညည်းအဖေ ခွင့်ပြုချင်မှပြုမှာ၊ မေမေ မေးကြည့်ဦးမယ်၊ နောက်နေ့မှ ပြန်ဆက်လိုက်ဦး"

"မေမေပါ ဖေဖေ့ကို ကူပြောပေးနော်"

"အေးပါ"

"သုန်သုန် နောက်နေ့မှ ပြန်ဆက်မယ်နော် မေမေ"

"အေး ... အေး"

"ဒါပဲနော် မေမေ"

"အေး ... အေး"

သုန်သုန်က ထိုနေ့အဖို့ ကျောင်းတွေ သင်တန်းတွေ သွားဖို့လည်း စိတ်မကူးဘဲ အိပ်ရာထဲမှာသာ ဆက်ခွေနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်လည်း မထွက်ချင်။ ဦးဘုန်းနှင့်ကို မျက်နှာချင်းမဆိုင်ချင်တာ။ အခန်းပြင် ထွက်လိုက်ရင် တွေ့နေရမှာစိုး၍ အစားတောင် ထွက်မစား။

“ဒေါက် ... ဒေါက်”

“... ...”

“ဒေါ်ကြီးဆင်လား”

“ငါ ... ခေါင်ခေါင်ပါ သုန်သုန်”

“ငါ တံခါးပိတ်မထားဘူး”

တံခါးပေါက်က ခေါင်ခေါင် ဝင်လာသည်။ အိပ်ရာပေါ်က သုန်သုန့်အနား လာတိုးရပ်ရင်း ...

“သုန်သုန် ... နင် နေကောင်းရဲ့လား”

“အင်း ...”

“ဟင် ... မျက်လုံးကြီးတွေက အစ်ထစ်နေတာပဲ၊ နင် ငိုထားတာပေါ့”

“... ...”

“ဒီလောက်တောင် ငိုစရာလားဟာ၊ နင်ကလည်း၊ ကိုယ့်ကိုညာတဲ့သူတစ်ယောက်အတွက်များ ငိုရတယ်လို့၊ နင်က စောစောထ,တတ်ရက်သားနဲ့ ဘာမှထွက်မစားလို့ ငါဝင်ကြည့်တာ၊ နင် စားဖို့တစ်ခုခု အခန်းထဲပဲ ယူလာပေးရမလား၊ နင် အပြင်မထွက်ချင်ဘူး မဟုတ်လား”





“ရပါတယ်ဟာ၊ ဒေါ်ကြီးဆင်ကိုပဲ ပို့ခိုင်းပေါ့၊ နင်ကျောင်းသွားရဦးမှာ မဟုတ်လား ခေါင်ခေါင်”

“ငါ ဒီနေ့ကျောင်းမသွားရဘူး၊ စာမေးပွဲရှိလို့ စာကျက်ရက် နှစ်ရက်ပိတ်တယ်၊ အိမ်မှာပဲ စာကျက်မှာ၊ ငါယူလာခဲ့မယ်”

ခေါင်ခေါင်က လှစ်ခနဲ ပြန်ထွက်သွားပါသည်။

တကယ်တမ်းတော့ နှစ်ရှည်ကြာ အတူနေထိုင်လာတဲ့ သံယောဇဉ်ဟာ နည်းတာမှတ်လို့။ နာကြည်းစရာ အငြိုးတွေ အတေးတွေကလည်း ရှိကြတာမှ မဟုတ်တာ။ တစ်ယောက်ကိုတစ်ယောက်က အနိုင်မခံ အရှုံးမပေး တုပြိုင်နေကြရင်တော့ တစ်ဖက်က တစ်ဖက်ကို အမြင်ကြည်လင် အချစ်ဝင်စရာ ဘယ်ရှိမှာလဲ။ တစ်ဖက်အက်က သနားစရာ ကရုဏာသက်စရာ အဖြစ်မျိုးနဲ့ အလိုလို တခြားတစ်ကိစ္စနဲ့ ရှုံးနိမ့်ကြေကွဲရတဲ့ အဖြစ်မျိုး ကြုံရတဲ့အခါမှာတော့ ကျန်တဲ့တစ်ယောက်က ဘယ်လိုလုပ် စိတ်ကောင်းနိုင်ပါ့မလဲ။

“သုန်သုန် ... ထ,”

ခေါင်ခေါင်က ဇန်းတစ်ချပ်နှင့် ပြန်ဝင်လာကာ ဇန်းထဲမှာ ကော်ဖီတစ်ခွက် ပဲပလာတာ တစ်ပွဲပါလာသည်။

“နင် ပဲပလာတာ ကြိုက်တယ် မဟုတ်လား၊ ငါ ဒေါ်ကြီးဆင်ကို ဝယ်ခိုင်းလိုက်တာ”

“နင်ကော”



www.burmeseclassic.com

www.burmeseclassic.com



"စားပြီးသွားပြီ"

"ဟို ... ဦးဘုန်းကော"

"ဆင်းမစားသေးဘူး"

"အပြင်မသွားသေးဘူးပေါ့"

"မသွားသေးဘူး၊ ဆင်းကို မလာသေးတာ၊ အပေါ်ထပ်က ခြေသံတောင် မကြားဘူး၊ အိပ်ရာက မနိုးသေးဘူးထင်တယ်"

သုန်သုန်က ငိုင်ငိုင်ကလေး ထလာကာ ခုတင်ဘေးက စာရေးစားပွဲ ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီး ပဲပလာတာကို စိတ်မပါ လက်မပါ စတင်စားသောက်နေပါသည်။

"နင် ဘာမှ အဲဒီလောက် ခံစားနေစရာ မလိုဘူး သုန်သုန်၊ ကိုယ်နဲ့ဘာမှ မပတ်သက်လိုက်ရသေးတာတောင် ကံကောင်းသေးတယ်၊ ကိုယ့်ရည်းစားမှ မဟုတ်သေးဘဲဟယ်၊ ဘာ စိတ်မကောင်းစရာရှိလဲ"

ရည်းစားတွေ အတိအလင်း ဖြစ်,မဖြစ်ဆိုတာ ဒီလောက်ကြီး အရေးကြီး အရေးပါတာမှ မဟုတ်ဘဲ။ သုန်သုန့် ရင်ထဲမှာက ဦးဘုန်းဟာ ဟိုးလွန်ခဲ့တဲ့ လပေါင်းများစွာ နောက် ဆုံးအခေါက် မန္တလေးကို အလည်ပြန်စဉ်တုန်းကတည်းက ငြိတွယ် ခိုဝင်နေခဲ့တာပဲ။ ကိုယ်ကသာ သေချာမသိပေမယ့်လည်း နှိုင်း မယ့် ဖွဲ့လမ်းမှုဟာ စတင်အမြစ်တွယ်ကတည်းက ပေါ့တီးပေါ့ဆ မဟုတ်တာ။





ဒါကို ဒီမှာပြန်တွေ့မှ သိရတာ။ သိရပြီးတော့လည်း ဘယ်လောက်မှတောင် မကြာ။ ဦးဘုန်းရယ် ...။ တကယ်ရက် စက်တယ်။

"မကောင်းပါဘူးဟာ၊ မန္တလေးကတည်းက နင့်ကို မျက် လုံးချင်းငြိပြီးသား ဟုတ်လား၊ အဲဒီအချိန်လောက်ကဆို မနန်းနဲ့လည်း ချစ်သူတွေ ဖြစ်နေပြီးသားပဲနေမှာ၊ အတော် မျက်နှာများတဲ့ ဦးဘုန်း၊ ထင်တောင် မထင်ရဘူး၊ သူ့ မျက်နှာလေးကြည့်တော့ ရိုးသလို အေးသလိုလေး၊ ကုပ် ကမြင်းဆိုတာ ဒါမျိုးပဲ"

"ဟာ ... နင်ကလည်း အဲလောက်ထိတော့ မပြောပါနဲ့၊ ဘာပဲဖြစ်ဖြစ် သူက ငါတို့ထက် အသက်ကြီးပါတယ်"

"ဟယ် ...၊ ပြောတော့ ဘာဖြစ်လဲ၊ အသက်ကြီးကြီးပေါ့၊ ဆဲတာမှ မဟုတ်တာ၊ ကုပ်ပြီးကမြင်းလို့ ကုပ်ကမြင်းခေါ် တာ ဘယ်လောက်တောင်များ မိုက်ရိုင်းသွားလို့လဲ"

"သူ့ဟာသူ ဘာဖြစ်ဖြစ်ပါဟာ၊ မကောင်းပေမယ့်လည်း မကောင်းတာကို ဝေဖန်မနေပါနဲ့တော့၊ ထားလိုက်ပါဟာ၊ မပတ်သက်ကြရင် ပြီးတာပဲ"

ဒါကိုတောင် မကြားနိုင်အောင် နားမခံနိုင်အောင် ရှိနေတဲ့ သုန်သုန့်ကို ခေါင်ခေါင်က အံ့အားလည်းသင့် ကရုဏာ သည်းသက်ပြီး ကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးတို့ အန်တီလှိုင်တို့ကလည်း ဘယ်လိုလူနဲ့ ခင်မင်မှန်း မသိဘူး"

"ခင်တာတော့ ခေါင်ခေါင်ရယ်၊ ဘယ်လိုလူကိုပဲမဆို ခင်ရင် ခင်မိမှာပေါ့"

"အကျင့်မှ မကောင်းတာ"

"အို ... သူ့ဟာသူ သူချစ်တဲ့ မိန်းကလေးတစ်ယောက်ရှိပြီး ဒီမိန်းကလေးနဲ့ မမျှော်လင့်ဘဲ လွန်မှားမိတာ အကျင့်ပျက်လို့တယ်ကြီးတော့ ပြောမရပါဘူး ခေါင်ခေါင်ရယ်၊ သူ့တာဝန် သူယူတယ်ဆိုရင် ပြီးတာပဲ၊ ဒါမျိုးတွေ ဖြစ်တတ်ပါတယ်ဟယ်၊ အပျော်ကြံတာမှ မဟုတ်တာ သူတစ်ယောက်တည်းမှ ထူးပြီး ယုတ်မာတာမျိုးလည်း မဟုတ်ပါဘူး"

ခေါင်ခေါင်က သုန်သုန့်ကို ပါးစပ်အဟောင်းသား လေးနှင့် ငေးရင်း ...

"ဟဲ့ ... ဒီလိုကိစ္စ ဒီလိုပြဿနာရှိရက်နဲ့ နင့်ကို သူက ခေါင်းထဲ ထည့်ကြံသေးတယ်လေ၊ အမှုအရာ အရိပ်အငွေ့တွေလည်း ပြသေးတယ်၊ အဲလိုလုပ်စရာမှ မလိုတာ"

"ထားလိုက်ပါ ခေါင်ခေါင်ရယ်"

"ဟော ... လေ့ကားက ခြေသံကြားရတယ်၊ ဦးဘုန်း ဆင်းလာပြီထင်တယ် ... သိလား"



ဦးဘုန်း ဆင်းလာပြီ ထင်လိုက်တာနှင့် ရင်တွေက တဒုန်းဒုန်း ခုန်လာပါသည်။ ခေါင်ခေါင်က တံခါးရွက်နားနား ကပ်ပြီး နားစွင့်လျှင် ...

"ဒေါ်ကြီးဆင် ... သုန်သုန်တို့ ခေါင်ခေါင်တို့ရော"

"ခေါင်ခေါင်က ခုနတင်ရှိတာယ်၊ စားတော်ပြီးပြီ၊ သုန်သုန်ကတော့ အိပ်ရာကကို မထသေးတာ၊ ဦးဘုန်းလည်း ဒီနေ့ အိပ်ရာထ နောက်ကျတယ်နော်"

"ဟုတ်ကဲ့ ... ညက တော်တော်နဲ့ အိပ်မပျော်လို့ဗျာ"

ဘုန်းသမ္ဘာက ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်ပါသည်။ သူ့အာရုံကတော့ ဧည့်ခန်းရဲ့ ဟိုတစ်ဖက်ခြမ်းက သုန်သုန့်အခန်းလေးဆီ။ အခန်းလေးက ငြိမ်သက်လို့။ ခါတိုင်း မနက်တိုင်းလိုလို ကြားရတဲ့ စီစီစာစာညံနေတဲ့ သုန်သုန့်အသံလေးလည်း မကြားရ။ သုန်သုန် ဘာဖြစ်နေပါလိမ့်။ နေမကောင်းနေတာလား။ ဟုတ်ကော ဟုတ်ရဲ့လား။

"ဟော ... ကားဝင်လာသံပါလား၊ ဘယ်ကဧည့်သည်ပါလိမ့်"

ဒေါ်ဆင်က နှုတ်ကရေရွတ်ရင်း အိမ်ရှေ့ထွက်သွားပါသည်။ ဘုန်းသမ္ဘာသည် ဒီနေ့အဖို့ သူ လှုပ်ရှားမည့် အစီအစဉ်ကို စိတ်ကူးထဲ စဉ်နေပါသည်။ မနန်းဆီ မသွားခင် သုန်သုန့်ကို နောင်ဆုံး စကားပြောချင်သည်။ ဒီတော့ သုန်သုန် နိုးလာတဲ့အထိ အခန်းထဲက ထွက်လာတဲ့အထိ ခဏစောင့်လိုက်ဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"

ဖုန်တွေကပ်နေတဲ့ကြားက ပြောင်လက်နက်မှောင်နေတဲ့ Sygnus ကားကြီးထဲက အဆောတလျှင် ထွက်လာသော အမျိုးသမီးကြီးကို ဒေါ်ဆင်က ခရီးဦးကြိုပြုရင်း တဆက်တည်းပင် ဘယ်သူရယ်လို့လည်း စိတ်က တွေးထင်ခန့်မှန်းလိုက်မိပြီးသား။

"မြတ်ဘုန်းရောင် ရှိတယ်မဟုတ်လား"

"ဩော် ... ဟုတ်ကဲ့ပါရှင်၊ ရှိပါတယ်၊ ကြွပါရှင်၊ အိမ်ပေါ်ကြွပါ"

ရှေ့ခန်းမှာ ဒရိုင်ဘာ။ နောက်ခန်းမှာတော့ ထိုအမျိုးသမီးကြီးနှင့်အတူ တပည့်အဖော်ဖြစ်ဟန်တူသူ အသက်သုံးဆယ့်ငါးနှစ်လောက် အမျိုးသမီးတစ်ယောက် ပါသေးသည်။ သူတို့နှစ်ယောက်က ဒေါ်ဆင် နောက်မှအတူပါလာပါသည်။

"ထိုင်ပါဦးရှင်"

ဒေါ်ဆင်သည် တရိုတသေ ကိုယ်ကိုညွတ်ကာ ညွတ်ကာ လှည့်ထွက်ရင်းနှင့် ထမင်းစားခန်းထဲရှိ ဘုန်းသမ္ဘာထံ အပြေးရောက်လာကာ ...

"ဦးဘုန်း ...၊ ဦးဘုန်း ဧည့်သည် လာပါတယ်"

"ကျွန်တော့် ဧည့်သည် !! ဘယ်သူတဲ့လဲ"

"ဦးဘုန်းအမေ ထင်ပါတယ်"

"ဗျာ"





ဘုန်းသမ္ဘာသည် ဆံပင်တွေပဲ ထောင်ကုန်သလား၊ တစ်ကိုယ်လုံးပဲ ခါတ်လိုက်သလား ထင်ရလောက်တဲ့ မုံ့စိနှင့် ဝုန်းခနဲ ထမင်းစားပွဲမှ ထရပ်မိလျက်သား။ ဦးဘုန်း အမေ !!။ သွားပြီ။ ဒေါ်ဆင့် မျက်နှာကိုပဲ မျက်လုံးပြူးကြီးနှင့် ကြည့်နေမိကာ ဒေါ်ဆင်ကလည်း သူ့ကို မျက်လုံးပြူးကြီးနှင့်ပဲ ပြန်ပြီ တအံ့တဩ ကြည့်နေတုန်း ...

"ဩော် ... မောင်ဘုန်း၊ မင်းပဲကိုး"

"ဟာ ... ဗျာ၊ ကြီး ... ကြီးကြီး"

"ငါ ထင်တော့ ထင်လိုက်ပါတယ်၊ မင်းအစ်ကို မဟုတ်ရင်တော့ မင်းပဲ ဖြစ်လိမ့်မယ်ဆိုတာ"

ထမင်းစားခန်းဝ ရောက်လာတဲ့ ဒေါ်မြစိမ်းကို ဘုန်းသမ္ဘာ အလန့်တကြား ရင်ဆိုင်လိုက်ရပါသည်။ တစ်သက်လုံး ကြောက်ခဲ့ရတဲ့ ခုထိလည်း ကြောက်ရတဲ့ ကြီးတော်မို့ ဘုန်းသမ္ဘာ မျက်နှာမှာ ပျက်နေသည်။ ကိုယ့်မိဘထက်ကို ကြောက်ရတာ။ ကိုကို့ကိုတောင် ကိုယ်ကလေးစားရတဲ့သဘော ရှိသေးတာ၊ ကိုကိုကတစ်ဆင့် ရိုသေကြောက်ရွံ့ရတဲ့ ကိုကို့အမေကိုတော့ သူ့မှာ နှစ်ဆင့်လောက်ခုန်ပြီး ကြောက်ရတဲ့သဘောပါ။

"ကဲ ... လာစမ်းပါဦး ဧည့်ခန်းကို"

ဒေါ်မြစိမ်းမျက်နှာကတင်းတင်း၊ မျက်မှောင်ကြုတ်ကုတ်။ ဒေါ်ဆင်သည်လည်း အလန့်တကြားနှင့် ဒေါ်မြစိမ်းကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပါသည်။ ဘုန်းသမ္ဘာ ဒေါ်မြစိမ်းနောက်မှ ကုပ်ကုပ်လေး ပါလာချိန်တွင် သုန်သုန် အခန်းတံခါးကပွင့်ကာ စားပြီးသားဗန်းကိုကိုင်ရင်း ခေါင်ခေါင် ထွက်လာပါသည်။

ခေါင်ခေါင်ကလည်း ဒေါ်မြစိမ်းကို တအံ့တသြ ကြည့်၊ ဒေါ်မြစိမ်းကလည်း ခေါင်ခေါင့်ကို အကဲတခတ်ကြည့်။

"မင်းက ဘယ်သူလဲ၊ ပန်းခေါင်ရန်းလား၊ သည်းမိုးသုန်လား"

"ပန်းခေါင်ရန်းပါ အန်တီ"

ခေါင်ခေါင်ကပြေရင်း ဒါဟာ ဒေါ်မြစိမ်းပဲဆိုတာလည်း ချက်ချင်းပင် သိလိုက်ပါသည်။ မန္တလေးကနေ ရန်ကုန်ခရီးဝေးရောက်လာရပေမယ့် နားမှာ လည်ပင်းမှာ လက်ကောက်ဝတ်မှာ လက်ချောင်းများမှာ မျက်စိကျိန်းလောက်အောင် စိန်တွေ လက်နေသည်။

"ကြီးကြီး ဒေါ်မြစိမ်း ထင်ပါတယ်"

"အေး ... ဟုတ်တယ်"

ခေါင်ခေါင်သည် စိတ်ထဲကကျိတ်ပြီး နှာခေါင်းရှုံ့မိသည်။ စကားပြောတာ ဆိုတာကလည်း မာရေကျောရေ။ ငွေဂုဏ် ပစ္စည်းဂုဏ် မောက်မည့်ပုံက အသေအချာ။ ဒီလိုပုံကြီးနှင့်မနန်းကို ဘယ်လောက်များ ပိုးစိုးပက်စက် ပြောလိုက်မလဲ။ မနန်း သနားစရာ။





ခေါင်ခေါင် အထွက်မှာ ပြန်ပြီးစေ့စေ့မပိတ်ဘဲ ဟစိကလေးနေသည့် တံခါးအတွင်းမှ သုန်သုန်သည်လည်း အပြင်က အသံတွေကိုကြားကာ မျက်ခုံးပင့် အံ့အားသင့်လျက် တံခါးနောက်ကွယ်နား လာကပ်ရပ်မိပါသည်။

"နောက်ထပ် ကလေးမတစ်ယောက်ကော"

"သုန်သုန် နေသိပ်မကောင်းလို့ပါ"

"ဩော် ... အေး ... ဟုတ်ပြီ၊ မောင်ဘုန်းနဲ့ စကားပြောချင်လို့ကွယ်"

သူပြောသည့်အသံက ခေါင်ခေါင့်ကို နှင်မထုတ်ရုံတမယ်ပင်။

ခေါင်ခေါင်သည် စိတ်ထဲခုခုနှင့်ပင် ...

"ဟုတ်ကဲ့ ... ပြောပါ ကြီးကြီး၊ ထိုင်ပါ၊ အေးအေးဆေးဆေးနေပါရှင်"

ပြောအပြီး ထမင်းစားခန်းဘက် ဝင်ခဲ့ပါသည်။ ထမင်းစားခန်းထဲမှာပင် ဘာမှလုပ်စရာမရှိဘဲ ဆက်ရပ်နေရသည်။ ဧည့်ခန်းကို ပြန်မထွက်ချင်တော့လို့ပင်။ အကွေ့လေးတစ်ကွေ့လို ဖြစ်နေပေမယ့် ဧည့်ခန်းက စကားပြောသံအားလုံးက သဲသဲကွဲကွဲ ကြားသာနေပါသည်။

"ကဲ ... ပြောစမ်း၊ ဒါ ဘာအကြောင်းလဲ"

"ဗျာ ... ကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာမနေနဲ့၊ နင်တို့ ငါ့ကို အလွယ်တကူ လိမ့်လို့ရမယ် ထင်သလား၊ ဟုတ်လား မောင်ဘုန်း၊ မင်းနဲ့ ဖုန်းသုံးခါ သုံးကြိမ် ပြောတယ်၊ ပထမဆုံး တစ်ကြိမ်ကတော့ မရိပ်မိပေမယ့် ဒုတိယအကြိမ်နဲ့ တတိယအကြိမ်မှာ ငါသံသယ ဖြစ်တယ်၊ နင်တို့ကတော့ ငါ့ကိုအ,လှုပြီပေါ့လေ၊ ဟင် … ငါ အခု လက်ပူးလက်ကျပ် လာဖမ်းတာ၊ မဟုတ်ရင် သက်သေသက္ခာရနဲ့ မမိရင် နင်တို့က ငါ့ကိုဆက်လိမ့်နေဦးမှာ၊ ဒီအဘွားကြီးလောက်တော့ အေးအေးဆေးဆေးပါ ပေါ့လေ"

"အဲဒီသဘော မဟုတ်ပါဘူး ကြီးကြီး"

ဘုန်းသမ္ဘာရဲ့ ခေါင်းက ငိုက်စိုက်ကျနေပါသည်။ စကားသံတွေကို ကြားနေရတဲ့ ခေါင်ခေါင်ဟာလည်း ထမင်းစားခန်းရဲ့ နံရံအကွေ့လေးကိုကွယ်ပြီး ခေါင်းလေးမထွက်တထွက် ပြူထုတ်ကာ ညှော်နန်းကမြင်ကွင်းကို အကဲခတ်သည်။ ဒေါ်မြစိမ်းရှေ့မှာ လက်နှစ်ဖက်ကို နောက်ပစ်ရပ်ပြီး ခေါင်းကြီးငိုက်စိုက်ကျနေတဲ့ ဘုန်းသမ္ဘာကို အံ့အားတသင့် ကြည့်နေမိပါသည်။ ခေါ်တာကလည်း ကြီးကြီးတဲ့ …။

ခေါင်ခေါင်နှင့် အလားတူပင် ဟစီလေး ရှိနေသော တံခါးကြားမှ မျက်လုံးကလေးတစ်လုံးစာ ချောင်းကြည့်နေမိတဲ့ သုန်သုန်မှာလည်း ပါးစပ်လေး အဟောင်းသား ဟနေပါသည်။





ဦးဘုန်းက ဒေါ်မြစိမ်းကို ဘာကြောင့် ကြီးကြီးလို့ ခေါ်ရတာလဲ။ ဦးဘုန်းရဲ့ စိတ်ရှုပ်ထွေးပြီး အကျဉ်းအကျပ်ကျနေတဲ့ မျက်နှာကိုတော့ သုန်သုန်က စိတ်မကောင်းစွာ ကရုဏာသက်မိနေသည်။

"ကဲ … ပြော"

"ဗျာ … ဟို … ကြီးကြီး"

"ဗျာ … မနေနဲ့၊ ဟို … မနေနဲ့၊ မင်းက ဘာကိစ္စနဲ့ မြတ်ဘုန်းရောင်နေရာ အစားဝင်ပြီး ဒီကိုရောက်နေရတာလဲ"

ဟင် …။

ဟယ် …။

ခေါင်ခေါင်ရော သုန်သုန်ပါ အံ့အားတသင့် ကျိတ်ခြည်တမ်းမိတဲ့ အာမေဋိတ်တို့ပင်။ ခေါင်းထဲတွေတောင် ရှုပ်ထွေးထုန်ပါပြီ။

"ဘယ်မှာလဲ မြတ်ဘုန်းရောင်က"

"ကိုကိုက တခြားမှာပါ ကြီးကြီး"

"ဘယ်တခြားမှာလဲ"

ဘုန်းသမ္ဘာသည် သက်ပြင်းကြီးတစ်ချက်ကို ခပ်ပြင်းပြင်းချလိုက်ပြီး …

"ကြီးကြီး … ကျွန်တော် မပြောပါရစေနဲ့၊ ကျွန်တော့်မှာ ကြီးကြီးကိုလည်း တစ်ဖက်က ကြောက်ရသလို ကိုကို့ကိုလည်း တစ်ဖက်က ကြောက်ရပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... မင်းအစ်ကို မင်းကို ဒီလောက်ချစ်တာ၊ မင်းဘာကြောက်စရာရှိလဲ"

"ကြောက်တာထက် ရှိသေလေးစားရတာပါ၊ ကိုကိုက ကျွန်တော့်ကျေးဇူးရှင်ပါ၊ ကိုကို့ကို ကျွန်တော် ကျော်ပြီး တော့လည်း မလုပ်ရဲပါဘူး၊ ကိုကို မပြောစေချင်တာကို လည်း ပြောလို့မဖြစ်ပါဘူး ကြီးကြီး၊ ကျွန်တော့်ကို နားလည်ပေးပါ၊ ကြီးကြီး မေးခွန်းကို မဖြေနိုင်တဲ့အတွက် ကြီးကြီးကို ကန်တော့ပါတယ်"

ဘုန်းသမ္ဘာက မတ်တတ်နင့်ပင် လက်အုပ်ချီဦးချ သယောင်ပြုလျှင် ...

"တော်စမ်းပါ၊ လာကန်တော့မနေနဲ့၊ မင်းတို့ ငါကိုတောင် ပြန်လိမ်ညာဖုံးဖိကြတယ်၊ ဒီအိမ်က အိမ်ရှင်တွေ ယုံကြည် တာ လက်ခံကြည်ဖြူတာက မြတ်ဘုန်းရောင်ကို၊ မြတ်ဘုန်း ရောင်မို့သာ သူ့တူမတွေ နေနေတဲ့ ဒီအိမ်မှာ လာတည်းခို ခွင့်ပြုတာပေါ့၊ မင်းက မြတ်ဘုန်းရောင် အယောင်ဆောင်ပြီး လာတည်းခိုစရာလား၊ အိမ်ရှင်တွေသိရင်လည်း မင်းကို ကျေနပ်နိုင်မှာ မဟုတ်ဘူး၊ ခွင့်လွှတ်မှာလည်း မဟုတ်ဘူး"

သုန်သုန်သည် ပျက်နေတဲ့ ဦးဘုန်း မျက်နှာကိုစိုက် ကြည့်ရင်း မျက်ရည်ဝဲလာသည်။ ကြီးကြီးဒေါ်မြစိမ်းကလည်း "မောင်ဘုန်း"ဆိုတဲ့အမည် ခေါ်သားပဲ။ သူ့နာမည်ထဲမှာ "ဘုန်း" တော့ ပါတယ်ပေါ့။ ဦးဘုန်းရယ် ... ရှင်က ဘယ်သူများလဲ။





"မင်းက ဒီကို ဘာကိစ္စ လာရတာလဲ"

"ဟို ... လှိုင်သာယာက စက်ရုံကိစ္စ အလုပ်ကိစ္စနဲ့ လာရ တာပါ"

"အလုပ်ကိစ္စနဲ့ လာရင် မင်းဟာ မင်းပဲပေါ့၊ ဘာကြောင့် ဒီမှာ မြတ်ဘုန်းရောင် အနေနဲ့ နေရတာလဲ"

"အဲဒါက အားလုံး ကိုကို့ အစီအစဉ်ပါ"

"အေး ... နင်တို့အကြီက မြတ်ဘုန်းရောင် ရန်ကုန်သွား တယ်ပေါ့။ အဓိက,က ဒါကို ငါယုံဖို့လိုတယ်၊ မြတ်ဘုန်း ရောင် ဒီမှာ ရောက်နေပါတယ်ဆိုတာ ငါယုံအောင် မင်း က ဒီမှာလည်း မြတ်ဘုန်းရောင်ပဲ လုပ်နေတာ"

"ဟုတ်ပါတယ်"

"အဲဒီကတည်းကိုက မြတ်ဘုန်းရောင်ဟာ ငါမကြိုက်တာ တစ်ခုခုကိုလုပ်ဖို့ ငါမသိစေချင်တဲ့ တစ်နေရာရာကို ရောက် နေလို့ပဲ၊ ဟုတ်သလား"

"... ... ..."

"ဟိုဟာမ မိန့်နှောက် လိုက်သွားဘယ်ပေါ့၊ ဟုတ်လား"

"... ..."

"ဟဲ့ ... မောင်ဘုန်း၊ နင့်မှာ ပါးစပ်မပါဘူးလား၊ မေးတာ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဘာလုပ်တယ် ကျွန်တော် ဘာမှမသိပါဘူး ကြီးကြီး။ ကိုကို ခိုင်းထားတာပဲ ကျွန်တော် လုပ်နေတာပါ၊ ကျွန်တော် လုပ်တာပဲ ကျွန်တော်သိပါတယ်၊ ကိုကိုနဲ့တွေ့မှပဲ ကြီးကြီး မေးကြည့်ပါခင်ဗျာ"

"တောက် ... ငါ့ကို အရှုးလုပ်ကြတာ၊ အာခံကြတာ၊ ဟင် ဟုတ်လား၊ ကဲ ... မင်းမဖြေလည်း ငါမေးမယ်၊ မြတ်ဘုန်းရောင် အစု တောင်ကြီးမှာလား"

"ကျွန်တော် မသိပါဘူး"

"တောင်ကြီးက ငါနဲ့သိတဲ့ လူတစ်ယောက်က အန်တီ့သား ကို ဆေးရုံပေါ်မှာ တွေ့ခဲ့သလိုပဲလို့ ဖုန်းဆက်တယ်၊ ဒီလူ ကလည်း ညံ့တာ၊ အပိုင်သိအောင် မလုပ်ခဲ့ဘဲ မြတ်ဘုန်း ရောင် ဟုတ်သလိုလို မဟုတ်သလိုလို ဇဝေဇဝါနဲ့ ပြန်လာ တယ်၊ ငါက သေချာအောင် သွားပြန်ကြည့်ဆိုလို့ သွား ပြန်ကြည့်တော့ အဲဒီလူက မရှိတော့ဘူးတဲ့၊ ဆေးရုံကဆင်း သွားပြီတဲ့၊ အဲဒါ မြတ်ဘုန်းရောင် ဟုတ်သလား"

"ကျွန်တော် ဘယ်သိပါ့မလဲ ကြီးကြီး၊ ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့၊ လူတူမရှား နာမည်တူမရှားပဲဟာ"

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့၊ ဟုတ်ရှား"

"... ... ..."





ဘုန်းသမ္မာသည် ဒီအသံကျယ်ကြီး တစ်အိမ်လုံး ပျံ့နှံ့နေနိုင်တာဖြစ်၍ တစ်ကိုယ်လုံး ထူပူကာ ချွေးတွေပြန် အောင် ရှက်စိတ်မွန်နေရတဲ့အပြင် မျက်နှာတွေလည်း နီရဲကာ ပူပြင်းနေပါသည်။ တစ်အိမ်လုံး ကြားနေကြမှာပဲ။ သူ လူလိမ် ဖြစ်ပြီပေါ့။ ဒီမနက်မှာပဲ သုန်သုန့်ကို ကိုယ့်ဟာကိုယ် ဖွင့်ပြော ဝန်ခံဖို့ ကြံရွယ်ထားပြီးကာမှ ခုတော့ ကိုယ်မပြောလိုက်ရသေး ခင် ကြီးကြီးက ရောက်ချလာသည်။

ကိုယ်တိုင် ဖွင့်ပြောဝန်ခံလိုက်ရတာက တန်ဖိုးရှိကာ သုန်သုန် တခြားကနေ ကြားသိသွားတယ် ဆိုတာက ကိုယ့်သိက္ခာ ကို ကျစေသည်။ ကိုယ်လည်း ပြောတော့မလို့ပါလို့၊ ခုမှပြောရင် သိပြီးသားမို့ မထူးဘူးဆိုပြီး ချော်လဲရောထိုင်သလို ဖြစ်သွားနိုင် ကာ သူ့စကားဟာလည်း ကိုယ်တိုင်ဝန်ခံချက်လိုမျိုး တန်ဖိုးရှိ တော့မှာ မဟုတ်ပါ။ တန်ဖိုးမဲ့သွားပြီပေါ့။

"ဘာငိုင်နေတာလဲ မောင်ဘုန်း"

"ကြီးကြီး ဆက်ပြောမှာကို နားထောင်နေတာပါ"

"ငါဆက်ပြောမှာကတော့ မင်း အခုချက်ချင်း အထုပ်ပြင်၊ မန္တလေးကိုပြန်၊ ဒါပဲ"

"ကြီးကြီး"

"မြတ်ဘုန်းရောင် ပြောမှာဆိုမှာ ဆူမှာ ကြိမ်းမှာတွေ ဘာ မပြောနဲ့၊ ခုလောလောဆယ်မှာ မင်းကို ငါအမိန့်ပေးနေတာ၊ ငါ့စကားကိုပဲ နင် နာခံရမှာ မောင်ဘုန်း၊ ဒါ ငါနဲ့လည်း

www.burmeseclassic.com

www.burmeseclassic.com



မကောင်းရာ မကောင်းကြောင်း အသိမိတ်ဆွေအိမ်ပဲ။ ဒီအိမ်ပေါ် မြတ်ဘုန်းရောင် အမည်ခံထားတဲ့ တခြားလူတစ်ယောက် ရောက်နေတာ သူတို့သာသိရင် ဘယ်လိုနေမလဲ၊ မင်းကို မောင်းချမှာပဲ၊ သူတို့ရဲ့ ခင်မင်ယုံကြည်မှုကို အလွဲသုံးတယ် ဆိုတာ စိတ်ဆိုးစရာပဲလေ၊ မင်း လုံးဝဆက်နေခွင့်မရှိဘူး မောင်ဘုန်း၊ ငါလည်း ပြန်မှာ၊ မင်းလည်း ပြန်ပါ”

ဘုန်းသမ္မာက ခေါင်းငုံ့နေရာက ခေါင်းကို တဖြည်းဖြည်း ညိတ်လိုက်ပါသည်။

“ကဲ ... ပြန်ဆိုရင် ခုပဲ ပြန်ဖို့ပြင်တော့၊ ငါတို့မှာ ကားပါလာတယ်၊ တောက်လျှောက် မောင်းပြန်ချသွားရုံပဲ”

“ကြီးကြီးတို့ကားနဲ့တော့ ကျွန်တော် လိုက်လို့မဖြစ်ဘူး... ကျွန်တော့်ကားနဲ့ပဲ ကျွန်တော် ပြန်မှဖြစ်မှာပေါ့၊ လာတုန်းက ကျွန်တော့်ဂျစ်ကားနဲ့ မောင်းလာတာပါ”

“ဒါဆိုလည်း ပြီးတာပဲ၊ တူတူထွက်ကြမယ်”

“တူတူလည်း မထွက်နိုင်ဘူး ကြီးကြီး၊ ကျွန်တော်က ဒီလောက်မြန်မြန်ကြီး ကျောကော့ပြန်လို့ မရပါဘူး၊ ပြန် ပြီဆိုတာ ပြောခဲ့ရမှာတွေ လက်စဖြတ်ရမှာတွေ ရှိပါသေး တယ်၊ ကျွန်တော့်ကားကို စောင့်မနေပါနဲ့၊ မောင်းပြန်နှင့် ပါ၊ ကျွန်တော်ဘာသာ နောက်ကလိုက်ခဲ့မယ်၊ မလာဘဲ လည်း မနေဘူး၊ ကြီးကြီးတို့ကားနဲ့ မရှေးမနှောင်းပဲ ဝင် ရပါစေမယ်”





ဒေါ်မြစိမ်းက အလွန်စိတ်ညစ် စိတ်ရှုပ်နေဟန်ပေါ်တဲ့ ဘုန်းသမ္မာ မျက်နှာကို စိုက်ကြည့်နေရာမှ ခေါင်းညိတ်လိုက်ကာ ...

“အေး ... ကောင်းပြီ၊ ငါတို့ကားထက် အများကြီးနောက် မကျစေနဲ့၊ မဟုတ်ရင်တော့ မင်းအဖေနဲ့ အမေကို မင်းတို့ လူလည်ကျတဲ့အကြောင်းတွေ ငါ လှမ်းတိုင်ရလိမ့်မယ်”

လှမ်းတိုင်ရအောင် ဘုန်းသမ္မာ မိဘတွေကို သူက အရာထားလှတာ မဟုတ်ပါ။ ညည်းသားက ဘယ်လိုဘယ်ဝါရယ် လို့ အထက်စီးက ဖိနှိပ်ကြိမ်းမောင်းပြီး လှမ်းဆူမှာမျိုးပါ။ တကယ် တော့လည်း အဲဒါမျိုးကို သူနှင့် ညီမတော်စပ်နေတဲ့ မေမေကသာ ငြိမ်ခံရင်ခံမည်။ သူ့စီးပွားနှင့်သူ အောင်မြင်နေတဲ့ လူကြီးလူ ကောင်းတစ်ယောက်လည်းဖြစ်တဲ့ ဖေဖေကတော့ လွန်လာရင် ဘယ်ငုံ့ခံမလဲ။

ဖေဖေတို့ဟာ ရိုးသားအေးချမ်းလွန်း၍ ဒေါ်မြစိမ်း တို့ ကိုကိုတို့ကိုလည်း အထင်ကြီး လေးစားတာ အမှန်ဖြစ်ကာ သားကို မျက်စိပိုပွင့်အောင် ပိုပြီးမြို့ပြဆန်တဲ့နေရာ လွှတ်ထားပေ မယ့် ကိုကို့ထံ သင်ကြား တပည့်ခံခိုင်းထားပေမယ့် အလွန်အကျွံ တော့လည်း ဘာကြောင့်မှ အညံ့ခံစရာမရှိ။ ဒါကြောင့် ကြီးကြီး လှမ်းတိုင်မှာတွေ ဘာတွေ ဘုန်းသမ္မာ ခေါင်းထဲ မရှိလှ။ ခေါင်း ထဲက နှစ်ခုဟာ သူ့ကို သုန်သုန်က လူညာတစ်ယောက်လို့ အထင်မခံနိုင်၍ သုန်သုန့်ကို ရှင်းပြနိုင်ဖို့နဲ့ မနန်းကို အပြန်မှာ တစ်ပါတည်းခေါ်သွားနိုင်ဖို့သာပင်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးနှင့် မရှေးမနှောင်း ရောက်နိုင်အောင် ခုပဲ မနန်းဆီပြေး၊ တောင်းပန်ပြောပြ၊ တစ်ခါတည်း ရအောင်ခေါ် တော့မှ။ မနန်း ပါမလာပြန်လည်း ကိုကိုက တစ်ပြဿနာဖြစ် လိမ့်မည်။ ဒီတော့ အချိန်ဆွဲနေဖို့ သူ့မှာ အချိန်မပို။ ကမန်း ကတန်း အိမ်ကထွက်တော့မှ ...။

"ခုနက မိန်းကလေး ဘယ်မလဲ၊ ဘယ်ရောက်သွားလဲ"

ဒေါ်မြစိမ်း အသံက တင်းစီးလှပါသည်။ ခေါင်ခေါင် သည် ကိုယ်က အိမ်ရှင်ဖြစ်နေ၍ စိတ်ထဲအောင့်သက်သက်ရှိသော် လည်း ထမင်းစားခန်းထဲမှ ထွက်လာပါသည်။ ညော်ဝတ်တော့ကျေ ရဦးမည်။

"ကြီးကြီး ... ခေါင်ခေါင် ဒီမှာပါ၊ ကြီးကြီး ဘာပြော ချင်လို့ပါလဲ"

"ဩော် ... အေး၊ ကြီးကြီးတို့ ခုပဲပြန်မယ်၊ ဟောဒီက မောင်ဘုန်းကိုလည်း အိမ်မှာတစ်လနီးပါး တည်းခိုနေထိုင် စားသောက်ခွင့် ပေးထားတာ ကျေးဇူးသိပ်တင်ပါတယ်။ ဦးကျော်ခတို့ကို နောက်မှ စကားသေချာပြောပါဦးမယ်။ ခုတော့ အရေးကြီးကိစ္စ ပြဿနာလေးတွေ ရှိသေးလို့ ပြန် ဦးမယ်၊ မောင်ဘုန်းလည်း တစ်ခါတည်းပြန်မယ်"

"ဟုတ်ကဲ့၊ ကြီးကြီးတို့ ကော်ဖီနဲ့ မုန့်လေး သုံးဆောင်ပါ ဦး"





ဒေါ်ဆင်က ကော်ဖီနှင့် မုန့်တချို့ လာချပါသည်။

"ကြီးကြီး မသောက်တော့ဘူး၊ စန်းစန်းပဲ သောက်လိုက်၊ ဗိုက်ဖြည့်လိုက်၊ ခရီးပန်းတယ်"

အဖော်ပါလာသော မိန်းကလေးကိုသာ စားသောက် စေရင်း ...

"ကြီးကြီးက တွေ့ကရာ ပေါက်ကရ စားလို့မရဘူး သမီး ရဲ့၊ ဒါနဲ့ ဟိုသမီးတစ်ယောက်က နေမကောင်းဘူး ဟုတ် လား၊ တော်တော်နေမကောင်းလား"

"ဟုတ်ကဲ့ပါ ကြီးကြီး၊ ညကလည်း အဖျားတွေကြီးပြီး အိပ်မပျော်လို့ ခုမှ အိပ်နေရလို့ပါ"

တံခါးဟစိလေးအတွင်းမှ ကြားနေရမှာဖြစ်ကာ သူ ထွက်မလာချင်လို့ကို ထွက်မလာတာဖြစ်တဲ့ သုန်သုန့် အတွက် ခေါင်ခေါင်က ညာပြောပေးလိုက်ပါသည်။

"ဩော် ... အိပ်ရှာပါစေ၊ အိပ်ရှာပါစေ၊ ကြီးကြီးနဲ့တွေ့ ခွင့်မရလိုက်တော့ဘူးပေါ့၊ နေပစေ"

သူနဲ့ တွေ့ခွင့်မရလိုက်တဲ့အတွက် သုန်သုန့်မှာ ကံ ဆိုးပြီး သနားစရာ ဖြစ်သွားရတဲ့အလား။ ထိုစဉ် အံပေါ်ထပ်တက် ပြီး သူ့သေတ္တာအထုပ်အပိုး တက်ယူတဲ့ ဘုန်းသမ္ဘာက ပြန်ဆင်း လာပါသည်။ ဒီရက်ပိုင်းအတွင်း ပြန်ဖြစ်တော့မှာဖြစ်လို့ မနေ့ည က ကြိုကြိုတင်တင် အိတ်ပြင်ထားရာ အသင့်ဆွဲချလာရုံ၊ သိပ် သိမ်းဆည်းနေရစရာ မလို၍ ခပ်မြန်မြန်ပဲ ပြန်ဆင်းလာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသမ္မာ မျက်နှာက အထားရခက်သလို ခေါင်းကြီး ငုံ့တုံ့တုံ့ လိမ်ဖယ်ဖယ်နှင့် လေ့ကားတစ်လျှောက် တယ်သူ့ကိုမှ လှမ်းမကြည့်ဘဲ ဆင်းလာပါသည်။

"ကဲ ... ပြီးပြီလား"

"ဟုတ်ကဲ့"

"ဒါဖြင့် ငါတို့လည်း ထွက်မယ်၊ အလုပ်ကိစ္စ ဝင်ဖြတ်ပြီးတာနဲ့ တန်းမောင်းလာခဲ့တော့"

"ဟုတ်ကဲ့"

ဘန်းသမ္မာက ခေါင်ခေါင် ထိုင်နေရာကို မျက်နှာပျက်ပျက်နှင့်ပဲ လှမ်းကြည့်လိုက်ရင်း ...

"ကျွန်တော် ပြန်တော့မယ် ခေါင်ခေါင်၊ ရုတ်တရက် ဖြုန်းစားကြီး ဖြစ်သွားရတာ စိတ်မကောင်းပါဘူး၊ ဒီအိမ်မှာနေတုန်း အစစအရာရာ စည့်ဝတ်ကျေပွန်တဲ့အတွက် သိပ်ကျေးဇူးတင်ပါတယ်၊ ဦးကြီးကျားရော ဒေါ်ကြီးဆင်ရော ကျေးဇူးတင်ပါတယ်"

ထမင်းစားခန်း အကျုံးနားမှာ ရပ်နေကြသည့် ဦးကျားနှင့် ဒေါ်ဆင်ကလည်း ခေါင်းညိတ်ရင်းက ဘုန်းသမ္မာမျက်နှာကိုကြည့်ကာ (ဘာမှရေရေရာရာ မသိနိုင်ဘဲနှင့်) စိတ်မကောင်းသလိုဖြစ်ကြရပါသည်။ ခဏတဖြုတ်ပေမယ့်လည်း အိမ်မှာ အိမ်သားတစ်ယောက်လို လာတည်းခိုနေထိုင်လိုက်ဖူးတဲ့ ခင်မင်သံယောဇဉ်က နိုင်မြဲလှိုက်လှဲနေခဲ့ပါသည်။





"သုန်သုန်နဲ့ ငိုဆော့ နှုတ်ဆက်မသွားရတော့ဘူးပေါ့၊ သူ နေမကောင်းတုန်း ပြန်သွားရတာ စိတ်မကောင်းဘူး၊ သေချာပြောပြပေးပါ ခေါင်ခေါင်"

"ဟုတ်ကဲ့ ... ဦးဘုန်း၊ ပြောပြပါ့မယ်"

"သူ့ကို ဂရုစိုက်လိုက်ပါဦး၊ ဆေးခန်းလေး ဘာလေးပြဦးနော်၊ ကျွန်တော် ဒီအိမ်ကလူတွေနဲ့ တစ်နေ့ ပြန်တွေ့ဦးမှာပါ"

ခေါင်ခေါင်ပင် ဝမ်းနည်းစိတ်ကလေး ရင်ထဲတသိမ့်သိမ့် ဖြစ်ရသည်။ သူတို့ ကားကိုယ်စီပေါ် တက်သွားကြတဲ့သူတွေကို အိမ်ပေါက်ဝမှ ငေးရပ်ကြည့် ကျန်ရစ်ခဲ့ပြီးမှ သုန်သုန့်အခန်းဆီကို ခေါင်ခေါင် ပြန်ဝင်လာခဲ့သည်။

"နင့်ကို နှုတ်ဆက်သွားတာ ကြားတယ် မဟုတ်လား သုန်သုန်"

"အင်း"

ခေါင်ခေါင်က သုန်သုန့် ခုတင်စွန်းမှာ ဝင်ထိုင်ရင်း ...

"သူက ဦးမြတ်ဘုန်းရောင် မဟုတ်ဘူးပေါ့"

"အင်း"

"ဒေါ်မြစိမ်းက မသင်္ကာလို့ လိုက်ပြီး လက်ပူးလက်ကြပ်ဖမ်းတာ။ ဦးဘုန်းက ဦးမြတ်ဘုန်းရောင် အယောင်ဆောင်ပြီး ဒီအိမ် လာနေနေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဘယ်လိုတွေကြောင့်လဲ မသိဘူး၊ သူ့ အယောင်ဆောင်တာကိုလည်း ဦးမြတ်ဘုန်းရောင်က သိတယ်ဆိုတဲ့သဘောမျိုး"

"တော်ပါပြီ ခေါင်ခေါင်ရာ၊ ရိုးရိုးလေးလို့ သူ့ကိုထင်မိတာ၊ ကလိမ်ကျစ်တွေနဲ့ ဘာဇာတ်လမ်းတွေ ရှုပ်နေကြတာမှန်း မသိဘူး၊ သူ့အကြောင်း မပြောချင်တော့ဘူး"

"သူက ဦးမြတ်ဘုန်းရောင် မဟုတ်ဘူးဆိုရင် မနန်းဟာ သူ့ရည်းစား မဟုတ်တော့ဘူး၊ မနန်း လွှယ်ထားတဲ့ ရင်သွေးဟာ သူနဲ့မဆိုင်တော့ဘူးလေ သုန်သုန်၊ ဝမ်းသာစရာမဟုတ်ဘူးလား"

"ဟင့်အင်း ... မနန်း သိထားတဲ့ ဦးမြတ်ဘုန်းရောင်ကကော သူလား အစစ်လား ဆိုတာ ပြောနိုင်လို့လား၊ မနန်းက ဒီလူကိုပဲ ဦးမြတ်ဘုန်းရောင် အဖြစ် သိခဲ့ ချစ်ခဲ့ပြီး သူက ဖုံးဖိလှည့်စားနေတာ ဆိုရင်ကော၊ သူနဲ့ မနန်းကလည်း တအားရင်းနှီး ကျွမ်းဝင်တာပဲလေ၊ သူ ဦးမြတ်ဘုန်းရောင် မဟုတ်ဘူး ဆိုတာနဲ့ မနန်းနဲ့သူ မဆိုင်တော့ဘူးလို့ ရိုးရိုးလေး တွက်လို့မရဘူး ခေါင်ခေါင် ..."

ငါတို့က သူ့ကို ရိုးရိုးလေးထင်ပြီး ရိုးရိုးလေးတွေပဲ တွက်နေကြတာ၊ သူက ပိပိရိရိလေး လိမ်ပြောနိုင်တဲ့





သူပဲ၊ တခြားနေရာတွေမှာရော လိမ်မထားတော့ဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ၊ အခု ငါ တော်တော်ကံကောင်းတာသိလား၊ သူဟာလည်း ဦးမြတ်ဘုန်းရောင် အစစ်ဖြစ်မယ်၊ သူနဲ့ ငါနဲ့လည်း ချစ်မိကြမယ်ဆိုရင် ဒီဒေါ်မြစိမ်းကြီးနဲ့ ငါ ရင်ဆိုင်ရတော့မှာ၊ ခုတော့ အဲဒီနှစ်ခုလုံး မဖြစ်ခဲ့တာ တအားကံကောင်းတာပဲလို့ ငါတွေးနေမိတယ်"

"ဟုတ်ပ ... ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

ခဏတဖြုတ် လာရောက်တည်းခိုသွားသော ညီသည်တစ်ယောက် အိမ်ပြန်သွားရုံမျှနှင့် တစ်အိမ်လုံးဟာ ဤမျှ ခြောက်သွေ့သွားဖို့တော့ မကောင်းပါ။ သုန်သုန့် ခံစားချက်ထဲမတော့ ခြောက်သယောင်းလိုက်တာမှ နေရာတကာတိုင်းမှာ ပတ်ကြားအက်တွေ မြင်နေရသလားတောင် ထင်မိသည်။

ကျောင်းရော သင်တန်းပါ သွားမတက်။ သုံးရက်မြောက်သောနေ့တွင် မေမေ့ထံမှ ဖုန်းလာပါသည်။

“သုန်သုန် … သမီး ဖုန်းပြန်ဆက်မယ် ဆိုတာနဲ့ မေမေကလည်း ပြန်မဆက်ဖြစ်ဘူး၊ ပြန်လာမယ်ဆို၊ ဖေဖေလည်း ပြောထားပြီးပြီ၊ သမီးက ပြန်မဆက်တော့ အမှတ်တမဲ့ဝဲနေမိတာ၊ မနေ့ကညနေကမှ ဒေါ်မြစိမ်း ဖုန်းဆက်ပြောတယ်၊ သမီးလေး နေမကောင်းဘူးဆို၊ ဘာဖြစ်နေတာလဲ





သမီး၊ မအေကို ရေရောရာရာလည်း မပြောဘူး၊ ဟိုနေ့က တည်းကပြောရင် ဟိုနေ့ကတည်းကပဲ တစ်ခုခု စီစဉ်တာပေါ့ …

အခုလည်း ဖေဖေ့သူငယ်ချင်း ဦးမျိုးအောင်နဲ့ အန်တီချစ် လင်မယားကို ဖုန်းဆက်ပြီး အကူအညီ တောင်းပြီးပြီ၊ သမီးကို အန်ကယ်ဦးမျိုးအောင်က မြန်မာ့လာကားလက်မှတ်ဝယ်ပေးပြီး ကားဂိတ်လည်း လိုက်ပို့ပေးလိမ့်မယ်၊ ဒီနေ့ လက်မှတ်ရအောင် ဝယ်မှာဆိုတော့ နက်ဖြန်ထွက်ဖြစ်မှာပဲ၊ သမီး အဆင်သင့် ပြင်ထားလိုက်”

“မေမေ … သုန်သုန် မပြန်တော့ဘူး”

“ဟဲ့ … ဘယ်ဖြစ်မလဲ၊ ဦးမျိုးအောင်က လက်မှတ်တောင်သွားဝယ်နေပြီ”

“ဟာ … မေမေကလည်း၊ သမီးကိုတောင် လှမ်းမမေးတော့ဘဲနဲ့”

“ဟဲ့ … ဘာကိုမေးရမှာလဲ၊ ပြန်ချင်ပါတယ် နားချင်ပါတယ်ဆိုတာ ညည်းကိုယ်တိုင် ဖုန်းဆက်ပြောထားပြီးပြီပဲ၊ ဒေါ်မြစိမ်းကလည်း သူနဲ့တောင် မတွေ့ခဲ့ရဘူးတဲ့၊ ဖျားနေတယ်ဆို၊ ညည်း နေမကောင်းလို့ စိတ်အားငယ်နေတာ မဟုတ်လား၊ ပြန်လာနားလိုက်၊ နေမကောင်းတာသိတော့ ဖေဖေလည်း စိတ်ပူနေတယ်”



www.burmeseclassic.com

www.burmeseclassic.com



"မလာချင်တော့ဘူး မေမေ၊ သမီး သက်သာနေပါပြီ၊ ဒီ
အိမ်မှာပဲ နားလည်းရပါတယ်"

ဒီအချိန်ကျမှ မန္တလေးကို ဘယ်ပြန်သွားချင်ပါတော့မှာလဲ။ သံယောဇဉ် အပြတ်ဖြတ်မလို့ပါ ဆိုနေမှ။ သူရှိတဲ့အရပ်ကို ကိုယ်က မလိုက်ချင်တော့ပါဘူး။ သူတို့ပြဿနာရဲ့အတွင်းကျကျကိစ္စတွေလည်း အသေးစိတ် မသိရဘဲနဲ့ သူ့ကိုလည်း မယုံနိုင်ဘဲနဲ့။

"မရဘူး သုန်သုန်၊ ပြန်လာခဲ့၊ ညည်းမလာရင် ညည်းအဖေကိုယ်တိုင် လိုက်ခေါ်လိမ့်မယ်၊ တစ်ပတ်ဆယ်ရက်လောက်လာပြန်နေ။ ကောင်းကောင်း အားပြည့်ပြီး အလုပ်ဦးနေကောင်းမှ ပြန်ရမယ်တဲ့ ဖေဖေက"

ဘယ်လိုလှည့်ပတ်ငြင်းငြင်း အရာမထင်ဘဲ ပြန်လာဖို့သာ မေမေက အမိန့်ချမှတ်ပါသည်။ ကဲ ... နောက်ဆုံးတော့လည်း သုန်သုန်က ဖွတ်ကန်ငြင်းဆန်မနေတော့ပါ။ စိတ်ပျက်ပျက်နဲ့ပဲ ခေါင်းညိတ်သဘောတူလိုက်ရပါသည်။ အဲဒီညနေမှာ အန်ကယ်ဦးမျိုးအောင်ထံက ဖုန်းဆက်လာကာ နက်ဖြန်ကားလက်မှတ်အဆင်ပြေကြောင်း။ ကားဂိတ်ကို လိုက်ပို့ပေးမှာမို့ ဘယ်နှနာရီလာခေါ်မည့်အကြောင်း ပြောပါသည်။

ဘာမှမတတ်နိုင်တော့တဲ့ သုန်သုန်ဟာ အထုပ်အပိုးပြင်ရပါတော့သည်။ အထုပ်ပြင်မှ ပြန်မှာကိုသိတဲ့ ခေါင်ခေါင်က





သူ့ကိုတောင် ကြိုတင်မပြောရကောင်းလားလို့ စိတ်လုပ်နေပါသေးသည်။ မေမေတို့ ပြန်ခေါ်နေတာ ဆိုတာ ရှင်းပြရပြီး ခေါင်ခေါင့်ကို ချော့ရပါသေးသည်။

နောက်တစ်နေ့ ကားပေါ်တက် ကားထွက်တဲ့ အထိကိုပဲ စိတ်တွေက မရွှင်လန်းခဲ့။ ကိုယ့်ရပ်ကိုယ့်ဒေသ ပြန်ရမှာပျော်ရွှင်ရမယ့်အစား နွမ်းလျရင်မောနေရပါသည်။

❣ ✉ ❣

အဝေးပြေးကားဝင်းထဲ ကားကြီးချိုးဝင်လိုက်တော့မှ သုန်သုန်သည် စိတ်ပျက်လက်ပျက် မှိုင်ပြီးပါလာရာက ခပ်မတ်မတ် ထူလိုက်ကာ ကားမှန်ပြတင်းမှ အပြင်ကို နဖူးလေးကပ်ကာ ဖေဖေ့ကားကို ရှာသည်။ စီးလာတဲ့ကားက အသကုန် အဲကွန်းဖွင့်ပေးတဲ့ကားမို့ ခေါင်းဆောင်းဂျာကင်အဖြူလေးဝတ်ကာ ခေါင်းဆောင်းကို ကျောပေါ်လှန်ချထားပြီး ဆံပင်တိုတိုလေးကို ရှုပ်ပွမွစည်းထားတဲ့ သုန်သုန့် ပုံစံလေးဟာ ကလေးလေးတစ်ယောက်နှယ် ဖြစ်နေပါသည်။

"ဟင်"

ဖေဖေ့ကိုလည်း မတွေ့၊ အိမ်ကကားလည်း မတွေ့သေးဘူး။ သို့သော်လည်း မျက်စိထဲ လာတွေ့နေတာက ဦးဘုန်းရဲ့ဂျစ်ကားမည်းလေး။ ခေတ်မီဒီဇိုင်းလေး ပြင်ထားပြီး ဆင်တူမရှိ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ ဂျစ်ကားလေးကို သုန်သုန်တို့ကားဝင်မည့် ဂိတ်ရှေ့ဆီမှာပဲ တွေ့နေရတော့ သုန်သုန့် ရင်တွေ ဝုန်းဒိုင်းကြဲအောင် ခုန်လာသည်။

ဦးဘုန်း ဘာလာလုပ်တာလဲ။ သုန်သုန် ပြန်လာမှာ များ သတင်းရလို့ လာစောင့်နေသလား။ မေမေတို့ကတစ်ဆင့် ကြုံကြိုက်တိုက်ဆိုင်ပြီး ကြီးကြီးဒေါ်မြစိမ်း သိသွားရင် ဦးဘုန်းလည်း မတော်တဆသိရင် သိနိုင်တာပဲ။ ဒါပေမဲ့ ဖြစ်နိုင်ချေတော့ နည်းပါသည်။ သုန်သုန်သည် ရင်လေးကိုဖိကာ ဘယ်လိုပြေးပုန်းရမလဲ အပူတပြင်း စဉ်းစားသည်။

အို ... ပုန်းစရာကော လိုလို့လား။ တွေ့တွေ့ပေါ့။ မိတ်ဆွေတွေလို နှုတ်ဆက်နိုင်ရမှာပေါ့။ စိတ်တွေ ဗျာများဆဲ ကားကြီးက ဂိတ်ရှေ့ထိုးဆိုက်ရပ်တော့လျှင် ကားအမြင့်ကြီးပေါ်က ဆီးမြင်ရတဲ့ တစ်နေရာမှာ ဖေဖေ မေမေတို့ကို တွေ့လိုက်ရပါသည်။ စက်ိဳလောက်ပဲ သယ်လာတဲ့ အထုပ်တစ်ထုပ်တည်းမို့ ကားအောက်ရောက်မှ ထုတ်ရမှာ။ ကားပေါ်ကအဆင်း ဘာမှဆွဲစရာ သယ်စရာမပါ။ သုန်သုန်သည် စလွယ်သိုင်းထားတဲ့ အိတ် ငယ်ထဲက နေကာမျက်မှန် မည်းမည်းဝိုင်းဝိုင်းကြီးကို ထုတ်တပ် ပစ်လိုက်ကာ ခေါင်းဆောင်းကို ခေါင်းပေါ်ဆောင်းလိုက်ပါသည်။

ကားပေါ်က အပြေးဆင်းကာ "မေမေ"လို့ ကျူးအော် တော့မယ်အပြု ...

"ဟင်"





မေမေက ကားပေါ်က ဆင်းလာသူတွေကို ရှာဖွေ နေပြီး ဖေဖေကတော့ လူတစ်ယောက်နှင့် စကားလက်စ မပြတ်ဘဲ ပြောနေတာ။ ဖေဖေနဲ့ စကားပြောနေသူက ဦးဘုန်း။ ဘုရားရေ... ပြေးမလွတ်နိုင်တော့ပါလား။ မေမေက သုန်သုန့်အနား အပြေး ကပ်လာသည်။

"အမလေးတော် ... မနည်းကြည့်ယူရတယ်၊ ဒါဘာစတိုင် ဖမ်းလာတာတုန်း"

"ကားပေါ်မှာ ချမ်းလို့ပါ မေမေရာ"

"လာ ... ဟိုမှာ ဖေဖေလည်းပါတယ်"

"ကားရော ! "

"မပြောချင်ဘူး၊ ကားပျက်လို့ သမီးရေး ကားငှားလာခဲ့ရ တယ်၊ အခု ဒီမှာ ဘုန်းသမ္တာနဲ့ တွေ့နေတော့ အပြန်တော့ သူလိုက်ပို့ပေးမယ်တဲ့ ပြောတယ်"

"ဘုန်းသမ္တာ ဆိုတာ"

"ဒီလိုပဲ အလုပ်ချင်း အဆက်အစပ်နဲ့ ညည်းအဖေနဲ့ခင် နေတဲ့ သူငယ်လေးပါ"

သုန်သုန်သည် ဖေဖေ့အနားရောက်လျှင် ရှတ်တရက် ဖေဖေ့ကိုကျူးဖက်သလိုနှင့် ဦးဘုန်းဘက် ကျောကြီးပေးကာနေသည်။

"အမလေး ... အမလေး ... ငါ့သမီးလေး ရောက်လာပြီ။ နေမကောင်းဘူးဆို သမီး ... ဟင်။ ဒီမျက်မှန်ကြီးတွေ ဖြုတ်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ခေါင်းဆောင်းကိုဆွဲချ မျက်မှန်ကြီးကို နဖူးပေါ် မ,တင်ပေးကာ ...

"ဒီမှာလေ ... ဘုန်းသမ္ဘာရေ၊ အငယ်မ ... ဂျစ်တူးမ ... သည်းမိုးသုန်တဲ့"

"ဗျာ"

သုန်သုန်က ဦးဘုန်းကို လှည့်ကြည့်ရင်း ပြုံးပြလိုက်ပါသည်။ ဘုန်းသမ္ဘာမှာ အိုးနင်းခွက်နင်း ကယောင်ကတန်း အံ့ဩနေကာ ...

"ဟာ ... အစ်ကိုကြီးသမီးက သုန်သုန်ကိုး"

"ဟင် ... သိလို့လား"

"ဟုတ်ကဲ့၊ ဒါပေမဲ့ တစ်ဖက်မှာ သုန်သုန့်ကို သိတာက ဦးကျော်ခ ဒေါ်လှိုင်လှိုင့် တူမ အနေနဲ့ပဲ သိထားတာ၊ အစ်ကိုကြီးသမီး ဘယ်သူဆိုတာလဲ သိမှမသိရတာ"

"အေးကွ၊ ခိုင်ကူ လှိုင်လှိုင့်အစ်မပဲလေ"

မေမေသည် တစ်မျိုး အိုးတိုးအမ်းတမ်း မူပျက်နေကြတဲ့ ဘုန်းသမ္ဘာနှင့် သုန်သုန့်ကို တိတ်တဆိတ် အကဲခတ်နေသည်။

"ဩော် ... သုန်သုန် ပြန်လာတာကိုး"

"နေသိပ်မကောင်းလို့တဲ့ကွာ"

"ကျွန်တော်တောင် ခုပဲ လက်မှတ် လာဖြတ်တာလေ သုန်သုန်။ နက်ဖြန် ရန်ကုန်သွားဖို့"

သုန်သုန်က မျက်လွှာလေး ပင့်လှန်ကြည့်ရင်း ...

"အလုပ်ကိစ္စပေါ့"

"အလုပ်ကိစ္စလည်း ပါတယ်ပေါ့"

ဒါဖြင့် အဓိက,က ဘာလဲ။ သုန်သုန်သည် ကိုယ်တိုင်လည်း သိပ်ဟန်မဆောင်တတ်သလို ဦးဘုန်း တစ်ယောက်လည်း စိတ်လှုပ်ရှားမှုကို ဟန်ဆောင်ဖုံးကွယ်မရတာ မြင်နေရပါသည်။

"ဖေဖေက ကားပျက်လို့ ကားငှားလာရတယ် သမီးရဲ့၊ ဒီရောက်တော့ ဘုန်းသမ္ဘာနဲ့တွေ့တော့ သူက ပြန်လိုက်ပို့ပေးမယ်ပြောတယ်၊ ကဲ ... လာလေ၊ အိတ်ရရင်သွားကြမယ်"

အားလုံးပင် ဘုန်းသမ္ဘာရဲ့ ဂျစ်ကားပေါ် တက်ကြပါသည်။ သုန်သုန်နဲ့ မေမေ တက်ပြီးတဲ့ နောက်ဘက်တံခါးကို ကားအောက်ကနေ ဘုန်းသမ္ဘာက လာပိတ်ပေးရင်း ...

"ကိုကိုနဲ့ မနန်းတောင် မနေ့က လက်မှတ်ထိုး လက်ထပ်ဖြစ်တယ် သုန်သုန်"

"ဟုတ်လား၊ ကြီးကြီးက သဘောတူလိုက်ပြီပေါ့"

"ခုတော့ သဘောတူလိုက်ပါတယ်၊ အကြောင်းစုံလည်း သိသွားတယ်၊ ကိုကိုကလည်း ခြေထောက်တစ်ဖက်က နည်းနည်း မသန်တဲ့သဘောမျိုးဆန်ဆန် ဖြစ်သွားတယ်၊ ထပ်တော့ ခွဲစိတ်ကုသဦးမှာပါ"

လက်စသတ်တော့ အဘွားကြီးဟာ သူ့သားဒုက္ခိတဖြစ်သွားတော့မလားဆိုပြီး သူ့ဘက်က မာန်ကိုလျှော့ကာ ချွေးမလောင်းကို သဘောမတူမဖြစ် တူလိုက်ရပုံ ရပါသည်။







www.burmeseclassic.com

www.burmeseclassic.com



"မနန်း အတွက် ဝမ်းသာပါတယ် ဦးဘုန်း"

ဦးဘုန်း ... သုန်သုန့် မျက်ဝန်းထဲ စိုက်ကြည့်လိုက်တဲ့ အကြည့်ညှို့ကလေးက ...

"ကြားထဲက ငွေား ခါးနာ ဖြစ်ရတဲ့ ကျွန်တော့်အတွက် ဝမ်းသာရဖို့ပဲ လိုပါတော့တယ်"လို့ တိုးလျှိုးနေတဲ့အရိပ်အယောင်။ မေမေက သုန်သုန်နှင့် ဘုန်းသမ္မာကို အကဲခတ်ရင်း ဖေဖေ့ထံလည်း တစ်ချက် လှမ်းကြည့်ပါသည်။ ဖေဖေသည်လည်း လှုပါးလှုနပ်ပဲ။ သုန်သုန်တို့ စကားတွေထဲ ဝင်မစွက်ဘဲ ဦးဘုန်းကိုသာလျှင် ဦးမြတ်ဘုန်းရောင်ရဲ့ ခြေထောက်အခြေအနေနှင့် စီးပွားရေးကိစ္စရပ်တစ်ချို့ တစ်လမ်းလုံး ပြောလာခဲ့ပါသည်။

နောက်ကြည့်မှန်ထဲက တဖျပ်ဖျပ်ကြည့်နေတဲ့ ဦးဘုန်းရဲ့ မျက်ဝန်းနွေးတို့ကို ရှောင်ရှားရင်း လည်ပင်းလေးကို ကားနောက်ဘက် မှန်ချက်ဘက်လိမ်ကာ အပြင်ကိုပဲကြည့်ကာ ပါလာရင်းက တစ်ယောက်တည်း ကြည်နူးကျိတ်ပြုံးရင်း နှလုံးသားတို့က ပူနွေးလို့နေခဲ့သည်။

❣ ✉ ❣

လမင်းမိုမို

BURMESE CLASSIC

www.burmeseclassic.com